PUBLISHED BY VIEW

ဗျူး စင်တင်သည်

# လရောင်ကျူးရှင်

## တည်ကိန်းမဲ့စားလဒ်များ



Digital Art: Idea Kyaw & Wai Yan

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လရောင်ကျူးရင့်

## တည်ကိုန်းမွှဒားလဒ်များ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၄၀၀၆၀၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၆၃၀၆၀၇

ထုတ်ဝေသူ

ဒေါ်ငွေးငွေးမြင့် (မြ-၀၃၀၄၁) ရင်သွေးငယ်စာပေ

၁၁၄/စီ၊ မီးရထားရိပ်သာ၊

စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံ၊ ရန်ကုန်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဒေါ်အိမွန်သက်လွင် (၀၈၀၄၂) (သစ္စာမွန်ပုံနှိပ်တိုက်)

အမှတ် (၁၀၆)၊ တာမွေလမ်း၊

တာမွေကြီး (က+ခ)ရပ်ကွက်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

Idea Kyaw & Wai Yan

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ။

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

# အခန်း (၁)

" ကက ဘာလုပ်နေလဲ "

" ထမင်းစားနေတယ် . . "

" ဒါပဲ လျှောက်လည်မယ် မိဘဆီက ပိုက်ဆံတောင်းပါသမျှလေးသုံးစွဲပြီး ဗိုက်ဆာတော့ အိမ်ပြန်လာစားမယ်၊ ကောင်းတာဘာရှိလဲ "

" မိဘဆီက ပိုက်ဆံတောင်းတယ်လို့ မပြောပါနဲ့ အဖေကြီးရယ်၊ အပြင်သွားခါနီး ကားခလေး ဘာလေး တစ်ရာနှစ်ရာပဲ ယူသွားဘာပါ "

" အဲဒါက နေ့တိုင်းဟုတ်လား။ လူပျိုလူရွယ်လေးဖြစ်ပြီး အိမ်မှာ ဘာအားကိုးရသလဲ၊ နာမည်ကျတော့ အဓိက တဲ့ . . . လူက နွားကျောင်းသားလောက်တောင် လက်ကြောမတင်းဘူး။ ခခကြည့်စမ်း . . . အမှာညီအစ်ကိုသာဖြစ်တယ် သူနဲ့ တူသလား . . . ချပ်ကော၊ စိတ်ဓါတ်ကော စာရိတ္တကော ဘာမှမဆိုင်ဘူး. . ဒီစာမေးပွဲအောင်ရင် ဒုရဲအုပ်ဖြစ်ပြီ "

ဒေါ်နှင်းပုလဲ မချေပနိုင်တော့ပါ။

သားလေးနှစ်ယောက် အမှာ မွေးလာတော့ အိမ်မှာ စီးပွားရေး

ကလည်း တားမရ ဆီးမနိုင်ငွေတွေ အလျှံပယ်ဝင်ကောင်းနေတုန်း. . .

သားနှစ်ယောက် တစ်ပြိုင်တည်းရတော့ ရည်ရွယ်ချက် မျှော်လင့်ချက်တွေနှင့် နာမည်ကိုတောင် အကြီးကောင်ကို မိုးမခ၊ အငယ်ကောင်ကို အဓိက ဟု ပေးခဲ့သည်။

မိုးမခနဲ့ အဓိကဟာ အမွှာဆိုပေမယ့် မွေးလာကတည်းက ရုပ်ချင်းကအစ မတူညီဘဲ ကွဲပြားခဲ့သည်။

မိုးမခက ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ် အဓိကကျတော့ မည်းမည်းရှည်ရှည်လေး. . .

တစ်ကိုယ်လုံးမှာလည်း မွေးညှင်းရှည်တွေ ဖုံးလွှမ်းလျက် ရုတ်တရက်ကြည့်လျှင် လူတစ်ယောက်ဟုပင် ထင်ချင်စရာမရှိ။

အခု အရွယ်ရောက်လာတော့ အသားမည်းတာကနေ ညိုညို ဝင်းဝင်း ဖြစ်လာတော့ ထူသောမျက်ခုံး၊ စူးရဲသော မျက်ဝန်းနှင့် သူ့အရပ်သူ့ပုံစံနှင့် ကြည့်ကောင်းရှုကောင်းလေးဖြစ်လာသည်။

ဒါပေမဲ့ ပါးသိုင်းမွေး နှုတ်ခမ်းမွေးတို့ကို မပြတ်ရိတ်နေရသည်။

အမြဲ စိမ်းမှောင်နေသော ပါးသိုင်းမွေးရာတို့က ခါးချက်ဝေးသွားသည်နှင့် သူ့ထက်ငါ တိုးထွက်ဖို့ အမြဲအဆင်သင့် ရှိနေတတ်ကြ၏။ မိုးမခက လူရိုးဖြစ်သည်။

သူ့ကိုယ်သူ သန့်ပြန့်အောင် နေတတ်သလို စာလည်းကြိုးစားသည်။ ကြိုးစားသလောက်တော်သည်။

“ ဆရာဝန် အင်ဂျင်နီယာ ဖြစ်မှ လုပ်စားလို့ ရတာပါ၊ မေမေရာ. . . အိမ်မှာ ဓါတ်ပုံချိတ်နိုင်ရုံလောက်နဲ့တော့ အသေအလဲ မကြိုးစားချင်ပါဘူး. . . လောကမှာ ငွေရှိရင် လူရာဝင်ပါတယ် ”





အဓိက က ထိုကဲ့သို့ လူစား. . .

“ မင်းကြိုးစားလို့ ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ မင်းတို့လို ကောင်တွေကို ပညာတတ်တွေကသာ အဆုံးအဖြတ် ပေးကြတာပါ။စီးပွား ဉစ္စာဆိုတာ မီးပဲ၊ ပညာဆိုတာက ရေကွ. . . ရေပူပဲဖြစ်ဖြစ်၊ရေအေးပဲ ဖြစ်ဖြစ်မီးကိုနိုင်တယ်၊ ပညာဆိုတာလည်း အနိမ့်ပဲဖြစ်ဖြစ် အမြင့်ပဲ ဖြစ်ဖြစ်ရောက်တဲ့နေရာမှာတင့်တယ်တာပဲ၊ ပညာမဲ့တို့ရဲ့ အပူဇော်ခံရတာပဲ၊ ပညာမဲ့ရဲ့ လက်ထဲမှာ စည်းစိမ်ဉစ္စာဟာ ကျောက်ခဲသလဲပါပဲကွာ. . . ”

ညီအစ်ကိုနှစ်ယောက်က အယူအဆတွေကွဲပြားကြ၏။

အဖေလုပ်သူက အကြီးကောင်ကို အားပေးသည်။အထင်ကြီး ချီးမြှောက်၏။

ဒေါ်နှင်းပုလဲကတော့ သားငယ်ကို သနားလေသည်။

ဝမ်းနဲ့လွယ်ထားရသည့်မိခင်မို့ တော်တဲ့သားသမီးအတွက် စိတ်အေးရပေမယ့် ဆိုးတဲ့သားသမီးကို ပို၍ ပူပင်ရသည်။

သားငယ် ကက က တစောက်ကန်း ဂျစ်ကန်ကန်. . .

သူ့စိတ်က ကြမ်းလာပြီဆို စကားလုံးမရွေး. . .

ရိုင်းတာပဲဖြစ်ဖြစ် ယဉ်တာပဲဖြစ်ဖြစ် ပြောချတတ်သည်။ ထစ်ခနဲဆို လက်ပါချင်သည်။

“ ဟိတ်ကောင်. . . ယောက်ျားဖြစ်ပြီး ဒေါသဖြစ်လွယ်တာ မကောင်းဘူးကွ. . . ယောက်ျားကောင်းဆိုတာ သဘောထားကြီး ရတယ်. . သည်းခံနိုင်ရတယ် ”

“ယောက်ျားကောင်းဖြစ်တော့ နဖူးမှာ ပဒေသာပင်ပေါက်လာ

ရောလား။ လုပ်မနေနဲ့ ဟိတ်ကောင် ယောကျ်ားက စိတ်ပိုကြီးတယ်၊ ငါဆိုတဲ့ကောင်က ခြင်နားတာတောင် ခံချင်တာ မဟုတ်ဘူး ''

သူငယ်ချင်းတွေနဲ့ သေနတ်ပစ်သွားသင်လိုက်၊ ဂျူဒိုသင်တန်းတွေရောက်သွားလိုက်. . .

ငွေလိုတာ အမေဆီမှာ ဒိုင်ခံတောင်းသည်။

" လုပ်ပါမေမေရာ၊ ကျွန်တော်က ခါးပတ်နက် အဆင့်ရောက်အောင် ကြိုးစားချင်တာ သင်တန်းကြေးတော့ မေမေ စိုက်ပေးပါ ''

" အဲဒါတွေတက်တော့ ဘာလုပ်ဖို့လဲ သားရယ် ''လို့ မေးချိန်မရ၊ သူလိုချင်တာ ဖွတ်တောင်း၊လုပ်ချင်တာကို မရမကလုပ်။

ဒေါ်နှင်းပုလဲ သာလေး ငွေတောင်းတိုင်း ဖအေ သိအောင်တစ်မျိုး မသိအောင်တစ်မျိုးပေးခဲ့ပါသည်။

ယောကျ်ားလေးဆိုတော့ မိဘဆီက မရလျှင် ခိုးချင်ဝှက်ချင်လာနိုင်သည်။အပေါင်းအသင်းများများ နဂိုဗီဇက ကြမ်းကြမ်း. . .

သားလေး ပျက်စီးသွားမှာစိုး၍ ဒေါ်နှင်းပုလဲ သားဖြစ်ချင်တာလေးတွေကို ဖြည့်ဆည်းပေးခဲ့မိသည်။

" သားဒီနှစ် ဆယ်တန်းတော့ အောင်အောင်ဖြေပါ သားရယ် သားက လုပ်ချင်တာဆိုဖြစ်အောင် လုပ်တတ်တာ မေမေသိတယ်၊ အောင်ကို အောင်ရမယ် ဆိုတဲ့ စိတ်ဓါတ်မွေးပြီး ကြိုးစားလိုက်စမ်းပါ၊ အမွှာညီအစ်ကိုပဲကွယ် ကိုယ့်အစ်ကိုက တော်နေရင် ကိုယ်လည်း ဘာလို့မတတ်ရမှာလဲ ''

စာမေးပွဲဖြေဖို့ ပြောတိုင်း ဖြေမယ်လိုလို မဖြေဘူးလိုလိုနှင့် အဖေ ကျေနပ်အောင်ပြောပြီး လိုချင်တာသာ ယူသွားသည်။ စာမေးပွဲ





ဖြေတော့မယ့်အချိန်ရောက်တော့ 'ဟင့်အင်း'ဆိုတာပဲ ဖြစ်၏။

ခုတော့လည်း တိုက်တွန်းဖို့ မကြိုးစားတော့ပါ။

အဖေလုပ်သူ ဦးရာဇာကျော်ကတော့ သားငယ်ကို နှာခေါင်းတရှုံ့ရှုံ့နှင့်

" ဟိတ်ကောင် ကက ''

" ဗျာ ''

" ထမင်းစားပြီးရင် ဒီကို ကြွခဲ့စမ်းပါဦး. . ဒီကို ''

" လာမယ် . . . ဖေဖေ. . . ''

ကြိမ်းဝါးသံကြီးနှင့် အသံထွက်လာတော့ ဒေါ်နှင်းပုလဲ သက်ပြင်းချမိ၏။

" ဘာဖြစ်လာလို့လဲ အဖေကြီး ''

" ဘာဖြစ်ရမလဲကွ၊ မင်းသားကို ငါအလုပ်ထဲ ခေါ်မလို့ပေါ့ ခုချိန်မှာ စီးပွားရေးက ဦးစိုက် ကျွမ်းပြန့်ထိုးကျနေတာ၊ ကုမ္ပဏီကလည်း ရှယ်ယာတွေပွဲ့ပွဲ့ကုန်လို့ ဦးမာဃလည်း ပျာနေပြီလေ. . . ငါ့ရှယ်ယာတောင် ဘယ်မှာရှိတော့လို့လဲ၊ ဦးမာဃက ပေးသနားထားလို့ လူမသိသူမသိ အရှိန်လေးနဲ့ ဆက်လုပ်နေနိုင်တာ၊ ဒီတော့ သူတို့ ကျေနပ်အောင် ရှိသမျှ အလုပ်အကုန်လုပ်နေရတာ. . ငါသေရောပေါ့ ''

ဖြစ်ရလေရှင် ''

" မင်းတို့က ခုမှ ဖြစ်ရလေရှင်နေတာ၊ ငါ့မှာ ခုခအတွက်ကုန်ရတာ တစ်မျိုး စားဝတ်နေရေးက တစ်မျိုး၊ ဟိုမှာ သူများတွေ ကြည့်ဖြူအောင် ပြေးရလွှားရ ခုခေတ်ကြီးမှာ ငါဒီ့ထက် ဝင်ငွေလျော့သွားရင် ဒီမိသားစု စရိတ်ကြီး ဘယ်လိုရှာမလဲ၊ ငါအသက်ကြီးနေပြီ ဒီအသက်အရွယ်မှာ သိပ်ပင်ပင်ပန်းပန်း အလုပ်မလုပ်နိုင်တော့

ဘူး ''

"ကျွန်တော်ငွေရှာမှာပါ ဖေဖေရာ. . . ပူမနေပါနဲ့ ''

" ဘာကွ. . . ဘာရှာမှာလဲ မင်းလို မိဘလုပ်စာ ထိုင်ဖြုန်းနေတဲ့ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်လား၊ ငွေကို ဘယ်လိုရှာမှာလဲ အပိုတွေပြောမနေနဲ့ ကက . . . မင်း ငါနဲ့ အလုပ်ထဲ လိုက်ရမယ် ''

" မလိုက်ချင်ဘူး ဖေဖေ ''

ကက က ကိုင်လာသည့် နာနတ်သီးစိပ်ကို ပါးစပ်ထဲ ဆန့်သလောက် ထည့်လိုက်ပြီး ဒေါ်နှင်းပုလဲဘေးမှာ ဝင်ထိုင်လိုက်သည်။

" ကက မင်းဘာပြောလိုက်တယ်ကွ ''

" သားကလည်း မိဘကို စကားပြောတာ ပြေပြေပြစ်ပြစ် ပြောမှပေါ့ ''

" စကားလုံးရွေးနေရင်း ရည်ရွယ်ရင်းတွေ ပျောက်သွားမှာပေါ့ မေမေ အဓိက က ဟုတ်တယ် မဟုတ်ဘူးဘဲ မဟုတ်လား ''

" ဦးရာဇာကျော် ဆိုဖာပေါ်မှ ဝုန်းခနဲ ထရပ်လိုက်၏ ''

" အလကား လူက ပွေကြီး ပြောစမ်း ဘာအဖြစ်လို့ ငါနဲ့ မလိုက်ချင်ရတာလဲ ''

" အထက်လူကို ဖားဖို့ ကျွန်တော် ဝါသနာမပါဘူး ဖေဖေ အိမ်မှာတောင် ဖေဖေတို့ ကျွန်တော့်ကို နားမလည်ကြတော့ သူများနဲ့ဆို ပိုဆိုးမှာပဲ ကျွန်တော်နဲ့ ဖြစ်မှာ မဟုတ်ဘူး ''

ကက က နာနတ်သီးစိပ်လက်ကျန်ကို ပါးစပ်ထဲထိုးထည့်၍ ဘယ်မျက်နှာကိုမှ မကြည့်ဘဲ စိမ်ပြေနပြေ ဝါးနေ၏။

" ဖားသင့်ရင် ဖားရမှာပဲကွ . . . မင်းအဖေတောင် ဖားနေ





သေးရင် ငါဖားလို့ရတဲ့ လုပ်စာနဲ့စားနေတဲ့ မင်းက ဘာလို့မဖားရမှာလဲ''

" ကျွန်တော်က ဖေဖေကို ကုမ္ပဏီမှာ ဒါရိုက်တာ အဖွဲ့ဝင် တစ်ဦးလို့ပဲ သိထားတာပေါ့၊ ခုလို ဖားနေရတဲ့ ဘဝရောက်နေမှန်း မသိပါဘူး. . . ထိုင်စားနေတာက အလုပ်မတွေ့သေးလို့ပါ ဖေဖေ''

" ထားလေ အခု မင်းကို ငါက အလုပ်ပေးနေပြီပဲ ခုခေတ်မှာ ကုမ္ပဏီကြီး တစ်ခုမှာ အလုပ်ရဖို့ လျှောက်လွှာ အထပ်ထပ်နဲ့ အဆင့်ဆင့် ကျော်ဖြတ်ပြီးမှ ဝင်ခွင့်ရတာ. . . မင်းကအလွယ်တကူရတာကိုတောင် မာနကြီးနေသေးတယ် အလုပ်လုပ်မစားချင်တာကို ပွင့်ပွင့်လင်းလင်း ပြောလိုက်စမ်းကွာ ''

ကက က ဆိုဖာကို အိခနဲ မှီချလိုက်ပြီး ဦးရာဇာကျော်ကို စူးစူးရဲရဲကြည့်၏။

ဒေါသဖြစ်လာပြီဆို ဝင်းဝင်းလက်လက် ဖြစ်လာတတ်သည့် သူ့မျက်ဝန်းတွေက ဖြူသည်မဲသည်ကို ခွဲခြားဖို့ စိတ်မဝင်စားတတ်တာ ငယ်ကျင့်။

"အလုပ်လုပ် မစားချင်တာမဟုတ်ဘူး။ အဖေ ဖားပြီး ဖိလုပ်တာတွေကို စိတ်မဝင်စားတာ ဖေဖေလည်း ဖေဖေ ကျွမ်းကျင်တာကို လုပ်ပါ။ကျွန်တော်လည်း ကျွမ်းကျင်တာကို လုပ်မယ် ''

" ပညာမတတ် လက်ကြောမတင်းတဲ့ မင်းလိုကောင်က ဘာလုပ်စားမှာလဲ ခိုးမှာလား၊ တိုက်မှာလား၊စကားကြီးစကားကျယ်တွေ ပြောစမ်းပါဦး ''

" အို . . . အဖေကြီးလည်း သားသမီးနဲ့ စကားပြောတာ နားဝင်အောင် ပြောစမ်းပါ အဖေကြီးရယ် ဒေါသရှေ့ မထားစမ်းပါနဲ့ ''

" မင်း . . သားကို ဘယ်တုန်းက နားဝင်အောင် ပြောရဖူးလို့လဲ၊ နှပ်ချေးတွဲလောင်းအရွယ်လေးကတည်းက မိဘကို အတိုက်အခံလုပ်တဲ့ကောင် . . . ခုကြည့် သူ့ကို အလုပ်လုပ်ဖို့ ကြောမိကာမှ ငါကပဲ အထက်ဖားအောက်ဖိဖြစ်ရတော့တယ် . . . မင်း . . ဝက်သားမစားရင် ဝက်ရည်လည်း မသောက်ရဘူးကွ . . . မင်းမစားချင်ရင် ငါဖားပြီး ရှာထားတာကိုလည်း မစားနဲ့ ဒါပဲ "

" အို . . အဖေကြီး ဘယ်လို ပြောလိုက်တာလဲ "

ဒေါ်နှင်းပုလဲ ပျာပျာသလဲ ဖြစ်သွားသလောက် ကကက မျက်နှာတစ်ချက်မှ မပျက်။

" ရပါတယ် . . . မစားနဲ့ဆို မစားဘူး၊ကျွန်တော်ယောကျ်ားကိုယ့်ဝမ်းစာ ကိုယ်ရှာစားနိုင်တယ် "

" ကြိုက်တယ် . . . ဒါမျိုးမှ ငါကကြိုက်တာ၊ လုပ်ကြည့်လိုက်စမ်းပါ . . ထမင်းတစ်လုတ်စားရဖို့ မင်းထင်သလို လွယ်သလားဆိုတာ သိရအောင် "

သားလေး ထထွက်သွားတော့ ဒေါ်နှင်းပုလဲ မျက်ရည်တွေဝေလာရှာသည်။

" ဘယ်လိုပြောလိုက်တာလဲ အဖေကြီးရယ် ကျွန်မတို့မြန်မာလူမျိုးတွေက သားသမီးအတွက်ဆိုအိမ်ထောင်မကျသေးသမျှနို့မစင်ဘူးလို့ထင်ပြီး အရိပ်တကြည့်ကြည့် မြတ်နိုးယုယတတ်ကြတာပါသားငယ် ဘယ်လိုပဲဆိုးဆိုး မဆိုးဆိုး သူအိမ်ထောင်မ ကျသေးသ၍ မိဘဆီမှာ မှီခိုမှာပဲ "

" ငါက မှီခိုတာကို ပြောနေလို့လား၊ ပုလဲ၊ မင့်သား





မိဘကို မသိတတ်တာကို ပြောတာ အကြီးကောင်က သူ့ပညာနဲ့သူ သူ့အသိနဲ့ သူကြိုးစားနေတယ်၊ သူ့ပညာမသင်ချင်ရင် အိမ်မှာ ဝိုင်းကူပေါ့ ကိုယ့်ကိုယ်ကိုလည်း မထွန်းကား၊အိမ်မှာလည်း အလကားဆို ဘာလုပ်မှာလဲ "

"သူ့စိတ်ကိုယ်က ထူးဆန်းတာ၊ အဖေကြီးသိတာပဲ သူမလုပ်ချင်တာကို ဘယ်တုန်းက ခိုင်းလို့ ရဖူးလဲ . . တစ်နေ့ သူ့စိတ်ဝင်စားတာ သူနဲ့ သင့်တော်တဲ့နေရာ တစ်နေ့နေ့ရှိလာမှာပဲ၊ ကျွန်မသား လူပျင်းလူညံ့မဟုတ်ဘူးဆိုတာ ကျွန်မသိတယ် "

" သိနေလို့ သူလုပ်မှာကို စောင့်နေဖို့ ငါ့မှာ အချိန်မရှိတော့ဘူးကွ၊ အလုပ်က ပျက်လို့မဖြစ် လူက နေမကောင်းချင်ဖြစ်နေပြီ၊ စိတ်ပန်း လူပန်းနဲ့ ငါခုနေလဲသွားရင် ပြန်ကုဖို့လွယ်မယ်ထင်သလား။ ဒီအလုပ် ပြုတ်သွားရင် ဘာတွေလုပ်စားကြမလဲ . . . ခုတည်းကမင်း . . သားကို အလုပ်ထဲခေါ်ပြီး သိကျွမ်းနားလည်အောင် ပြမထားရင်နောင် ဘယ်လိုလုပ်မလဲ "

ပြောပြီး . . . ဦးရာဇာကျော်က ဆိုဖာပေါ်မှာ စိတ်ပျက်စွာ ပြန်ထိုင်လိုက်၏။ ဒီနှစ်ပိုင်းထဲကျမှ အတော်ကြီး ရုပ်ကျသွားသည့် ဦးရာဇာကျော်ကို လှမ်းကြည့်နေမိကာ ဒေါ်နှင်းပုလဲ စိတ်မကောင်းဖြစ်မိရပြန်သည်။

သားလေးကို ချော့ကြည့်ဦးမှပဲ

❀ ❀ ❀ ❀ ❀

# အခန်း (၂)

အတွေးလွန် လမ်းလျှောက်နေမိဆဲ အနီးကပ် တီခနဲ ထမြည်လိုက်သည့် ကားဟွန်းသံကြောင့် လူက ဖျတ်ခနဲ တိမ်းပြီးသား ဖြစ်သွား၏။

ကားထဲမှ ရယ်သံသဲ့သဲ့ ထွက်လာသည်။

" ဘယ်လိုလဲ ကက စိတ်ညစ်ညစ်နဲ့ ကားတိုက်ခံသေမလို့လား. . . "

အသံရှင်ကို လှည့်မကြည့်ဘဲ သိလိုက်သည်။

ဆေးတက္ကသိုလ် နောက်ဆုံးနှစ် တက်နေသော ငယ်သူငယ်ချင်းလေး နေရဲရဲ. . .

ကားလေးက သူ့ဘေးမှာ တုံ့ခနဲ ထိုးရပ်သွားပြီး ဖြူဝင်းလှပသော မျက်နှာလေးတစ်ခု ထွက်လာ၏။နေရဲရဲ နံဘေးတွင် ခခလည်း ပါလာသည်။

" ဟိတ်. . . ဘယ်သွားမလို့လဲ လာ. . . ကားပေါ်တက်လေ. . . "

" မတက်ချင်ပါဘူး "

ကက က ဘောင်းဘီထဲ လက်နှိုက်ပြီး ပလက်ဖောင်းပေါ်





ခုန်တက်လိုက်၏။

" ကက လာပါ ဒီနေ့ ရေမရှိတာ ငါသိပါတယ်. . . ဖေဖေ ထောင်းထားလို့ တင်းနေရတာ မဟုတ်လား၊တစ်ခါတည်း အဆင်ပြေသွားတာပေါ့၊လာပါ "

ကက မျက်နှာတင်းခနဲ ဖြစ်သွား၏။

သို့သော် မဲ့ပြုံးတစ်ချက်နှင့် ဖြေချကာ အစ်ကိုဖြစ်သူ ခခကို တည့်တည့် လှည့်ကြည့်ပြီး . . .

" ငါဒိုးတာကို မင်းစိတ်မဝင်စားပါနဲ့ ငါဆိုတဲ့ကောင် က ရေဆာပေမယ့် လမ်းမှာ ရေအိုးစင်ရှာပြီး ဖြစ်သလို မှိုချတတ်တဲ့ကောင် မဟုတ်ဘူး။ကားကြုံစီးပြီး ထမင်းလိုက်စားတာမျိုးလည်း ဝါသနာမပါဘူး "

ခခ မျက်နှာမည်းမှောင်သွားသည်၊ သူက ကကလို သွေးအေးတတ်သူ မဟုတ်၊စိတ်ဆိုးသွားတာ ပျော်သွားတာကို ချက်ချင်း ဟန်ဆောင်ဖုံးကွယ် မပစ်တတ်တဲ့သူ။

" နင် ဘယ်လို ပြောလိုက်တာလဲ ကက. . . နင်သက်သက် ငါ့ကိုပါ လှည့်ချိတ်လိုက်တာလား "

" ထင်ချင်သလိုထင် "

ကက ချာခနဲ လှည့်ထွက်သွား၏။

" ကက ဟာလေ စေတနာထားဖို့ မကောင်းဘူး "

ရဲရဲက ကားကို ဆောင့်မောင်းထွက်သည်။ ကက ဘေးက ဖြတ်တော့ တည်တင်းလျှောက်နေသည့် ကက၏ မျက်နှာကို မျက်စောင်းလေးလှည့်ထိုးလိုက်သေးသည်။

ခခက ရဲရဲ မျက်နှာလေးကို ကြည့်၍ မရယ်ချင့်ရယ်ချင်ရယ်သည်။

" အဲဒါကြောင့် ဒီကောင် ဖေဖေနဲ့ မတည့်တာပေါ့၊ သူ့ဘက်က အမြဲပါတဲ့ မေမေတောင် အခုလက်လျှော့ချနေရတာ သိပ်ဆိုးတဲ့ကောင် "

" ငါက သူတို့ ကျွေးချင်လို့ ဟာကို၊ ပြောသွားလိုက်တာ ရစရာမရှိဘူး၊ ကောင်စုတ် "

" ရဲရဲ "

" ဘာလဲ "

" ငါတို့တွေ ပညာစုံတော့မယ်နော်"

" ဘယ်ကလာ အဝေးကြီးလိုသေးတယ် ငါကခုမှ စာသင်နှစ်ကုန်တာ "

" ဟုတ်ပါတယ် ငါပြောတာက ဟိုလေ. . . "

" ဘာလဲ "

" နင်နဲ့ ငါ့ရဲ့စိတ်ထဲမှာ အမြဲရှိထားဖို့ကို သတိပေးချင်တာ "

" ဘာလို့လဲ "

" ငါပြောထားတာကိုပေါ့၊ နင်က အဖြေပေးပါဆိုလည်း ဟိုလိုလို ဒီလိုလိုနဲ့ ငါနင့်ကို စိတ်မချဘူး "

ရဲရဲက ကားကို အရှိန်လျှော့ချ၍ သူ့ကို လှည့်ကြည့်သည်။

" ဘာစိတ်မချတာလဲ နင်သာ သီရိမေဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ ဘာလိုလို ဖြစ်နေတာ ငါမသိဘူးမှတ်လို့လား "

ခခက မလုံမလဲ ရယ်ကျဲကျဲ လုပ်လျက်. . .





" မဟုတ်ပါဘူးဟာ ကျော်ကြီးတို့ အလကား စနေကြတာပါ "

" ဟင်း . . . မဟုတ်တဲ့ ရုပ်ကြီးက သွားအဖြီးသားနဲ့ နင်ကတော့ ကကနဲ့ တခြားစီပဲ "

" ဘာဖြစ်လို့လဲ "

" ကက ကရှင်းတယ်. . မိန်းကလေးဆို ရှူးရှူးရှဲရှဲတောင် လှမ်းမစတတ်ဘူး. . . နင်တို့အုပ်စု သိပ်ဗရုတ်ကျတာပဲ တော်သေးတာပေါ့၊ ဒုရဲ့အုပ်သင်တန်းဆင်းနေလို့"

"ကက နဲ့ ငါ့ကို မယှဉ်နဲ့ ရုပ်ချင်းတူသလား. . . အရည်အချင်းတူသလား ငါ့မှာ ကောင်မလေးတွေ ခါချနေရတာ မဆန်းပါဘူး "

" ဟုတ်ပါတယ် အဲဒါတွေနဲ့ နင့်ဘာသာဖြေပေါ့. . ဘာလို့ ငါ့ဆီမှာ အဖြေတောင်းနေသေးလဲ "

ရဲရဲက ဒေါသ မျက်နှာလေးနှင့် ကားကို အရှိန်မြှင့်ပစ်သည်။

" ဟော . . ဟော. . . သဝန်တွေ တိုနေပြီ၊ ဖြည်းဖြည်းမောင်းနော်၊ တော်ကြာမင်္ဂလာမဆောင်လိုက်ရဘဲ နှစ်ယောက်တွဲကြီး ကြွနေဦးမယ်. . ဟဲ. . . ဟဲ အဲဒါပြောတာပေါ့ သူများမဦးရအောင် ငါ့ကို မြန်မြန်ပြန်ချစ်လိုက်ပါလို့ "

" လဲသေလိုက်တော့ ခခ. . . နင်ဘဝင်မြင့်လွန်းလို့ ရူးသွားပြီ တစ်ခါတည်း ပြောလိုက်ဦးမယ်မှတ်ထား. . . ငါက ယောကျ်ားတစ်ယောက်ကို လွယ်လွယ်နဲ့ အထင်မကြီးတတ်ဘူး။ဥစ္စာပေါ ရုပ်ချော

ဆိုတာ အပြင်အကာရုံတွေပါ. . . နင်ချောတာကို ငါက ကြိုက်နေပြီလို့ ထင်ရင် မှားပြီ "

" မိန်းကလေးဆိုတာ ဟန်ဆောင်တတ်တဲ့ အမျိုးပဲ၊ နင့်မျက်လုံးထဲက စာကို ငါဖတ်နိုင်ပါတယ် "

" ရတယ်လေ နင်စိတ်ချမ်းသာသလို တွေးယူပါ "

" ရဲရဲ "

" ဘာလဲ "

" ငါ့ကို ပြန်ချစ်လိုက်ပါလား၊ ငါနင့်လောက် ဘယ်မိန်းကလေးကိုမှ မမက်မောဘူး၊ ငယ်ငယ်လေးကတည်းက ငါတစ်နေ့ လက်ထပ်မယ့် မိန်းကလေးက နင်ပဲဆိုတာ ရည်ရွယ်ထားခဲ့ပြီးသား "

တွေ့ကြတိုင်း ခခက ဒီလိုပဲ တတွတ်တွတ် ပူဆာတတ်သည်။ သင်တန်းနားတဲ့ရက် တစ်ါတလေပဲ တွေ့ရတာမို့ တွေ့သည်နှင့် ကလေးမုန့်တောင်းသလို နားပူအောင် ပြောနေတတ်၏။

ရဲရဲ ခခကို သဘောကျပါသည်။ ဒါပေမဲ့ မိန်းကလေးတွေနဲ့ အကြောင်းပေါင်းသင့်နေတတ်သည့် ခခ ပုံစံကို မယုံကြည်. . .

အဖြေပေးဖို့ ရည်းစားဖြစ်ဖို့အထိလည်း ဘယ်တုန်းကမှ တဆုံးတစ တွေးမကြည့်ခဲ့ဘူးသည်က အမှန်ပင်။

ယနေ့ထိ ခခနဲ့ ကက ဟာ သူမရဲ့ ခင်မင်ဆုံး ငယ်ပေါင်း သူငယ်ချင်းတွေသာ၊ ဟိုတုန်းကဆို ခခ တို့က ကိုယ်ပိုင်ကားတွေနှစ်စီး၊ သုံးစီးနှင့် ရဲရဲတို့မိသားစုထက် အများကြီး ပိုမို ပြည့်စုံကြသည်။

ခြံချင်းကပ်လျက်နေသော်လည်း ရဲရဲတို့က ခပ်သေးသေး လုံးချင်းတစ်ထပ်တိုက်လေးနှင့် ဖေဖေ အငှားကားမောင်းနေသော





အိုရိုတာလေး တစ်စီးသာရှိသည်။ မိဘများ ချန်ထားရစ်ခဲ့သော အိမ်ခြံမြေလေးမှာ ဟန်မပျက်သော်လည်း စားဝတ်နေရေးက ကျပ်ကျပ်တည်းတည်း ဖြစ်နေခဲ့သည်။

မေမေက လေးဘက်နာ ရုလုံးရောဂါသည်မို့ အချိန်ပြည့် အိပ်ရာထဲလဲနေတတ်သည်။ ကိုကိုကြီးက ဘွဲ့ရပြီး အလုပ်လက်မဲ့ ဘဝနှင့် နိုင်ငံခြားသင်္ဘောလိုက်ချင်သည်ဆိုတော့ ဖေဖေက အလုပ်ကြိုးစား၍ ငွေစုသည်။

မဖြစ်မနေ ကြိုးစားကာ သင်္ဘောတက်နိုင်အောင် စီစဉ်ပေးခဲ့၏။ ထိုကာလများမှာ ရဲရဲတို့ ထမင်းကို ငပိရည်နဲ့ တစ်မျိုး ဟင်းစွန်းရွက်နဲ့ တစ်လှည့် လူမမာခါတ်စာကိုပင်မမှီ. . .

ထိုအဖြစ်များအား ကိုကိုကြီးသင်္ဘောတစ်ခေါက်ပြန်လျှင် ပြေလည်ပြီဟု မျှော်လင့်ချက်တွေထား၍ အားခဲထားခဲ့ကြ၏။

သို့သော် ကိုကိုကြီး သင်္ဘောပါသွားပြီးကတည်းက အိမ်ကို လုံးဝပြန်မလာခဲ့တော့ပါ၊

ဖေဖေ ယူကျုံးမရ ဖြစ်ကာ မောဟိုက်နေခဲ့သည်။

" မွေးစားသားကို ရှင်က ယုံကြည်ခဲ့တာကိုး. . . ကိုအောင်ရယ် "

မေမေ ဗုန်းဗုန်းလဲတော့မှ ဒါတွေကို ရဲရဲ သိခွင့်ရခဲ့လေသည်။ ထိုစဉ်က သူမက ကိုးတန်းကျောင်းသူ. . .

ကိုကိုကြီးကို အစ်ကိုအရင်းလိုပဲ တသက်လုံးစွဲထင်လာခဲ့တာမို့ အံ့ဩဝမ်းနည်းဖြစ်ခဲ့ရင်း ကြေကွဲခဲ့ရသည်။

တစ်ခုတော့ ကိုကိုကြီးသိတတ်ပါသေးသည်။ ဘယ်ဆီမှာ

ရယ်လို့ တိမ်မြုပ်ပျောက်ကွယ်သွားမှန်းမသိသော်လည်းထွက်သွားပြီး နှစ်နှစ်ကြာတော့ သိန်းနှစ်ဆယ်တိတိ တင်ပို့လိုက်သည်။ဘယ်ဆီဘယ်ဝယ်ဆိုတာ မပါ။လူကြုံကလည်း ဘာမှမပြော. . .

ခုတော့လည်း မိသားစုထဲမှာ ကိုကိုကြီး အကြောင်းကိုမပါ သလောက်ဖြစ်ခဲ့ပါပြီ၊သူ့စိတ်ကြောင့် မေမေသေဆုံးသွားခဲ့တော့ ဖေဖေ ကိုကိုကြီးကို စိတ်နာခဲ့သည်။

သားအဘနှစ်ယောက်တည်းပေမယ့် သူ့အကြောင်းကို ဖေဖေက လုံးဝထည့်မပြောတော့ဘဲနေသည်။ ငွေသိန်းနှစ်ဆယ်ကိုတော့ ဖေဖေက မပျောက်ပျက်အောင် ထိန်းသိမ်းလျက် ရဲရဲ အတွက် ထူမတ်နိုင်မည့် စီးပွားရေးလမ်းကြောင်းကို ကြိုးစားရှာဖွေခဲ့၏။

အခုကျတော့ ခခတို့ မိသားစု အခြေအနေက သိသာစွာ ထိုးဆင်းသွားလျက် ရဲရဲ တို့ သားအဘက အဆင်ပြေနေပြီ။

လူကြီးချင်း ရင်းနှီးခင်မင်ကြပေမယ့် ဦးရာဇာကျော်က မာနကြီး သည် ရှိတာမရှိတာကို လူမသိအောင် ဖုံးဖုံးဖိဖိနေ၏။

“ ကိုရာဇာကျော်တို့ အဆင်ပြေပုံမပေါ်ဘူး။သမီး၊ ဖေဖေကိုတော့ ဘာမှ မပြောဘူး. . . သမီးက ဝင်ထွက်နေတော့ အနည်းနဲ့ အများ အကဲခတ်မိမှာပေါ့ ”

ဖေဖေကတော့ ကူညီဖို့ အသင့်ပြင်ထားသူပါ။

လုပ်ငန်းပိုင်း ကြိုးစားသလောက် စေ့စပ်သည့် ဖေဖေက စိတ်ဓါတ်ကလည်း တစ်မျိုးဖြစ်သည်။

စကားပြောပြတ်သည် ကူညီချင်စိတ်ရှိသည်။

တစ်ခေါက် ရဲရဲ ခခ တို့ အိမ်ထဲဝင်မလို့ ခြေလှမ်းတွေ





တုံ့ရပ်သွားမိခဲ့စဉ် . . .

“ တော်ပါကွာ. . . ကိုမင်းခေါင်ဆီကို အကူအညီတောင်းဖို့ များ မင်းမစဉ်းစားပါနဲ့. . . ဒီလူက လူတစ်ယောက်ကို စကားပြောရင် သိပ်ရင့်သီးတာ ငါလိုကောင်က သူများအပြော ဘယ်တော့မှ မခံဘူး”

ရဲရဲ အားလုံးကြားခဲ့ရသည်။ ဖေဖေကိုတော့ ပြန်မပြောဖြစ်ခဲ့ပါ။

ဖေဖေ့ကို သားအဘချင်းမို့ သူမ သိပေမဲ့ သူတို့ကတော့ တစ်လွဲထင်နေကြသည်။

ထို့ကြောင့် သူတို့ဘာလိုအပ်နေမယ်ဆိုတာ ရဲရဲ သိပေမဲ့ ဖေဖေမေးတာကို ခေါင်းပဲခါခဲ့သည်။

“ ခခ သင်တန်းကြေးတွေက နည်းတာမဟုတ်ဘူး၊ဒီကောင်ကလည်း အသုံးစွဲ မဆင်ခြင်ပါဘူးကွာ. . . ငွေတွေအရမ်းတောင်းတာပဲ ”

“ အဖေကြီးကလည်း သားတွေလာရင် ဘာမှမပြောရဘူး ချည်းပဲ၊ မပြေလည်တာကို သားသမီး သိအောင်ပြောမှ သူတို့ဆင်ခြင်မှာပေါ့ ”

“ ဩော်ကွာ. . . မိဘဆိုတာ သားသမီး လက်ဝါးဖြန့်လို့မှ ထည့်မပေးနိုင်ရင် သားသမီးက ပြန်ပြီး အထင်သေးခံရတယ်ကွ. . . သားသမီးရဲ့ ထုံးစံက မိဘကို အထင်ကြီးနေရင်သာ ရှိသေတာ. . . မိဘကို အထင်အမြင်သေးလာရင် အရှိအသေတန်လာကြရော. . .”

“ ဒါဆို ကက ကျတော့ အဖေကြီးက မပြေလည်ပါဘူး၊ အလုပ်ဝိုင်းလုပ်ပါဆိုပြီး ဘာကြောင့် ဆူပူနေတာလဲ ”

" မတူဘူးလေ. . . သူက ဆန်ကုန်မြေလေးပဲ၊ ငါ့သားကြီးက မိဘဂုဏ်သရေတိုးလာအောင် တစ်နေ့မိဘကို အဆင်ပြေအောင် ခေါင်းဆောင်ထွန်းကားလာမယ့် သား. . . မင်း. . . သားမျိုး မိဘကို ချမ်းသာတယ်ထင်နေရင် သုံးဖြုန်းလောင်းကစားနဲ့ ခဏခဏ အချုပ်ထဲက လိုက်ထုတ်နေရမှာ "

ညည်းသံ၊ဆူသံ၊ပူသံတွေ ရဲရဲ မကြားချင်းမှအဆုံး. . .

ဦးရာဇာကျော် မာနကြီးပုံက တစ်မျိုးတစ်တသာ ဆန်းလေသည်။

❀ ❀ ❀ ❀ ❀

# အခန်း (၃)

အားကစားဂျာနယ်တစ်စောင် ဖတ်နေရင်း စာအုပ်ပေါ်မှာ အရိပ်ထင်လာသဖြင့် ကက ကနောက်လှည့်ကြည့်လိုက်၏။

"ကက အန်တီနှင်း တို့ကော "

" ဘယ်သူမှ မရှိဘူး၊အပြင်သွားကြတယ် "

" ဒီမှာ ငါတို့ အုန်းနို့ခေါက်ဆွဲချက်စားလို့လာပို့တာ ချိုင့်သွားလှယ်ပေး "

" ကိုယ့်ဟာကိုယ် ဝင်လှယ်သွား ငါမအားဘူး "

ကက စာကိုပဲဆက်ဖတ်နေ၏။

ငယ်ငယ်တုန်းကဆို ရဲရဲ ကိုသူခင်သည်။

ရဲရဲက ခခ နဲ့ သူ့ကြားမှာ ဘယ်ဘက်ကိုမှ မတိမ်းစောင်းတဲ့သူ။ ခခ ကို မကျေနပ်လျှင်လည်း ရန်တွေ့သည်၊သူနဲ့ ဖြစ်ပြီဆိုလည်း စကားများ ထုရိုက်၊

ကက တစ်သက်တာလည်း ဒေါသဖြစ်လျှက်နှင့် လက်သီးဆုပ် အံကြိတ်ထိန်းခဲ့ရတာ ရဲရဲတစ်ယောက်ပဲ ရှိခဲ့လေသည်။

ဒေါသထိန်းမရလျှင် လက်ပါတတ်သည့် သူက ကျောင်းမှာသည်း နာမည်ကြော် . . .

သူလက်မပါခဲ့တာ ရဲရဲကိုပဲဖြစ်သည်။

" ကက. . . ကောင်စုတ်ကောင်နာ ငါ့ခေါင်းက ပန်းကိုခြွေပစ်တယ်. . . စာမေးပွဲကျပါစေ ဆရာမရိုက်ပါစေ ဟီး. . . ဟီး "

ရဲရဲ က ပါးစပ်ထဲရှိသမျှ ပြောင်လို့အားမရလျှင် ပြေးထုသေးသည်။

" ဟိတ်ကောင် ကက ပြန်ထိုးပစ်ပါလား အဲဒီ ကောင်မလေးကို "

သူငယ်ချင်းတွေက သူ့ကို မခံမရပ်နိုင်ဝင်ပြောကြသည်။

ကက ခေါင်းခါမိပါ၏။

ငိုငို ရယ်ရယ် စကားပြောတာတောင် ပါးချိုင့်ဝိုင်းဝိုင်းလေးနှစ်ဖက်က ပေါ်လွင်ကာ နှုတ်ခမ်းရဲရဲလေးများနှင့် ချစ်စရာကောင်းသောနေရဲရဲ ဆိုသည့် သူငယ်ချင်းလေးကိုတော့ သူညှာတာရမှန်း သိ၏။

" ငါ. . . နော်. . . နင်. . . အထိုးခံရတော့မယ် "

လက်သီးကို ဆုပ်ပြီး အားပါးတရ ရွယ်ဖူးသည်။

ရဲရဲပခုံးလေးနှစ်ဖက်ကျုံ့လျက် ကြောက်လန့်သွားအောင် မာန်ခဲ့ဖူးသည်။ ထိုမျက်နှာလေးကို သူထိုးမချရက်ခဲ့. . .

ခုတော့ . . . ဒါတွေကို သူမေ့ထားခဲ့ပြီ။

သူ့ဘဝထဲမှာ သူမှလွဲ၍ ဘာမှ တွယ်တာစရာ မရှိတော့သလို နေတတ်အောင် နေခဲ့သည်။

သုံးယောက်ထဲမှာ သူသာလျှင် အလကား ကောင်ဟုအားလုံး က ကင်ပွန်းတပ်ထားကြ၏။ ခခကလည်း သူ့ကိုယ်သူဂုဏ်ဖော် ရင်ကော့လာသည်။





ရဲရဲကလည်း ခခ ကိုသာ သာသာတိုးတိုးလေး ဂရုစိုက်လာ၏။ သူက ဘာကောင်မှ မဟုတ်ခဲ့ဘဲလေ. . .

" ဟဲ့ . . . ကက "

" ဘာလာဖြစ်နေတာလဲ "

အတွေးလွန်သွားသဖြင့် ခေါ်လိုက်တော့ လန့်သွား၏။

" ငါ့ဟာ ငါ ချိုင့်လှယ်ထားခဲ့ပြီးပြီ "

" အဲဒါ ဘာဖြစ်လဲ "

" နင် ငါနဲ့လိုက်ခဲ့ "

" ဘာလိုက်လုပ်ရမှာလဲ "

" အုန်းနို့ခေါက်ဆွဲ စားဖို့ပေါ့ "

ကက ရဲရဲကို ဖျတ်ခနဲလှမ်းကြည့်၏။

" လာလေဟာ "

" မစားချင်ဘူး "

ရဲရဲက ချိုင့်လေးဆွဲလျက် ခြေလေးဆောင့်ပြီး သူ့နား ရောက်လာသည်။

" နင်တော်တော် မာနကြီးနေပါလား၊ ကက၊ ဟင် ငါ့ကိုဘယ်တော့မှ စကားကောင်းမပြောဘူး "

" ဘာ. . . ငါက "

" ဟုတ်တယ် "

" ဟား. . . ဟား. . . ဟား "

ကက ရယ်၍ နေရာမှ ထရပ်လိုက်၏။

" ဦးအောင်မပြောပါနဲ့ ရဲရဲရယ်၊ ငါက အားလုံးအဆင်ပြေ

အောင် တော်ရာမှာ နေပေးခဲ့ရတဲ့ကောင်ပါ ''

" ဘာရယ်. . . ဘာအဆင်ပြေအောင်လဲ ရှင်းရှင်းပြောစမ်းပါ ''

" ငါ့ကို ဘာမှလာမမေးနဲ့ ရဲရဲ . . . ငါလို ဘာမဟုတ်တဲ့ကောင်က မာနကြီးနေတယ်လို့ ထင်ရင်လည်း မခေါ်နဲ့ပေါ့ . . . နင်တို့က စင်ပေါ်က လူပဲ ''

" ကက နင်ပြောတဲ့ ပုံစံမျိုး ငါမဟုတ်ဘူးသိလား. . . ငါ့ရင်ထဲမှာ ဟိုတုန်းကတည်းက ခုထိ ငါတို့ သုံးယောက်က အမြဲတွဲလျက်ရှိခဲ့တာ၊ စားစားသွားသွား နင်ပါမလာတိုင်း ငါဘယ်လောက်စိတ်ညစ်ခဲ့ရတယ်မှတ်လဲ ''

" ဟုတ်လား. . . ဘဝင်တောင် မြင့်သွားပြီ ''

" နင် ဒီလို မထိတထိ ပြောတာတွေကို ငါမုန်းတာသိလား ''

ရဲရဲ က သူ့လက်မောင်းကို ပစ်ထုသည်။

သူယောင်၍ လက်နဲ့ ဖြန့်ခံလိုက်တော့ မတော်တဆ ခတ်မိကာ ရဲရဲလက်ထဲက စတီးချိုင့်လေး ဒေါင်းခနဲ လွတ်ကျသွားသည်။

" ဟင် ''

ဖျတ်ခနဲ မျက်လုံးချင်းဆုံသွား၏။

ရဲရဲ မျက်ဝန်းမှာ မျက်ရည်တွေ တအိအိ ပြည့်တက်လာပြီး ချာခနဲ လှည့်ထွက်သွား၏။

" ရဲရဲ ''

" ကက ပြောရင်းမှ ရဲရဲ လက်မောင်းလေးကို ဆွဲလှည့်





လိုက်၏။

" ဖယ်. . . ဘာလို့ ဆွဲထားတာလဲ လာမခေါ်နဲ့သွား ''

" ငါယောင်သွားလို့ပါ ဆောရီးနော် ''

ခုခဆိုလျှင် ရဲရဲ ပိုပြီဆို မျက်ရည်တွေသုတ်ပေး တတွတ်တွတ်ချော့၍ ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်နေတတ်သော်လည်း ကက ကတော့ မျက်ရည်သုတ်ပေးဖို့ကို သတိရပုံမပေါ်. . .

ရဲရဲ သူ့ဖာသာပဲ မျက်ရည်သုတ်၍. . .

" မုန့်လိုက်စားမှာလား ''

" စားမယ် ''

" ဟွန့် ''

ရဲရဲ မျက်စောင်းလေးထိုး၍ ဆူအောင့်အောင့်လေး လျှောက်သွားတော့ ကက ပြုံးလိုက်မိသည်။

တစ်ခါတစ်ရံ ထိုမျက်စောင်းလေးတွေကို သူသတိတရ ဖြစ်နေတတ်လေသည်။

❀ ❀ ❀ ❀ ❀

# အခန်း (၄)

" ဘာပြောတယ် အဖေ ဦးရာဇာကျော်က စာရင်းတွေစစ်ပြီး အစည်းအဝေးမှာ တင်ပြလိုက်တာ ဟုတ်လား၊ သူက ဘာမို့လို့လဲ ဒီကုမ္ပဏီမှာ သူ့ရှယ်ယာ မရှိတော့ဘူး၊ သူ့ သူဌေးကို အကပ်ကောင်းလို့ ဟန်မပျက်နေရတာ ဒါကို ဘယ်သူမှ မသိဘူးများ မှတ်နေသလား၊ ဒီလယ်ဂျာတွေကို သူစစ်ခွင့်မရှိပါဘူး။ အဖေလည်း မန်နေဂျာ တစ်ယောက်ပဲ အဖေဘာဖြစ်လို့ ငြိမ်ခံနေရတာလဲ "

စိန်သောင်း ဒေါသတွေ ထွက်နေသည်။

သူ့ဘေးမှာ ရှိနေကြသော။ စာရေးနဲ့ အလုပ်သမားတွေကိုပင် ဂရုမစိုက်မိတော့ဘဲ ပြောချင်ရာ ပြောတော့သည်။

ဦးလူမင်းက ခေါင်းခါယမ်းလျှက်. . .

" သူလုပ်ခွင့်ရှိတာကို လုပ်တာ ငါက ဘာတတ်နိုင်မှာလဲ လိုနေတဲ့ ငွေတွေကို ဘယ်နည်းနဲ့ ပြန်ဆပ်မလဲ ဒါပဲ စဉ်းစားရမှာ"

" ဒီငွေ သုံးလေးဆယ်ကြီးကို လောလောဆယ်ဘယ်လိုရှာမလဲ အဖေ. . . အဖေကော ကျွန်တော်ကော တစ်ထိုင်တည်းရှုံးသွားတဲ့ ကိစ္စ၊ အိမ်ကလည်း ပေါင်ပြီးနေပြီး ဘာမှ ထပ်လုပ်စရာ မရှိတော့ဘူး. . တောက်. . . အားလုံးသူ့နေရာနဲ့သူ အံဝင်ဂွင်ကျ ပျောက်နေ





ပြီးသား ဒီလူကြီး သက်သက်ရှုပ်တာ "

" ဟုတ်တယ်. . . ခုချိန်မှာ သူ ကြံဖန်ပြီး မျက်နှာရအောင် လုပ်ရမှာကိုး. . . "

" သူမျက်နှာရပေမယ့် ကျွန်တော်တို့ ခွေးဖြစ်မှာ အဖေရဲ၊ လုပ်ဖော်ကိုင်ဖက်ချင်း သူကိုယ်ချင်းစာရင် ဒီလို မလုပ်သင့်ဘူး၊ တွေ့နေတာတောင် မမြင်ချင်ယောင်ဆောင်သွားသင့်တာကို တမင် တကာ လုန်လျော တူးဆွသွားတာ လုံးဝမကျေနပ်ဘူး "

" မကြာပါဘူး. . . ကိုစိန်သောင်းရာ ဒီလူကြီးနေရာပျောက်တော့မှာပါ၊ အခု အလင်းရောင်ကုမ္ပဏီမှာ ရှယ်ယာပါထားတဲ့ ဦးဗလမောင်က ဒီဘက်မှာ ရှယ်ယာဖြည့်မယ်လို့ ကမ်းလှမ်းထားသတဲ့. . . ဒီလူကြီးက လူပိုပဲ၊ကြာကြာ ကပ်တွယ်နေလို့မရတော့ပါဘူး "

စာရေးစကားကို စိန်သောင်း စိတ်ဝင်စားသွား၏

" မင်း. . . တကယ်ပြောတာနော် "

" တကယ်ပါ. . . ကျွန်တော်သိထားတာ သိပ်မကြာသေးဘူး၊ လုံးဝသေချာတယ် "

" မဟုတ်ဘူး. . . ဒီလူကြီး ဒီထက်မကဒုက္ခများသင့်တာ. . ငါဘယ်လိုမှကို မကျေနပ်နိုင်ဘူးကွ "

" ကဲ စိန်သောင်း သူများကို ဒုက္ခပေးဖို့ မင်းထည့်မတွက်နဲ့ဦး လောလောဆယ် ဒီပြဿနာကို ဘယ်လိုရှင်းမလဲ "

" ရှင်းပေးမယ်ပဲ ပြောထားလိုက်အဖေ. . သူတို့ပေးလာတဲ့ အချိန်ကို တိုးတောင်းလိုက်. . . နောက်ဆုံးမဖြစ်နိုင်ဘော့ရင်

အိမ်ရောင်း ပေးမယ်ဗျာ. . . ရောင်းလိုက်ရင် ပေါင်ထားတဲ့ငွေကို နုတ်ပြီး အဲဒီ လောက်တော့ ကျန်မှာပဲ ''

'' ပြောတော့ဖြင့် လွယ်လွယ်ကလေးပါပဲ ''

ဦးလူမင်းခေါင်းကို တဖျင်းဖျင်းကုတ်ရင်း ထမင်းစား စားပွဲပေါ်မှ ထသွားလေသည်။

ကုမ္ပဏီအောက်ထပ်မှ ဝန်ထမ်းသီးသန့် စားသောက်ဆိုင်လေးထဲမှာ ကျန်နေခဲ့သည့် စိန်သောင်း မျက်နှာကတော့ အမုန်တရားများနှင့် နီရဲတင်းမာလျက်. . .

❀ ❀ ❀

'' ဟော့ကောင် ကက ''

နောက်က ခေါ်သံပြင်းပြင်းကြောင့် သိန်းစိုးနဲ့ ကက ခြေလှမ်းတွေ တုံ့နှေးသွားကြသည်။

သူတို့နှစ်ယောက်ရှေ့ကို ကျော်တက်၍ ပိတ်ရပ်လိုက်ကြသည့် သုံးယောက်ကို သိတော့သိပေမယ့် မမှတ်မိ. . .

'' မင်းနဲ့ငါစာရင်းရှင်းစရာရှိတယ်လာ. . . လာ ''

'' ငြိတာမဟုတ်ဘူးကွ. . . ရိုက်မိခဲ့တာ . . ဒီမှာလေ မင်းလက်ရာ ''

သူ့ရှေ့တည့်တည့် လူရွယ်က အင်္ကျီကော်လံကိုလှန်၍ တစ်ဘက်လှည့်ပြသည်။

ထိုသူရဲ့ နားရွက်အောက်စပ် မေးရိုးတွင် အမာရွတ်ကြီးတစ်ခု. . .





ကက မှတ်မိသွားသည်၊လွန်ခဲ့သည့် တစ်နှစ်လောက်က ပေါက်စင်မှာ ကပ်ငြိခဲ့သည့် အာကာဝင်းဆိုတဲ့ကောင်. . .

'' မင်း သတိရသွားပြီပေါ့ ''

'' ဒါကို ငြိတယ်လို့ မင်းမှတ်မထားသင့်ဘူး၊ လေ့ကျင့်ရင်း မတော်တဆ ဖြစ်ခဲ့တာပဲ ''

'' ဟား. . . ဟား. . . ဟား ခုမှ သွေးကြောင်ပြီး လက်ကာ ခြကာ လုပ်ဖြီးမနေပါနဲ့ ကကရာ. . . မင်း ဒီလောက်ဖြောင့်တာကို ငါ့အစ်ကိုနဲ့ မတည့်တိုင်း ငါ့ကိုကပ်ဖဲ့တာ ကံကောင်းလို့ လည်မျိုကို သီသီလေးလွဲသွားတာ. . . ''

'' မင်းအစ်ကို အလှည့်တုန်းကလည်း ရောဦးခြေသလုံးကို ထိတာပဲ အဲဒါကျတော့ မတော်တဆ မှန်းသိလား ''

'' ငါ့အစ်ကိုက မင်းလိုမညစ်ပတ်ဘူးကွ. . . တကယ် မတော်တဆ . . . သူတို့ချင်းလည်း ရန်ငြိုးမရှိဘူး. . မင်းကသာ ငါ့အစ်ကို ကိုမကျေနပ်လို့ ''

'' ရယ်စရာတွေ လာပြောမနေပါနဲ့ အာကာဝင်းရာ. . င်းအစ်ကို ကို မကျေနပ်ရင် ငါက လက်တို့ပြီး သွားထိုးရဲပါတယ်. . င်းလို ခပ်နုပ်နုပ်ကောင်ကို ပစ်ကွင်းထဲကျမှဖဲ့ဖို့ မလိုပါဘူး ''

'' ဘာကွ ''

လက်သီးချက်က ရိပ်ခနဲ ပစ်ဝင်လာသည်။

ကက မျက်နှာလှည့်၍ ရှောင်ပေးလိုက်သည်။

သိန်းစိုးက နောက်ဆုတ်၍ လက်ပိုက်ရပ်ကြည့်နေ၏။

ကက အကြောင်းကို သူသိသည်၊သုံးယော. ပဟစ်ယောက်

ပေမယ့် ဒီကောင်မျိုးတွေလောက်ကို ဂရုစိုက်မည့်သူမဟုတ်. . . လူသူကင်းရှင်းသည့် ဆိတ်ငြိမ်ရပ်ကွက် တစ်ခုထဲက လမ်းသွယ်လေးထဲမှာမို့. သူတို့ကို ဖျန်ဖြေမည့်သူမရှိ. . .

အာကာဝင်းက ဓါးတိုလေးကို ဝှက်ကိုင်ကာ ကကကို အတင်းဝင်လုံး၏။

" ကက သတိထား သူ့လက်ထဲမှာ ဓါးနဲ့ကွ. . . "

ဗိုက်ဆီကို လက်ခနဲ ဝင်လာသည့်၊ဓါးကိုင်လက်ကို ကက ကအသာလေး ပင့်ရိုက်၍ တံတောင်ကိုပါ ထိုးလှည့်ပေးလိုက်ရာ. . .

" အား "

သူ့ဝါးနဲ့သူ ခါးကိုခြစ်မိကာ သွေးတွေဖြာခနဲကျ၍ အာကာဝင်း ကုန်းကွကျသွား၏။

ထိုစဉ် သူတို့ကံဆိုးသွားသည်က လမ်းထဲမှာ မှုခင်းတစ်ခုအတွက် လာရောက်စစ်ဆေးနေကြသော ရဲတွေရှိနေခြင်းပင်။

" ဟိတ်ကောင်တွေ . . . ရပ်လိုက်စမ်း "

" တစ်ကောင်မှ မလှုပ်နဲ့နော် "

ဟာ . . . ကက ရဲတွေကွ။

ကက ကလျှောက်လာသည်။

လက်ဝါးနှစ်ဖက်ကို ပွတ်ခါ၍ လှည့်ကြည့်လိုက်သည်က သူနှင့် ဘာမှမဆိုင်တဲ့အတိုင်း။

❀ ❀ ❀ ❀ ❀



# အခန်း (၅)

" မိဘကို သိက္ခာချအရှက်ရအောင်လုပ်တဲ့ ခွေးတိရိစ္ဆာန်ကဲကွာ . . . "

လက်သီးနှစ်ချက်က ဆင့်ဝင်လာသည်။

ကက ဆိုဖာပေါ် လဲကျသွား၏။

" ဟိတ်ကောင် ထစမ်း "

" အဖေကြီး တော်ပြီ. . . တော်ပါတော့. . . ရှင် "

ဒေါ်နှင်းပုလဲက အတင်းဝင်ဆွဲသည်။

" မဆွဲနဲ့ မေမေ မေမေ့သား တကယ်ဆိုးတာ အစ်ကိုတစ်ယောက်လုံး ဒုရဲအုပ်ဖြစ်နေပြီး ညီလုပ်တဲ့သူက လမ်းဘေးမှာ ရန်ဖြစ်အချုပ်ထဲရောက်. . . ခုကြည့်ပါဦး. . . သွေးထွက်သံယိုဖြစ်ရတဲ့ အထိကြီးကျယ်တာ ကောင်းလား၊ ဟိုကသေလည်းမသေလို့ ပြီးတော ကိုယ့်ဓါးနဲ့ ကိုယ်မို့ပေါ့. . ဒါတောင် ကျွန်တော်မျက်နှာနဲ့ လွှတ်ပေးလိုက်တာ "

" လုပ်မနေစမ်းပါနဲ့ကွာ. . . မင်းပဲပြောတော့ ဥပဒေမှာ ကျောသားရင်သားမရှိဘူးဆို. . . ဒုရဲအုပ်ညီမို့လို့ လွှတ်ပေးလိုက်တယ် ဆိုတာရှိလား "

" မင်း. . . မင်း ကျေးဇူးမကန်းနဲ့နော် "

" အံမာ. . . သူနိုးက လူကိုပြောင်လို့ . . . ကဲကွာ . . . ကဲကွာ "

ဦးရာဇာကျော် ကက ကိုဒေါ်သတကြီး အတင်းဆွဲထိုးလေသည်။

" လုပ်ကြပါဦး. . . သားကြီး. . . ဆွဲဦးလေ "

" ကိုရာဇာကျော် တော်ပါတော့ဗျာ "

ရဲရဲ တို့သားအဖ အပြေးအလွှားဝင်လာကာ ဦးမင်းခေါင်က ဦးရာဇာကျော်ကို ဝင်ဆွဲသည်။ ရဲရဲက ဒေါ်နှင်းပုလဲကို ဖေးမပေးလိုက်၏။

" ဒေါ်သရှေ့မထားပါနဲ့ဗျာ. . . လူငယ်တွေရဲ့ သဘာဝကို နည်းနည်းပါးပါး ချင့်ချက်ပေးထားလိုက်စမ်းပါ တော်တဲ့သားသမီး ရှိသလိုဆိုးတဲ့ သားသမီး လည်း ရှိကြတာပဲ. . . "

" မဟုတ်ဘူး. . . ကိုမင်းခေါင် ဒီကောင်ကိုက ဘာအပြစ်လုပ်လုပ် အိမ်မှာ ဦးကျိုးမလာဘူး. . . ကိုယ်မဟုတ်တာလုပ်ရင် လက်ပိုက်ခေါင်းငုံ့နေရမှာပေါ့. . . သင်းက ဂျစ်ကန်ကန် မာကျောကျောနဲ့ အစ်ကို လုပ်သူကို ပြန်ပြောပုံကကြည့်. . . "

ကက အံကြိတ်နေတာကို ရဲရဲလည်း မြင်နေရသည်။

မျက်နှာက တစ်ချက်မှ ထိခိုက်ကြေကွဲဟန်မရှိ။

နှာခေါင်းနှင့် နှုတ်ခမ်းများမှ သွေးတွေယိုစီးကျနေတာကို မြင်တော့ ရဲရဲ မနေနိုင်။

" ကက. . . "





ဒေါ်နှင်းပုလဲကို လွှတ်၍ ကကကို ပြေးထူပေးမိ၏။

" သွေးတွေတအားထွက်နေပြီ လာ ငါနဲ့လိုက်ခဲ့. . . ဆေးထည့်ပေးမယ် "

" နေပစေ. . . ဖယ် "

" ကက . . . ခွေးသူတောင်းစားကလူဝါးဝလို့ "

ရဲရဲလက်ကို ဖယ်ချလိုက်ခြင်းအား ဦးရာဇာကျော်မြင်ကာ ဒေါသမယ်ကြိတ်မယ်ဖြစ်ပြန်သည်။

ကြားထဲက ဒေါ်နှင်းပုလဲ တရှိုက်ရှိုက်ငိုလျှက်. . .

" သားလေး. . . သားလိုက်သွားပါ သားရယ်. . . ခေါ်သွားသမီး. . . "

" လာပါ ကကရယ်. . . အန်တီနှင်း သနားပါတယ်ဟာ နင့်အဖေ နင့်ကို နောက်တစ်ခါ ထပ်ထိုးရင် သူစိတ်ဆင်းရဲလို့လဲ ကျသွားနိုင်တယ် "

ကက နေရာမှ ထလိုက်သည်။

မေမေ့ မျက်ရည်တွေကို မကြည့်ရက်၍ ဖြစ်သည်။

သူများစော်ကားတာကို မခံနိုင်၍ တုံ့ပြန်တာကိုလူမိုက်ဆိုလျှင် ဘယ်ခါမက မိုက်ပြလိုက်ချင်သည်။

မိဘကို ဆန့်ကျင်တာမဟုတ်ပါ. . . ကိုယ်မှားတာမဟုတ်ဘူး ဆိုတာကို ယုံကြည်နေ၍ ကက က ဆိုဖာပေါ်က ဆောင့်ခနဲ ထိုင်ချလိုက်ပြီး

" ဖေဖေ ငါ့ကို ဘာဖြစ်လို့ ဒီလောက်အထင်သေးနေတာလဲ သိဘူး "

" နင်ကြိုးစားချင်အောင် တမင်ပြောနေတာပါ ကကရယ်. . မိဘဆိုတာ ဆိုးတဲ့ သားသမီးကို ပိုချစ်တာဟ "

ရဲရဲက အလုပ်သင် ဆရာဝန် ဖြစ်နေပြီမို့ အခန်းထဲဝင်၍ လိုအပ်သည့် ပစ္စည်းတွေ ထည့်ယူလာသည်။

" လာ. . . ယောင်နေတာတွေကို ရေနွေးဖတ်လေး ကပ်ထား ငါအနာကို ဆေးထည့်ပေးမယ် "

" ဘာဆေးမှ မထည့်နဲ့ ဘာမှ မဖြစ်ဘူး "

" ကကရယ် . . . ဒီလောက်သွေးတွေ ထွက်နေတဲ့ဟာကို"

သွေးတွေကို ဂွမ်းစလေးနဲ့ သုတ်ပေးနေရင်း ရဲရဲ မျက်ရည်လေး ဝဲနေရှာသည်။ ကက ရဲရဲမျက်နှာလေးကို စိုက်ကြည့်ကာ. . .

" ငါ့အတွက် စိတ်မကောင်းဖြစ်ပေးဖော်ရတာ မေမေ့အပြင် နင်ပဲရှိတယ်. . . ကျေးဇူးတင်ပါတယ် "

ကြည့်စမ်း. . . ရဲရဲ နှုတ်ခမ်းလေး တင်းခနဲ စေ့မိသွားသည်

" ကက နင်လူတွေကို ဘယ်လိုခံစားချက်တွေနဲ့ ကြည့်နေတာလဲဟင်. . ဘာဖြစ်လို့ ဘယ်သူ့ကိုမှ အကောင်းမမြင်တာလဲ "

" ဘယ်သူက ငါ့ကို အကောင်းမြင်လို့လဲ အားလုံးက ငါ့ကို အလကားကောင်လို့ ပြောနေကြတာပဲ "

" အဲဒါ နင်မဟုတ်အောင် နေပြလိုက်ပါလား . . ဆယ်တန်းအောင် အောင်မဖြေတာကိုက နင်အရှုံးတိုက်နေတာလို့ အန်ကယ်ကျော်က ထင်တာ "

" ထင်ပစေပေါ့. . စိတ်မပါတဲ့အလုပ်ကို ငါဘာမှ မလုပ်ဘူး"

" နင် အဲဒီလို ရွဲ့ချင်တာကလည်း ခက်တာ "





" နင်လည်း ဒီစကားတွေပဲ ပြောမယ်ဆိုရင် ဖယ်. . . ငါသွားမယ် "

" မပြောတော့ဘူး. . . မပြောတော့ဘူး "

ရဲရဲက စိတ်တိုသံလေးနဲ့ဆိုပေမယ့် လက်ကလည်း အငြိမ်မနေ။

" ဆေးထည့်တော့ စပ်လား "

" စပ်တာပေါ့ နင်ခံစားကြည့်ပါလား "

" သိတယ်လေ. . . နင်က တွန့်တောင်မတွန့်တော့ အံ့ဩလို့ "

" ရဲရဲ "

" ဟင် "

" နင်နဲ့ ခခ နဲ့ ကြိုက်နေကြပြီလား "

မဆီမဆိုင် ခုန်ထွက်လာသည့် မေးခွန်းကြောင့် ရဲရဲ ကက မျက်နှာကို အံ့ဩသလိုလေး ပြန်ကြည့်သည်။

" ဟင့်အင်း. . . ဘာဖြစ်လို့လဲ "

ဘာမှ မဖြစ်ဘူးဆိုပြီး လူကိုစိုက်ကြည့်နေသဖြင့် နီးနီးကပ်ကပ်လေး ထိုင်နေမိသည့် ရဲရဲ ကိုယ်လေး မသိမသာကရွှံ့သွားမိသည်။

ကက မျက်လုံးတွေက သူများနဲ့မတူ။

မျက်ခုံးထူထူတွေက အုပ်မိုးကာရံထားသလောက် နက်စိုနေသည့် မျက်ဝန်းတွေ၏ စူးစူးရဲရဲကြည့်တတ်ပုံက အရိုင်းဆန်သည်။

သူ့မျက်ဝန်းများနှင့် အနည်းငယ်ကား သယောင်ရှိသော

မေးရိုးတင်းစေ့နေတတ်သည့် မထူမပါး နှုတ်ခမ်းစုံက လိုက်ဖက်မှု ရှိသည်။

ဘယ်လို လူမျိုးကိုမဆို အထက်စီးဆန်ဆန်ကြည့်ချင်သော မျက်နှာက ပျော့ပျောင်းသည်ဟူ၍ မရှိသလောက်ပင်. . .

" ရဲရဲ "

" ဟင် "

" နင့်ကို ခခအတွက် တောင်းရမ်းပေးချင်တယ်လို့ ဖေဖေက ပြောနေတယ် "

ရဲရဲ မျက်နှာက တကယ်ဘာမှ မျှော်လင့်မထားတဲ့ပုံ. . .

" ငါ့ကို သူဘာမှ မပြောဘူး "

" ရည်းစားစကားတော့ ပြောတယ်မဟုတ်လား "

ရဲရဲ မျက်နှာလေးရှက်သွေးကြောင့်နီမြန်းသွား၏။

ကက ဘာဖြစ်လို့ ဒါတွေလာမေးနေရတာလဲ. . .

နှစ်ယောက်ကြားမှာ တဒင်္ဂတိတ်ဆိတ်သွားလေသည်။

ကက နားလည်သွားပုံနှင့် မျက်နှာလွှဲလိုက်သည်။

ရင်ထဲမှာ လိုက်ဟာသွားသလို ခိုးလိုးခုလုဖြစ်သွားခဲ့တာတော့ သေချာလေသည်၊ ဘာကြောင့်ဆိုတာမသိ. . .

" ရော့. . . ကက လာ. . . သောက်ဦး "

မျက်နှာရှေ့မှာ ပိုက်တပ်ထားသည့် အအေးပုလင်း ထိုးပေးတော့ ရဲရဲကို သူမော့ကြည့်၍ ခပ်မဲ့မဲ့ပြုံး[illegible]က်သည်။

" ဘာလဲ ရင်ပူနေတာကို သိလို့လား "

" ဟာ. . . မဟုတ်ပါဘူး၊ ပါးစပ်နာနေတော့ ကော်ဖီမ





သောက်နိုင်မှာစိုးလို့ "

သူ့ဟာသူရှင်းပြရင်း မျက်နှာလေးငုံ့၍ ပြုံးတော့ ပါးချိုင့်လေး နှစ်ဖက်က လင်းလက်သွား၏။

" နင်က ဘာရယ်တာလဲ "

ကက ကမချိုမချဉ် မျက်နှာနှင့်မေးသည်။

" နင်ပြောတာကို ရယ်တာလေ "

" ငါဘာပြောတာလဲ "

" ရင်ပူနေတယ်ဆို "

ကက ကဟင့်ခနဲ ရယ်၍ စိုက်ကြည့်၏။

" ဟုတ်တယ်. . . ဘာဖြစ်သွားသလဲ မသိဘူး "

" ကက "

" ဘာလဲ "

" နင် အဲဒီလို ပြုံးပြုံးရယ်ရယ်လေးနေပါလား၊ ကြည့်လိုက်ရင် မှုံကုတ်နေတာပဲ. . . ပြုံးတာနဲ့မဲ့တာ ဘာကလှလဲ "

" နင်ပဲ ပြောပါဦး "

" ခုလို ပြုံးနေတုန်း နင်မှန်သွားကြည့်ပါလား "

" မှန်ကြည့်တာကို ဝါသနာမပါဘူး "

"ဒါဆို နင်ဘယ်တော့မှ မိန်းမရမှာ မဟုတ်တော့ဘူး "

" မရနေပြေပါ. . . မိန်းမဆို ဘယ်မိန်းမမှ ငါစိတ်မဝင်စားဘူး"

" တစ်ချိန်ချိန်ကျရင်ကော "

" ဒါတော့ မသိဘူး "

ကက အအေးကို တစ်ဝက်ကျအောင်စုပ်ပြီး ပုလင်း

ကို ချထားလိုက်၏။

" ငါသွားတော့မယ် "

" ဘယ်ကိုလဲ. . . ခဏနေဦးလေ၊ဟိုမှ ခုမှ ဒေါ်သအကင်း သေစပဲရှိဦးမှာ "

" အပြင်သွားမလို့ပါ "

" မသွားပါနဲ့ ဦးကကရယ် နင့်မျက်နှာက ယောင်နေတာတွေရှိသေးတယ် "

" ရတယ်. . . ငါသွားစရာရှိလို့ "

" ကက နင် အခု ထမင်းအိမ်မှာ မစားဘူးဆို နင့်မှာ အလုပ်လည်း မရှိဘဲနဲ့၊ ဘယ်လိုစားသောက်နေသလဲ၊ကကရယ် ငါက အထင်သေးလို့ ပြောတာမဟုတ်ဘူး "

" ဒါတွေ နင်မသိပါဘူး. . . ဆရာ မလုပ်စမ်းပါနဲ့ "

အိမ်က အကြောင်းတွေ ပါလာတော့မှာမို့ ကက ဖွတ်ထွက်လာခဲ့၏။

ခြံဝရောက်တော့ ဦးမင်းခေါင်နဲ့တွေ့ပြီး. . .

" ဟော မင်းဘယ်သွားမလို့လဲ. . . မျက်နှာမှာ ဒဏ်ရာတွေနဲ့ကို "

" ဒီနားတင်ပါ အန်ကယ် "

ကက တိုတိုတုတ်တုတ်ပဲ ဖြေခဲ့၏။

ဒေါ်သကြီးနေသည့် ဖေဖေ့ရှေ့ကို သူဝင်သွားမှာ စိုးလို့ မေးနေကြမှန်း ကက သိသည်။

" ဒီကောင် အလကားကောင် ဘာမှအသုံးမကျဘူး၊ဆန်ကုန်





မြဲလေး၊ မိဘ ပတ်ဝန်းကျင်ကို မပြောနဲ့ သူ့ကိုယ်သူတောင် အကျိုးဖြစ်ထွန်းအောင် မလုပ်နိုင်ဘူး. . . အခုလို ထပ်နှိပ်စက်တာက နေသေးတယ် ဘာကောင်းတာရှိလဲ "

ရဲရဲ သူ့ကို ခေါ်ထုတ်လာတော့ နောက်မှာ ဆူပွကျန်ခဲ့သည့် အဖေစကားသံများက သူ့နားထဲမှာ ခုချိန်အထိ လှိုင်းထနေဆဲ. . .

ဖေဖေ့ကို သူချစ်ပါသည်၊ မေမေ့ကိုတော့ ပိုချစ်ခဲ့၏။ ခခကိုလည်း ခင်တွယ်ခဲ့သည်ပင်၊ ဒါပေမဲ့ မဟုတ်မခံစိတ်တစ်ခုတည်းကြောင့် သူဟာ လူရိုင်းကလေးအဖြစ် သတ်မှတ်ခံခဲ့ရသည်။

ကျောင်းစာကျက်ရမှာကို ဘယ်လိုမှ စိတ်မဝင်စား၍ ဆယ်တန်း ကို မဖြေချင်ပါဘူးဆိုတော့ အလကား အသုံးမကျတဲ့ကောင် ဖြစ်သွားလေသည်။

သူဟာ အလိုလိုနေရင်း ဖေဖေ့မေတ္တာ လေညှင်းရဲ့ လေညာအရပ်ကို ရောက်သွားခဲ့ရ၏။

စိတ်တို့သည် မာကျောရာမှ ခက်ထန်လာခဲ့၏။

အဓိက လူရိုင်းမဟုတ်ခဲ့ပါ။

❀ ❀ ❀ ❀ ❀

# အခန်း (၆)

" ဟော. . . သားတို့ သမီးတို့လာကြ. . ဖေဖေ၊မေမေတို့ မပါကြဘူးလားကွယ် . . . "

ညှော်ခံပွဲရောက်ရောက်ချင်း သတို့သမီးနှင့် သတိုးသား မိဘများက အတူဝင်လာကြသော မိုးမခနှင့် ရဲရဲကို ဆီးကြိုနှုတ်ဆက်ကြ၏။

" မပါဘူး အန်တီ၊ မေမေက နေမကောင်းဘူး။ ဖေဖေက မအားလို့ "

" သမီးဖေဖေကလည်း ခရီးထွက်သွားလို့ပါ "

" ဒီအသံတွေကို ကြားဖူးသလို လိုပါလားဟ. . . "

ကက လှည့်ကြည့်လိုက်တော့ ခခနဲ့ ရဲရဲ

ရဲရဲက ဆင်စွယ်ရောင် အပါးစားလေး တစ်ထည်ထပ်ဝတ်ထား၏။

ထိုအပေါ် မဟူရာလည်ဆွဲကို နှစ်ကုံးဆင့်၍ဝတ်ကာ လက်ကောက်၊ လက်စွပ်၊နားကပ်ကအစ မဟူရာတွေချည်းဖြစ်လျက် နဂိုပခုံးအောက်သာသာ ဆံပင်လေးကို ဂျပန်ဆံထုံးဖွဖွလေးထုံးထားသောကြောင့် မိတ်ကပ်ပြေပြေလေးခြယ်ထားသည့် မျက်နှာနှင့် ရှုမငြီးအောင် လှနေသည်။



မိုးမခကတော့ အဖြူရောင် အနောက်တိုင်း ဝတ်စုံနှင့်ဖြစ်ကာ ဖြူဝင်းချောမွေ့သူမို့ နှစ်ယောက်လုံးက အများထဲမှာ ထင်းနေသည်။

" ခခ. . . တို့ မဟုတ်လား "

" မင်းရဲ့ ရဲရဲက တယ်လှပါလားကွ. . . ဘာမှ ပြောစရာမရှိဘူး"

သူဒီဘက်ပြန်လှည့်၍ ဘီယာထည့်ထားသည့် ဖန်ခွက်ကို ဆုပ်ကိုင်လိုက်မိသည်အထိ နောက်က အသံတွေက စိုပြေနေဆဲ. . .

" ဟယ်. . . ဒေါက်တာ နေရဲရဲပါလား. . . ယူနဲ့ သူလက်ထပ်ပြီးပြီကိုး သိတောင်မသိလိုက်ဘူး "

" ဟေး မိုးမခ တယ်သွက်ပါလားကွ. . . ပြောတော့ သူငယ်ချင်းလေး ဘာလေးနဲ့ "

" အိုး. . . မဟုတ်ဘူး၊မမော်လွင် ရဲတို့ လက်မထပ်ရသေးပါဘူး. . . ဘာမှကို မဟုတ်ပါဘူးရှင် . . . အထင်လွဲကုန်ကြပြီ ခက်တော့တာပဲ "

" ဟင်. . . တကယ်ပါ "

" တကယ်ပါ. . . ခခ နင်ပြောလိုက်လေ "

" နင်ပြောပြီးပြီပဲ "

မိုးမခက ရယ်ကျဲကျဲနှင့် ဟုတ်သလိုလို လုပ်နေသဖြင့် ရဲရဲ ရှက်လည်းရှက် ဒေါသလေးလည်း ထွက်မိ၏။

" ဆောရီးကွယ်. . . သတင်းကြားထားတာနဲ့ဆိုတော့ အန်တီတို့က ခုလို စုံတွဲလေးမြင်လိုက်ရတော့ လက်ထပ်ပြီးပြီထင်နေတာ ဒါနဲ့ သားမိုးမခက ဒုရဲအုပ်ဖြစ်သွားပြီလားကွယ် "

" ဟုတ်ကဲ့. . . အန်တီ "

" အို. . . တင့်တယ်ပါပေတယ်ကွယ် ပညာတတ်ကလေးတွေလည်းဖြစ် ငယ်ငယ်ချောချောလေးတွေဆိုတော့ ဘာမှပြောစရာမရှိဘူး. . ကဲ. . . ကဲ စားကြ သောက်ကြဦး "

" စားနော်. . . ရဲရဲ တို့မင်္ဂလာ ညစာစားပွဲကို မင်းတို့ စုံတွဲလေး တက်လာတာ၊ အဲဒါနမိတ်ပဲ မကြာခင် မင်းတို့. . . "

" အို. . . မမော်လွင်ကလည်း "

" ရှက်မနေပါနဲ့ကွာ. . . ဟိုတစ်ယောက်ကတော့ သဘောကျနေတဲ့ပုံကြီးပါ "

ရယ်သံတွေလှိုင်သွား၏။

ရောင်စုံမီးသီးလေးတွေဆီမှ ပြေးဟပ်နေသော အဝါအနီမီးရောင်လေးတွေ ကျိုးတို့ကျဲတဲနှင့် နုဖတ်ဝင်းစက်နေသည့် ရဲရဲမျက်နှာလေးကို မိုးမခ က မက်မောစွာကြည့်နေသည်။

သူရည်စားရှိခဲ့ဖူးတာ မှန်သည်။ နှစ်ယောက်သုံးယောက်ထိ စိတ်ပျော်စရာထားခဲ့ဖူးသည်။

ဒါပေမဲ့ သူနဲ့ ထိုက်တန်သော သူလက်ထပ်မည့် ဇနီးကတော့ ရဲရဲ ပဲဖြစ်လေသည်။

ရဲရဲ ကိုယ်တိုင်ကလည်း ခေါင်းမညိတ်သေးပေမယ့် ခေါင်းခါစရာ အကြောင်းလည်း မရှိတာ သူယုံကြည်နေသည်။

ငယ်ငယ်ကတည်းက ရစ်ဖွဲ့ခဲ့ကြတဲ့ သံယောဇဉ်ပဲ. . .

" ဟေး. . . သူငယ် မင်းအဖေ မလာဘူးလား "





" ဪ. . . ဟုတ်ကဲ့ ဖေဖေလုံးဝမအားလို့ပါ ခင်ဗျာ "

နှုတ်ဆက်သူတွေကို လှည့်ဖြေလိုက် ရဲရဲ ကိုကြည့်လိုက်ရနှင့် ခဏတစ်ယောက်တည်း အလုပ်ရှုပ်နေ၏. . .

" ရဲရဲ "

" ဘာလဲ "

" နင် ဒီနေ့ သိပ်လှတာပဲ "

စားပွဲပေါ် တင်ထားသည့် ရဲရဲ လက်ဖဝါးလေးကို လှမ်းဆုပ်ကိုင်၏။

ရဲရဲက ရုန်းထွက်သွားကာ မျက်လွှဲချထား၏။

" ငါတို့ ဘယ်တော့ လက်ထပ်ကြမလဲဟင် "

" စိတ်မကူးသေးပါဘူး. . . ပညာစုံတာနဲ့ ယောကျ်ားယူသွားတယ်ဆိုရင်. . . မိဘ ဘယ်လောက် ရင်ကျိုးရှာမလဲ "

" ဒါက မတော်မရာနဲ့ ညားသွားရင်တော့ ဟုတ်မှာပါ. . . ငါလို လူနဲ့လက်ထပ်မှာကို စိတ်ဆင်းရဲမယ့် မိဘ မရှိနိုင်ပါဘူး "

" နင်က ကိုယ့်ကိုယ်ကို တော်တော်အထင်ကြီးပါလားခခ၊ နင့်လိုပဲလေ ငါ့ဖေဖေကလည်း သူ့သမီး ဆရာဝန်မကြီး ဖြစ်နေပြီဆိုတော့ ကြိုက်တဲ့ ယောကျ်ား ခေါင်းခေါက်ရွေးလို့ ရလျက်သားနဲ့ စောစောစီးစီး တွေ့ကရာ ယောကျ်ားကောက်ယူပစ်လိုက်ရ မလားဆိုပြီး ယူကျုံးမရ ဖြစ်မှာပေါ့ "

မှတ်ထား. . . မည်းမှောင်သွားသည့်မိုးမခ မျက်နှာကြီးကို ကြည့်၍ ရဲရဲ လှလှပပလေး ပြုံးနေလိုက်သည်။

သူလည်း ဒုရဲအုပ် ကိုယ်ကလည်း ဆရာဝနပဲ လာကြောလို့

ရမလား. . .

" ရဲရဲ. . . ငါက နင်ပြောတဲ့ အဓိပ္ပါယ်မျိုးနဲ့ ပြောတာမဟုတ်ဘူး. . . ငါတို့က ငယ်သူငယ်ချင်းတွေဆိုတာကို ပြောချင်တာ"

" ငါကလည်း နင့်ကို ပြောတာမဟုတ်ဘူးလေ. . . မိဘတစ်ယောက် ရင်ထဲမှာ ရှိနေတတ်တာကို ဥပမာပြောတာ. . ."

ကက နောက်ထပ်လှည့်ကြည့်ဖြစ်ရင်း နေရာမှ ထရပ်လိုက်၏။

" ကက ဒါဘာလုပ်တာလဲ "

" ငါပြန်တော့မယ်ကွာ. . . မမော်ကို နှုတ်ဆက်သွားတယ်လို့ ပြောလိုက်တော့ "

" ဟိတ်ကောင်. . . မင်းကို မမက ဖိတ်တာမှ မဟုတ်တာငါက ဖိတ်တာပဲကွ၊ ငါတို့ ဒီမှာ ခုမှစိုပြေမလို့ပဲရှိသေးတာ. . ."

" အေးပါ. . . ငါကားပေါ်က စောင့်နေမယ် "

" သွားပါစေကွာ. . . ဒီကောင် ဘာဖြစ်သွားသလဲဆိုတာငါသိပါတယ် "

မျိုးသန့်က မိုးမခတို့ စားပွဲကိုလှမ်းကြည့်၍ ပြော၏။

ဘယ်သူတွေ ဘယ်လိုပဲထင်ထင် ကကလှည့်မကြည့်တော့ပါ။

ဒီပွဲမှာ အတူတက်ကြတာချင်း တူပေမယ့် မိုးမခနဲ့ သူ့ရဲ့ အရှိန်အဝါက ကွာခြားလွန်းသည်။

သူကတော့ သူငယ်ချင်းက ပြေးတွဲခေါ်ယူကာ ခပ်မှောင်မှောင်ထောင့်စားပွဲလေးမှာပဲ ထိုင်ဖြစ်ခဲ့သည်။

လူရင်းတွေမို့ကဲ့လေ၊ အစကတော့ သူကိုယ်တိုင်ဒီနေရာလေး





ကို နှစ်ခြိုက်စွာ ထိုင်နေခဲ့တာဖြစ်၏

ညှော်ခံပွဲထဲ ဝင်လာသမျှ လူတွေကို လှမ်းမြင်နေရသလို ဝင်လာသူတို့က သူတို့ကို ရုတ်တရက် လှမ်းကြည့်ဖြစ်မှာ မဟုတ်တဲ့ နေရာ။

သတို့သမီးနဲ့ သတို့သားကလည်း ခဏလေးပြုံးပြနှုတ်ဆက်ပြီး နောက်ထပ် လှည့်၍တောင်မှ မကြည့်ကြတော့ပါ။

ဒါလည်း သူ့စိတ်ထဲမှာမရှိ။

မိုးမခတို့ နှစ်ယောက်ရောက်လာတော့မှ သူ့ကိုယ်သူ ခွဲခြားပုံဖော်ကြည့်မိခဲ့သည်။ဝတ်စားသားနားပုံခြင်းကအစ အကွာကြီးကွာပါ၏။

အားလုံး၏ ကြိုဆိုကြပုံက တခမ်းတနား. . .

မိုးမခနဲ့ ကဓိကဆိုတာကိုတောင် မတွဲမိကြတဲ့အထိ သူကအားလုံးရဲ့ နောက်မှာ. . . တကယ်လို့ မိုးမခ သူ့ကို လှမ်းမြင်သွားလျှင် သူ့အခြေအနေက ဒီထက်ဆိုးသွားနိုင်၏။

" ငါတို့ ပြန်ရအောင် "

သတို့သားနဲ့ သတို့သမီးကို နှုတ်ဆက်၍ ခခနဲ့ ရဲရဲကားရှိရာသို့ လျှောက်လာခဲ့ကြ၏။

" နောက်တစ်ခါတော့ ခုလိုမျိုး နှစ်ယောက်တည်း မလာတော့ဘူး လူတွေက အရမ်းနောက်တာပဲ "

" ဘာဖြစ်လဲ . . . မသိလို့ နောက်တာပဲဟာ. . . သူတို့က ဒါနောက်စရာမဟုတ်မှန်း သိကြပါတယ်. . . တကယ်ကို လက်ထပ်ပြီးပြီလို့ မှတ်ကြတာ "

" အဲဒါကြောင့်ပေါ့ မဟုတ်ဘဲနဲ့ ငါအ ကင်မခံနိုင်ပါဘူး "

" ရဲရဲ "

" ဘာလဲ "

" နင် ငါ့အပေါ် တစ်ခုခု မကျေနပ်နေသလိုပဲ ငါ့ကို နင်လက်မခံတာ မချစ်လို့ မဟုတ်ဘူးဆိုတာ ငါသိတယ် ဘာကို မကျေနပ်တာလဲ ပြောစမ်းပါ "

ရဲရဲ က လှမ်းနေသည့် ခြေလှမ်းကို ရပ်ပစ်လိုက်၏။

" ဟုတ်တယ်. . . မကျေနပ်တာရှိတယ် အဲဒါ ဘာလဲဆို တော့ နင့်ရဲ့ အပျော်ရှာတတ်တဲ့အကျင့်ကိုပဲ နင့်ရည်းစားထားပစ်လိုက် တာကို ငါမကျေနပ်ဘူး။ အဲဒါ နင့်ကို ချစ်လို့ သဝန်တိုတာမဟုတ်ဘူး နော်၊ မခံချင်တာ ငါ့ရဲ့ အိမ်ထောင်ဘက်ဟာ ငါ့ရဲ့ အချစ်ဦးပဲ ဖြစ်ချင်ခဲ့တာ၊ အဲဒီလိုပဲ သူကလည်း ငါ့ကိုပဲ အချစ်ဦးနဲ့ လက်ထပ်သူ အဖြစ်ရွေးခဲ့တာပဲ ဖြစ်ရမယ်၊ အပြင်မှာ ဘယ်လိုပဲ အပျော်ရှာရှာ အချိန်တန်အိမ်ပြန်လာမှာ ပေါ့ဆိုတဲ့ ယောက်ျားမျိုးကို စောင့်ပြီး ပြုစုမယ့် မိန်းမတွေထဲမှာ ငါမပါဘူး၊ အဲဒါ နင်သဘောပေါက်"

" မဟုတ်ဘူးလေ ရည်းစားဆိုတာ အပျော်သက်သက်ပဲ ငါ့ရင်ထဲမှာ ဘာမှထိရှသွားခဲ့တာ မရှိဘူး၊ နင်နဲ့ လက်ထပ်ပြီးမှ ငါက ဒါတွေကို ခေါင်းထဲထည့်နေမှာတဲ့လား. . . ထိုးကွင်းမှင်ကြောင် ခေတ်က အယူအဆတွေကို ခေါက်ထားခဲ့စမ်းပါ ရဲရဲရာ. . . ငါနင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ. . . "

" မယုံဘူး ခခ ရည်းစားဖြစ်တယ်ဆိုတာ' ချစ်တယ် ချစ်လား' မေးဖြေပြီးမှ ချစ်လို့ရတာ အပျော်သဘောနဲ့ ချစ်တယ်ဆိုတဲ့ စကားကို ပြောထွက်ခဲ့ဖူးတဲ့ နင့်ပါးစပ်က နောက်ထပ် ချစ်ခြင်းကိုယုံဖို့ ငါအချိန်





ယူရဦးမယ် "

" ရဲရဲ "

မိုးမခက ရဲရဲလက်ကို ခပ်တင်းတင်းဖမ်းဆုပ်ကိုင်လိုက်၏။

" အိမ်မှာပြောလို့ရတယ် ခခ လူမြင်ကွင်းမှာ ငါ့ကို သရုပ်ပျက် အောင် မလုပ်နဲ့ "

" ဟုတ်တာပေါ့ကွ. . . မင်းကလည်း ဒီလောက်အေးချမ်း နေတာတောင်မှ လောဘတွေ သိပ်ကြီးမနေစမ်းပါနဲ့ တဖြည်းဖြည်း စောင့်ယူလို့လည်း ရနိုင်တာပဲ ဟဲ. . . ဟဲ "

ထွားကျိုင်းသည့် ယောက်ျားရင့်မာကြီးနှစ်ယောက်ကို မိုးမခရော ရဲရဲပါ မသိကြ. . .

" ခင်ဗျားတို့က ဘယ်သူတွေလဲ "

" မိဘမကောင်းတော့ သားသမီးခေါင်းတဲ့. . . မင်းအဖေ မလိမ္မာလို့ မင်းကိုဆုံးမရအောင် လာတာလေ "

" ဘာ. . . ဖေဖေ "

" ကြာတယ်ကွာ. . . ချ "

" ဟိတ် "

" အား "

" အမလေး ဓါးတွေနဲ့ လာကြပါဦး "

ဓါးရောင် လက်ခနဲဝင်းပသွားသည်က မျက်ဝ ကို ပြာဝေသွား စေကာ ရဲရဲ အော်လိုက်တာကို အာရုံရောက်သွားစဉ် ခွပ်ခနဲ မြည်သံနှင့် အတူ မျက်လုံးထဲမှာ ဖြူနီပြာဝါတွေ လင်းလက်သွား၏။

“ ခခ. . . လုပ်ကြပါဦးရှင်. . . ဟိုမှာ ရိုက်သွားပြီ ”

ခခ သတိထားရင်း နောက်စေ့ကို လက်နဲ့ဆုပ်လျက်နှင့် ထွက်ပြေးမည်ပြင်နေသော တစ်ယောက်ကို ခြေထိုးခံလိုက်သည်။

ထိုသူ ဟပ်ထိုးလဲကာ နောက်တစ်ယောက်က ကားတွေကြား ထဲ ပြေးဝင်သွား၏။

“ ဟိတ်. . . ဟိုကောင် မပြေးနဲ့ ”

“ လိုက်ကြ. . . လိုက်ကြစမ်း ခါးပိုက်နှိုက်လား ပစ္စည်း လုသွားတာလား ”

လူသံတွေ ဆူညံကာ ပြေးလွှားလာကြ၏။

ကက စူးစိုက်ကြည့်နေသည့် ကားကြားတည့်တည့်ထဲကို တစ်ယောက်ပြေးဝင်လာ၏။

“ ဒုန်း ”

“ အ ”

လူရှိသည်မထင်ခဲ့သော တစ်ယောက်မှာ ရုတ်တရက် ကား တံခါးတစ်ချပ်ဆောင့်ပွင့်လာကာ ညို့သကျည်းကို အရှိန်နှင့် ဆောင့်မိ သွားသဖြင့် ခွေခေါက်လဲကျသွား၏။

“ အား ”

နောက်ထပ် နာကျင်စွာအော်သံကြောင့် သူကိုင်လာသည့် ဓါးနှင့်သူ့ကိုယ်သူ ပြန်ထိသွားပြီကို ကက သိလိုက်၏။

“ ဟိုမှာ တစ်ယောက် ဟ. . . ”

“ ဟာ. . . နံကြားကို ဓါးထိထားတယ်ကွ ”

“ ဟင်. . . ကဓိက ပါလား၊ မင်း. . . သူ့ကို ဘာလုပ်





လိုက်တာလဲ ”

“ မလုပ်ဘူး. . . ဘာမှ မလုပ်ရသေးဘူး. . . တံခါးနဲ့ တိုက်မိပြီး သူ့ဟာသူလဲသွားတာ ”

“ မဟုတ်ပါဘူး. . . သူ. . . သူ ကျွန်တော့်ကို အား ”

လူတွေ ရှုပ်ယှက်ခတ်လာတုန်း စိန်သောင်းက အခြေအနေကို အသုံးချ ပစ်လိုက်၏။

မှောင်ရိပ်ကျသည့် ကားကြားထဲမှာ သူတို့ဖြစ်သွားတာကို ဘယ်သူမှ မမြင်လိုက်ကြသဖြင့် အခြေအနေကို ကက ရှင်းမရဖြစ်သွား လေသည်။

“ အရိုက်ခံလိုက်ရတာ သူအစ်ကို မဟုတ်လား ”

“ ဟုတ်တယ်လေ. . . အဲဒါကြောင့် ဓါးနဲ့လိုက်ထိုးတာ နေမှာပေါ့ ”

“ ကဓိက ”

“ ကက မင်း. . . ”

“ တောက်. . . မဟုတ်ဘူး. . . ကျွန်တော် မဟုတ်ဘူးလို့ ပြောပြီးပြီပဲ ”

လူတွေဝိုင်းနေကြသည်။

ဒဏ်ရာရသူတွေကို ကားပေါ်တင်ဖို့ လုပ်နေကြလျက် ကက ကိုတော့ မသိမသာ ဝိုင်းထားကြလေသည်။

“ အဓိကဆိုတာ. . . မိုးမခရဲ့ညီလား. . . ဟို့ မင်္ဂလာပွဲမှာ ဒီလိုတွေဖြစ်လာအောင် လာလုပ်တာတော့ မကောင်းဘူး ကွ ”

သတို့သားက ဒေါသဖြစ်နေတာကို ထိန်းချုပ်ထားရသည့်

မျက်နှာနှင့်။

" မောင်လေး. . . သူက မင်းသူငယ်ချင်းမဟုတ်လား. . . "

အိမ်မှာ ဝင်ထွက်ဖူးသည်မို့ သူမ ကိုယ်တိုင်နှင့် သိကျွမ်းခဲ့ဖူးသော်လည်း သတို့သမီး မေမော်လွင်က အပြစ်တင်လိုဟန်နှင့် ဝိုင်းမော်ကို လှမ်းမဲသည်။

ဝိုင်းမော် ဘာပြောရမှန်းမသိဘဲ ကကကို မယုံနိုင်သလို လှမ်းကြည့်နေလေသည်။'

" ကက. . . မင်း မင်းဘာလုပ်လိုက်ပြန်ပြီလဲ. . ဟင် "

ဒဏ်ရာကို လက်နှင့် အုပ်ထားရင်း မိုးမခက ကက ရှေ့ရောက်လာ၏။

မိုးမခကို အားနာနေကြ၍သာ ဟန်ဆောင်နေကြပေမယ့် လူတွေက ကကကို ဝိုင်းချုပ်ထားလိုနေပြီဖြစ်၏။

ကက မျက်နှာမှာလည်း ဖြေရှင်းမရလေ၊ဒေါသတွေ ပြည့်သိပ်လာကာ. . .

" ငါဘာလုပ်လို့လဲ. . . သူပြေးလာတာကို ကားတံခါးနဲ့ ခံထားပေးလိုက်တာ. . . သူ့ဟာသူလဲကျသွားတာ. . . ဘယ်သူမှ မမြင်ဘဲ ဘာလို့စွပ်စွဲနေကြတာလဲ "

" ဟိတ်ကောင် "

" ခွပ် "

ကက အားလုံးကို လှည့်ပတ်ကြည့်၍ အော်တော့ မိုးမခ ဒေါသလက်သီးတစ်လုံး ကက မျက်နှာသို့ ပစ်ဝင်သွားသည်။

" တော်တော်ရိုင်းစိုင်းတဲ့ကောင်. . . ပြောဆိုနေရင်းနဲ့. . .



တောက် "

" ခခ. . . မင်း. . . မင်း "

ကက အံကြိတ်၍ စိုက်ကြည့်သည်။

မြွေပွေးတစ်ကောင်ကို ယင်နားတာတောင် အလွတ်မပေးချင်သော စိတ်က အစ်ကိုဆိုသည့် အသိစိတ်နှင့် မနည်း ချုးနှိမ်ထားနေရ၏။

" ကောင်လေးက တော်တော်ရိုင်းမယ့်ပုံပဲ "

" အေးနော်. . . အစ်ကို ကိုများ ခံတန်တန်နဲ့ "

ထိုညမှာပင် လူအများ၏ စွပ်စွဲချက်များနှင့် ကက အချုပ်ထဲ ရောက်ခဲ့ရပြန်သည်။

❀ ❀ ❀ ❀ ❀

# အခန်း (၇)

မိလိုက်သည့်တရားခံနှစ်ယောက်က တစ်ယောက်က တစ်မျိုး တစ်ယောက်က တစ်မျိုးထွက်သည်။

မိုးမခကို ဝိုင်းရိုက်ကြတာကိုကော တစ်ယောက်ကဓါးနှင့် ကားကြားထဲဝင်ပြေးတာကိုပါ တချို့က အစအဆုံးမြင်ကြသည်။

ဓါးမှာ လက်ဗွေရာ စစ်ကြည့်တော့ ကက၏ လက်ဗွေရာမရှိ။

ထိုကဲ့သို့ ခိုင်လုံသော စစ်ချက်များနှင့် ကက အချုပ်ထဲက လွတ်ခဲ့လေသည်။

ဒီသားကိုဆိုးလို့သာ ဒေါသဖြစ်ရပြောရဆိုရ လုပ်နေရသည်။ တကယ်တမ်း အမှုခင်းကြီးတစ်ခု ဖြစ်နေပြီဆိုတော့ ဦးရာဇာကျော် သားအတွက် မနားမနေ ကြိုးစားခဲ့ရသည်။

အမှုစစ်နေသည့် ဆယ်လေး ငါးရက်တာကာလမှာ ငွေတွေ ကုန်သည်။လူလည်း မောသည်။

ကက သူငယ်ချင်းတွေလည်း ရောက်လာကြသည်။

" ဒီလူတွေနဲ့ ကျွန်တော်တို့ ဘယ်တုန်းကမှ မသိခဲ့ပါဘူး "

စိန်သောင်းက လည်သည်။





သူ့နာမည်ကို စိန်မြဟု ပြောင်းကာ တစ်ကောင်ကြွက်သမား ဟု အစစ်ခံသဖြင့် စိန်သောင်းကို မြင်ဖူးသလိုလို သိနေသလိုလို ခံစားမိသော်လည်း ဦးရာဇာကျော် မမှတ်မိခဲ့ပေ။

နောက်ဆုံးတော့ သူတို့ အဖြစ်နဲ့ သူတို့ ရှုပ်ထွေးကျန်ခဲ့ကြ၏။

မိုးမခကလည်း သံသရာရှည်မှာစိုး၍ ထိုကိစ္စကို တတ်နိုင်သမျှ မြန်ပျက်အောင် လုပ်ပစ်လိုက်တာ ဖြစ်သည်။

အမှုဖြစ်နေသည့်ကာလမှာလည်း အိမ်ပြန်ရောက်တိုင်း မိုးမခ ဒေါသူပုန်ထခဲ့သည်ချည်းပင်. . .

" မေမေ့ သားကြောင့် ကျွန်တော်ဘယ်လောက် မျက်နှာငယ် ေတယ်မှတ်လဲ. . . အစ်ကိုက ဒုရဲအုပ် ညီက အချုပ်ထဲအကြိမ်ကြိမ် ရောက်. . . တော်ပြီ ဒီကောင့်အတွက် ကျွန်တော့် နာမည်ကို လုံးဝ သည့်မသုံးနဲ့တော့ သူဟာသူ မလွတ်လည်း ကျပေ့စေ "

" ပြောရက်လိုက်တာ ခခရယ်. . . အဲဒါ မင်းညီလေး မဟုတ်လား၊ အခုကိစ္စကလည်း မင်းအတွက် သူနာလို့ဖြစ်ရတာ သူမှာ အပြစ်မရှိဘူးဆိုတာလည်း အခုသက်သေတွေ ရနေပြီ "

" မင်းကြောင့်လို့ မပြောပါနဲ့ မေမေ ကျွန်တော် ဒုရဲအုပ်ပါ. . ဒီလို ကောင်မျိုးတွေလောက်ကို အသာလေး ဒုက္ခပေးလို့ရတယ်၊ ာမင်လွှတ်ပေးလိုက်တာက သူများ မင်္ဂလာပွဲမှာ ထိပ်တိုက်မဖြစ်သင့် ဘူး ထင်လို့ "

" အေးလေ. . . မင်းဒီလို တွေးပေမယ့် သူမတွေးမိလို့ပေါ့၊ အစကတည်းက ဒေါသဖြစ်လွယ်တဲ့ဉစ္စာ အစ်ကိုဖြစ်သူ အရိုက်ခံရတာ မြင်တော့. . . "

" မဟုတ်ပါဘူး. . . မေမေသား သက်သက်လက်စွမ်းပြချင်တာ "

အနားမှာရှိနေသည့် ရဲရဲကို ဝေ့ခနဲကြည့်၍ မိုးမခက မလွတ်မကင်းပြောသည်။ ကကနဲ့ သူ့ကို ယှဉ်၍ ကက ကိုသာ အထင်ကြီးစကားပြောတတ်သည်များကို သူ့ရင်ထဲမှာထိရှခဲ့ရတာများပြီ. . .

ဘာပဲဖြစ်ဖြစ် ကက လူစွာဝင်လုပ်လိုက်တာလို့ပဲ သူတွက်လေသည်။ဒေါ်နှင်းပုလဲ သားကြီးမျက်နှာကို အံ့ဩစွာကြည့်၏။

ပညာတတ် လူရည်မွန်ဆိုသော သားကြီးရဲ့ နှုတ်ဖျားမှထွက် ကျလာသော စကားတို့က ယုံနိုင်ဖွယ်မရှိ. . .

မျက်ဝန်းထဲမှာ ကြင်နာပူပန်ရိပ်ဆိုတာ လုံးစရှာမတွေ့. . .

" ဘာပဲဖြစ်ဖြစ် စိတ်ဆတ်တဲ့ သူကို အမှားမများရအောင် မေမေတို့က ဝိုင်းဝန်းထိန်းမတ်ပေးရမှာ မဟုတ်လား. . . အဖေကြီးက စီးပွားရေးအဆင်မပြေတာ တစ်ဖက်နဲ့ ရဲစခန်းပြေးရ အလုပ်ခန်းပြေးရ ခုချိန်မှာ ဘယ်သူမှန်မှန်၊ ဘယ်သူမှားမှား သားက အဖေနဲ့ အတူတူ ကိုယ့်ညီလေးဘက်က ရပ်တည်သင့်တာပေါ့ "

" ရပ်တည်ပေးရအောင် ကျွန်တော်က အရပ်သားမဟုတ်ဘူး မေမေ ရဲဝန်ထမ်းတစ်ယောက်ဖြစ်ပြီး ကိုယ့်ညီမို့လို့ လွတ်အောင်ကြိုးပမ်းပေးရမယ်ဆိုရင် ဘယ်လောက် အဆင့်ဆိုးသွားမလဲ "

" ဘာမှ အဆင့်ဆိုးစရာမရှိဘူး. . . ခခ. . . ကက ဖြစ်နေတာက စွပ်စွဲခံရတာ သူကျူးလွန်တာ မဟုတ်ဘူး၊ ဒါကို အမှန်တရားပေါ်အောင် နင်လိုက်ရမှာပေါ့၊ နင့်ဟာနင် ရဲဝန်ထမ်းဖြစ်ဖြစ် သိကြားမင်းပဲဖြစ်ဖြစ်၊ အမှန်တရားဘက်က ရပ်တည်ပေးတာ မွန်မြတ်တဲ့





အလုပ်ပဲ"

" မွန်မြတ်တာ ငါသိတယ်လေ ဒါပေမယ့် ကက က ငါ့ညီဖြစ်နေတာကို ငါမလိုချင်ဘူး. . . ငါလူတောထဲ မျက်နှာပြောင် တိုက်ပြီး တရားခံတစ်ယောက်ကို ငါ့ညီလို့ဆွဲထုတ်ရမှာလား "

" ထုတ်ရမှာပဲ ကက က တရားခံမှ မဟုတ်ဘဲ "

" ကဲ. . . ကဲ တော်ကြတော့ "

တစ်ချိန်လုံး မောမောပန်းပန်းနှင့် ငြိမ်သက်တိတ်ဆိတ်စွာကြည့်နေခဲ့သည့် ဦးရာဇာကျော်က ချောင်းတစ်ချက်ဟန့်၍ ဝင်ပါလာ၏။

" သားကြီးပြောတာလည်းမှန်တယ်. . . သူက ခုမှ ရာထူးသစ်နဲ့ လုပ်ငန်းခွင်ဝင်ရတာဆိုတော့ နာမည်စွန်းထင်မှာကို ကြောက်တာပေါ့. . . ကက ခဏ ခဏမှားနေတာကိုပဲ ငါတို့က ဆုံးမရမှာ "

အိမ်မှာ ကက အချုပ်ထဲက မလွတ်မချင်း စကား စစ်ထိုးပွဲကမပြီးဆုံးခဲ့ချေ။

ရဲရဲကလည်း မိုးမခ၏ အယူအဆ ပြောဆိုပုံတွေကိုမကျေနပ်၊

" ရဲရဲ နင်က ဘာဖြစ်နေတာလဲ "

" ဘာဖြစ်ရမှာလဲ နင်သိပ်အကြင်နာတရားမဲ့တယ် ငါသဘောပေါက်သွားပြီ၊ နင့်လို လူမျိုးက ရာထူးကြီးလေ ရက်စက်လေနေမှာပဲ "

" ရဲရဲ "

ရဲရဲနဲ့ မိုးမခလည်း စကားပြော အဆင်မပြေ. . .

ကက လွတ်လာတော့ ဦးရာဇာကျော်၏ ဆူညံသံက ထုံးစံ

အတိုင်း ကြားရသည့်ပဲဖြစ်၏။

" မှူခင်းတစ်ခု ဖြစ်ပြီဆို ငွေကုန်တယ်၊ နာမည်ပျက်တယ်၊ လူပမ်းတယ်၊စီးပွားရေးပျက်တယ်ကွ. . . အဲဒါမင်းနားလည်လား၊အခု ငါ့သားကြီးကော ငါတို့ မိသားစုပါ မင်းကြောင့် နာမည်တွေပျက် အရှက်ရ "

" ကျွန်တော် ဘာပြစ်မှု ကျူးလွန်ခဲ့လို့လဲ ဖေဖေ ဘယ်ဟာမှ ကျွန်တော်က စခဲ့တာမရှိဘူး "

" ဟုတ်တယ် မစခဲ့ဘူး. . . မစပေမဲ့ ရှောင်ရဆောင်ရမယ့်ဟာ မင်းနားမလည်ဘူး၊ မင်းက ပညာမတတ်သလောက် အသိတရားမဲ့တဲ့ အလကားကောင်ပဲ "

ကက ဆတ်ခနဲ ဖြစ်သွားသည်။

ဖေဖေ မေမေ ဘယ်လိုပဲဆူဆူ ပြောပြော သူဒုက္ခရောက်ပြီဆို တဖားဖားလိုက်ရှာတာပဲမို့ ဖေဖေ့ကို သူနားလည်ဖို့ ကြိုးစားခဲ့သည်။

ဖေဖေရဲ့ ပြင်းထန်သည့် စကားလုံးတွေဟာ ဤမျှလောက်ထိ ရက်စက်ပါ၏။

ငါ့သားကြီးကြောင့် ငါ့မှာ ဂုဏ်တက်ရတယ်၊ စိတ်ချမ်းသာရတယ်၊ မင်းကြောင့် ငါတို့ သိက္ခာကျ အရှက်ရ. . . အခုစီးပွားပျက်ပြီး အလကားကောင်. . .

တစ်သက်လုံးက ကြားလာခဲ့ရသည့် 'အလကားကောင် ' ဆိုသော စကားလုံးက နားထဲမှ နှလုံးသားထဲ ထိခိုက်အောင် အရိုးစွဲနေပြီ။





ဖေဖေ့ ပါးစပ်ထဲမှာ သူ့ကိုပြောဖို့ဆို 'အလကားကောင်' အစပြု၍ 'အလကားကောင် 'နဲ့ပဲ အဆုံးသတ်တတ်ခဲ့သည်။

ရာထူးရာခံမရှိ အလုပ်အကိုင်မရှိသော သူဟာ ဖေဖေ ပြောသလို ဆန်ကုန်မြေလေး ' အလကားကောင် 'ပဲလား. . .

## အခန်း (၈)

" ကဲ. . . အသက်အရွယ်လေးတွေလည်း အတော်အတန် ရင့်ကျက်တည်ငြိမ်မှုရှိလာကြပြီး ပညာတွေလည်း စုံကြပြီဆိုတော့ ဒီနေ့ ကိုရာဇာကျော်က ဖေဖေ့ကို စကားကမ်းလှမ်းလာတယ် သမီး. . ."

လက်ဖက်ရည် ပန်းကန်ကို 'မ'ယူလိုက်ပြီးမှ ပါးစပ်နားမကပ် ဖြစ်သေးဘဲ ရဲရဲ ဖေဖေ့ကို ကြည့်မိသည်။

"ခုမှ ပြောလာပေမယ့် ဒီလို ပြောလာမယ်ဆိုတာ ရဲရဲက သိပြီးသားပါ။ ဒါကြောင့်လည်း ဖေဖေနဲ့ တွဲလုပ်နေတဲ့ ကန်ထရိုက်ကြီး က သူ့သားနဲ့ စကားကမ်းလှမ်းလာတာကိုတောင် ဖေဖေခေါင်းခါခဲ့တာ ပဲ. . ."

"ဒီမှာက သမီးနဲ့ ခခက ငယ်သူငယ်ချင်း ခုချိန်ထိ သံယောဇဉ် နဲ့ လက်တွဲမပျက်ခဲ့ကြဘူး. . . ဒီ့ပြင် စိမ်းတဲ့ တစ်ယောက်ယောက်နဲ့ စာရင် ခခကိုပဲ သမီးရွေးချယ်မယ်ဆိုတာ ဖေဖေနားလည်တယ်. . . ကဲ သမီးသဘောကို ပြောပါဦး. . . ခခနဲ့ သမီးကို လက်ထပ်ပေးဖို့ သူတို့ကတော့ စကားကမ်းနေပြီ. . . ဖေဖေက သမီးတို့ချင်း ပြေလည် ကြရင် ပြီးတာပါပဲလို့ ပြောခဲ့တယ်၊ သမီးသဘောနော်. . . ဖေဖေက တော့ အဖေတစ်ခု သမီးတစ်ခုမို့ သမီးကို စိတ်ချမ်းသာစေချင်တယ်"

" ခခ မဟုတ်ဘဲ သမီးက တခြားတစ်ယောက်ယောက်ကို





ရွေးချယ်ရင်ကော ဖေဖေ "

" ဖေဖေ ပြောပြီးပြီပဲ. . . သမီးကို စိတ်ချမ်းသာစေချင်တယ် ဆို့ ဒီအချိန် ဒီအရွယ်ရောက်နေမှ သမီးရွေးချယ်မှု မမှားနိုင်ဘူးဆိုတာ ည်း ဖေဖေယုံကြည်တယ်၊ တကယ်လို့ အိမ်ထောင်ပြုဖို့ကို စိတ်မဝင် းသေးဘူးဆိုရင်လည်း ဖေဖေကတော့ သမီးလေးကို ဒီအတိုင်းမြင် နေရလေ စိတ်ချမ်းသာလေပဲ "

" ဒါဆိုလည်း ဖေဖေ စိတ်ချမ်းသာရအောင် သမီး အိမ်ထောင်မပြုတော့ဘူး. . ."

" ဟာ. . . ဒီလို မဟုတ်ဘူးလေ. . . သမီးရဲ့ ဖေဖေက "

ရဲရဲက ခစ်ခနဲ ရယ်၍ လက်ဖက်ရည်ပန်းကန်ကို စားပွဲ ပေါ်ပြန်တင်လိုက်သည်။

" အိမ်ထောင်မပြုချင်သေးတာပါ၊ သမီးအိမ်ထောင်ပြုမယ် ဆိုရင်လည်း. . ."

" နို့. . . သမီးနဲ့ ခခက မေတ္တာမျှ နေကြတာ မဟုတ်ဘူး သား. . . ဒီကိစ္စကို မြန်မြန်စီစဉ်ပေးဖို့ ကိုရာဇာကျော်ကို ခခက နှင့်တောင်းတာဆိုပဲ. . ."

" မဟုတ်ပါဘူး ဖေဖေ သူကတော့ လက်ထပ်ဖို့ ခဏ ခဏပြောပါတယ်. . . သမီးက လက်မခံခဲ့ဘူး. . . ခုလည်း သမီး စိတ်မဝင်စားသေးဘူး. . . ဖေဖေ့မှာ သမီးတစ်ယောက်တည်းပဲရှိတာ . . သမီးက ပညာစုံတာနဲ့ ကြင်ယာရှာသွားရင် ဘယ်တရားပါ့ မလဲ. . . သမီး အိမ်ထောင်ပြုလိုက်တာနဲ့ မိသားစု တစ်စုရဲ့ ဘဝ ကို ရနိုင်ပါတယ် ဖေဖေ. . . ဖေဖေက အထီးကျန် နေခဲ့ရမှာ. . ."

" ဒါတော့ ဒါပေါ့သမီးရယ် ဒါပေမယ့် သဘာဝတရားက ဒီအတိုင်းပဲ ရှိခဲ့တာကိုး သမီးအိမ်ထောင်ပြုလို့ သားတွေသမီးတွေ ရတော့လည်း ဖေဖေက မြေးတွေရဲ့ ဖိုးဖိုးဖြစ်ပြီး သိုက်သိုက်ဝန်းဝန်း ဖြစ်မှာပေါ့ သမီးရဲ့ "

" ဖေဖေရယ် "

အားတင်းပြုံးပြနေသည့် ဖေဖေ့မျက်ဝန်းက ကြေကွဲရိပ်တွေကို ငေးကြည့်ရင်း ရဲရဲ စိတ်မကောင်းဖြစ်မိရလေသည်။

သားသမီးတို့ အိမ်ထောင်ပြုကြတိုင်း မိဘတိုင်း၏ ရင်မှာကြည်နူးကြေကွဲ ဒွန်တွဲရှိနေလိမ့်မည်သာ. . .

ရဲရဲ ဖေဖေ့ကို မကြေကွဲစေချင်. . .

❀ ❀ ❀ ❀ ❀

# အခန်း (၉)

" ဒေါက်တာ ဖုန်းလာနေတယ် မိုးမခတဲ့ "

" ဩော်. . . ဟုတ်ကဲ့ "

ထမင်းစားမလို့ ချိုင့်ဖြုတ်ပြီးကာမှ ရဲရဲ ဖုန်းရှိရာထသွားရပြန်သည်။

" ဟလို "

" ရဲရဲ "

" ဟုတ်တယ်. . . ဘာကိစ္စရှိလို့လဲ "

" ဟား. . . မေးပုံက ရင့်လိုက်တာကွာ. . . ဒီမှာ သွားစရာ အရေးကြီးနေတဲ့ကြားက ဖုန်းပြေးဆက်ရတာ မောသွားတာပဲ. . . "

" နင့်လိုပဲ ငါလည်း အားတာမှ မဟုတ်တာ. . ကိစ္စမရှိပဲ ဆက်ရင် နှစ်ယောက်လုံး အလုပ်ရှုပ်တာပေါ့ ကဲ. . . ပြော "

မိုးမခ သိပ်မကျေနပ်ဘူးဆိုတာ. . . ရဲရဲ သိသည်။

အောင့်သက်သက်ဖြစ်သွားပုံနှင့် စကားသံက ရုတ်တရက် တိတ်ကျသွား၏။

" ရဲရဲ နင်လက်ထပ်ဖို့ ကိစ္စကို ငြင်းပိုင်မယ်ဆို. . . "

" ဟုတ်တယ်လေ. . . ငါမှ အိမ်ထောင်မပြုချင်သေးတာ "

" မဟုတ်သေးပါဘူး နင်ဘာတွေ အတွေးချော်နေတာလဲ နင်နဲ့ငါ ရည်ရွယ်ထားကြပြီးသား တစ်ယောက်အကြောင်း တစ်ယောက် သိနေတာပဲ အချိန်တွေ ဘာဖြစ်လို့ထပ်ဆွဲနေရတာလဲ ပြီးတော့ ငယ်တော့တဲ့ အရွယ်တွေလည်း မဟုတ်ဘူး. . . နင်နဲ့ငါ့ကြားမှာ စုံစမ်းစရာ စစ်ဆေးစရာ ကိစ္စဘာရှိနေသေးလို့လဲ "

" ဘာမှမရှိဘူးလေ ငါအိမ်ထောင်မပြုချင်သေးပါဘူးလို့ ပြောပြီးပြီပဲ. . . "

" ဒါဆိုလည်း ဘယ်ရက် ဘယ်လဆိုတာ နင်ပြောလေဟာ ငါက ဘယ်ထိစောင့်ရမှာလဲ "

" အဲဒါ ပြောလို့မရဘူး ခခ. . . ငါ့စိတ်ကိုက လွတ်လွတ် လပ်လပ် သန့်သန့်စင်စင် နေရတာကိုပဲ ခုံမင်နေတာ. . . နင့်အတွက် အိမ်ထောင်ရေးက သိပ်ကိုအရေးတကြီး လိုအပ်နေတယ်ဆိုရင် တော့ "

" ရဲရဲ နင်ဘယ်လို ပြောလိုက်တာလဲ . . . နင်ပြောတာ တွေက ငါ့ကို တော်တော်ဂရုမစိုက်တာ သိသာနေတယ်နော်. . . နေပါဦး နင့်ခေါင်းထဲမှာ ငါလုံးဝမရှိဘူးလားဟင်. . . "

" ရှိရအောင် နင်က ငါ့ရည်းစားမှမဟုတ်တာ. . . "

လွှတ်ခနဲ ပြောပြီးမှ ခပ်လှမ်းလှမ်းမှာ ထမင်းစားနေသည့် ဒေါက်တာမြမြစိမ်းကို လှမ်းကြည့်၍ နှုတ်ခမ်းနဲ့ စကားပြောခွက်ကို လက်ဖဝါးလေးနဲ့အုပ်ကပ်ကာ. . .

" အနားမှာ လူတွေရှိတယ် ခခ. . . နောက်မှ ဆက်ပြော





ဖုန်းချတော့မယ် "

" ဟာ. . . နေဦး၊ ဒါဆို ငါမနက်ဖြန် ခွင့်ရတယ်၊ အိမ်ကို နောက်ပိုင်းလောက် ပြန်လာလို့ရတယ်၊ ငါနင်နဲ့ စကားအေးအေး ဆေးဆေး ပြောချင်တာဟာ. . . "

" နင်က ခွင့်ရပေမယ့်. . . ငါက တနင်္ဂနွေ တစ်ရက်ပဲ အားတာ ဒါတောင် အရေးပေါ် အော်ပရေးရှင်းရှိရင် ဆေးရုံကို ဘယ်အချိန်ဖြစ်ဖြစ် ထပြေးရသေးတယ်. . . နောက် ပြန်လာဖြစ်တော့မှ ပြောဟာ. . . ဒါပဲ "

ရဲရဲဖုန်းကို ဂွပ်ခနဲ ချပစ်လိုက်သည်။

ဘာဖြစ်လို့မှန်းမသိပါ. . . မိုးမခကို သူမစိတ်ထဲမှာ ခုနေမိ သည်မို့ ကက အချုပ်ကျခဲ့သည့်နောက်ပိုင်းမှာ ခပ်ရှောင်ရှောင်ပဲ နေခဲ့ဖြစ်ခဲ့သည်။ မိုးမခ ပုံစံက ဖြူဝင်းရှင်းသန့်နေသော်လည်း သူ့စိတ် က အေးစက်စက်နိုင်သည်။ ကိုယ်တိုင်ကောင်းစားချင်စိတ်ရှိနေလျက် သူများဘာဖြစ်ဖြစ်ဆိုသည့် တစ်ကိုယ်ကောင်းဆန်ချင်သော စိတ်ကို မကြိုက်ပါ။

အထူးသဖြင့် ကကကို ခခ မညှာတာတာပဲဖြစ်၏။

ပညာမတတ်သူကို သူက လက်မထောင် ရင်ကော့ နှိမ့်ချ ချင်သည်။

အိမ်မှာ မျက်နှာငယ်ပါတယ်ဆိုမှ သူကပို၍ ငယ်ချင်၏။

ကကရဲ့ စိတ်တွေ ဤသို့ ဆိုးဝါးလာတာ အားလုံးရဲ့ ရဲ့ရှုံ့ ချမှုတွေလည်း ပါနေမည်သာ. . .

သူမ စိတ်ထဲမှာ ကက ကော ခခကော သူငယ်ချင်းတွေပဲ

ဖြစ်သည်။

မိုးမခက တက္ကသိုလ်စတက်ကတည်းက မရိုးသားမှု

ပြခဲ့သည်။

နောက်ပိုင်းမှာ ချစ်တဲ့အကြောင်း ဖွင့်ပြောလာသည်။

ကက ကတော့ ဟိုတုန်းကတည်းက မှုံကုတ်ကုတ် ဂျစ်က

ကန် နေခဲ့သည်။

သူ့ပုံစံက ကြင်နာချစ်ခြင်းကိုလည်း စိတ်ဝင်စားပုံမပြခဲ့ပေ. .

ဒါပေမဲ့ ရဲရဲကိုဆိုလျှင် ကက ကညာဘာတတ်တာလေး

ရှိသည်။

မှတ်မှတ်ရရရှိခဲ့တာ တစ်ခုက နှစ်တန်းကျောင်းသားလေး

တုန်းက သူတို့ သုံးယောက်အတန်းတူ အခန်းတူ

မိဘတွေက ကျောင်းမှာ ထမင်းလာကျွေးပြီး ပြန်ကြတော

ဖေဖေဝယ်လာပေးသည့် ဝက်ဝံရုပ်လေးကို ဟိုမြှောက် ဒီမြှော

ဆော့ကြရင်း. . . အရုပ်လေးက အတော်မြင့်သော သစ်ပင်ဂွကြား

တင်သွား ၏။

ရဲရဲ ငိုမိလေသည်။

မိန်းကလေးပီပီ ကလေးအရွယ်ပေမယ့် ကိုယ့်အိမ်အကြောင်

ကိုယ်သိသည်။

ဖေဖေ့ ခမျာ ဒီလို နှစ်ထောင်ကျော်တန်သည့် အရုပ်က

မရှိမဲ့ရှိမဲ့ ရှာဖွေစုဆောင်း၍ ဝယ်ပေးရှာတာ. . .

ထိုစဉ်က ခခတို့အိမ်ကအလျှံပယ် ပေါ်နေတောနေချိန်

ခခတို့ ကကတို့ နှစ်ယောက်ကြားမှာ သမီးလေး မျက်နှာမငယ်ရအောင်





ယ်ခြမ်းပေးရှာတာ. . .

"ခခရယ်. . . ငါ့အရုပ်လေး ပြန်ယူပေးပါဟယ် ငါ့အရုပ်

လေးကို ယူပေးပါ. . . ဟီး. . ဟီး "

" ဟာ. . . သစ်ပင် ဒီလောက်အမြင့်ကြီးကို ဘယ်လိုလုပ်ယူ

လဲ အိမ်မှာဆို ဝါးလုံးရှာပြီး ထိုးချပေးလို့ရသေးတယ်. . . ကျောင်း

ည်း တက်တော့မှာလာပါဟာ. . . ငါ မေမေ့ကို ပြောပြီး အစား

ပြန်ဝယ်ပေးပါ့မယ် "

" ဟော့အေး. . . ဟော့အေး ခုလေးတင် ဖေဖေ ဝယ်ပို့သွား

ဘာ ငါ့အရုပ်လေးပဲ ငါလိုချင်တယ်. . . တက်ယူပေးပါ ခခရယ်. . .

ယူပေး ပါဟယ်. . . ဟီး. . . ဟီး "

သူမနားမှာ ခခပဲ အမြဲရှိတတ်တာမို့ ခခ ပခုံးကို ဆွဲလှုပ်

၍ တတွတ်တွတ်ပူဆာပေမယ့် မရပါ. . .

ကက ရောက်လာသည်၊လက်ထဲက ရေခဲမုန့်ကို ရဲရဲလက်ထဲ

ထည့်၍ ကျောင်းစိမ်းပုဆိုးလေးကို ချွတ်ကာ ပခုံးမှာ စလွယ်သိုင်း

လိုက်၏။

" ကက မင်းက အပင်ပေါ်တက်မလို့လား "

" တက်ယူမှ ရမှာပေါ့ "

" လုပ်မနေနဲ့ ဆရာမတွေ့သွားရင် အရိုက်ခံရလိမ့်မယ်. . .

ဘန်ဖိုးမရှိတာကို "

ထိုစဉ် ကျောင်းတက်ခေါင်းလောင်းထိုးသွားလေသည်။

မိုးမခက သူမလက်ကို ဆွဲခေါ်လာတော့ အရည်တတောက်

တောက် ကျနေသည့် ကကရဲ့ ရေခဲမုန့်လေးကို ကိုင်လျက်နှင့်

အတန်းထဲပါလာခဲ့သည်။

မိုးမခက ရေခဲမုန့်ကို ဆတ်ခနဲဆွဲယူကာ အမှိုက်ပုံးထဲ လှမ်းပစ်လိုက်ပြီး. . .

" သွားထိုင်နေတော့ ဟိုမှာ ဆရာမ လာနေပြီ "

မင်္ဂလာပါဆိုလျှင် ရဲရဲလက်ပိုက်ရင်း မျက်ရည်ကြိတ်သုတ် သည်။

ထိုစဉ် နောက်ပေါက်မှ တိတ်တိတ်လေး ဝင်လာသော ကကကို ဆရာမက တွေ့သွားကာကြိမ်လုံးနဲ့ ခေါ်ရိုက်လေသည်။ ကက တွန့်ခနဲ တွန့်ခနဲ ဖြစ်သွားသော်လည်း အံကြိတ်ခံ၏။

ကျောင်းဆင်းကြတော့ လွယ်အိတ်ထဲက ဝက်ဝံရုပ်လေးကို ထုတ်ပေးခဲ့သည်။

သူ့ရဲ့ အတွင်းလက်မောင်းသားနှစ်ဖက်နဲ့ တံတောင်တွေ ဒူးတွေမှာ ပွန်းပဲ့ရာများဟ အစင်းလိုက် အကွင်းလိုက်. . .

ဒါကို ညနေစောင်း ကြက်တောင်ရိုက်ကြမှ မြင်တာ. . .

သူမကြောင့်မှန်းသိတော့ ရဲရဲ ကကကိုလည်း သနားကာ မျက်ရည်ဝဲခဲ့ရသည်။

သူ့ခမျာ ဖင်မှာလည်း ကြိမ်လုံးရာတွေနဲ့. . .

တစ်ခါက သုံးယောက်သား လမ်းထိပ်မှာ ဝက်သားဒုတ်ထိုး ထွက်စားကြသည်။

" ခွေးရူး. . . ခွေးရူး "

အပြန်လမ်းမှာ ခွေးရူးဆိုတော့ ကယောင်ခြောက်ခြားတွေဖြစ် ကာ. . . ခခက နီးစပ်ရာ မယ်ဇလီပင် အုပ်အုပ်ကလေးပေါ်တက်ပြေး





သည်။ ကက က သစ်ငုတ်တစ်ခုမှတဆင့် ခြံတံတိုင်းတစ်ခုပေါ် ပြေးတက်သည်။

ဂါဝန်ဖားဖား ဆံပင်ကုတ်ကုတ်လေးနှင့် ရဲရဲတစ်ယောက်သာ ကြောင်တက်တက်လေး မျက်လုံးအပြူးသားလေးနှင့် ဘယ်ကိုပြေးရမှန်း သိဘဲ ခြေစုံရပ်ကျန်ခဲ့လေသည်။

ရှေ့တည့်တည့်မှ ခွေးရူးပြေးလာနေတာကို စိုင်းစက်နေသည့် မျက်လုံးလေးများနှင့် ငေးကြည့်ကာ အကြောက်လွန်၍ ပြေးဖို့လည်း သတိမရတော့. . .

ကက ပြန်ပြေးဆင်းလာကာ ရဲရဲကို ဖက်၍ လမ်းဘေးဆွဲချ သွားသည်။ ခွေးရူးက ဟဲခနဲ ဟဲခနဲ လျှာတန်းလန်းနှင့် သူတို့ဆီ ည့်ဝင်လာ၏။

ကက က ရဲရဲကို နောက်ကျောဘက်ပို့လိုက်ပြီး အုတ်နီခဲနဲ့ ကျနနချိန်၍ ပစ်ထည့်လိုက်၏။

တိန်ခနဲ တစ်ချက်သာ အော်နိုင်ပြီး ခွေးရူး၊ ချာလပတ်ယမ်း သွား၏။

နှစ်ပတ်သုံးပတ်လည်ပြီးမှ ဘိုင်းခနဲ ပစ်လဲသွားလေသည်။

" ဝွတ်ဒိတယ်ကွာ. . . ဟား. . . ဟား "

" ဖြောင်း. . . ဖြောင်း. . . ဖြောင်း "

ဤသည်တို့ဟာ ရဲရ ရင်ထဲမှာ ဘယ်တော့မှ ပျောက်ပျက် မှာမဟုတ်သည့် ကကနှင့် ပတ်သက်သော တစ်သက်တာအတွက် တ်တရများ ဖြစ်ခဲ့လေသည်။

ခချိန်ကျတော့လည်း အလိုလိုက်တတ်သည့် နေရာမှာ ခခ

အပြင် နှစ်ယောက်မရှိနိုင်ပါ။

ကက ဆက်ဆံရေး မညက်ညောသလောက် ခခက ရဲရဲ အတွက်ဆို ဘာမဆို လိုက်လျောပြီးသား။

ငယ်ရွယ်စဉ် အရွယ်ရိုင်းလေးတွေ တုန်းကတော့ အလိုလိုက်ခံ ချင်တဲ့ ပိန်းကလေး သဘာဝအရ ခခရဲ့ ယုယတတ်တာလေးဟွေကို သာယာခဲ့ပေမယ့် တဖြည်းဖြည်းကျတော့ လစ်ကွက် ဟာကွက်တွေရှိနေ တာကို မြင်လာခဲ့သည်။

ဒါဟာ. . . ခခရဲ့ အတွင်းခံစိတ်ဓါတ်ပင် ဖြစ်သည်။

ရဲရဲ စဉ်းစားရပါဦးမည်. . .

မိုးမခရဲ့ နှုတ်ဖျားက အချစ်နဲ့ ရင်ထဲက မေတ္တာတရား. . .

## အခန်း (၁၀)

" ကက ကက နင်ဘယ်သွားမလို့လဲဟင်. . . "

ကက လှည့်ကြည့်လိုက်တော့ ခဲသားရောင် ပါတိတ်ဝမ်းဆက် ... သိပ်မရှည်လှသည့် ဆံပင်တွေကို နောက်မှာ ပုံ့ပုံ့လေး သိမ်းတင်ကာ ...နှအညိုလေးတွေ သုံးပွင့်ဆင့် ပန်ထားသည့် ရဲရဲက ဆွဲခြင်း ...လေး တစ်ဖက်၊ဂျူတီကုတ်ဖြူဖြူလေး ပခုံးပေါ်တင်လျက် သွက်ဆ ...သွက်သွက်လေး လျှောက်လာနေသည်။

အလုပေါ်အယဉ်ဆင့်ကာ ဘယ်ကကြည့်ကြည့်လှချင်တိုင်းလှ ...သည့် ရဲရဲကို ကက ရပ်စောင့်ရင်း စူးစိုက်ကြည့်နေမိ၏။

" နင်ဘယ်ကိုလဲ ဟင်. . . ကက "

" အလုပ်ရှုံသွားမလို့ "

ရဲရဲ သူ့နားရောက်လာတော့ အတူယှဉ်၍ လျှောက်လာမိကြ ...

" နင်အလုပ်လုပ် နေတယ်ဟုတ်လား. . . ဘာအလုပ်လဲ ...ယ်မှာလဲ "

" ဝပ်ခ်ရှော့မှာပါ. . . ဟိုကောင်နှစ်ကောင် ထောင်ထားကြ ... ရုံကခပ်သေးသေးပါ ပဲ. . . ငါကတော့ ကပ်လုပ်ပေါ့. . .

အရင်းမှ မထည့်နိုင်တာ ''

'' ကကရယ် နင်ကလည်း ဒါမျိုးကျတော့ နှုတ်နည်းလိုက်တာ အန်တီနှင်းဆီမှာ လုပ်ငန်းထဲ ရှယ်ယာဝင်မလို့ပါဆိုပြီး တောင်းပေါ့ဟ. . နင့်ကို ဝမ်းသာအားရ ထုတ်ပေးမှာပါ ''

ကက ကဘောင်းဘီထဲ လက်တစ်ဖက်ထည့်လျှောက်ရင်း ခပ်မဲ့မဲ့ ပြုံး၏။

'' မထင်ပါနဲ့. . . ရဲရဲရယ်. . . ငါ့ဆို ဘယ်သူက ယုံကြည်လို့လဲ ဖေဖေကြားသွားရင် အဆမတန်စကားလုံးတွေ ထွက်ကျလာဦးမှာ ''

'' နင် အဲဒါလုပ်နေတာ ကြာပြီလား ''

'' ကြာပြီ . . သုံးယောက်လုံး ကားပြင်တတ်ပြီးသားဆိုတော့ နည်းနည်းပါးပါး လိုအပ်တာလောက်ပဲ ထည့်ရတာ ''

'' နင် ဘယ်လောက်ယူမလဲ. . . ငါ့ဆီက ချေးပါလား. . . အဆင်ပြေတော့ ပြန်ဆပ်ပေါ့ ''

ကက ကခေါင်း၏။

'' မလိုချင်ဘူး နေပစေ ''

'' နင့်အလုပ်ရုံက ဘယ်မှာလဲ အခုဘယ်ကလာတာလဲ ငါနဲ့ လမ်းကြုံရဲ့လားဟင်. . . ''

'' မကြုံဘူး. . . အခု အဲဒီထဲက တစ်ကောင်မွေးနေ့မို့လို့ သူ့အိမ်မှာ မုန့်သွားစားပြီး ထွက်လာတာ နင်က ကားမပါဘူးလား ''

'' ဟုတ်တယ်. . . ခေါင်းတွေနောက်နေတာနဲ့ ဂျူတီအောင် လုပ်ပြီး ပြန်လာတာ တစ်ခါတလေ လိုင်းကားတိုးစီးမလားလို့ ''





'' ကားငှားပြန်ပေါ့ ''

'' နင့် အလုပ်ရုံနဲ့ လမ်းမကြုံလို့လားဟင် ''

ကက ဖျတ်ခနဲ လှည့်ကြည့်၏။

'' ဘာလုပ်မလို့လဲ ''

'' ငါ့ကို ပြန်ပို့ခိုင်းမလို့ပါ၊ ပြီးတော့ နင်နဲ့ အေးအေးဆေးဆေး စကားမပြောဖြစ်တာလည်း ကြာပြီလေ. . ငါတို့ လမ်းလျှောက်ပြန်ရအောင် ''

'' အဝေးကြီး ''

'' ဘာဖြစ်လဲ စကားအကြာကြီး ပြောရတာပေါ့ ''

ကက ခေါင်းညိတ်၍ ရဲရဲကို ခပ်စောင်းစောင်းလှည့်ကြည့်ကာ

'' ငါက အချုပ် ခဏခဏ ကျဖူးတဲ့သူ ခုလိုတွဲသွားတော့ နင့်သိက္ခာကျမှာ မကြောက်ဘူးလား ''

'' မကြောက်ပါဘူး. . . ဘာဆိုင်လို့လဲ နင်ကသာ ငါ့ကို မခေါ်ချင်သလိုလို မပြောချင်သလိုလို လုပ်နေတာ ''

ကက က လမ်းမအဝေးကို လှမ်းငေးလိုက်ပြီး. . .

'' အဲဒီလိုနေတာပဲ ကောင်းပါတယ်. . . ငါက ဖယ်ကျဉ်ခံရတာကို ခါးသီးနေပြီ. . . ဒါကြောင့် ငါကပဲ ဖယ်ကျဉ်နိုင်ဖို့ ကြိုးစားတာ ငါလူတွေနဲ့ မရောချင်ဘူး ''

'' နင့်စိတ်တွေ အဲဒါကြောင့် ဒီလိုအေးစက်ခက်ထန်နေတာပေါ့. . . နင့်အကြောင်း တွေးမိလိုက်တိုင်း ငါအိပ်လို့တောင် မပျော်ဘူး. . . တကယ်. . . ''

'' မတွေးနဲ့ပေါ့ ''

" မတွေးဘဲနဲ့ကို တွေးမိနေတာလေ "

ဒေါ်သလေး ခေါင်းပြူလာတော့ ကက မျက်နှာကိုမော့ကြည့်၍ပြောမိစဉ် ခလုတ်တိုက်လေသည်။

ကက ဖျတ်ခနဲ ဖမ်းဆွဲထားလိုက်၏။

အမှတ်တမဲ့ပေမယ့် ဆုပ်ကိုင်လိုက်မိသည့်က လက်ဖဝါးချင်းထပ်လျက်. . .

တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်မိကြရင်း. . . ပန်းနု ရောင်ပွင့်ဖတ်လေး လွင့်ကျလာသော ရဲရဲရဲ့ ပါးပြင်လေး နှစ်ဖက်ကို ငေးကြည့်ကာ လက်ဖဝါးလေးကို တင်းခနဲ ဆုပ်မိ၏။

စက္ကန့်ပိုင်းလေးအတွင်းမှာ ဖရိုဖရဲ တိမ်းမှောင်သွားသော နှလုံးသားရထားလေးထဲမှ နှစ်မြုပ်ပျောက်ကွယ်နေခဲ့သည့် အချစ်အိမ်ကလေးဟာ ကြက်ပေါက်စလေး တစ်ကောင်ကို မွေးဖွားသန့်စင်ပေးတော့ မည့် ကြက်ဥခွံကွဲသို့ တဖျစ်ဖျစ်မြည်ကာ. . .

" ဟင်. . . ကျေးဇူးပဲဟာ ကံကောင်းလို့ ပလက်ဖောင်းနဲ့ ဆောင့်ပြီး နဖူးကွဲတော့မလို့ "

ရဲရဲ အသံလေးကြားမှ လက်ဖဝါးလေးကို သူအသာ လွှတ်ပေးမိ၏။ နှစ်ယောက်သား တိတ်ဆိတ်စွာ ယှဉ်တွဲလျှောက်မိကြ ပြန်၏။

ရဲရဲ စကားတွေအများကြီး ပြောလိုပါလျက်နှင့် ခေါင်းငုံ့ လျှောက်နေမိတာ ဘာကြောင့်မှန်းမသိ. . .

" ငါ့ကို ဆွဲခြင်းပေးလေ "

" ရပါတယ်. . . ပေါ့ပေါ့လေးပါ "





" ကြာလာတော့ လက်နာမှာပဲ . . . ပေးပါ "

ကက ကဆွဲခြင်းကို ပြောင်းယူသွားသည်။

" ကက နင်ငါ့ကို တမင်တကာကြီး လိုက်ပို့ရမှာပဲ နေချင်နေခဲ့တော့လေ. . . ငါကားငှားပြန်တော့မယ် "

" မလျှောက်နိုင်တော့ဘူးလား "

" မဟုတ်ပါဘူး. . . နင်ပြန်လာရမှာစိုးလို့ "

" ရတယ်. . . ငါမေမေ့ကို ပိုက်ဆံဝင်ပေးရင်း အိမ်မှာ ရေဝင်ချိုးလိုက်တော့မယ် "

" နင်က ပိုက်ဆံပေးမှာ "

" အင်း "

" တယ်ဟုတ်ပါလား. . . ငါ တကယ် ဝမ်းသာတယ် "

" အိမ်မှာ မပြောလည်ဘူးဟ. . . နင်မသိပါဘူး "

" သိသင့်သလောက်တော့ သိပါတယ်. . . ခဲခဲ သင်တန်းဆင်းနေတဲ့ ရက်တွေက အကြွေးတွေ တော်တော်တင်သွားတယ်ဆိုတာ "

ကက ကလှည့်ကြည့်ပြီး ခေါင်းညိတ်လိုက်၏။

" ဟုတ်တယ် ငါအဖေ့အလုပ်ထဲ မလိုက်ချင်ပေမယ့် အဲဒီကြွေး တွေကျေအောင် တစ်ဘက်တစ်လမ်းက ငွေရှာပေးဖို့ ဆုံးဖြတ်ထား တယ် "

" သမ္မာအာဇီဝတော့ ဖြစ်ပါစေ ကကရယ် "

ကက မျက်နှာတင်းသွား၏။

" နင်ကပါ ငါ့ကို အထင်သေးတာလား ရဲရဲ ငါ့ကို လမ်းပေါ်

မှာ လေလွင့်နေပြီလို့ ထင်လို့လား ''

'' ဟင့် အင်း. . . ''

'' ဒီမှာ ငါ့ဘဝကို ငါဘယ်တော့မှ ကလေကချေအဖြစ်မခံဘူး နားလည်လား. . . အေး. . . ကက လူကောင်းမဟုတ်တော့ဘူးဆိုတဲ့ နေ့ဟာ အလင်းရောင်အောက်မှာ လုံးဝရှိမနေတော့တဲ့နေ့ပဲ၊ ငါသာ ဆရာဖြစ်ရမယ်၊ ငါဘယ်သူ့ကိုမှ ဆရာမခေါ်ဘူး ''

ခြသေ့်တစ်ကောင်ကို ချက်ချင်းအသွင်ပြောင်းသွားသည့် ကက ကို ငေးကြည့်ကာ ခလုတ်တိုက်မိမတတ် ဖြစ်သွားရသေးသည်။

ဘုရား. . . ဘုရား. . . ကက လူဆိုးမဖြစ်ပါစေနဲ့

❀ ❀ ❀

'' ဟော. . . သားကြီး ပြန်လာတယ်. . . အတော်ပဲ မေမေ မုန့်ဟင်းခါးချက်ထားတယ်. . . အထဲမှာ မင်း အဖေနဲ့ အတူသွားစား ချေ ''

'' မစားသေးဘူး. . . မေမေ၊ ကျွန်တော် ရဲရဲနဲ့ ဆွေးနွေး စရာရှိလို့ ခဏလေး. . . ''

လက်ထဲက ဖိုင်နှစ်အုပ်ကို စားပွဲပေါ် လှမ်းပစ်တင်ကာ မိုးမခက တစ်ဘက်ခြံကိုသွားဖို့ ပြေးဆင်းသွား၏။

'' သား. . . သားနေဦး ဟိုဘက်မှာ ရဲရဲမှ မရှိတာလေ ဆေးရုံမှာလေ ''

'' ကျွန်တော်ဆေးရုံကို ဖုန်းဆက်ပြီးပြီ သူပြန်သွားပြီဆိုလို့ ကျွန်တော်ထွက်လိုက်လာတာ ''





'' မဟုတ်သေးပါဘူး သားရယ်. . . ခုပဲ မုန့်စားဖို့သွားပို့ခဲ့တာ ခြံစောင့်နဲ့ ကိုမင်းခေါင်ပဲရှိတယ် ''

မိုးမခ အိမ်ပေါ် ပြန်တက်ကာ ဖုန်းရှိရာကို ပြေး၏။

ခြံတွေက အကျယ်ကြီးတွေမို့ မရှိတဲ့သွား၍ ပင်ပန်းမခံချင်. .

'' ဘာတဲ့လဲသား. . . ''

မိုးမခ ဖုန်းကို စိတ်မရှည်စွာ ဆောင့်ချလိုက်ပြီး. . .

'' မရှိဘူးတဲ့ ''

ဆိုဖာပေါ်ကို ဝုန်းခနဲ ပစ်ထိုင်ချလိုက်သည်။

သူ့မှာတော့ နားချိန်လေး ရှားရှားပါးပါးရတာတောင် မနားနိုင် ဘဲ ဖုန်းလှမ်းဆက်ခဲ့သည်။ရဲရဲ ပြန်သွားသည်ဆိုတော့ စကား အေးအေး ဆေးဆေးပြောလို့ ရပြီဆိုပြီး ကမန်းကတန်း ထထွက်လာခဲ့တာ. .

'' ဟော. . . သားကြီး ရောက်လို့ပါလား ''

'' အဖေကြီးက ပြန်တော့မလို့လား ''

'' အေးလေကွာ. . . ဟိုမှာအလုပ်က တန်းလန်း မင်းက မုန့်ဟင်းခါးစားဖို့လေးကိုဖုန်းဆက်ခေါ်လို့ အကြောင်းတွေရှာကြံပြီး လစ်လာခဲ့တာ သိပ်ကြည့်တာ မဟုတ်ဘူး ''

ဦးရာဇာကျော်က တိုက်ပုံထပ်ဝတ်ရင်း ပြောသည်။

စီးပွားရေးတွေ ကျဆင်းလာတော့ စိတ်ရှုပ်လူပန်းကာ စကား ပြောတိုင်း ဒေါသပါလာတတ်ပေမယ့် ဦးရာဇာကျော်က မိသားစု အပေါ် လွန်စွာ ဂရုစိုက်နားလည်နိုင်သော ခင်ပွန်းကောင်းဖြစ်ပါ၏။

'' အဖေကြီးရယ် မုန့်ဟင်းခါးစားဖို့ထက် ရှင့်ကို နားစေချင်လို့ ခေါ်လိုက်တာပါ. . . ညက တစ်ညလုံးလည်း စာ[illegible]တွေ လုပ်နေရ

တာ ခဏလေးပဲ အိပ်ပြီး ထသွားရတာမဟုတ်လား တစ်ရေး တစ်မော အိပ်လိုက်ပါဦးလားရှင် ”

“ မဖြစ်ပါဘူး. . . အမေကြီးရာ. . . ကိုယ့်နေရာ ဝင်လုချင်တဲ့ ကောင်တွေက အများကြီး ဒီလောက်ကြိုးစားနေတာတောင် ပြိုင်ဖြိုင်ခံရသေးတာ ”

သူတို့ စကားပြောနေကြစဥ်မှာ ရဲကားတစ်စီးဝင်လာလေသည်။

“ သားရေ. . . မင်းကို လိုက်ခေါ်တာထင်တယ်. . . မအားဘဲနဲ့ ထွက်လာသလား ”

မိုးမခလည်း စိတ်ပျက်လက်လျှော့ ထိုင်နေသည့်ကြားမှ ခေါင်းထောင်ကြည့်၏။

ကားစီမ်းလေးက ဌာနဆိုင်ရာက ပေးထားသည့် သူ့ဆိုင်ကယ် နောက်နားမှာရပ်ကာ ကားပေါ်မှ ယူနီဖောင်းအပြည့်နှင့် မြို့နယ်မှူး အပါအဝင် ရဲဝန်ထမ်းလေးယောက် ဆင်းလာကြ၏။

“ ဦးရာဇာကျော် ရှိပါသလား ခင်ဗျာ ”

“ ရှင် ”

“ ဗျာ. . . ဟုတ်ကဲ့ရှိပါတယ်. . . ကျွန်တော်ပါပဲ ဘာကိစ္စများလဲ အမိန့်ရှိပါ ”

“ ဟုတ်ကဲ့. . . ကျွန်တော်တို့ တာဝန်သိပြည်သူတစ်ယောက်ရဲ့ သတင်းပေးချက်အရ. . . ဟောဒီခြံဝန်းအတွင်းမှာ တရားမဝင်ပစ္စည်း ရောင်းဝယ်နေတယ်လို့ သိရပါတယ်. . . ကျွန်တော်တို့ကို ရှာဖွေခွင့်ပြုပါ ”





“ ဗျာ ”

“ အိုရှင်. . . မဟုတ်တာ ”

“ ဟုတ်ပါတယ်. . . ဟုတ်တာ မဟုတ်တာကို နောက်မှ ရှင်းပေးပါ့မယ်. . . လောလောဆယ်တော့ တာဝန်အရ ရှာဖွေရမှာ ဖြစ်ပါတယ် ”

မြို့နယ်မှူးက ဘယ်သူ့မျက်နှာမှ မကြည့်ဘဲ နောက်ကို လှည့်၍ . . . ”

“ ကဲ. . . အထဲမှာ သေသေချာချာ စေ့စေ့စပ်စပ် လိုက်ရှာကြ ”

မိုးမခ နေရာမှ ဝုန်းခနဲ ထရပ်လိုက်၏။

“ ဖေဖေ. . . ဖေဖေ ဘာတွေလုပ်ထားတာလဲ ”

“ မလုပ်ဘူး. . သား၊ဖေဖေ ဒါမျိုး ဘယ်တော့မှ မလုပ်ဘူး ”

ဦးရာဇာကျော် မျက်နှာကြီး နီရဲကာ ကတုန်ကယင် ဖြစ်နေရှာ၏။ဒေါ်နှင်းပုလဲ အိမ်ထဲဝင်သွားသည့် လူတွေကိုပဲ ပြေးဆွဲထားရမလိုလို သားကြီးကိုပဲ ကယ်ပါဦး သားရဲ့လို့ ခြေသလုံးဖက်ရတော့မလိုလို ခင်ပွန်းဖြစ်သူကို ကြည့်တော့လည်း ‘ရှင်ဟုတ်သလား’လို့ မေးရက်ဖွယ်မရှိတဲ့အဖြစ်. . .

“ ဖေဖေရာ ဖေဖေ တကယ်လုပ်ရက်တယ်. . . ကျွန်တော့်မျက်နှာဘယ်သွားထားရမှာလဲ. . အဖေက ဖြစ်လိုက်. . ညီက ဖြစ်လိုက် ကျွန်တော်က ဒီမနက်ပဲ မူးယစ်ဆေးဝါးရောင်းဝယ်မှုနဲ့ လူသုံးယောက်ကို ဖမ်းလာခဲ့တာ ကျွန်တော်ပတ်ဝန်းကျင်မှာ ဒီမျက်နှာ သွားပြီ ”

မိုးမခ ငိုချတော့မတတ် မျက်ထောင့်ကြီးနီလာသဖြင့် ဦးရာဇာကျော် လက်တကာကာ ငြင်းဆန်လျက် . . .

" ဖေဖေ တကယ်မဟုတ်ဘူး သားကြီးရာ သူတို့ သတင်းမှား လာတာနေမှာပါ ဘာမှလည်း တွေ့မှာ မဟုတ်ပါဘူး"

" ဟုတ်တယ် အဖေကြီးကို ကျွန်မယုံတယ်. . . ဒါတစ်ယောက်ယောက်လုပ်ကြံသတင်းလွှင့်တာ ဖြစ်မယ်. . . မရေမရာနဲ့ အဖမ်းခံရလိမ့်မယ်ထင်တယ်. . . အဖေကြီး ခဏရှောင်နေလိုက်ပါလား သူတို့ထွက်မလာသေးခင် သွား. . . သွား "

" ဖေဖေ. . . "

မိုးမခက ဘာလုပ်ရမှန်းမသိဖြစ်နေသည့် ဦးရာဇာကျော်လက်ကို ဖျတ်ခနဲ ဖမ်းဆုပ်လိုက်ကာ. . .

ဒီလို လုပ်လို့မရဘူး ဖေဖေ. . . ဟုတ်ဟုတ်မဟုတ်ဟုတ် အဖြစ်မှန် မပေါ်ခင် ဖေဖေ ဘယ်မှ ရှောင်ထွက်သွားလို့မရဘူး. . .

" သား မင်းတစ်ယောက်လုံးရှိသားနဲ့ ဖအေက အိုကြီးအိုမနဲ့ အချုပ်ထဲဝင်နေရမှာလား. . . အဖြစ်မှန်ကို မင်းဖော်ထုတ်ပေါ့ "

" မဟုတ်ဘူး. . . ဥပဒေမှာ ညီအစ်ကို သားအဖဆိုတာ မရှိဘူး. . . လမ်းကြောင်းအတိုင်းပဲ ကျွန်တော်လုပ်ရမှာ. . . "

ထိုစဉ်. . . အထဲမှာ ရှာဖွေနေသူတွေ ပြန်ထွက်လာကြပြီ. .

" အထဲမှာတော့ မသင်္ကာစရာ ဘာမှ မတွေ့ပါဘူး "

မြို့နယ်မှူးက တစ်အိမ်လုံးနဲ့ သူတို့မျက်နှာတွေကိုပါ ဝေ့ကြည့်၍

" ဟိုကားပေါ်ကို သွားရှာကြစမ်းဟေ့ "





နှစ်ယောက်က ပြေးဆင်းသွားကာ ဦးရာဇာကျော် ကုမ္ပဏီက မောင်းယူလာသည့် ကားလေးပေါ်မှာ ရှာဖွေနေကြလေသည်။

အားလုံးရင်ဖို လှိုက်လှဲစွာ စောင့်ကြည့်နေမိကြဆဲ. . .

" တွေ့ပြီဆရာ. . . ဒီမှာ "

" ဟာ "

" ရှင် "

" မဟုတ်ဘူး. . . ကျုပ်လုံးဝ မဟုတ်ဘူး "

" ကျွန်မယောကျ်ား ဒါမျိုးတွေ မလုပ်တတ်ပါဘူးရှင် ကျွန်မတို့ မိသားစု တစ်သက်လုံးက နာမည်ပျက်မရှိခဲ့ပါဘူး. . . "

လက်ထိပ်ခတ်မယ့် သူကရှေ့တိုးလာတော့ ရေနစ်တဲ့သူ ကောက်ရိုးမျှင်ကို လှမ်းဆွဲတတ်သလို ဦးရာဇာကျော် သားကြီးမျက်နှာကို အားကိုးတကြီးလှမ်းကြည့်မိသည်။

ကိုယ့်မိသားစုကို ကိုယ့်ဖအေ ဘယ်လို သန့်သန့်ရှင်းရှင်း ကျွေးခဲ့တာ သူအသိပါ. . . ဒါကို အမှန်တိုင်းဖြစ်ရအောင် အဖေ့ဘက်က သားတစ်ယောက်အနေနဲ့ မားမားမတ်မတ် မရပ်တည်ရဲဘူးလား. . .

မိုးမခက ဦးရာဇာကျော်ရဲ့ မျက်ဝန်းတွေကို နားလည်သည်။

အံကြိတ်မျက်နှာလွှဲလျက်နှင့်. . .

" လက်ပူးလက်ကြပ် မိထားကာမှ ဘယ်လိုမှ ငြင်းလို့မရတော့ဘူး ဖေဖေ မှန်တာ မမှန်တာကို နောက်မှ ရှင်းရမှာပဲ၊ ကျွန်တော့်ကို သားရှိတာပဲဆိုပြီး ဖေဖေ အားမကိုးပါနဲ့ ဒါဘယ်သူမှ ကယ်လို့ရတဲ့ ကိစ္စမဟုတ်ဘူး "

" သားရယ်. . . မင်းအဖေ မဟုတ်ဘူးဆိုတာ မင်းသိရမှာပေါ့ "

ဒေါ်နှင်းပုလဲ ရင်နာစွာ ငိုရှိုက်နေလေသည်။

အရာရှိတွေအလယ်မှာ မျက်နှာကို ဓါးနဲ့လှီးချပစ်ချင်လောက်အောင် ရှက်ရွံ့ခြင်းဖြစ်လျက် မိုးမခ အံတင်းတင်းကြိတ်ရင်း ဦးရာဇာကျော်နဲ့ ပစ္စည်းထုတ်ကို နာကျင်စွာ ကြည့်သည်။

မပြောသော်လည်း လုပ်ရက်လေခြင်းဆိုသည့် ယူကျုံးမရနာကျည်းမှုတွေက သူ့မျက်ဝန်းထဲမှာ ပြည့်လျှံနေသည်။

ဦးရာဇာကျော် နားလည်သွားပါသည်။

လက်ထိပ်ခတ်လို့ရအောင် သူ့လက်နှစ်ဘက်ကို ပူး၍ရှေ့ထုတ်ပေးလိုက်ရသည့်အချိန်မှာ မဟုတ်မခံစိတ်ကြောင့် မျက်ရည်တွေဝေနေသည်။

" ခဏနေကြပါဦး "

အားလုံးအကြည့်တွေ အသံလာရာသို့ စုပြုံရောက်သွားကြ၏။

ကက က ခြေလှမ်းကျဲများနှင့် အနားကို လျှောက်လာကာ နှစ်ဖက်ဆန့်ပေးထားသည့် ဦးရာဇာကျော်လက်ကို ဖယ်ချ၍ ရှေ့ကကာရပ်လိုက်သည်။

" အဲဒါ ကျွန်တော့်ပစ္စည်းပါ၊ ကုမ္ပဏီက ကားမို့လို့ လွတ်မှာပဲထင်ပြီး ဖေဖေမသိအောင် ထည့်ထားခဲ့တာ အပြင်ရောက်မှသာ ပြန်ထုတ်ဖို့ စီစဉ်ခဲ့တာပါ၊ ဖေဖေဘာမှ မသိပါဘူး. . . ကျွန်တော့်ကို ဖမ်းပါ. . . "

" ဟင်. . . မင်း. . . "





" သား. . . "

ခခ ဆတ်ခနဲ ဖြစ်သွားသည်။ ဒေါ်နှင်းပုလဲ မျက်လုံးတွေ ကျယ်ကုန်၏။

" လူမိုက်. . . "

ဦးရာဇာကျော် အသားဆတ်ဆတ်တုန်ကာ ကက ရဲ့ အင်္ကျီဘတ်အစကို စုဆွဲ၍ မျက်နှာကို စေ့စေ့ကြည့်သည်။

သွားပြီ. . . ဘိန်းဖြူနဲ့ ပတ်သက်၍ နိုင်ငံတော်က ဘယ်သောအခါကမှ ညှာတာကင်းလွတ်ခွင့်ပေးခဲ့တယ်ဆိုတာ မရှိ. . .

လူငယ်တစ်ယောက်ရဲ့ ဘဝ အညွန့်ကျိုးခဲ့ပါပြီ. . .

ဦးရာဇာကျော် သားမျက်နှာကို စေ့စေ့ကြည့်၍ နှမြောတသခြင်း ယူကျုံးမရခြင်းနောက်မှာ ဒေါသတွေ တရစ်ရစ်တက်လျက် ကက နှာကို ခွပ်ခနဲ ထိုးချပစ်လိုက်၏။

"ဟိတ်ကောင်. . . မင်း ဒီလောက်ပဲ ရိုင်းစိုင်းရသလား. . က. . . ဟင် "

မင်းကြောင့် ငါတို့ အိမ်ပါပြောင်းပြေးရတော့မယ်ကွ. . . င်း. . . "

ခခက ကက ပခုံးကို ဆွဲလှည့်ကာ လက်သီးနဲ့ ိုးချလိုက်

ကက က ခခလက်သီးကို ဖတ်ခနဲ ပုတ်ထုတ်ပစ်လိုက်. . .

" မရဘူး ခခ၊ ဒီတစ်ခါ ငါတို့ ပြန်ရလိမ့်မယ်. . . မင်းလုပ်

ရမှာက ငါ့ကို ထိုးဖို့မဟုတ်ဘူး. . . ဖေဖေနဲ့မေမေ့ကို မင်းဂရုစိုက် စောင့်ရှောက်ဖို့ပဲ ''

'' ဘာကွ ''

ရာထူးမာန်တက်နေသော ခခက သူ့လက်သီးချက်လွဲချော်သွားရခြင်းနှင့် ပတ်သက်၍ ရှက်ရမ်းရမ်းကာ နောက်ထပ်လက်သီးပြင်စဉ်

'' မလုပ်နဲ့ ''

ဒေါ်နှင်းသီရိ ကကကို အတင်းဝင်ဖက်၍ ခခကို ပြော၏။

'' သား. . . ''

ဦးရာဇာကျော်ရဲ့ လက်သီးချက်ကြောင့် နှုတ်ခမ်းထောင့်မှ စီးကျသည့်သွေးတို့ကို ဒေါ်နှင်းပုလဲက တယုတယသုတ်ပေး၍ ကကမျက်နှာကို အကြင်နာကြီးသော မျက်ဝန်းတို့နှင့် မော့ကြည့်ရှာသည်။

'' မိုက်လိုက်တာ သားရယ်. . . သားမိုက်လိုက်တာ. . . မေမေ့သားကို ဒီပုံစံနဲ့ မေမေ မြင်ရမယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး. . . ဟင့်. . . ဟီး. . . ဟီး. . . ''

'' မငိုပါနဲ့. . . မေမေ. . . မေမေ စိတ်ဆင်းရဲအောင် လုပ်တဲ့သားဆိုပြီး ကျွန်တော့်ကို မေ့ပစ်လိုက် မုန်းပစ်လိုက်ကြပါ ''

'' အမလေး. . . ဘယ်လိုပြောလိုက်တာလဲ. . . သားရယ် ''

ဦးရာဇာကျော် ခေါင်းကြီးငိုက်စိုက်ကြလျက် မျက်ရည်စက်တွေ တပေါက်ပေါက်ကျနေ၏။

ကိုယ့်ကို ဖမ်းမယ်ဆိုတော့လည်း ခြောက်ခြားခဲ့ရသည်။





ကိုယ့်သားဆိုတော့လည်း ရင်နာရပြန်သည်။

သူတစ်လျှောက်လုံး. . . မဆူချင်ဘဲဆူ. . . မထိုးချင်ဘဲ ထိုးကြိတ်မာန်မဲခဲ့ရတာ တစ်နေ့ ဒီလိုဖြစ်လာမှာ စိုးလို့ပါ. . .

ခုတော့. . . ထိုနေ့ကို မလွဲမသွေ ရင်ဆိုင်လာခဲ့ရသည်။

လက်ထိပ်တန်းလန်းနှင့် ရဲကားပေါ်တက်ရတော့မည်ရှိစဉ် ဘက မျက်ဝန်းတွေ တစ်ဘက်ခြံဘက်သို့ ရောက်သွား၏။

ခြံနှစ်ခြံကြားမှာ အလွယ်တကူ ကူးသွားနိုင်ရန် ဖောက်ထားခဲ့သည့် တံခါးပေါက်သေးသေးလေးထဲက ငုံ့ထွက်လာသည့် ရဲရဲ. . .

ကက ရောက်နေတုန်း စားရအောင်လို့. . . ဒူးရင်းသီးမှာ တွေ ထည့်ယူလာသည့် လက်ထဲက ကြွေပန်းကန်ပြားလေးခွမ်းခနဲ ကျကွဲသွား၏။

'' ကက ''

ရဲရဲ သတိဝင်လာကာ ပြေးထွက်သွားမိတော့. . . ကက ဘပါ သွားလေပြီ. . .

'' ကက ဘယ်လိုဖြစ်တာလဲ ဘာဖြစ်လို့ ဖမ်းသွားကြတာလဲ ဘင်. . . ''

'' သမီး ''

'' အန်တီနှင်း ဘာဖြစ်ကြတာလဲ ''

ဒေါ်နှင်းပုလဲကို ပွေ့ဖက်မိလိုက်စဉ် ရဲရဲလက်ထဲမှာ ဒေါ်နှင်းပုလဲ ပျော့ခွေပုံကျသွားလေသည်။

'' နှင်း ''

'' မေမေ ''

" အန်တီနှင်း အန်တီနှင်း "

မျက်ရည်မျက်နှာများထဲမှာ ခတ်ထန်နေသည့်၊ ခခမျက်နှာကို ရဲရဲ နားမလည်သလို ကြည့်နေမိသည်။

လူချင်းခွဲပြီး ကိုယ့်အိမ်ထဲ ကိုယ်ဝင်သွားကြတဲ့အထိ သူ့ကိုယ်သူ ဒီလိုဖြစ်လိမ့်မယ်လည်း ထင်ပုံမရဘူး. . . အဲ. . ပြီးတော့ အန်ကယ် အိမ်ပြန်ရောက်နေတာကိုတောင် မသိဘူး. . . အန်တီနှင်း သူအန်တီနှင်း ကို ပိုက်ဆံပေးမယ် ရေချိုးပြီးတာနဲ့ အလုပ်ထဲပြန်မှာတဲ့ အန်ကယ်နဲ့ တွေ့ရင် အဆူပူခံနေရဦးမှာစိုးလို့ အန်ကယ်ပြန်မလာခင် လစ်မှာ တဲ့. . . "

" ဟင် "

" ဟုတ်တယ်. . . သမီးက အိမ်မှာ ဒူးရင်းသီးခွဲစားရအောင် လာခဲ့ပါဆိုတာတောင် မလာဘူးတဲ့ ရေချိုးပြီးတန်းပြန်မှာ သမီး သူစားရ အောင် ကပျာကယာခွဲပြီး လာပို့တာ "

" သားလေးရယ် "

ဒေါ်နှင်းပုလဲ ထမင်းမစားနိုင်သေးဘဲ တရှုံ့ရှုံ့ငိုလေသည်။

" အန်တီ ထင်နေတယ် ခံစားမိနေပါတယ် သမီးရယ်. . . သား. . သားလေး သူ့အဖေကို ညှာသွားတာပါ "

" ဒါဆို မနှင်းက ဒီကိစ္စ ကိုရာဇကျော် ကျူးလွန်တယ်လို့ ဆိုလိုတာပေါ့ "

" မဟုတ်ဘူး သူမလုပ်တာလည်း သေချာပါတယ်. . . ကိုမင်းခေါင်ရယ် ခုတောင်မှ စီးပွားရေးတွေ အိမ်တွင်းရေးတွေ ရှုပ်ထွေးပြီး





က တရှောင်ရှောင် ဖြစ်လာပြီး အလိုလိုကမှ သွေးတိုးရှိရတဲ့အထဲ တ်ဆင်းရဲတော့ ဘယ်ခံနိုင်တော့မှာလဲ "

" ဟုတ်တယ်. . . ကိုရာဇာကျော် တော်တော်လေး ပိန်သွား ယ်၊ ခုပုံအတိုင်းဆိုဖြစ်ပုံက တစ်စုံတစ်ယောက်ရဲ့ ပယောဂလို့ ပြောရမလို ဖြစ်နေပြီ၊ ကိုရာဇာကျော်မှာ ရန်သူဖြစ်လောက်တဲ့အထိ သနာရှိထားတဲ့ မိတ်ဆွေတွေအပေါင်းအသင်းများရှိသလား. . . န်တွေးကြည့်စမ်းပါဦး "

ဒေါ်နှင်းပုလဲ မစဉ်းစားတတ်ပါ၊ ဦးရာဇာကျော်သည် ပျော်ရွှင် ကြည်နူးဖွယ်ရာဆို ပြောပြသလောက် စိတ်ညစ်စရာများ ရှိပြီဆို က်နှာပျက်ငိုင်နေတတ်သည်သာရှိကာ. . . ဘာဖြစ်လို့လဲ မေးတာ ောင် ပြောပြသူမဟုတ်တော့ ဒီလောက်ထိ ဒေါ်နှင်းပုလဲ သတိမထား ပါ. . .

" မရှိလောက်ဘူး ထင်တာပဲ ကိုမင်းခေါင်. . . ကျွန်မ သိပါဘူးရှင်. . . သူစိတ်တွေ သိပ်ညစ်နေတာ စီးပွားရေးကြောင့်ပဲ င်ခဲ့တာ ဟုတ်လည်း ဟုတ်မှာပါ. . . တကယ်တမ်း ဒီအလုပ်တွေကို လုပ်နေရင် ကျွန်မတို့ ဒီလောက်ထိတောင် ကျပ်တည်းမှာ မဟုတ် ူး "

သူမ သိချင်သည်ကို ဘယ်သူကမှ ပြောနိုင်စွမ်း မရှိကြသော် ည်း. . .

" အမျိုးဖျက်ကောင်လေ ဘိန်းဖြူအရောင်းအဝယ် လုပ်နေ တာ "

မိုးမခ အသံက ရဲရဲ နားထဲကို မိုးကြိုးပစ်ခွင်သွားသည် နှယ်. . .

❀ ❀ ❀ ❀ ❀

## အခန်း (၁၁)

" မဖြစ်နိုင်ပါဘူး ဖေဖေ အဲဒါကို သမီးမယုံဘူး. . . ကက လူတော်လူကောင်း မဟုတ်ပေမယ့် ဒီလောက်ထိမဆိုးနိုင်ပါဘူး "

" သမီးက ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ "

မှန်မှန်မှားမှား သူဖြစ်ချင်တာကို ဖွတ်လုပ်တတ်သော ဉာဉ်ဆိုးနှင့် အလုပ်လုပ်ဖို့ ဝါသနာမပါဘဲ အပေါင်းအသင်းပေါင်းစုံနှင့် အချိန်ကုန်နေတတ်သော. . .

ကက တစ်ယောက် မှောင်ခိုတွေလုပ်နေတယ်ဆိုတာ မယုံတဲ့ သူမရှိ. . .

ထောင်ကျသွားပြီဆိုလည်း ဒီလိုပဲ ' ဖြစ်မှာပေါ့ 'ဟု ပြောမယ့် သူတွေချည်း ဖြစ်လေသည်။ ဘာဖြစ်လို့လဲဆိုတော့ ကက က ကြာခဏ အချုပ်ကျခဲ့တဲ့သူ. . .

ဒါကို မဖြစ်နိုင် မယုံကြည်ပါဘူးဟု ပြောနေသည့် ရဲရဲ မျက်နှာကို ဦးမင်းခေါင် အံ့ဩဟန်နှင့် ကြည့်၏။

" ပြောပါဦး သမီးရဲ့ သမီးထင်တာကို "

အုန်းထမင်းချက်စားတာမို့ ဒေါ်နှင်းပုလဲကို အိမ်မှာ ခေါ်ကျွေး

ခဲ့သည်။

အနားမှာရှိနေသည့် ဒေါ်နှင်းပုလဲက ပါးစပ်ထဲက ထမင်းလုတ်ကို မဝါးနိုင်သေးဘဲ မျှော်လင့်သည့် မျက်ဝန်းများနှင့် မျက်နှာမော့လာ၏။

သူမ စိတ်ထဲမှာ ခံစားနေရသည်ကလည်း ထိုနည်းနှင့်. . .

" ပြောပါ သမီးရယ်. . . သမီးသိထားတာများ ရှိနေလားဟင်. . . သားလေးဒီလောက်တော့ မမိုက်မဲလောက်ဘူးလို့ အန်တီလည်း ယုံကြည်နေမိတယ် "

" သိတယ် အန်တီနှင်း အဲဒီနေ့က ပြဿနာမဖြစ်ခင်လေးပဲဖြစ်မယ်. . . ကကနဲ့ သမီး ဆေးရုံကနေအတူ လမ်းလျှောက်ပြန်လာကြတာ "

ရဲရဲ က သူမတို့ ပြောဆိုခဲ့ကြသည်များကို စီကာပတ်ကုံး ပြန်ပြောပြ၏။

" အဲဒီအချိန်ထိ သူ့ကိုယ်သူ သန့်စင်နေသေးတယ်ဆိုတာ အသေအချာ ပြောသွားတာပဲ. . . သမီးက ဘာလိုလို ပြောမိလို့တောင် သမီးကို သူစိတ်ဆိုးသေးတယ်. . . ပြီးတော့ သူတို့ သူငယ်ချင်းသုံးယောက် ဝပ်ခ်ရှော့ပ်ထောင်ထားတယ်လို့ ပြောသေးတာပဲ သူ့စကား သူ့ပုံစံထဲမှာ ဥပဒေနဲ့ မကာင်းတဲ့ အလုပ်တွေနဲ့ ပတ်သက်ပြီး ဘာမှလည်း မပါဘူး. . . ကြောက်နေပုံလည်း မရှိဘူး. . .

" မှန်တယ်. . . ဒါတွေကို စုစည်းပြီး အမှုမှန်ပေါ်ဖို့ အတွက်ခခက ကြိုးစားရမှာ သူများကြိုးစားတာနဲ့ သူနဲ့ဘယ်သူမလဲ "

" ဟုတ်တယ် အန်တီ "

ဒေါ်နှင်းပုလဲ မျက်ရည်ဝေပြန်သည်။





" ကျွန်မ ပြောပါတယ်ရှင်. . . သားကြီးက သူ့ညီ
စ်ယောက်က ဒီလို အမှုမျိုးဖြစ်ရသလားဆိုပြီး ဒီအမှုကို အထက်
က သူ့ကို လွှဲတာတောင် ခေါင်းရှောင်ခဲ့တာ. . . ခုတလော အိမ်ကို
တောင်မှ သိပ်မလာဘူးလေ "

သူကတော့ ဌာနဆိုင်ရာက ပေးထားသည့် တိုက်နဲ့ကားနဲ့
ပဲ။

ဆိုင်ကယ် တစ်စီးတောင် အရေးပေါ်သုံးဖို့ ပေးထားပါသေး
သည်။

ရဲရဲ ဒေါသဖြစ်ဖြစ်နှင့် ရှေ့မှာ ခခ မရှိပါဘဲ မျက်စောင်းထိုးမိ
တော့သည်။

အလကား ခခ ရုပ်ကလေးလှသလောက် ရာထူးဂုဏ်သိပ်
မောက်တဲ့ကောင်. . .

" ကဲပါ အန်တီရယ်. . . ထမင်းလေးတော့ စားလိုက်ပါဦး
ဒီမှာ ကြက်အသည်းမြစ်လေးနဲ့စား. . . အအီပြေအောင် ရှော့. .
သရက်ချဉ် သုတ်လေးလည်းစား. . . စားပါ၊အန်တီနှင်းရဲ့ ချက်ပြုတ်ရ
တဲ့သူ အမောပြေအောင် ညှော်ခန်းထဲကျမှ စကားဆက်ပြောကြတာပေါ့"

" ဟုတ်ပါ့ဗျာ. . . စိတ်လွတ်ကိုယ်လွတ် ပြောနေမိလိုက်တာ
နှင်းတောင် ထမင်းစားပျက်ရပြီ ကဲ. . . ကဲစားလိုက်ပါဦး "

ဘယ်လို လုပ်မျိုကျနိုင်ပါ့မလဲ. . .

ခုလောက်ဆို သားလေးခများ အချုပ်ထဲမှာအနေအစား ဆင်းရဲ
ပြီး ဘယ်လောက် ဒုက္ခခံနေရရှာမလဲ. . .

ရဲရဲ ပုံထည့်ပေးနေသည့် ဟင်းတွေဘက်သို့ ဒေါ်နှင်းပုလဲရဲ့

မျက်ရည်ဥလေးနှစ်စက် လက်ခံနဲ့ ခုန်ဆင်းသွားလေသည်။

## အခန်း (၁၂)

" သားလေး အခြေအနေဘယ်လိုရှိသလဲ အဖေကြီး. . . အပန်းပြေသွားအောင် သံပုရာရည်လေးသောက်လိုက်ပါဦး "

ရောဂါအရှိန်နှင့် ဟန်လုပ်သွားလာနေရသော ဦးရာဇာကျော် သံပုရာရည်ကို တစ်ငုံမျှသာ ယူသောက်ပြီး ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

" ဘာတဲ့လဲဟင်. . . "

ပင်ပန်းတုန်ယင်လာတာ သိပေမယ့် သားလေးအကြောင်း သိချင်သည်မို့ အလိုက်ကမ်းဆိုး မသိစွာပဲ မေးလိုက်မိ၏။

ဦးရာဇာကျော်က ဆိုဖာ နောက်မှာ မျက်နှာကို နွမ်းယဲ့စွာ မော့လှန်ထားလိုက်ပြီး. . .

" အခြေအနေကတော့ မဆိုးပါဘူး။ အဲဒီက စာရေးက ပြောတယ် တိုးတိုးတိတ်တိတ် အကြံပေးတာပါ. . . အခြေအနေတွေ အားပုံးက ကိုယ့်ဘက်မှာ ပေါ့ပေါ့ပါးပါးဖြစ်နေတာပဲ ဒုရဲအုပ် မိုးမခကို ဒီကိစ္စလိုက်ခိုင်းပါလားတဲ့ အားလုံးအဆင်ပြေသွားနိုင်မယ်တဲ့ "

" ဟုတ်လား. . . ဟုတ်မှာပါ သားကြီးက မူးယစ်ဆေးဝါး

စုံစမ်းထောက်လှမ်းရေးဘက်ကပဲ အဲဒါဆို. . . ''

'' မျှော်လင့်မနေနဲ့ အမေကြီး မင်းသား ဒီကိစ္စကို ဘယ်တော့ ကိုင်တွယ်မှာ မဟုတ်ဘူး. . . အိမ်ကိုတောင်မလာဘဲ နေတဲ့ဟာ

'' သားကြီးက နေရက်လိုက်တာ အဖေကြီးရယ် သားငယ်က သူ့ရဲ့ အမွှာညီလေးပါ. . . ''

'' ဒါကတော့ကွာ သူ့ဘက်က ကြည့်တော့လည်း ဟုတ်နေတာပဲ သူဒီဘဝရောက်အောင် မနည်းကြိုးစားခဲ့ရတာကိုး. . . ခုချိန်က အပြစ်တင်မနေပါနဲ့တော့ ''

စိတ်လျှော့ညှိုးငယ်နေသူ မျက်နှာကို ကြည့်တော့ ဒေါ်နှင်းပုလဲ စိတ်မကောင်းဖြစ်သွားမိ၏။

'' အလုပ်တွေကိုကော သားငယ်ကိစ္စပါ ရှင်နားလိုက်ပါတော့ ကျွန်မလည်း အိမ်ထဲမှာနေပြီး လည်ပင်းရှည်နေရတဲ့ အလုပ်ကို မလုပ်ချင်တော့ဘူး။ သားငယ်ကိစ္စကို ကျွန်မလိုက်မယ် ရှေ့နေကောင်းကောင်း ငှားပြီး ဒီကိစ္စဘယ်ကလာတဲ့ ပြဿနာလဲဆိုတာကို ရအောင် စုံစမ်းမယ် ''

'' ဘာ. . . ဘယ်လို ''

ဦးရာဇာကျော် ကိုယ်ကြီး ချက်ချင်းမတ်လာ၏။

'' မင်းဘာပြောလိုက်တာလဲ အမေကြီး. . . ငါနားမရှင်းဘူး ''

ဒေါ်နှင်းပုလဲ ကိုယ့်စကားလွန်သွားပြီမှန်း သိလိုက်ပေမယ့် စကားကျွံတော့ နှုတ်မရပြီမို့ မထူးစိတ်ပိုက်လိုက်ကာ. . .

'' ဟုတ်တယ် အဖေကြီး သားငယ် ဒီကိစ္စကို မကျူးလွန်နိုင်





ဆိုတာ ဖြစ်နိုင်ခြေတွေ အများကြီး ရှိနေတယ် ရှင်တို့ ကျွန်မတို့ ပ်ဘူးဆိုတာလည်း ကိုယ့်ကိုယ်ကို သိကြပြီးသား ဒီကိစ္စမှာ ယောက်ယောက် လုပ်ကြံတာလို့ ယူဆစရာတွေရှိတယ် ကျွန်မနဲ့ တို့ သားအဖ ဒါကို သုံးသပ်နေကြတာ ရှင့်ကိုသာ ပိုပြီး စိတ်ဆင်းရဲမှာ သို့ မပြောပဲနေခဲ့တာပါ ''

'' ဒီလို ထင်လောက်စရာ အကြောင်းတွေ ရှိနေလို့လား''

'' ဟုတ်တယ်. . . ရှိတယ် ''

ဒေါ်နှင်းပုလဲက ရဲရဲနဲ့ ကက ဟိုနေ့က အတူရှိနေခဲ့သည့် ကြောင်းမှစ၍ ဖြစ်နိုင်တာတွေ မဖြစ်နိုင်တာတွေ အားလုံးကို သေချာ ပြောပြ၏။

ဦးရာဇာကျော် နားထောင်ရင်း အသက်ရှူတွေ မြန်လာ၏။ မျက်ခမ်းနဲ့ ပါးပြင်နှစ်ဖက်မှာ အထဲက သွေးတွေစောင့်တိုး သလို တဆတ်ဆတ် တုန်ယင်လာကြ၏။

'' အဲဒါ ကျွန်တော့် ပစ္စည်းပါ ''

'' ဖေဖေ ဘာမှ မသိပါဘူး ''

'' ကျွန်တော့်ကို ဖမ်းပါ ''

'' မရဘူး ခခ ဒီတစ်ခါ ငါတို့ပြန်ရလိမ့်မယ် ''

'' ဖေဖေနဲ့ မေမေကို မင်းစောင့်ရှောက်ဖို့ပဲ ''

'' မငိုပါနဲ့ မေမေ မေမေစိတ်ဆင်းရဲအောင် လုပ်တဲ့သားဆိုပြီး န်တော့်ကို မေ့ပစ်လိုက် မုန်းပစ်လိုက်ကြ ါ. . . ''

'' အဖေ ဘာမှ မသိပါဘူး ''

'' ကျွန်တော့် ပစ္စည်းပါ ''

" လူမိုက်. . . မင်း. . . "

"ခွပ်. . . "

လှုပ်ရှားမှုတွေက ရုပ်ရှင်ပြသလို ဖျတ်ခနဲ ဖျတ်ခနဲ ရှုပ်ယှက်ခတ် ပေါ်လာကြသည်။

သားကို ထိုးချလိုက်သည့် သူ့ရဲ့ လက်သီး. . .

ချာခနဲ လည်ထွက်သွားသည့် မျက်နှာ. . .

ပြန်လှည့်လာသော်လည်း သူကို မကြည့်ဘဲ ခေါင်းငုံ့၍ သွေးစကို ကြိတ်သုတ်ရှာသည့်သား. . .

" သား. . . ငါ့သားလေး. . . "

ဦးရာဇာကျော် ကတုန်ကယင် ထရပ်၍ သားကို တမ်းတ ဆိုဖာပေါ် ဝုန်းခနဲ ပြန်လဲကျလေသည်။

" အို. . . အဖေကြီး. . . အဖေကြီး "

ဒေါ်နှင်းပုလဲ ဦးရာဇာကျော်ကို စိုးရိမ်တကြီး ပွေ့ထူလိုက်မိ၏

" အား. . . ကျွတ်. . ကျွတ် "

" သတိထားလေ အဖေကြီးရယ် ရှင်. . . ရှင် အဲဒီလို ဖြစ်မှာစိုးလို့ ကျွန်မတို့မပြောခဲ့ကြတာ "

ပြော၍ ဒေါ်နှင်းပုလဲ မျက်ရည်ကျ၏။

ဦးရာဇာကျော် မျက်နှာရှုံ့မဲ့၍ ရင်ဘတ်ကို ဖိထားလျက် မျက်ရည်ဝေနေ၏။

" ငါ အလကား လူပါ. . . ငါ့အပေါ် ညာတာတဲ့သားကို တစ်ချိန်လုံး ငါလူဆိုးလို့ ထင်ခဲ့တယ်၊ ဒီကိစ္စကြောင့် ဒေါသထွက်ပြီး ငါ့သားကို ငါ ထိုးလိုက်မိသေးတယ် "





" ရှင် ထိုးလိုက်တာ မေတ္တာနဲ့ပါ ဂရုဏာဒေါသပါ အဖေကြီး ...ယ် ကိုယ့်စိတ်ကို ဖြေပါရှင် "

" မဟုတ်ဘူး. . . ငါအထင်မြင်သေးခဲ့တာ. . . သူ့ကိုငါ ...ယ်တုန်းကမှ အထင်မကြီးခဲ့ဘူး. . . ခုတော့ ငါတစ်ချိန်လုံး အထင် ...ကြီး ယုယခဲ့တဲ့သားက ငါ့ကို ပစ်ပြေးတယ်၊ ငါအထင်သေး ရှုံ့ချခဲ့တဲ့သား ...က ငါ့အစား ထောင်ကျခဲ့သွားတယ်. . . အားလုံး ငါ့ကြောင့် ဖြစ်သွား ...တာ၊ ငါမကောင်းဘူး "

လင်မယားနှစ်ယောက် တစ်ယောက်လက် တစ်ယောက်ဆုပ် ...ပြီး မျက်ရည်ကျကြလေသည်။ သားတစ်ယောက်၏ ဆိုးဝါးသိမ်ငယ် ...ာ ထွက်ခွာခြင်း တစ်ယောက်၏ မောက်မာခမ်းနားစွာ ကျောခိုင်းခြင်း။

ကျောခိုင်းသည့် သားနှစ်ယောက်လုံးကို စွန့်လွှတ်လိုက်ရခြင်း အကြောင်းနှစ်ရပ်အပေါ် ရင်နစ်ကြေကွဲစွာ ခံစားရင်း နှစ်ယောက်လုံးအ ...ော် အပြစ်မမြင်ရက်ဘဲ ကြိတ်မှိတ်ငိုကြွေး၍သာ. . .

❀ ❀ ❀ ❀ ❀

# အခန်း (၁၃)

" နင် ဘာလာလုပ်တာလဲ ရဲရဲ ငါဘယ်သူမှ မတွေ့ချင်ဘူး ပြန်တော့ "

" ကက "

မျက်နှာတင်းတင်းနှင့် ကျောခိုင်းသွားသည့် ကက ကို ရဲရဲ ဒေါသ သံလေးနှင့် ခေါ်သည်။

အချုပ်ခန်းငယ်မှာ ရှိနေကြသည့် ပုံစံပျက်ပျက် ခပ်ရိရိအပြုံးများနှင့် မျက်နှာများကြောင့် ရှက်စိတ်တွေဖြစ်မိကာ သံတိုင်တွေကို တင်းကျပ်စွာ ဆုပ်ထားမိရင်း. . .

" နင်. . . ကိုယ့်ဆီလာတွေ့တဲ့လူကို ဒီလိုပဲ ဆီးကြိုတယ်ပေါ့. . . ဟုတ်လား ကက. . . "

ကက ချာခနဲ လှည့်လာ၏။

" ဟုတ်တယ် ဒီလိုပဲ ဆီးကြိုမယ် ငါ့ကို သနားစရာ သတ္တဝါတစ်ကောင်လို လာကြည့်ဖို့ မလိုဘူး. . . ဘယ်သူမှ မလာနဲ့သွား. . . နောက်ကို နင် ဒီနေရာကို လုံးဝမလာနဲ့ ငါနင့်မျက်နှာကို မမြင်ချင်ဆုံးပဲ "





" ဘာ "

ရဲရဲ ဒေါသဖြစ်လွန်းကာ မျက်ရည်တွေကျလာ၏ မာနနှင့် ဆတ်ခနဲ ကျောခိုင်းပစ်လိုက်မိသည်။

" အဓိကဆိုတဲ့ကောင် ဘုန်းကြီးလိုက်တာကွာ. . . ဒီလောက်လှတာလေးကို ပြောရက်လိုက်တာ. . . ငါသာဆိုလို့ကတော့ "

" ဟိတ်. . . ရှူး. . . ရှူး "

တစ်ယောက်က သံတိုင်အပြင်ကို လက်နှစ်ဖက်ထုတ်ကာ လက်ခုပ်တီး၍ တရှူးရှူး ခေါ်သည်။

ကက မျက်လုံးတွေ မီးပွင့်သွား၏။

" ဟိတ်ကောင် "

နောက်ကနေ ပခုံးကို ဆတ်ခနဲဆောင့်ဆွဲကာ ခွမ်းခနဲ ဘိုးချ ပစ်လိုက်၏။

ပြီးတော့ နောက်တစ်ချက်. . .

" အဓိက ဆိုတဲ့ကောင် တော်ကွ. . . "

လာဆွဲသည့် တစ်ယောက်ဆီပါ လက်ပြန်ရိုက်ချက်က ဖောင်းခနဲ ပြေးဝင်၏။

ရဲရဲကို စနောက်ကြသူနှစ်ယောက် မလှုပ်မပလဲကျသွားကြ၏။

" အဲဒါမှတ်ထား ဘယ်ကောင်စရဲသေးလဲ. . . "

အားလုံးတိတ်ကျသွားသည်။

လက်သီးဆုပ်ထားကြပေမယ့် တစ်ယောက်မှ မလှုပ်ရှားရဲကြသဖြင့် ကက နောက်ကို စောင်းကြည့်လိုက်တော့ရဲရဲ. . .

သံတိုင်တွေ ကိုင်လျက် ရပ်ရင်း မျက်ရည်တွေဝေ့နေ၏။

" ကက. . .'

" နင် ဘာလို့မပြန်သေးတာလဲ သွားတော့ "

" ငါ. . . "

" ဒီမှာ လူရမ်ကားတွေစုဝေးနေကြတာ မမြင်ဘူးလား ဘာလဲ ခုနကလို အစခံချင်လို့လား "

" ငါ့ကို မလာအောင် ရင့်ရင့်သီးသီးတွေပြောနေတာ မဟုတ်လား. . . ငါ နင်ဝမ်းသာရအောင် အမှုကိစ္စအကြောင်းလာပြောတာ "

ကက မျက်နှာကိုအနည်းငယ် လျှော့ချကာ ရှေ့တိုးလာ

" ဘာမှပြောမနေနဲ့တော့ ရဲရဲ ဒီကိစ္စဖေဖေနဲ့ ဘာမှမဆိုင်တော့ဘူးဆိုရင် ငါကျေနပ်တယ် ငါက အစကတည်းက လူကောင်း မဟုတ်တာ ထောင်ကျတာမဆန်းပါဘူး. . . အမှုကိစ္စလျှော့တာ တင်းတာငါဘာမှ မသိချင်ဘူး "

" ဒါပေမဲ့ ငါတို့ကတော့ အမှန်အတိုင်းဖြစ်အောင် ကြိုးစားကြမှာပဲ. . . "

" ပြန်တော့. . . "

သူ့နောက်ကနေ အာသာငမ်းငမ်းကြည့်နေကြမည့် မျက်လုံးရိုင်းတွေကို လှည့်မကြည့်ဘဲသိနေသဖြင့် ရဲရဲကို အတင်းနှင်ထုတ်နေမိသည်။

ဒီနေရာဟာ ရဲရဲလို ဖြူစင်လှပသည့် ဆရာဝန်မလေးတစ်ယောက် ခြေချအပ်သည့်နေရာမဟုတ်၊

ဒါကြောင့် သူရဲရဲ မျက်နှာလေးကို ငေးနေချင်ပေမယ့် မကြည့်





အောင် မျက်နှာကိုတင်းထားရသည်။

ရဲရဲလှည့်ပြန်သွားစေလောက်သည့်စကားတွေနဲ့ ပစ်ပေါက်မိသည်။

ဒါတွေကို ရဲရဲကလည်း နာလည်နေပြန်ကာ ဘာကိုမှဂရုမစိုက်နေပြန်၏။

" ကက ငါသွားတော့မယ် "

" အင်း. . . နေဦး. . . မေမေ နေကောင်းရဲ့လား "

" အန်တီနှင်းက နေကောင်းပါတယ်. . . အန်ကယ် "

" ဟင်. . . ဖေဖေ ဘာဖြစ်လို့လဲ . . . "

" ဟို ဘာမှတော့မဖြစ်ပါဘူး. . . သူလည်းမိဘပဲဟာ နင့်အတွက် စိတ်ဆင်းရဲရှာတာပေါ့. . . ကက. . . နင် . . . ပါးသိုင်းမွှေးတွေ နှုတ်ခမ်းမွှေးတွေရိတ်ပစ်နော်. . . လူဆိုးပုံကြီးဖြစ်မသွားစေနဲ့. . . [illegible]ဟိုမှာ စီစဉ်ပေးထားခဲ့တယ်. . . "

မျက်လုံးချင်းဆိုင်သွားတော့ အတန်ကြာမလွှဲဖယ်ဖြစ်ဘဲရှိကြ[illegible] ရဲရဲက ဝေ့တက်လာသည့် မျက်ရည်စလေးတွေကို မျက်တောင်ရှည်များနှင့် ပုတ်ခတ်တားဆီးရင်း ညင်သာစွာကျောခိုင်းထွက်ခွာခဲ့လေသည်။

ကကရယ် နင့်ကိုငါ မမြင်ရက်လိုက်တာဟာ. . .

ဒီဘက်လှည့်ပြီးမှ မျက်ရည်စက်လေးပေါက်ခနဲ ကြွေဆင်းသွား[illegible]

❀ ❀ ❀ ❀ ❀

## အခန်း (၁၄)

" ကျုပ်. . . ကျုပ်မနေရတော့ပါဘူး. . . ကျုပ်မသေခင် ကျုပ်ရဲ့ မကောင်းမှုတစ်ခု ဝန်ခံခွင့်ပြုပါ. . . ထုတ်. . . ထုတ်ဖော်ခွင့် ပြုကြပါ. . . "

" ပြောပါ ဦးလှမင်း ဒီမှာ ခင်ဗျားရဲ့ သမီးလည်းရှိနေပါတယ် မှာချင်တာကိုမှာပါ "

ဆရာဝန်တွေကနောက်ဆုတ်ပေး၏။ ဦးလှမင်းရဲ့သမီး နေခြည် မင်းက မျက်ရည်အရွဲသားနှင့် အဖေနားတိုးလာသည်။

" သ. . . သမီး. . . "

" အဖေ. . . "

" အ. . . အဖေ မိုက်မဲလို့ သမီးလေးတစ်ကောင်ကြွက်ဖြစ် ရပြီ မုံရွာက သမီးရဲ့ အဒေါ်ဆီသွား. . . "

ဦးလှမင်း အမောဖောက်နေပါပြီ။

" စကားတွေသိပ်မပြောပါနဲ့ အဖေရယ်. . . အဖေ ဘာမှ မဖြစ်ရဘူး အဖေမရှိရင် သမီးဘဝရေစုန်မျောပြီပေါ့. . . အဖေ မသေ ရဘူး "





နေခြည်မင်း တရှိုက်ရှိုက်ငို၍ ဦးလှမင်းရဲ့လက်ဖဝါးတွေကို ဆုပ် ကိုင်ထား၏။

ဦးလှမင်း ရင်ဘက်ကြီးတလှိုက်လှိုက်မောက်ကြွရင်း အသက် ကို မောပန်းစွာ ရှုရှိုက်နေရ၏။

" သ. . . သမီး "

" အဖေ "

" အဖေ လူတစ်ယောက်ကို ဘဝပျက်အောင် လုပ်ခဲ့မိတယ် ကကယ်တော့ သူ. . . သူဟာ အဖေ့လို လောင်းကစားသမားမဟုတ် ဘူး မိသားစုအပေါ်တာ. . . တာဝန်ကျေ. . . တဲ့. . . သူ. . . သူ့ သားဟာလည်း သမီးအစ်ကိုလိုမဟုတ်ဘဲ. . . မိ. . . မိဘကို. . သိတတ်. . . အ. . . "

" အဖေ အဖေ စကားတွေသိပ်မပြောပါနဲ့ဆို အဖေ ရယ်. . . ဟင့် "

" သူပြောချင်တာတွေပြောပါစေ ညီမရယ်. . . သူစိတ်ချမ်း သာပါစေ. . . "

အနားက သူနာပြုဆရာမလေးတစ်ယောက်က ဦးလှမင်းရဲ့ နောက်ဆုံးအချိန်ဆိုတာကို သိစေခြင်းဖြင့် ခွင့်ပြုပေးဖို့ပြောသည်။

နေခြည်မင်း ဘာမှမပြောသာတော့. . .

" ခု. . . ခု သူတို့ကို အဖေတို့ လုပ်ကြံမိလို့ သ. . . သမီး အကို. . . ထောင်ကျသွားတယ် ဒါကိုမမှတ်ဘဲ ဖေဖေထပ်ပြီးမိုက်မိလို့ သမီးရဲ့ အမနဲ့ မောင်လေး. . . "

ဦးလှမင်းကော့ခနဲထိုးတက်ကာ မျက်ရည်တွေမျက်ဝန်းထောင့်

မှ ဆင်းကျလာ၏။

" တောက် ငါ့သားကို သူတို့လာတရားပြန်စွဲသတဲ့လား တွေ့ မယ် သင်းကို ငါက ထောင်ကျအောင် ပြန်ချရဦးမှာပေါ့ "

လူချင်းမတွေ့ဆုံမိအောင် ပုဆိုးခြုံထဲကနေ၍ ဦးလှမင်းကြံစည်ခဲ့သည်။

ဦးရာဇာကျော် ကုမ္ပဏီက အပြန်မှာပစ္စည်းထုတ်ပါသွား အောင် စနစ်တကျစီစဉ်ပြီး ရဲကိုအကြောင်းကြားခဲ့၏။

ပစ္စည်းကတော့ လက်ပူးလက်ကြပ်မိသွားပါသည်။ သို့သော်

သူဖြစ်စေချင်သလို ဦးရာဇာကျော်မကျဘဲ သားဖြစ်သူက ခါးစာခံလုပ်သွားသဖြင့် ဒုတိယအကြိမ်လွဲချော်ခဲ့ရပြန်သည်။

ဒါပေမဲ့ ဦးရာဇာကျော်က ရောဂါသည်မို့ ဒီစိတ်နဲ့ပဲသေမည်မှာ သေချာသလောက်ရှိနေတော့ သူကျေနပ်ခဲ့သေးသည်။

ဝမ်းနည်းစရာဖြစ်ခဲ့ရသည်က ထိုနေ့မှ ငါးရက်မြောက်နေ့တွင် သူ့သမီးကြီးက ချစ်သူဆေးသမားနှင့် ပူးပေါင်းမိသဖြင့် ပစ္စည်းနဲ့လူ လက်ပူးလက်ကြပ် အဖမ်းခံလိုက်ရသည်။

ဒါကို စိတ်ပူပန်ကာ မအေလုပ်သူက စခန်းကိုချက်ချင်းလိုက်သည်။

လမ်းမှာကားအက်ဆီးဒင့်ဖြစ်ကာ ပွဲချင်းပြီးဆုံးခဲ့၏။

သူ့မှာ လောင်းကစားကြွေးတွေ ကျန်ခဲ့သည်။

ကုမ္ပဏီကို ပြန်လျော်ရမည့်ငွေက ရက်လွန်နေပြီ။

ဤမှာပင် လောင်းကစားသမားတွေက သူ့ဆီက ရမည့်ငွေကို လည်ပင်းညှစ်တောင်းလာသဖြင့် ညစ်မဲမဲကာ ကိုယ့်အိမ်ထဲမှာကိုယ်





ချန်ပွဲအကြီးအကျယ်ဖြစ်လျက် အခု သူဒဏ်ရာအပြင်းအထန်နှင့် ဆေးရုံရောက်ခဲ့ရသည်။

ရင်ဝ နှလုံး နံကြား သုံးနေရာမှာ ဓါးချက်တွေမိထားသဖြင့် သူ့မှာ ရှင်သန်ခွင့်မရှိတော့ဘူးဆိုတာ ဆရာဝန်တွေ မဆုံးဖြတ်ခင်ကတည်းက သိနှင့်ပြီးသားဖြစ်၏။

သူနောက်ဆုံငင်နေမိသည်က အပျိုပေါက်အရွယ်လေးနှင့် တစ်ကောင်ကြွက်ကျန်ခဲ့မည့် သမီးနေခြည်မင်းနဲ့ သူ့ရဲ့ မကောင်းမှုနောင်တ. . .

''သမီးရယ်. . . အဖေ သူများမိသားစုပြိုကွဲအောင်ပြုမိလို့. . . အခု. . . လို. . . ဖြစ် ''

" အဖေ. . . "

" အဖေ မရှိတော့ရင် သမီးဦးရာဇာကျော်. . . အဖေလုပ်တဲ့ကုမ္ပဏီက အဖေ့အထက်လူကြီး. . . သူ့. . . သူ့ကို အဖေရဲ့ ဒိုင်ယာရီကိုပေး. . . ပေးပြီး. . . သမီးကိုယ်တိုင် အဖေ့ရဲ့မကောင်းမှုကို ဝန်ခံ အဖေ့ကိုယ်စားတောင်း. . . တောင်းပန်. . . အင့် "

" အဖေ. . . အဖေ . . . "

နေခြည်မင်းရဲ့ငိုရှိုက်သံက ကြားရသူအပေါင်းကို စိတ်မချမ်းမြေ့ဖွယ်ဖြစ်လာလေသည်။သို့သော် ရဲရဲ ငိုသံကိုမကြားဘဲ ဦးလှမင်းရဲ့ ဝန်ခံချက်တွေကိုသာ အံ့ဩမှင်တက်မိနေမိသည်။

ဦးရာဇာကျော်တို့မိသားစုအတွက် အဓိကတရားခံကိုသိရလေပြီ. . . သို့သော် အမှုက စီရင်ချက်ချတော့မည်။

သူမ မီပါဦးမည်လား. . .

❀ ❀ ❀ ❀ ❀

# အခန်း (၁၅)

ရှေ့ဆုံးကဝင်လာသူက မိုးမခ နောက်က ဒေါ်နှင်းပုလဲ နောက်မှာ ရဲရဲ သူ့နောက်မှာမှ ဦးမင်းခေါင်။

အားလုံး မျက်နှာတွေက ပြုံတော့မယ့်မိုးလို ညှိုမှောင်နေကြသည်။

ဒေါ်နှင်းပုလဲမျက်နှာမှာက မျက်ရည်တွေနှင့်. . .

ဦးရာဇာကျော် မေးမည့်စကားလုံးတွေထွက်ကျမလာနိုင်ဘဲ ဒူးတွေချောင်ကာ ညွှတ်ကျချင်လာ၏။

" သား. . . ငါ့သား ဘယ်မှာလဲ. . . ကက မလွတ်ဘူးလား ဟင်. . . "

" ဘယ်လွတ်မလဲ ဖေဖေ. . . ဒါမျိုးက ပစ္စည်းနဲ့လက်ပူး လက်ကြပ်မိပြီးရင် လွတ်ဖို့လွယ်တာမှ မဟုတ်တာ ပြီးတော့ သူကဝန် ခံထားတာ. . . "

" ဟင်. . . ဘယ်လို. . . ဒီကိစ္စ သူနဲ့ဘာမှမဆိုင်ဘူးဆို တာ အခု ပေါ်သွားပြီပဲ နေခြည်ဆိုတဲ့ကောင်မလေးနဲ့ ဒိုင်ယာရီစာအုပ်က အရာမရောက်ဘူးတဲ့လား "





" စီရင်ချက်ချမယ့်နေ့မှ ဘယ်လိုလုပ်တင်တော့မလဲ ဖေဖေ . . . ဒါပေမဲ့ ကျွန်တော်တင်ပေးမှာပါ. . . ဒါတွေကို ခိုင်ခိုင်လုံလုံ သပ်တင်နိုင်ရင် နှစ်နှစ်သုံးနှစ်လောက်နဲ့ သူလွတ်နိုင်မှာပါ. . . "

" ဘာ. . . နှစ်နှစ် သုံးနှစ် ဟုတ်လား. . . မင်း. . . "

ဦးရာဇာကျော် တုန်ယင်သောလက်များနှင့် ခခပခုံးကို ဆွမ်းဆုပ်ကာ ဒေါသတကြီးထိုးချလိုက်၏။

ခခက ဦးရာဇာကျော်၏လက်သီးကို ခပ်ဆတ်ဆတ်ပုတ်ချပစ် လိုက်ပြီး

" ဘာလုပ်တာလဲ ဖေဖေ. . . "

" အို. . . အဖေကြီး "

လူက ခနော်ခနဲ့မို့ မိုးမခ ပုတ်ချလိုက်သည့်အရှိန်နှင့် ဦးရာဇာ ကျော် ယိမ်းယိုင်သွားသဖြင့် ဒေါ်နှင်းပုလဲက ပြေးတွဲလိုက်ရသည်။

" ဩော်. . . မင်း. . . မင်းက . . . "

နှာကျင်ကြေကွဲသော ဦးရာဇာကျော် မျက်ဝန်းတွေက ဆွေးမြေ့နေ၏။

" မဟုတ်ဘူးဖေဖေ. . . ဖေဖေ ကျွန်တော့်ကိုဘာဖြစ်လို့ ထိုး တာလဲ ကျွန်တော်က ဖေဖေ ထိုးကြိတ်ဆုံးမရလောက်အောင် ဆိုးသွမ်း နေတဲ့သူမှ မဟုတ်ဘဲ "

" ဟုတ်ပါတယ် ငါ. . . ငါမှားသွားတယ် မင်းလိုလူကို ငါ ဒီလိုမလုပ်သင့်ဘူးဆိုတာ မေ့သွားတာပါ. . . "

ဦးရာဇာကျော်အသံတို့က တစစီပြိုကျလာသည့် အုတ်ကျိုးပိုင်း အစများသဖွယ်. . .

" မင်းက အဖေကိုတောင် ပစ်ပစ်ခါခါပုတ်ချတာယ်ပေါ့· မင်းမှာ ရာထူးဂုဏ်ဒြပ်ရှိသွားတာနဲ့ ငါတို့ကဆုံးမခွင့်မရှိတော့ဘူးပေါ့. . . ဟုတ်လား ခခ မင်းငါ့ကို ပြောစမ်းပါဦး "

" မဟုတ်ပါဘူး မေမေရာ. . . ဖေဖေ ကျွန်တော့်ကို ဒီလို ပေါက်ကွဲဖို့မှ မလိုတာ ကျွန်တော်ခံယူချက်က မိဘတွတ်တစ်ချက်မတင် ရဘဲ ကိုယ့်ကိုယ်ကိုကောင်းအောင် ကြိုးစားနိုင်ခဲ့တဲ့သားလိမ္မာ ဘဝ ရဖို့ပါ ကျွန်တော်ကိုယ်တိုင်လည်း ကောင်းအောင်နေခဲ့တာပဲ ကျွန်တော့် ကြောင့် ဖေဖေတို့ သိက္ခာကျအရှက်ရဖူးတာရှိလား "

မိုးမခက စကားတွေတတ်နေသည် သူကပြောနိုင်ပြီကိုး။

"ကျွန်တော် ကောင်းအောင်နေခဲ့ရက်နဲ့တော့ အထိုးအကြိတ် မခံနိုင်ဘူး မေမေ အပြစ်ရှိရင် အရင်ထောက်ပြပါ "

" မင်းလို အစ်ကိုတစ်ယောက်ရှိရက်နဲ့ မင်းရဲ့ညီထောင်ကျရ တယ်ဆိုတာအပြစ်ပဲ. . . မေမေတို့က မင်းကိုရာထူးနဲ့ ဖိခိုင်းတာမဟုတ် ပါဘူး ဒါပေမဲ့ အမှန်တရားပေါ်ပေါက်ဖို့ မင်းဘက်ကကြိုးစားပေးလို့ ရတယ်. . . အမှုမှန်ပေါ်ပေါက်ဖို့အတွက် စီရင်ချက်ရက်ရွှေ့ဖို့ မင်းဦး တိုက်လျှောက်လို့ရနိုင်ပါတယ် "

" ဒီကေ့စ်ကို အစကတည်းက ကျွန်တော်ဝင်ခဲ့တာမှ မဟုတ် တာ မေမေတို့ရဲ့ရှေ့နေတွေလည်း ကြိုးစားကြတာပဲ ဒါပေမဲ့ နောက်ကျ ကုန်တာ ဘယ်သူမှ မတတ်နိုင်ဘူးလေ မေမေတို့ ဒီကိစ္စနဲ့ပတ်သက် ပြီး ကျွန်တော့်ကို မကျေနပ်ဘူးဆိုရင်တော့ ကျွန်တော်ဘာမှ မတတ်နိုင် ဘူး. . . "

" တော်ပါ. . . တော်ကြပါတော့ အမေကြီး ငါ့ကို အိပ်ရာထဲ





လိုက်ပို့ပေးစမ်း "

" ရှင်. . . ဟုတ်ကဲ့ "

" သမီးတွဲပေးမယ်. . . "

ရဲရဲက ကပျာကယာပြေးတွဲပေးသည်။

အရွယ်အိုမိဘနှစ်ပါးရဲ့မျက်ရည်စကို မိုးမခ ဆတ်ခနဲကျောခိုင်း ပစ်လျက် ရေခဲလွှာပါးပါးလွှမ်းခြုံထားသည့် သူ့မျက်ဝန်းများက နံရံမှာ ခန့်ညားစွာရှိနေသည့် သူ့ရဲ့ ဘွဲ့ရဓါတ်ပုံကြီးဆီမှာ. . .

လောကကြီးမှာ အလွယ်တကူဖြစ်လို့ရတာ ဘာရှိလို့လဲ. . .

လူတွေကိုက ခက်တာ. . .

❀ ❀ ❀ ❀ ❀

# အခန်း (၁၆)

" အဖေကြီး အိပ်လို့မပျော်ဘူးလားဟင် ဆရာဝန်ပြောခဲ့တဲ့ ဒီဆေးလေးထပ်သောက်လိုက်ပါလား "

ဦးရာဇာကျော်မျက်လုံးအကြောင်သားနှင့် အဝေးဆီမှ ကြက်တွန် သံသဲ့သဲ့ကို နားထောင်နေမိသည်။ ဒါပေမဲ့ ကြက်တွန်သံကို ကြားရမည့် အစား ကကရဲ့ စကားတွေကိုသာကြားယောင်နေခဲ့သည်။

ပြီးတော့ သူကိုယ်တိုင် လက်ညှိုးငေါက်ငေါက်ထိုးပြောဆိုခဲ့သည်။

" မိဘဆီပိုက်ဆံတောင်း ဗိုက်ဆာတော့ပြန်စား အိမ်မှာမိဘ ဘာအားကိုးရသလဲ "

" နာမည်ကျတော့ ကထိကတဲ့. . . လူကန္တားကျောင်းသား လောက်တောင် လက်ကြောမတင်းဘူး "

" အထက်လူကိုဖားဖို့ ကျွန်တော်ဝါသနာမပါဘူး ဖေဖေ အိမ် မှာတောင် ဖေဖေတို့ ကျွန်တော့်ကိုနားမလည်ကြတာ. . . "

" ကျွန်တော် ဘာဖြစ်မှုကျူးလွန်ခဲ့လို့လဲ ဖေဖေ ကျွန်တော် က စခဲ့တာ ဘာမှမရှိဘူး . . . "





" ငါ့သားကြီးကြောင့် ငါ့မှာ ဂုဏ်တက်ရတယ် စိတ်ချမ်းသာ ရတယ် မင်းကြောင့် ငါတို့သိက္ခာကျအရှက်ရ အလကားကောင် "

" အလကားကောင် "

" အလကားကောင်. . . "

" အလကားကောင်. . . "

" သား. . . "

ဦးရာဇာကျော် တစ်ကိုယ်လုံးတုန်ယင်လာကာ 'သား' တစ်လုံး ကို အလဲလဲအပြိုပြိုထွက်လေသည်။

အနားမှာ ဒေါ်နှင်းပုလဲရှိတာကိုလည်းသတိမရ မနက်သုံးနာရီ တိတိ နာရီထိုးသွားသံကိုကော အရာအားလုံးကိုပါ သူသတိမရ တော့. . .

ခုလောက်ဆို ငါ့သားဟာ ထောင်ထဲမှာ ပိုးစိုးပက်စက် အိပ်နေ ရရှာတော့မည်။ တကယ်ဆို အဲဒီနေရာမှာ ငါရှိရမှာ. . .

လုပ်တဲ့လူက ငါ့ကိုဆင်းရဲစေချင်လို့ ငါ့ကိုကြံစည်တာ. . .

ငါ့သားက ငါ့အတွက် ဝင်ခံသွားတာပဲ. . .

" လူမိုက်. . . "

ခွပ်ခနဲသူထိုးချလိုက်သည့် လက်သီးချက်ကို ပြန်တွေးမိတိုင်း ထိုလက်သီးချက်ဟာ သူ့နှလုံးသားကို အရှိန်ပြင်းစွာပစ်ဆောင့်ခံလိုက်ရ သည့်နှယ်။

မသိသားဆိုးဝါးစွာအခံရှိခဲ့သော အထင်သေးစိတ်နှင့် သူထိုး ချလိုက်တာကိုတောင် သည်းခံခေါင်းငုံ့သွားခဲ့ရှာသည်. . .

ဦးရာဇာကျော် မွန်းကျပ်တစ်ဆို့လာသည့်ရင်ထဲက အပူလှိုင်း

တို့ကို မျက်လုံးများမှိတ်၍ ခုခံချေဖျက်နေရင်း မျက်ဝန်းထောင့်မှ မျက်ရည်တွေ ကျလာသည်။

" အဖေကြီးရယ် ရှင်ဒီလိုပဲတမြေ့မြေ့ခံစားပြီး ကိုယ့်ကိုယ်ကို နှိပ်စက်နေတော့မှာလားဟင်. . . ကျွန်မလည်းအမေပါ သားကိုမွေးထားတဲ့အမေပါရှင်. . . ကျွန်မလည်းမခံစားရဘဲနေပါ့မလား ဒါပေမဲ့ ဘာမှ ပြန်တောင်းယူလို့ရတဲ့အရာတွေ မဟုတ်ဘူးဆိုတာတွေးပြီး ဖြေနေရတယ် "

" မင်းဖြေလို့ရပေမယ့် ငါမဖြေနိုင်ဘူးနှင်း မင်းက သားကို နားလည်ဖေးမခဲ့တဲ့သူ. . . သားရဲ့ဆိုးလွန်းပါတယ်ဆိုတာတွေအားလုံးကို ခွင့်လွှတ်မြတ်နိုးခဲ့တဲ့သူ မင်းမှာဒဏ်ရာမကျန်ခဲ့နိုင်ပါဘူးကွာ. . . ငါကတော့ သားကိုဘယ်တုန်းကမှ အကောင်းမမြင် ရက်စက်ခဲ့တဲ့သူပါ. . "

" မဟုတ်သေးပါဘူး အဖေကြီးရဲ့ဒေါသတွေအားလုံးဟာ ကရုဏာတွေပါ ဒါကိုသားလေးလည်းခံစားမိတယ် ဒါကြောင့် ခုလို သူ့အနစ်နာခံသွားတာပေါ့. . . မေတ္တာရောင်ပြန်ဟပ်တာပါ အဖေကြီးရယ် ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို ရှင်နှိပ်စက်ချင်ရတာလဲ "

ဦးရာဇာကျော် အံကြိတ်ခေါင်းခါနေဆဲ

" မဟုတ်ဘူး ငါ့သားက ငါ့ကိုပိုချစ်တာ ငါ့ထက်ပိုပြီး သဘော ထားကြီးသွားတာ ငါလိုအဖေမျိုးအတွက် သူဒီလိုအနစ်နာမခံသင့်ဘဲ ခံသွားရတာ ငါ့သားသိပ်နစ်နာသွားပြီ. . . "

" အဲဒီ အဖေကြီးက ကိုယ့်ကိုယ်ကို ပြန်နှိပ်စက်နေတာ သားကို စခန်းကဖမ်းသွားတဲ့နေ့ကတည်းက ဒီခြံနဲ့တိုက်ကိုအဖေကြီး



ဘာလုပ်ဖို့သွားပေါင်ခဲ့တာလဲ. . . "

" ဟင်. . . "

ဦးရာဇာကျော် ဒေါ်နှင်းပုလဲကို မျက်လုံးပြူးများနှင့်ကြည့်၏။

" ဟုတ်တယ် အဲဒီနေ့စွဲနဲ့ စာချုပ်ကို မနေ့ညကမှ ကျွန်မ တွေ့ခဲ့တာပါ ဒီငွေတွေကို ရှေ့ရေးနောက်ရေးမတွေးနိုင်ဘဲ သားငယ်ရဲ့ အမှုအတွက် ရှင် ပုံအောသုံးခဲ့တာက ဒေါသတွေနဲ့လား မုန်းလို့ပဲလား ဒီအမှုကို သားကျူးလွန်ခဲ့တယ်လို့ ထင်နေလျက်နဲ့ သားလွတ်မြောက်ဖို့ ကြိုးပမ်းခဲ့တာ ရှင့်ရင်ထဲက သိပ်ကိုကြီးမားတဲ့ ဖခင်တစ်ယောက်ရဲ့ မေတ္တာတွေ မဟုတ်ဘူးလား ဟင် "

လက်ကိုဆုပ်ကိုင်ထားသည့် ဒေါ်နှင်းပုလဲလက်ကိုထပ်၍ ဦးရာဇာကျော် ခေါင်းညိတ်ရှာသည်။

" ဟုတ်တယ်. . . မင်းစကားတွေကြောင့် ငါစိတ်ချမ်းသာသွားတယ် ကျေးဇူးတင်တယ် နှင်းရယ်. . . "

ဦးရာဇာကျော်က သားတွေကွယ်လျှင် တခါတခါတော့ နှင်းလို့ ပဲခေါ်တတ်ပါ၏။

နှင်းပုလဲဆိုသည့်အတိုင်း ပုလဲလေးသဖွယ် ဒီဇနီးကိုခြေမွေးမီးမလောင် လက်မွေးမီးမလောင်ထားခဲ့သည်။

သားတွေကိုလည်း တယုတယကျွေးမွေးခဲ့ပါ၏။

ပျော်စရာဆိုအတူခံစား၍ စိတ်ညစ်စရာဆို ဖုံး ွယ်ဝှက်ကာ သူတစ်ယောက်တည်း ကြိတ်မှိတ်ခံစားချင်သည်။

သူဟာ သားမယားကို ဘဝနဲ့ပုံ၍ ချစ်ခဲ့လေသည်။

စီးပွားရေးကျဆင်းလာတော့ ဒီသားတွေနဲ့ ဒီမယားဆင်းရဲ

ပင်ပန်းမှာအကြောက်ကြီး ကြောက်ခဲ့သည်။

ဒါကြောင့် သားတွေကို ပညာတတ်ကြီးတွေဖြစ်စေချင်မိသည်

သူခံမင်ခဲ့သော စီးပွားဥစ္စာ၏ မမြဲသောသဘောတရား သိလာလေလေ သားတွေကို ပညာတတ် လူလိမ္မာလေးတွေဖြစ်စေ လေ။

ဒီကြားထဲကနေ မလိမ်မိုးမလိမ္မာဖြစ်လာခဲ့သည့် ကက သူမကျေမနပ်ဖြစ်ခဲ့သည်။

စီးပွားရေးကျဆင်းလာတော့ ဒေါသတွေပိုကြီးလာရသည်။

ဒါဟာ ပညာတတ် လူလိမ္မာဖြစ်စေချင်လွန်းသော စေတ တွေပါ။

" ပြန်တွေးပြီးဖြေပါ အဖေကြီးရယ် သားအတွက် ရှင်အမှ ကြီး တာဝန်ကျေခဲ့တာပါ ပြီးတော့ သားထောင်ကျသွားတာ ငါးနှစ် ပေမယ့် သားကြီးကသက်သေတွေနဲ့ ထုချေလွှာတပ်တင်ပေးရ တစ်နှစ် နှစ်နှစ်နဲ့ လွတ်နိုင်သေးတယ်. . . "

" အဲဒီ တစ်နှစ် နှစ်နှစ်အပြီးမှာ ထောင်ထွက်ဆိုတဲ့ အမည် စက်ထဲက ငါ့သားရုန်းထွက်နိုင်တော့မှာ မဟုတ်ဘူး နဂိုကတည်းက မာကျောခဲ့တဲ့သူ့စိတ်ကို ထောင်က အရောင်ဆိုးပေးတော့မယ် ငါ့သား စိတ်တွေ ထောင်ကထွက်လာတဲ့အချိန်မှာ ဘယ်လောက်ထိ အပိုင်းပိုင် ကျေလာမယ်ဆိုတာ ဘယ်သူမှ မခန့်မှန်းနိုင်တော့ ဘူး. . . "

ဦးရာဇာကျော် မျက်ရည်တွေဝေ့နေဆဲ. . .

စောစာကကြည်လင်လာသည့် မျက်နှာဟာ ပြို့တော့မည့်မိုး ကဲ့သို့ပြန်လည်ညှိုမှောင်လာ၏။





" နှင်း "

" ရှင်. . . "

" သစ်ပင်အောက်မှာထီးဆောင်းပါ နေပူပူမှာ ထီးရုပ်ပါ. . "

ဒေါ်နှင်းပုလဲ ဒုံးဝေးတဲ့သူ မဟုတ်ပါ ဦးရာဇာကျော်ဘာကိုဆိုလို န်းသူမသိသည်။

ဦးရာဇာကျော်က မျက်နှာကျက်သို့ စူးစိုက်ကြည့်ရင်း ဆက် ပြောနေ၏။

" မြေပြင်မှာဖိနပ်ချွတ်ပြီး ရေပြင်ကိုဖြတ်မှ ဖိနပ်စီးပါ ငါဆို တာကို မင်းနားလည်ရဲ့လား အမေကြီး. . . "

" ကျွန်မနားလည်တယ် ရှင်ဒီစကားတွေကို ဘာဖြစ်လို့ပြော နေရတာလဲ အဖေကြီးရယ်. . . "

" တော်ကြာဟာ အခုမဟုတ်သလို မနက်ဖြန်ဟာလည်း ဒီနေ့ ပြန်ဖြစ်လာမှာ မဟုတ်ဘူးလေ ငါ အခု စကားပြောနိုင် နိုင်ပေမယ့် မပြောနိုင် မဝိုနိုင်ဖြစ်မသွားဘူးလို့ ဘယ်သူအာမခံနိုင်မှာလဲ သေရမှာကို မကြောက်ပါဘူး။ ဒါပေမဲ့ င်းကိုပူတယ်. . . ထောင်ကထွက်လာမယ့် ငါ့သားကို စိုးရိမ်တယ် ပ်ကိုနုနယ်အားငယ်တတ်တဲ့ မိခင်တစ်ယောက်နဲ့ မှန်တယ်ထင်ရင် စက်ထဲကိုပြေးဝင်ရဲတဲ့ သားတစ်ယောက်ရဲ့အနာဂတ်ကို စိတ်မချနိုင် ဘူး အမေကြီးရယ်. . . "

ဦးရာဇာကျော်က ဒေါ်နှင်းပုလဲကို ညီမငယ်လေးတစ်ယောက် ဖွယ် သနားကြင်နာစွာလှမ်းကြည့်သည်။

" အိမ်နဲ့တိုက်ကိုပေါင်ခဲ့ပြီးပြီ အိမ်ထဲကအိမ်ပြင်မထွက်ခဲ့ဘူး

တဲ့ မင်းလိုမိန်းမတစ်ယောက်အနေနဲ့ ဒါတွေကိုပြန်လည်ဖေါ်ထုတ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး၊ လုပ်ငန်းထဲမှာလည်း ကိုယ့်ရှယ်ယာကျန်နေပြီ. . . မင်းဟာ ထီးရိပ်အောက်မှာနေပြီး နေလောင်ခံရတော့မယ် အမေကြီး ''

'' မပူပါနဲ့ အဖေကြီးရယ်. . . ဆင်ကျုံ့တော့ကျွဲပေါ့. . . နေရိပ်ကပူပြီး နေပူကအေးတယ်ဆိုတာ ရှင်ကောကျွန်မပါသိရပြီပဲ သား ကြီးကို ကျွန်မအားမကိုးတော့ပါဘူး သားငယ်ပြန်ရောက်လာတဲ့ အခါ ကျွန်မတို့မိသားစုတွေ စည်းလုံးဖို့ ကျွန်မကြိုးစားပါမယ့် သူကိုခေါ်မယ် မပါချင်တဲ့သူကိုထားခဲ့မယ် အဖေကြီးရယ် မေတ္တာတရားကို တောင့်တ တိုင်းမရနိုင်ဘူး မွေးမြူတိုင်းမသန့်စင်ဘူး ကျွန်မဒါကို နားလည်လာပြီ ''

ဦးရာဇကျော် ခေါင်းညိတ်၍ မျက်ဝန်းတွေအသာမှိတ်သွားခေါ်

မစားနိုင်မအိပ်နိုင် ချုံးချုံးကျကာ ပိန်လှီသွားသည့် ဦးရာဇကျော် ရုပ်ရည်က မျက်တွင်းဟောက်ပက်နှင့် မှတ်မိချင်စရာပင်မရှိ. . .

ဒေါ်နှင်းပုလဲ ကြွေကွဲမျက်ရည်စက်တို့က ပိုးပိုးပေါက်ပေါက် ကျနေသည်သာ။

'' ကျွန်မ အဖေကြီးအတွက်မနက်စာ သွားလုပ်လိုက်ဦးမယ်. . . အသာလေးမှိန်းပြီး အိပ်ပျော်အောင် အိပ်နော် ''

'' အင်း. . . ''

ဒေါ်နှင်းပုလဲ ဦးရာဇာကျော်ကို ရင်ဘက်ထိစောင်ဆွဲခြုံပေးပြီး အကြာကြီး ငေးကြည့်နေမိသေးသည်။

မိသားစုအပေါ်လွန်စွာမှ တာဝန်ကျေခဲ့မေတ္တာထားခဲ့သော





ဟာတံတိုင်းနှင့်တူသည့် ယောကျ်ား။
သူမဘဝအတွက် နှင်းကွဲနေခြည်ပါ။
ထိုယောကျ်ားကိုသာ သူမဆုံးရှုံးလိုက်ရပါလျှင်။

❀ ❀ ❀ ❀ ❀

# အခန်း (၁၇)

အန်တီနှင်း. . . အန်တီနှင်း သတိထားလေ. . . ဖေဖေ အန်တီနှင်းကိုကြည့်ပါဦး ''

'' မနှင်း. . . မနှင်း . . . ''

အမျိုးမျိုးနှိပ်ကြနှိုးကြနှင့် ဒေါ်နှင်းပုလဲ သတိပြန်လည်လာသည်။

သူမမျက်နှာပေါ်ကို ငုံ့မိုး၍ ကြည့်နေသည့် ဦးရာဇာကျော်မျက်လုံးကိုမြင်လျှင် ဝမ်းသာအားရကျူးထလိုက်၍

'' အဖေကြီး အဖေကြီး ဘာမှမဖြစ်ဘူးနော် ''

'' မနှင်း သတိထားလေဗျာ သောကဖြစ်တာလည်းဖြစ်ပေါ့ တရားလက်လွတ်မဖြစ်မိပါစေနဲ့. . . ''

'' ဟင်. . . ''

ဦးရာဇာကျော်မျက်နှာမဟုတ်တော့ဘဲ ဦးမင်းခေါင်ဖြစ်နေမှန်းသိလျှင် ဒေါ်နှင်းပုလဲ မျက်နှာညှိုခနဲဖြစ်ကာ တရှိုက်ရှိုက်ငိုလေသည်။

'' ဟုတ်တယ် ကျွန်မသိပါတယ် ဒါပေမဲ့ ဖြေလို့မရဘူး။ ကိုမင်း ခေါင်ရယ် တစ်ညလုံးကျွန်မသူ့ဘေးမှာထိုင်စောင့်နေတာပါ





...တစ်စက်မှ မအိပ်ဘဲခဏခဏမျက်ရည်ကျတယ်၊ သူ့သားအတွက် ...လုံးကွဲအောင် ခံစားနေရမှန်းသိလို့ ကျွန်မ သူ့ဘေးက ဘယ်မှမသွား ... အားပေးစကားတွေ ပြောနေခဲ့တယ် ဆေးတိုက်ပေး နှိပ်ပေး ...လုံးအကောင်း အတိုင်းပါပဲရှင် ကျွန်မစွပ်ပြုတ်လေးတစ်အိုးသွား ...ည့်ပြီး ပြန်လာတော့ သူအသက်မရှိတော့ဘူး ကျွန်မဘယ်လိုယုံရမလဲ ...ကျွန်မကိုထာဝရ ခွဲသွားပြီဆိုတာကို ဘယ်လိုလက်ခံလိုက်ရမှာ ... . . ''

'' အဲဒါက သူဟာ အသိတရားတစ်ခုနဲ့ သူ့ရဲ့နောက်ဆုံးထွက် ...က်ကို ညင်သာစွာ ထွက်စေခဲ့တယ်ဆိုတာပြတာပဲ ''

'' ဟုတ်မှာပါ သူ. . . သူကျွန်မကို စကားတွေအများကြီး ...ပြောခဲ့တယ် မှာနေလိုက်တာတွေလည်းအစုံပါပဲ နောက်ဆုံးနှုတ်ဆက် ...သလိုပဲသိလား သူ့ကိုယ်သူသိနေရက်နဲ့ ကျွန်မထသွားတာကို ခွင့်ပြု ...ယ် သူတစ်ယောက်တည်း ဘယ်လောက်ထိခံစားပြီး ဘာတွေလိုအပ် ...ချင်း သေဆုံးခဲ့ရရှာလဲမသိဘူး အဲဒါ ကျွန်မထသွားမိလို့. . . ကျွန်မ ...ဆမိတာ. . . ဘယ်လိုမှကို ဖြေမရဘူး အား. . . မောလိုက်တာ''

'' အန်တီနှင်း သတိထားလေ ဒုက္ခပါပဲ ဖေဖေ လုပ်ပါဦး''

''သူ့ကိုဆေးရုံပို့လိုက်မှ ကောင်းမယ်ထင်တယ် ဦးမင်းခေါင်''

'' ဟုတ်တယ်ဗျာ တော်ကြာအလောင်းကိုလာသယ်တော့မှာ ...ဒါကိုမြင်ရင် သူဒုက္ခရောက်သွားနိုင်တယ် ''

ဦးရာဇာကျော်ဆုံးသွားပြီးသည်နှင့် အိမ်နီးချင်းတွေရောက်လာ ...ကြပါသည်။ အသုဘကိစ္စအတွက် အားလုံးကတိုင်ပင်စီစဉ်ပေးကြ၏။

ဦးမင်းခေါင်မှာ အသုဘကိစ္စအတွက် စီစဉ်ရ ဒေါ်နှင်းပုလဲကို

ပြေးကြည့်လိုက်ရနှင့် ဗျာများနေသည်။

စကားပြောလိုက် တက်လိုက်ဖြစ်နေသော ဒေါ်နှင်းပုလဲကို လည်း ဒီအတိုင်းဆက်ကြည့်နေလို့မဖြစ်တော့တာ သေချာသည်။

တအောင့်ကြလာလျှင် အလောင်းသယ်ဖို့ ကားရောက်လာ တော့ ည်။

ဒေါ်နှင်းပုလဲ ထိုမြင်ကွင်း ထိုအဖြစ်ကို ဘယ်လိုမှ ခံနိုင်ရည် ရှိမှာမဟုတ်. . .

ကိုယ်တိုင်ကမျက်ရည်ကျနေသဖြင့် ရဲရဲလည်း ခေါင်းတွေထူပု ကာ လူနာအဖြစ်ဆေးရုံကိုခေါ်သွားဖို့သာ စီစဉ်ရတော့သည်။

" အန်တီနှင်းကို သမီးခေါ်သွားမယ် ဖေဖေ မြင်ရတာထက် မမြင်ရတာက သူ့အတွက်ပိုကောင်းမှာ "

ဒေါ်နှင်းပုလဲကို အလောတကြီးကားပေါ်ပွေ့တင်ကာ ရဲရဲနဲ့ အဖေါ်တစ်ယောက်က ဆေးရုံကိုတန်းမောင်းသွား၏။

" သူ့သား မိုးမခကို အကြောင်းကြားပြီးပြီလား ဦးမင်း ခေါင် "

" ပြီးပြီ ခခမရှိဘူးတဲ့ နယ်ကိုခရီးထွက်သွားသတဲ့ အသုဘ ချအမီပြန်ရောက်နိုင်ဖို့ကလည်း , မလွယ်ဘူးတဲ့ဗျာ . . . "

" ဟုတ်တာပေါ့ သူ့အလုပ်က ရက်ချိန်းယူလို့ရတာမှ မဟုတ် ဘဲ "

ပတ်ဝန်းကျင်က နားလည်ပေးကြပေမယ့် သိနေသည့် ဦးမင်းခေါင်ကတော့ ပင့်သက်ရှိုက်နေမိ၏။

ဟိုတစ်ခါ ကကကြောင့်ပြဿနာတက်ပြီးကတည်းက ခခ





ရှောင်ထွက်နေခဲ့တာကြာပြီပဲ။

" ထောင်ကျသွားတဲ့ကောင်လေးဆိုတာကော သူသိသွားပြီ သား "

ဦးမင်းခေါင်တွေးတွေးဆဆလုပ်ရင်း

" အင်း. . . အဲဒါက သူ့အမေကိုမေးမှဖြစ်မယ်ဗျ မိဘလည်း ဖြစ် သေရေးရှင်ရေးလည်းဖြစ်တော့ ကျွန်တော်တို့ဆုံးဖြတ်လို့မကောင်း ဘူး "

" ဒါ ဟုတ်တယ် ဟုတ်တယ် ဒေါ်နှင်းပုလဲဆုံးဖြတ်မှဖြစ်မှာ မထူးတော့ပါဘူး အသိမပေးဘဲနေပြန်တော့လည်း မိဘရဲ့နောက်ဆုံး ခရီးဖြစ်နေတယ် အသိပေးပြန်တော့လည်း ဟိုခများလာလို့သွားလို့ မလွယ် ကူဘဲ စိတ်ဆင်းရဲတာပဲရှိမယ် "

" ဟုတ်တော့ ဟုတ်တယ် ဒါပေမဲ့ မိုးမခ ရှိရင်တော့ သူကဒုရဲအုပ်ဆိုတော့ ဒီကိစ္စဖြစ်နိုင်တယ်ဗျ. . . "

" မလွယ်ပါဘူးဗျာ ဘိန်းဖြူမှုဆိုတာ ကိုယ်ရေးကိုယ်တာ အကြောင်းနဲ့ဘယ်မှ ထုတ်မပေးဘူး အဲဒါ ကျုပ်သိတယ် "

" ဒါပေမဲ့ ခခဆိုတဲ့သူငယ်က ရိုးရိုးအရပ်သားမှမဟုတ်ဘဲ သူ အာမခံပြီး ထုတ်ရင်ဘာလို့မဖြစ်ရမှာလဲ ဒါ နာရေးပဲ. . . "

မိုးမခရှိနေလည်း ဒီကိစ္စမှာ အာမခံပေးဖို့ မသေချာဘူးဆို တာ ဦးမင်းခေါင်တွေးမိသည်။

သို့သော် စကားဝိုင်းထဲကို သူလုံးဝမပါဘဲ နေခဲ့လေသည်။

❀ ❀ ❀ ❀ ❀

## အခန်း (၁၈)

" မေမေ နေကောင်းလား. . . "

" ဩော်. . . လာလေသား. . . မေမေနေကောင်းပါတယ် သား ပျောက်နေတာကြာပြီနော် ခရီးထွက်နေတာလား "

" ဟုတ်တယ် ခုနကမှပြန်ရောက်တာ မေမေငွေလိုသေးလား လိုရင်ပြောနော် ကျွန်တော့်ဆီမှာရှိမနေလည်း ကျွန်တော့်တိုက်ခန်းမှာ မောင်အုံးရှိတယ် သူ့ဆီဖုန်းဆက်လို့ရတယ် "

ငွေလိုရင်ပြောတဲ့လား. . .

ဒေါ်နှင်းပုလဲ နွမ်းယဲ့စွာပြုံးသည်။

" ရပါတယ် သားရယ် မေမေတစ်ယောက်တည်းနေတာပဲ သိပ် မလိုအပ်ပါဘူး "

နားကြားပြင်းကာတော့ ရဲရဲ ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက် ၏။

" သမီးပြန်မယ်အန်တီ ညနေ ဆေးခန်းသွားမထိုင်ခင် လာကြည့်ပေးဦးမယ် "

" အေးပါသမီးရယ် အန်တီနေကောင်းပါတယ် တကူးတက





င်လာမနေပါနဲ့ကွယ် ရပါတယ် "

" အိမ်ချင်းကပ်နေတာပဲ အန်တီနှင်းကလည်း သွားမယ် နော် "

ရဲရဲ ထွက်သွားတော့ ခြံထဲပဲရောက်သေးသည် နောက်က ခ ပြေးလိုက်လာ၏။

" ရဲရဲ "

" ဘာလဲ "

" ဘယ်လိုဖြစ်သွားတာလဲ. . . ငါနှင့်ကိုတွေ့ချင်လို့ ခရီး ရောက်မဆိုက်ပြေးချလာတာ ကြိုဆိုပုံကယဉ်တယ် "

" အံမာ နှင့်ကိုငါက အိုးစည်ဗုံမောင်းနဲ့ ကြိုရဦးမှာလား င်ကအခု နှင့်အမေဆီလာတာ မဟုတ်ဘူးလား "

" ဟုတ်တယ်လေ ဒါပေမဲ့ နှင့်ကိုပိုသတိရတယ် "

" ဩော် မွေးရကျိုးနပ်သားပဲနော် နှင်ဟာလေ အမေ စ်ယောက်လုံးကို ငါ့အမေမှဆိုးမပါလားဆိုတဲ့ ညှာတာစိတ်လေးနဲ့နဲ ောင်မရှိဘဲ နှင့်ရာထူး နှင့်ဂုဏ်ဒြပ်ထဲမှာ ပျော်မွေ့နေတယ် ရှား ရှားတဲ့သားပါပဲ. . . "

" ဟာကွာ လူမြင်ရင် ဒါတွေပြောဖို့ စဉ်းစားနေတာပဲ "

" ပြောစရာတွေဖြစ်နေလို့ပေါ့ အန်တီနှင်း ခမျာမလုပ်တတ် ကိုင်တတ်နဲ့ ဘယ်ကဝင်ငွေရှိလို့သုံးနိုင်မှာလဲ ဒါကိုနှင်သိရမှာပေါ့. . . "

" ံအေးပါ ငါမှားသွားပါတယ် အခုပြန်ရင် မေမေကို ကိုယ် တိုင်ပေးမှာ ကျေနပ်ပြီလား ငါပြောချင်တာ ပြောတော့မယ် နော် "

" ဘာလဲ "

ရဲရဲက ခြေလှမ်းရပ်ပြီး ခခကို ကြည့်သည်။

အမြဲတမ်း နှုတ်ချောမွေ့နေသည့် မျက်နှာသည် ရာထူးဂုဏ်ရှိန်နှင့်ဆိုတော့ တည်ငြိမ်ခန့်ညားခြင်းစွက်လျက် ပို၍ပင်တင့်တယ်နေပါသေးသည်။

သို့သော်

" ဘာကြည့်နေတာလဲ ချောလို့လား "

" အမြင်ကတော့ ချောပါတယ် "

" လုပ်ပြန်ပြီ စကားက ဘယ်ဘက်ကိုဆွဲချသွားဦးမလို့လဲ ငါ့မှာတာဝန်ဝတ္တရားတွေပိနေလို့ အသက်နဲ့ရင်းပြီး လှုပ်ရှားသွားလာနေရတာ လူဆိုးလူမိုက်တွေနဲ့ လုံးထွေးသတ်ပုတ်နေရတာ ဘယ်သူ့ အတွက် ဘယ်ဝါ့အတွက် ဘာတာဝန်ညာတာဝန်တွေ လျှောက်ပေး မနေပါနဲ့ ငါ့အသက်ကိုတောင် နိုင်ငံတော်အတွက် အရင်ပေးလှူထားခဲ့ရ တာ တခြားလူအတွက် တာဝန်မကျေနိုင်တာကို နင်ရှိုးမယ်ဖွဲ့ပြောပြော မနေသင့်ဘူး ရဲရဲ. . . "

ပြောချင်တာတွေရှိနေပေမယ့် ရဲရဲခဏတော့ ငြိမ်နေပေးလိုက်ပါသည်။

" ရဲရဲ "

မိုးမခက ရဲရဲလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

ရဲရဲက ပြန်ရှန်းတော့ ဖုတ်ဆွဲထားကာ

" ငါတို့လက်ထပ်ကြ ရအောင်ဟာ ငါ ရဲအုပ်ကြီးဆီမှာ လက်ထပ်ခွင့်တင်ထားပြီးပြီ ခွင့်ပြုချက်ရတာနဲ့ လက်ထပ်ကြရအောင်





နော် ဒီလောက် အချိန်တွေယူခဲ့ပြီးပြီဟာ တော်ရောပေါ့ "

" အချိန်ယူနေတာမဟုတ်ဘူး ခခ ငါအိမ်ထောင်ကိုမပြုချင်သေးတာ "

" ဟာကွ မရတော့ဘူး လက်ထပ်ခွင့်ကျလာကာမှ ငါလက်မထပ်နိုင်ရင် အရာရှိတွေထဲမှာ ငါ ငါငပေါ်ဖြစ်သွားမှာပေါ့. . . "

" အဲဒီ အခြေအနေမျိုးပြုပြီး ငါ့ကိုအကျပ်မကိုင်နဲ့ ငါ့စိတ်တိုင်းကျမဖြစ်ဘဲ အိမ်ထောင်ပြုဖို့ကို ငါဘယ်တော့မှ စိတ်မကူးဘူး "

" မကူးလည်း ငါကတော့ ကြိုးစားမှာပဲ နှစ်ယောက်တည်းစေ့စပ်လို့မရရင် လူကြီးတွေနဲ့လှည့်ပြောမယ် "

ရဲရဲက မဲ့ပြုံးလေးနှင့် ပြန်ကြည့်ကာ

" ဖေဖေက ငါ့ဆန္ဒမပါဘဲ ဘယ်တော့မှ စီစဉ်မှာမဟုတ်ဘူး ဆိုတာ နင် သဘောမပေါက်သေးဘူးထင်တယ် "

" ဘာပဲဖြစ်ဖြစ် နင် ငါ့ကိုပဲလက်ထပ်ရမှာပါ. . . ငါလက်ထပ်မယ့်မိန်းကလေးဟာ နင်ပဲဖြစ်ရမယ် ငါက ငါ့ကိုယ်ငါတန်ဖိုးထားတယ် မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာ သမီးရှင်တွေမျက်စိကျနေတာ အားလုံးကိုလစ်လျူရှုပြီး ငါနင့်ကိုပဲရွေးချယ်ခဲ့တာဟာ ငါ့အတွက် သိပ်ရှားပါးလို့မဟုတ်ဘူး ဆိုတာ နင်သဘောပေါက်စမ်းပါ "

" အို. . . မရှားရင်သွားယူပါလား နင့်ကိုဘယ်သူက စာချုပ်စာတမ်းနဲ့ ချုပ်နှောင်ထားလို့လဲ "

" ငါ့ကိုယ်ငါ တန်ဖိုးထားပါတယ်လို့ ပြောပြီးပြီပဲ ဂါနဲ့ အထိုက်တန်ဆုံးမိန်းကလေးဟာနင်ပဲ. . . နောက်တစ်ခုက ငါနင့်ကိုချစ်တယ်"

" ဩော်. . . ဩော် မိုးမခကြီးနဲ့ထိုက်တန်တဲ့ မိန်းမဖြစ်ခွင့်ရလိုက်တာပဲ. . . ဂုဏ်ယူစရာကြီးပါလား "

" ရဲရဲ နင်ငါ့ကို မရိနဲ့ "

" မရိပါဘူး အကောင်းပြောနေတာပဲ ငါကခုမှ ကိုယ့်ကိုကိုယ် ဂုဏ်ယူရကောင်းမှန်းသိတာ အဟင်း. . . "

" ရဲရဲ နင်. . . "

မိုးမခက ရဲရဲ ပခုံးလေးကို ဆုပ်ကိုင်လိုက်၏။

ရဲရဲက ဖယ်ချပစ်လိုက်သည်။

" စကားပြောရင် လက်မပါစမ်းပါနဲ့ နင်ပြောလို့ပြီးပြီလား "

" မပြီးသေးဘူး နင် ဟိုလဆန်းပိုင်းတုန်းက ကက ဆီသွားတွေ့တယ်ဆို "

" ဟုတ်တယ် "

" နောက်ကိုမသွားပါနဲ့ ဒီလိုနေရာမျိုးက နင်နဲ့ဘာမှ မဆိုင်ဘူး "

" နေရာကတော့ မဆိုင်ဘူးလေ ငါကလည်းထောင်မြေထောင်နေရာကို မနင်းဘူးလို့သွားနင်းကြည့်တာမှ မဟုတ်ဘဲ ကိုယ့်လူရှိလို့သွားတွေ့တာ. . . "

" အဲဒီ ကိုယ့်လူဆီကို နင်သွားဖို့မလိုပါဘူး၊ ကိုယ့်လူဆိုတာ ဘာလဲ ဘာမှတော်ကြတာမဟုတ်ဘူး ကကလွတ်ဖို့ ငါအခု အစွမ်းကုန်ကြိုးစားနေတယ် မကြာခင်လွတ်တော့မှာ နင်မသွားပါနဲ့ "

ရဲရဲက ခခမျက်နှာကို စူးစမ်းသလို သေချာကြည့်၏။

" နင်တကယ်ပြောတာလား ငါမသွားစေချင်လို့ မဟုတ်တာ





ပြောရင်တော့ ဘယ်တော့မှ ခွင့်မလွှတ်ဘူးနော် "

မိုးမခမျက်နှာက ဒေါသကြောင့် နီမြန်းလာ၏။

ဒါပေမဲ့ ဘာမှမပြောဖြစ်သည်က ရဲရဲစိတ်ဆိုးသွားမှာကို မခံနိုင်၍ ဖြစ်သည်။

# အခန်း (၁၉)

" အိမ်ထဲမှ ညော့်သည်တွေသုံးယောက်တွေ့သဖြင့် ရဲရဲ ခြေလှမ်း လေးတွန့်သွားမိစဉ် ညော့်သည်သုံးယောက်နှင့် ဒေါ်နှင်းပုလဲ အတူ ထွက်လာကြသည်။

" ဟော သမီးလေး. . . လာလေ "

" ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ် ဒေါ်နှင်းပုလဲ "

" ဟုတ်ကဲ့ပါရှင် "

ဒေါ်နှင်းပုလဲက ခပ်နွမ်းနွမ်းလေးပြုံးကာ ရဲရဲ လက်ကလေးကို လာဆွဲ၍

" သမီးကိုခုပဲ အန်တီလာခေါ်တော့မလို့ စိတ်ထဲမှာ စားချင်သလိုလိုဖြစ်တာနဲ့ ကြက်သားပလာတာလုပ်စားတာလေ. . . ဒီနေ့ သားကြီးလည်း ရောက်မလာလို့ ခုထိမလာသေးဘူး. . . "

" ပင်ပန်းလိုက်တာ အန်တီနှင်းရယ် စားချင်တာ သမီးကို ပြောရောပေါ့. . . သမီးလုပ်ကျွေးမှာပေါ့ ခုက လာမယ်ပြောထားလို့လား "

ဒေါ်နှင်းပုလဲက ထမင်းအုပ်ဆောင်းကိုဖွင့်လိုက်ပြီး စုံစုံလင်လင်





ယ်ဖွယ်ရာရာ ပြင်ဆင်ထားသည်တို့ကို ငုံ့ကြည့်ရင်း အသံသည် ကျိုက်ခနဲ တုန်သွားလျက်

" သားငယ်ကိုသတိရလွန်းလို့ သူကြိုက်တတ်တာလေးကို ချက် လိုက်မိတာ "

" အန်တီနှင်းရယ် "

" သားကြီးက ဆိုင်ကယ်လ်လည်းရှိတယ်ဆိုတော့ ဒါလေး သွားပို့ပေးဖို့ ပြောမိသေးတယ် "

မျက်နှာကိုငုံ့ချထားသော်လည်း လက်ခနဲကြွေကျသွားသည့် မျက်ရည်စက်လေးကို ရဲရဲမြင်လိုက်ရ၏။

" ဘာပြောလဲ ဟင်. . . "

ဒေါ်နှင်းပုလဲက ကြက်သားပန်းကန်ကို အဓိပ္ပါယ်မဲ့မွှေနေရင်းမှ

" သူမအားဘူးတဲ့ ပြီးတော့ သားငယ်ဆီကိုဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့မရဘူးတဲ့ ဟုတ်ပါတယ် အဲဒါမလွယ်ဘူးဆိုတာ အန်တီနှင်းသိတယ် ဒါပေမဲ့ ဒါပေမဲ့လေ အန်တီကျွေးချင်လို့. . . "

" အို. . . မငိုပါနဲ့ အန်တီနှင်းရယ်. . . "

ဒေါ်နှင်းပုလဲကို ခဏဖက်ထားမိရင်း ရဲရဲ ပါမျက်ရည်တွေဝဲ လာမိ၏။

" သမီးရယ်. . . သားလေးထောင်ကျသွားကတည်းက သူအားလုံးပြည့်စုံအောင် စီစဉ်ပေးထားတယ်ဆိုပြီး အန်တီ့ကိုလုံးဝခေါ် သွားတော့ဘူး မေမေကျန်းမာရေးမကောင်းလို့ပါတဲ့. . . သားလေးက ဘယ်လောက်အဝေးကြီးမှာမို့လို့လဲဟင်. . . အန်တီသားကိုတွေ့ချင်တယ် ကြာလေ ရင်ထဲမှာပူလာလေ. . . ရှေ့ဆက်ဒီလိုပဲ နေရတော့မယ်ဆိုရင်

အန်တီရင်ကွဲနာကျပြီးသေရတော့မယ်. . . ”

“ အန်တီရယ်. . . ဟို. . . ဟိုလေ ကက ကလွတ်တော့မှာ ပါ ခခပြောတာ တကယ်ပါ အန်တီရဲ့ ကကဆီ သမီးရောက်သေးတာ ပဲဟာ ဟိုမှာသူ့အစ်ကိုဂရုစိုက်ထားတော့ ကောင်းကောင်းမွန်မွန်ပဲနေ ရတာသိလား အရင်လိုတောင်မဟုတ်တော့ဘူး ပြုံးရွှင်လို့ မေမေ နေကောင်းလားတဲ့ ဂရုစိုက်ပေးပါလို့လည်းမှာတယ် ”

ရဲရဲ ပြောပြီးသားကိုပဲထပ်ပြောမိသည်။

ဒါပေမဲ့ မုသားမကင်းပဲရှိခဲ့တာကိုတော့ စိတ်ထဲကတောင်း ပန်မိပါ၏။

ကက ပုံစံက အရင်ကထက်ပိုတင်းနေသည်။ မျက်လုံးတွေက ပိုရှိုင်းလာ၏။ နှုတ်ခမ်းတွေမှာ မဲ့ပြုံးသာရှိလေသည်။

“ ငါ့မှာထောင်ထွက်ဆိုတဲ့ဘွဲ့တစ်ခုပိုသွားပြီဆိုတော့ ခါတိုင်း ထက်ပိုပြီး မျက်နှာကြီးသွားပြီလေ ကောင်းတယ် ငါကလည်း လူကောင်း ဖြစ်ဖို့မကြိုးစားပါဘူး. . . ”

“ မဟုတ်ဘူးကက ပျက်အစဉ်ပြင်ခဏတဲ့. . . ”

“ ဘယ်သူပြောလဲ ပျက်အစဉ်ပြင်မရတဲ့ မှတ်ထား. . . လူ တစ်ယောက် အမည်းစက်တစ်ခုထင်သွားပြီဆိုရင် နဖူးမှာစာကပ်ထား သလိုပဲ ငါကတော့ ဖြူရင်ဖြူမယ် ဖြူခွင့်မရရင် မည်းမှာပဲ. . . အဖြူနဲ့အမည်းကြားမှာ ဘာကောင်လိုလို ညာကောင်လိုလို မနေ ဘူး. . . ”တဲ့

ပြောသမျှစကားထဲမှာ စိတ်ချမ်းသာစရာတစ်ခုမှမပါ။

ဒေါ်နှင်းပုလဲ အာရုံပြောင်းသွားရအောင် ရဲရဲ ဘယ်လိုဖြေသိမ့်





ရမှန်းမသိအောင်ရှိစဉ် သတိရလိုက်မိကာ

“ စောစောက ဘယ်ကညှော်သည်တွေလဲ အန်တီနှင်း ”

ရဲရဲက ကြက်သားပလာတာပွဲကို သူမဖာသာပဲ နှစ်ယောက် လုံးအတွက်ပြင်ရင်း အာရုံပြောင်းသွားဖို့ ကြိုးစားလိုက်၏။

ဒေါ်နှင်းပုလဲက ခုံဆွဲ၍ပျော့ဖင့်စွာ ဝင်ထိုင်ချလိုက်ပြီး

“ အိမ်အပေါင်ခံထားတဲ့လူတွေလေ ”

“ ဟင် ”

ပိုဆိုးသွားပြီမှန်းသိလိုက်ပေမယ့် နောက်ကျသွားပြီဖြစ်၏။

“ အိမ်ကိုအတိုးမသတ်နိုင်တာကြာပြီလေ ဒီကြားထဲ အဖေ ကြီးအတွက် တစ်နှစ်ဆွမ်းသွတ်တရားနာဖို့ ငွေတွေထပ်ထုတ်ထားတာ ရှိသေးတယ်. . . ”

“ အခု ဘာပြောသွားတာလဲ ဟင် ”

“ မရွေးဘူးဆိုရင်လည်း ရှေ့လကုန်မှာ သူငွေတွေထပ်အမ်းပြီး တိုက်နဲ့ခြံကိုသိမ်းမယ် နှစ်နှစ်တောင်ရှိတော့မယ်ဆိုတော့ ငွေရရင် တောင် သိပ်မရနိုင်တော့ပါဘူး ”

ရဲရဲ စိတ်မကောင်းကြီးစွာဖြစ်မိလျှက် မုန့်ပွဲကိုပင် ဘေးဖယ် ထားလိုက်မိကာ

“ ဒီကိစ္စ အဲဒီလောက်ထိ အခြေအနေဆိုးသွားတာ ခခ မသိဘူးလား အန်တီနှင်း အန်တီနှင်း သူ့ကိုမပြောဘူးလား. . . ဒီလို ဖြစ်သွားတဲ့အထိ သူမနေသင့်ပါဘူး ”

“ သူသိတယ် ဒါပေမဲ့ အန်တီ ဒီအတွက် ဘာမှမတောင်းခဲ့ပါ ဘူး၊ သားသမီးငြိုငြင်တာကိုလည်း မခံချင်ဘူးသမီးရယ် သူတို့အဖေ

ဆိုလည်း ဒီလိုပဲနေမှာပဲ အရမ်းကြိုးစားပြီး သိပ်ကိုမာနကြီးတဲ့ လူ သားသမီးကိုပဲ အမြဲရှေ့တန်းတင်ပြီးစဉ်းစားခဲ့တာ ဒီအိမ်ကို သမီးရဲ့ အဖေဆီမှာ မပေါင်နှံတာပဲကြည့်လေ ကလေးချင်း မျက်နှာ ငယ်မှာစိုးတယ်တဲ့ သိသာသိစေ မမြင်စေချင်ဘူးတဲ့''

ဒေါ်နှင်းပုလဲ မျက်ရည်ကျလာရှာသည်။

'' အန်တီ အသက်ကြီးနေပါပြီ လူ့အိုရုံပဲရောက်ရောက် ဇရပ်ပေါ်ပဲဖြစ်ဖြစ် ဘယ်မဆိုသွားနေနိုင်ပါတယ် သားလေးအတွက်ကို တွေးမိတိုင်း စိတ္တဇလို ခြောက်ခြားမိတယ်သမီးရယ် သားကြီးက သူ့ပညာ သူ့အခြေအရံနဲ့တင့်တယ်နေပြီး သားလေးထောင်က ထွက် လာရင် ဘယ်လိုလုပ်မလဲ သားအတွက် ပညာကော ဥစ္စာကော အန်တီဘာအမွေမှ မပေးနိုင်တော့ ''

ဒေါ်နှင်းပုလဲ နေ့ညစဉ်ရက်ဆက် ငိုကြွေးနေခဲ့သော်လည်း စီးကျခဲ့သည့် မျက်ရည်တို့က ကုန်ခမ်းသည်မရှိ။

ဘုရားတပည့်တော်မကို ဤလောကကြီးမှ နှုတ်ဖယ်ပေး ပါ. . .

သေဆုံးခြင်းကိုပေးတော်မူပါ ဘုရား. . .

ဘယ်လိုပင်ဆုတောင်းပေမယ့် ယခုတိုင်မျက်ရည်ပင်လယ်ထဲ မှာကူးခတ်နေရဆဲ။

❀ ❀ ❀

'' သမီးရေ. . .''

'' ရှင်. . . အန်တီနှင်း. . .''





အနွေးထည်ပါးပါးလေးနှင့် အိမ်ထဲလှမ်းဝင်လာသည့် ဒေါ်နှင်း ပုလဲကို ကပျာကယာပြေးကြိုမိသည်။

ဦးရာဇာကျော်ဆုံးသွားကတည်းက အိမ်ပြင်မထွက်တော့သ လောက်ဖြစ်ကာ လူမမာပုံပေါက်နေခဲ့သည့် နွမ်းယဲ့ယဲ့ဒေါ်နှင်းပုလဲပုံစံ က အခုဆိုဝင်လာလိုက်တာ ခလုတ်တိုက်မတတ်အပြေးတစ်ပိုင်း. . .

'' သမီး. . .''

'' ပြောလေ အန်တီနှင်း ဘာပြောစရာရှိလို့လဲ. . .''

'' ကိုမင်းခေါင် ''

'' ဗျား. . .''

သတင်းစာဖတ်နေသည့် ဦးမင်းခေါင်မှာလည်း ထူးဆန်းသလို ဖြစ်နေ၏။ လှမ်းကြည့်နေမိရာမှ ခြေချင်းချိတ်ထားသည်ကို ကပျာကယာ ဖြေ၍ ခါးမတ်မတ်ဖြစ်သွား၏။

'' သားလေးလေ သားလေး ဒီနေ့လွတ်မယ်တဲ့သိလား ''

'' ဟင်း ''

'' ဟင် တကယ်လား ဘယ်သူပြောတာလဲ ခဲဖုန်းဆက် တာလားဟင် ''

'' ဟုတ်တယ် ခုနကပဲဆက်တာ အခု သူသွားခေါ်လာမယ် တဲ့ ဝမ်းသာလိုက်တာ သမီးရယ်. . . သမီးရဲ့ သူငယ်ချင်းလွတ်တော့ မယ်. . အား. . .''

ဝမ်းသာလွန်း၍ ရင်တွေတုန်ကာ အားနည်းနေသည့်ကိုယ်က ခံနိုင်ရည်မရှိ။

'' အန်တီနှင်း ''

" မနှင်း သတိထားလေ ဒါ ဝမ်းသာစရာပဲဗျ. . . "

" ဟုတ်. . . ဟုတ်ကဲ့. . . ဝမ်းသာလွန်းလို့ပါ ကျွန်မဝမ်းသာလွန်းလို့ပါရှင်. . . "

ဒေါ်နှင်းပုလဲ ရဲရဲ ရင်ခွင်ထဲမှာ ကတုန်ကယင်ကြီးဖြစ်လျက် မျက်ရည်တွေကျရင်း ပြုံးနေလေသည်။

❀ ❀ ❀ ❀ ❀

# အခန်း (၂၀)

" ဘာ. . . ဘာပြောတယ်. . . မရှိတော့ဘူးဟုတ်လား "

" ဟုတ်တယ်ဆရာ ဒီနေ့ နှစ်ယောက်လွတ်တယ် တစ်ယောက်ကို မတွေ့ခဲ့ဘူး "

မိုးမခ စဉ်းစားမရဖြစ်သွားသည်။

တကယ်ဆို သူသွားကြိုသင့်မှန်းသိသည် ဒါပေမဲ့ သူမသွားနိုင်ပါ. . .

သူလိုလူဟာ ထောင်ထွက်တစ်ယောက်ကို ကြိုသင့်သသား. . .

ညီအစ်ကိုရင်းပေမယ့် ဒီသွေးမျိုးကို သူ့ဘက်ကပြတ်သားတဲ့အကြောင်းအားလုံးသိစေချင်သည်။

ဒီဖြစ်ရပ် ဒီစာရိတ္တဖောက်ဖျက်မှုမျိုးကို သူစက်ဆုတ်တာအများသိရမည် သူ့ညီဆိုတဲ့လက်ညှိုးထိုးလာမှုကို ဘယ်လိုမှလက်မခံနိုင်။

ဒါကြောင့် ကက ရှိတဲ့အရပ်ကို သူကိုယ်တိုင်ဘယ်တော့မှမသွား။

ကိုယ့်ညီဆိုတဲ့သွေးက ကကအတွက် ပူပင်စိတ်ရှိပါသည်။

ကကအတွက် ကြိုးစားဖော်ထုတ်ပေးဖို့ ကကလွတ်မြောက်ဖို့

သူကြိုးစားခဲ့သည်ပဲ။

ဒါပေမဲ့ ကိုယ့်ညီအဖြစ်ရင်ထဲမှာပဲ သိမ်းထားချင်သည်။

ဒါဟာ မာန်မာနတစ်ခုဆိုလျှင် သူမှားပါသလား. . .

" ဆရာ သွားမလို့လား . . . "

" အင်း. . . "

ကက ဘယ်ရောက်သွားသလဲဆိုတာ သူသိရမှုဖြစ်မည် အ
လေ၂က်ဆို မေမေမျှော်နေရှာတော့မည်၊ ကက ရောက်လာပြီလား
လည်း ဖုန်းဆက်မေးလို့မဖြစ် ရောက်နေလျှင်အကြောင်းမဟုတ်ပေမ
မရောက်သေးလျှင် မေမေ နှိုက်နှိုက်ချွတ်ချွတ်မေးလာတာတွေ
သူရှင်းမနေချင်. . .

ကားလေးက အင်းစိန်ဘက်ကို အလျင်စလိုပြေးလွှားသွား
သည်။ မိုးမခစိတ်တို့က ကားရှေ့ကပြေးချင်နေ၏။

မီးပွိုင့်နီသွားတာကြောင့် သူကားကိုအရှိန်လျှော့လိုက်ရ

" တီ "

ခါးမှာချိတ်ထားသည့် ဖုန်းကမြည်လာ၏။

နားထောင်လိုက်သည်နှင့် ကြားလိုက်ရသည့်အသံကြော
သူမတ်ခနဲဖြစ်သွား၏။

" ခခ မင်း ငါ့အကြောင်းစဉ်းစားနေတာ မဟုတ်လား

" ကက. . . မင်း . . . "

" မမေးနဲ့ မင်းမေးတာကို ငါမဖြေချင်ဘူး ငါ့ကိုမင်းလာမ
ချင်ပေမယ့် ကြိုမယ့်သူတွေရှိပါတယ်ကွ ယုံလား "

" မင်း ဘယ်သူနဲ့. . . "





" မင်းက ငါ့ကိုညီအစ်ကိုမတော်ချင်သလို ငါကလည်း မင်းလို ကောင်မျိုးကိုဆောရီးပဲ မေမေ့ကိုငါသိပ်တွေ့ချင်တယ် ဒါပေမဲ့ နေပစေတော့ မေမေ့ကိုပြောလိုက်ပါ မကြာခင်ငါလာခဲ့မယ်လို့. . . "

" ဟိတ်ကောင် နေဦး မင်းအခုဘယ်မှာလဲ ဘယ်ကဆက်တာလဲ . . . "

ကက ရဲ့ခနိုးခနဲ့ရယ်သံက တမင်လုပ်နေတာမဟုတ်ဘဲ အတန် ကြာသည်အထိ အသည်းယားဖွယ်ကြားနေရသည်။

" ကက . . . မင်းအခုချိန်ထိ ပေါ့ပျက်ပျက်နေချင်တုန်းပဲလား အခု ဘယ်သွားမလို့လဲ "

" မင်း အရှေ့ကိုသွားနေရင် ငါကအနောက်ပေါ့ မင်းကဖြူရင် ငါကအမည်း မင်းနဲ့ဆန့်ကျင်ဘက် နယ်တစ်ခုမှာ ငါရှိနေမယ်"

" ကက. . . ကက ဟိတ်ကောင်. . . တောက်. . . ကွာ. . . "

ဖုန်းကိုဒေါသတကြီးပြန်ကြည့်လိုက်မိသည်။

မီးပွိုင့်ကစိမ်းသွားသော်လည်း သူ့ရင်ထဲမှာအနီရောင်နယ်ပယ်တစ်ခုလိုပူပြင်းခြောက်သွေ့သွားသည်။

ဒါ သူကိုယ်တိုင်သွားမကြိုတာကို ကက အရွဲ့တိုက်သွားတာလား။

မဟုတ်ဘူး ဒီကောင်ကိုက မကောင်းမှုဘက်ကိုသိပ်အားသန်တဲ့ကောင်။

မေမေ့ကိုသူဘယ်လိုပြောရမလဲ

❀ ❀ ❀ ❀ ❀

# အခန်း (၂၁)

" မေမေနေကောင်းလား ရဲရဲ "

" အင်း "

ရဲရဲ နားကျပ်ဖြုတ်၍ ဆွဲခြင်းအနီရဲရဲလေးကို အပေါ်အုပ်လေး ဖွင့်၍ နားကျပ်သိမ်းသည်။

ပြီးတော့ ပြန်ပိတ်ခလုတ်ချ၍ ထရပ်လိုက်၏။

ငါအပြန့်ကျမှပဲ စမ်းသပ်ပြီး လိုအပ်ရင်ဆေးထိုးပေးမယ် နင် ဒီနေ့အားရင် ဒီမှာပဲနေလိုက်ဦးပေါ့. . . အန်တီ အရမ်းအားနည်းနေတယ် "

အပြင်ထွက်လာကြတော့ ခခက မျက်မှောင်ကုတ်ထားလျက်

" ငါနေလို့ရမှာမဟုတ်ဘူး ရဲရဲ အခုရဲအုပ်ရာထူးတက်သွားတော့ ပိုဆိုးသွားတယ် ဒီကိုလာရတာတောင် နာမကျန်းဖြစ်နေလို့ မဖြစ် မနေလာရတာ မေမေ့အတွက် စပါယ်ရှယ်နာ့စ် တစ်ယောက်ယောက် နင်စီစဉ်ပေးစမ်းပါ ညမှုညတာကျတော့ နင်တို့ရှိတာပဲဟာ"

" ခခ "

" ဟင် "





" လူကြီးဆိုတာ သူတစ်မိးဘယ်လောက်ပဲကောင်းကောင်း သားသမီးက စုစုဆောင့်ဆောင့်ပြုစုလုပ်ကိုင်ပေးတာလေးကိုပဲ တပ်မက်ကြတာ မအားဘူးဆိုပြီး အန်တီနှင်းကို နင် ပစ်ထားလို့တော့မရဘူးနော် "

" ငါသိပါတယ် နင်သာ မေမေ့ကိုဂရုစိုက်ပေးပါ "

" ဒါက နင်ပြောဖို့မလိုပါဘူး အန်တီနှင်းကို ဆေးတွေထိုးဖို့ သောက်ဖို့ ငါသိပ်မလုပ်တော့တာက ဆေးဒဏ်ကိုမခံနိုင်ဖြစ်သွားမှာစိုးလို့ ပြီးတော့ သူ့ရောဂါကစိတ်ပဲ ကက ရောက်မလာလေ ရောဂါက ပိုဆိုးလေဖြစ်မှာ ဆေးကောင်းပေမယ့်လည်း သိပ်ထိရောက်မှု ရှိမှာ မဟုတ် ဘူး "

" နင် ကကကို ဘာဖြစ်လို့လိုက်မရှာတာလဲ ခခရယ်. . . "

" ဘာဖြစ်လို့ရှာရမှာလဲ သူကငါ့ကိုစိန်ခေါ်ပြီး တမင်ခွဲထွက်သွားတာ မျက်စိသူငယ်နားသူငယ်နဲ့ လမ်းလွဲပျောက်ဆုံးနေတဲ့ ကလေးမှ မဟုတ်ဘဲ၊ မိဘကိုသိတတ်တယ်ဆိုပြီး ထောင်ကျခံနာမည်ကောင်းသွားတယ် ခုကျတော့ မေမေ့ကို တစ်ချက်ကလေး ထည့်မတွက်ဘူး ,မကြာခင်လာမယ်ဆိုတာ အခုဘယ်နှစ်လရှိပြီလဲ. . . သွားပါစေ. . , ဒီကောင် ဘာဖြစ်ဖြစ် နားကိုမစွင့်ဘူး "

ခခက ကကအကြောင်းဆို အပြောကိုမခံပေ။

ရဲရဲကားပေါ်တက်စဉ် မိုးမခက တံခါးပိတ်လို့မရအောင် ကိုယ်နှင့် ခံထားလိုက်ပြီး

" ရဲရဲ ဒီတစ်ခါ မေမေနေကောင်းလာရင် ငါတို့ကိစ္စစီစဉ်နိုင်းလိုက်မယ် နင် ခေါင်းမခါနဲ့တော့နော်. . . "

" ဟာ. . . နင်ကလည်း "

" ငြင်းဖို့စိတ်မကူးနဲ့တော့ဟာ. . . ငါကိုယ်တိုင် အန့်ကယ့်ဆီမှာ ဖွင့်ပြောဖို့ဆုံးဖြတ်ပြီးပြီ. . . ဒီနှစ်မှာ မင်္ဂလာဆောင်ခွင့်ပေးရင်. . . "

" ဘာဖြစ်လဲ. . . "

" ထပ်မစောင့်နိုင်တော့ဘူးပြောမလို့. . . ဟဲ. . . ဟဲ

မိုးမခက ရဲရဲ နဖူးလေးကိုလှမ်းထုသည်။

ရဲရဲက မျက်စောင်းလေးထိုး၍ ပုတ်ချ၏။

" နင်သိပ်လှတာပဲ ရဲရဲ ဟိုတုန်းကထက်ပိုလှတယ် ဂျူတီဝင်နေ့ဘဲ့အချိန် အဲဒီလို နဖူးလေးပေါ်နေအောင် ဆံပင်တွေသိမ်းလှန်ထားတာ ကြည့်လို့ကိုမဝဘူး "

" ဖယ်ပါတော့ ငါနောက်ကျနေလိမ့်မယ် "

" ရဲအုပ်ကိုမောင်မြင့်ကပြောတယ် ဘယ်လောက်ထိ စဉ်းစားနေကြမှာလဲတဲ့ အရွယ်တွေလွန်ကုန်ရင် ရင်ခုန်သံတွေက လျော့ရယ်ကြမယ်တဲ့. . . "

" အံမယ်. . . "

" တကယ်ပြောတာ. . . မငြင်းနဲ့တော့နော်. . . "

ရဲရဲ ကားလေးထွက်သွားတဲ့အထိ မိုးမခ ရပ်ကြည့်ကျန်ခဲ့၏။

မိုးမခကို သူမ လက်ခံဖို့ဆုံးဖြတ်ပြီးပါပြီ။

သို့သော် မိသားစုအရေးများဖြေရှင်းစရာဖြစ်လာတိုင်း ခခရဲ့ အယူအဆစိတ်ဓါတ်တွေကို စိတ်တိုင်းမကျဖြစ်ခဲ့ရသည်က ခေါင်းညိတ်လိုက်ဖို့အတွက် ဖင့်နွှေးခဲ့ရခြင်းဖြစ်သည်။





မိုးမခကို ရဲရဲ စိတ်တိုင်းမကျတာတွေရှိသည်။

အိမ်ထောင်မှုတစ်ခုမှာ ဒါလေးမကောင်းလို့ဖယ်လိုက် ဟိုဟာလေးတော့ ထည့်မတွက်နဲ့ပေါ့ ဆိုတာမျိုးလိုအပ်သလောက်ပဲ ယူလို့ရဘာမဟုတ် သူနဲ့လက်ထပ်လိုက်ပြီဆို နောက်ပိုင်းမှာ ဆိုးဆိုးကောင်းကောင်း ခေါင်းခါငြင်းဆန်လို့မရနိုင်တော့သည်ကို နားလည်ထားသည်။

ထို့ကြောင့် စဉ်းစားရသည်။

အရည်အချင်းတွေ အားလုံးပြည့်စုံနေသည့် မိုးမခကိုငြင်းဖို့ကျတော့ သူမဘက်က အကြောင်းပြနေသလိုကြီး ဖြစ်နေတော့ခက်သည်၊

ရဲရဲ သက်ပြင်းလေးချလိုက်မိလေသည်။

❀ ❀ ❀ ❀ ❀

## အခန်း (၂၂)

“ ရပါတယ် သမီးရဲ့လွှတ်လိုက်ပါ အန်တီနေကောင်းနေပါပြီ
လွှတ်. . . လွှတ် ”

ဘေးလူစိတ်ချမ်းသာစေချင်၍ ဟန်လုပ်မာန်တင်းပြောနေတာ မှန်းသိတော့ ရဲရဲ စိတ်မချနိုင်။

“ ရပြီ သမီး. . . ဟို နှင်းဆီဖြူလေးတွေနားထိ အန်တီ လျှောက်သွားလိုက်မယ် ”

ရဲရဲ လက်မောင်းကိုတွဲထားရာမှ အသာလွှတ်ပေးလိုက်သည်။

ဒေါ်နှင်းပုလဲ အနွေးထည်အင်္ကျီပွပွကိုတစ်ချက်ပြုပြင်၍ ခပ်ဖြည်းဖြည်းလျှောက်သွားလေသည်။

ရဲရဲနဲ့ နှစ်မလေးရှိရာကို ကျောခိုင်းလိုက်သည်နှင့် သူမမျက်နှာမှ အပြုံးပန်းတွေ ပျောက်ကွယ်ကုန်လေသည်။

ခြေတွေဒူးတွေက ချိတ်ဆက်မမိတော့သည့်စက်ရုပ်တစ်ရုပ်ရဲ့ အစိတ်အပိုင်းများသဖွယ် ကိုယ့်ကိုယ်ကိုလဲပြိုသွားနိုင်သည်ကိုသိနေသည်။

ဒူးက တဆတ်ဆတ်တုန်နေတာကို အံကြိတ်ထိန်းသော်လည်း မရ၊





ရင်ထဲမှာတလှပ်လှပ်ခါ၍ ခေါင်းတွေမူးဝေလာတာကြောင့် မလဲအောင်ဟန်လုပ်ထိန်းချုပ်ပေမယ့် ခေါင်းနဲ့ကိုယ်က တခြားစီလို့. . .

ကို ယ့်သားသမီးမဟုတ်ပါဘဲ နွေးညမပြတ်လာရောက်ပြုစုပေးနေရှာသည့် ရဲရဲကိုဒေါ်နှင်းပုလဲ အားနာလှပါပြီ။

ထို့ကြောင့် သူမကိုယ်သူမကျန်းမာပါပြီဆိုပြီး ထူထူထောင်ထောင်နေပြချင်သည်။

စိတ်ကဆောင်သော်လည်း ရုပ်ကမလိုက်နိုင်။

အကယ်၍ ရဲရဲသာသူမရဲ့ ရင်သွေးသမီးလေးသာဆိုလျှင်. . ရင်ထဲမှာ ရှုးနင့်ကြေကွဲသွားမိသည်။

သားနှစ်ယောက်မွေးထားခဲ့ပါလျက် အိမ်ထောင်တွေလည်း ပြုကြသေးတာမဟုတ်ပါဘဲနှင့် သူမရင်ခွင်ထဲမှာ တစ်ယောက်မှမရှိတော့သည့်အဖြစ်ဟာ အထီးကျန်ရှင်သန်နေရလေ ဒုက္ခကြီးမားပါလားဆိုတာ သိလာလေ။

မကြင်နာတတ်သည့်သူရဲ့မေတ္တာကို မတောင်းတပေမယ့် ကြင်နာတတ်သူဆီက တုံ့ပြန်မှုကိုတော့ နာရီစက္ကန့်မလပ်မျှော်လင့်နေမိ၏။

သားလေး ဘယ်များရောက်နေခဲ့ပါသလဲ. . .

ဒေါ်နှင်းပုလဲ မျက်လုံးတွေပြာခနဲဖြစ်သွားသည်။

လဲကျတော့မည်ကိုသိလိုက်ပေမယ့် ဘယ်လိုမှမထိန်းချုပ်လိုက်နိုင်ဘဲလူကယိုင်လဲကျသွား၏။

သို့သော် သူမကိုတစ်စုံတစ်ယောက်က ငွေ့ပွေ့ထားလိုက်မှန်းလည်းသိနေပြန်သည်။

" မေမေ. . ."

ဟင်. . . အို. . . သားလေးများလား။

" မေမေ. . ."

" သား. . ."

ဒေါ်နှင်းပုလဲမျက်လုံးတွေဖွင့်ကြည့်လိုက်တော့ သူမချစ်လှစွာသော သားငယ်အဓိကသည် သူမကိုယုယစွာထွေးပွေ့ကာ စိုးရိမ်တကြီး ငုံ့မိုးကြည့်လျက်

" သား. . . သားလေး "

" မေမေ. . . မေမေဘယ်လိုနေလဲဟင် ဘာဖြစ်သွားတာလဲ "

" သားရယ်. . . မေမေ. . . မေမေ ဘာမှမဖြစ်ဘူး သားကို မတွေ့ရသေးဘဲ မေမေ မသေဘူးလို့ ညတိုင်းဆုတောင်းနေခဲ့တာ သားရဲ့. . ."

ကကကို ဒေါ်နှင်းပုလဲ ကတုန်ကယင် ဖက်ထားမိသည်။

သူတို့နှစ်ယောက်နားသို့ရဲရဲရောက်လာကာ ဒေါ်နှင်းပုလဲကို ဖေးမတွဲ၍

"ဘယ်လိုလဲကကက နင့်ကြည့်ရတာ ခဏတဖြုတ်အလည်လာတဲ့ ပုံစံပါလား "

ကက ကဒေါ်နှင်းပုလဲရဲ့မျက်ရည်တွေကိုတယုတယသုတ်ပေးနေသော်လည်း ရဲရဲကို စောင်းလှည့်ကြည့်လိုက်သည့် မျက်ဝန်းများက တစ်စက်မှ နူးညံ့ညင်သာမှုမရှိ။

" ဟုတ်တယ် ငါမေမေ့ကို သတိရလွန်းလို့လာတာ တော်ကြာ





ပြန်ရမှာ "

." ဟင် တကယ်ပြောတာလားသားရယ် "

" ဟုတ်တယ် မေမေ . . ."

ကကက ဒေါ်နှင်းပုလဲကို ခုံတန်းဖြူဖြူလေးမှာအသာထိုင်စေ၍ ကဘေးမှာထိုင်သည်။

စပို့ရှပ်အနီရဲရဲ ဘောင်းဘီရှည်အနက် ဂျာကင်အနက်နှင့် ည် ပင်းမှာ နှစ်ကျပ်သားခန့်ရှိသည့် ပလက်တီနမ်ကွင်းဆက်ကြိုးကိုပါ ါ်နှင်းပုလဲက တအံ့တသြကြည့်သည်။

ဆံပင်တွေက ပိုရှည်လာကာ ပခုံးအောက်ထိဝဲနေသည်။

ဒါကို နဖူးမှဖြစ်သလိုသိမ်းလှန်ထားသည့်ဆံပင်တချို့က းပေါ်မှာ ဖရိုဖရဲ။

ပါးသိုင်းမွေးငုတ်တိုငုတ်စနှင့် အရင်လိုစိတ်ဆတ်နုပျိုသော က ဆိုသည့် လူရွယ်တစ်ယောက်နှင့် အများကြီးကွာခြားသွားသော ားဖြစ်သူရဲ့ခပ်ရင့်ရင့်ကြမ်းတမ်းသောအသွင်ကို ငေးကြည့်ရင်း စကား ဆိုနိုင်။

သားလေး ဘယ်လိုနေလို့ ဘာတွေလုပ်နေပါသနည်း။

ဒါပေမဲ့ မကြားဝံ့သည်မို့ သူမ မမေးရဲ။

" ကက နင်အခုဘာတွေ လုပ်နေလဲဟင် "

ဒေါ်နှင်းပုလဲ နှုတ်ဆွံ့နေသည့်အရာကို ရဲ[illegible]မေးလိုက်၏။

" ငါ့ဟာငါ ဘာလုပ်လုပ် နင်စိတ်ဝင်စားမှု့မလိုပါဘူး "

" ငါ့ထက် နင့်အမေက ပိုစိတ်ဝင်စားမယ်ဆိုတာကော င် မတွေးမိဘူးလား "

ကကာ မေမေ့ကိုလှည့်ကြည့်သည်။

ဒေါ်နှင်းပုလဲကို ပွေ့ပိုက်ဖက်ထားလိုက်မိ၏။

" မေမေ. . . ကျွန်တော် လူကောင်းမဖြစ်ချင်တော့ဘူး လူကောင်းတွေထဲမှာ ကျွန်တော်ဟာ လူညံ့တစ်ယောက်အဖြစ် တစ်သက် လုံးသွားရတော့မှာ ဘာဖြစ်လို့လဲဆိုတော့ လူတော်တွေ လက်ခံထားတဲ့ အရည်အချင်းမျိုး ကျွန်တော့်မှာ မရှိဘူး "

ဆယ်တန်းတောင်မအောင်တဲ့ လူညံ့။

စိတ်တိုလွယ်သော သည်းမခံတတ်သော အပြောအဆိုရိုင်းစိုင်းသော သူဟာ အကြိမ်ကြိမ်အချုပ်ကျခဲ့ပြီး ယခုရရှိလာခဲ့သည့်ဘွဲ့က ထောင်ထွက်။

"ကျွန်တော်က ကျွန်တော်ရှိတဲ့နေရာမှာ ခေါင်းဆောင်ပဲဖြစ်ချင်တာ။ ကျွန်တော့်ကိုခွင့်လွှတ်ပါမေမေ သား ဘာတွေလုပ်နေသလဲလို့ မေမေနောက်ထပ်မမေးပါနဲ့. . . မေမေဆီကို ကျွန်တော် ခဏခဏလာမယ် မေမေ့ကိုထောက်ပံ့မယ်. . ."

" သားရယ် မင်း. . . မင်းရဲ့ မသန့်ရှင်းတဲ့. . . "

" အဲဒါကိုမေမေ မေ့ထားပေးပါ ကျွန်တော် မကောင်းမှုလုပ်သမျှ မေမေ့ကိုထောက်ပံ့ရတဲ့ ကျေးဇူးလေးနဲ့ပဲ ဆေးကြောရမှာပါ သားသမီးက မိဘကိုဘယ်နည်းနဲ့ပဲလုပ်ကျွေးကျွေးမွန်မြတ်တယ်လို့ ကျွန်တော်ယူဆတယ် "

ဒေါ်နှင်းပုလဲ မျက်ရည်ပေါက်ခနဲကျလာသည့်တိုင် သားလေးကို ဘာမှ မပြောရက်ဘဲရှိလေသည်။

" မေမေ့ကိုလုပ်ကိုင်ကျွေးဖို့ ကျွန်တော်လူဆိုးလုပ်တာမဟုတ်ဘူး ဒါပေမဲ့ လူဆိုးဖြစ်သွားတဲ့ ကျွန်တော့်ကိုမေမေ မပစ်ပယ်ဘူးဆိုရင် ကျွန်တော့်လုပ်စာကို မေမေ လက်ခံပေးပါ မေမေသုံးပေးပါ. . . "





" သားရယ် "

" ထောင်ထွက်ဖြစ်ပြီးကာမှ မေမေ ကျွန်တော့်ကိုဆုံးမစကားတွေ ထပ်မပြောပါနဲ့တော့ မေမေ ကျွန်တော်မေမေ့စကားတွေကို ဆပ်ပြီး မဆန့်ကျင်ပါရစေနဲ့ "

" သား. . . "

ဒေါ်နှင်းပုလဲ သားကိုဖက်၍ ငိုလေသည်။

" မငိုပါနဲ့မေမေ ဖေဖေဆုံးခဲ့တုန်းကလည်း ကျွန်တော်နောက်ကျမှသိခွင့်ရခဲ့တယ် မေမေ့ကို ထပ်မဆုံးရှုံးချင်ဘူး လူမိုက်ဆိုပြီး ကျွန်တော့်ကို မစွန့်လွှတ်လိုက်ပါနဲ့. . . "

" စွန့်လွှတ်ရက်ပါ့မလား သားလေးရယ်. . . သားလေးကျမှ ဒီလိုဘဝမျိုး ဘာဖြစ်လို့ ရောက်သွားရတာလဲလို့တွေးပြီး မေမေ ရင်နာနေတာ သားရဲ့ ဖေဖေကလည်း သားကိုသိပ်ချစ်တာသားရဲ့ အဲဒါသားသိရဲ့လားဟင် သားလေးထောင်ကျသွားတော့ သူ. . . သူ အဲဒီစိတ်နဲ့ပဲ. . . "

" ကျွန်တော်သိတယ် ရဲရဲပြောပြလို့ ကျွန်တော်အားလုံးသိပါတယ်၊ မေမေ. . . ဒါတွေပြန်မပြောနဲ့တော့ မေမေ့ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ. . . မိဘနှစ်ပါးကလွဲရင် ကျွန်တော့်အပေါ် ဘယ်သူမှ မကောင်းဘူးလို့ ကျွန်တော်ယူဆတယ် မေမေ့ကိုထပ်ပြီး ဆုံးရှုံးမခံနိုင်ဘူး. . . "

အဓိက က မေမေလက်ဖဝါးကိုဖြန့်ယူကာ ဂျာကင်အတွင်း

အိတ်က ငွေနှစ်ထုပ်ကိုထုတ်ယူ၍ ထည့်ပေး၏။

နှစ်သိန်း. . . အဲဒါ လေလောဆယ်သုံးဖို့ယူထား ဝယ်ချင်တာ ဝယ် သုံးချင်တာသုံး လှူချင်လည်းလှူပါ. . . အများကြီးပုံချပေးရင် မေမေမသတီဖြစ်သွားမှာစိုးလို့ ဒါပဲပေးတာ ကျွန်တော် မကြာခဏငွေ ပို့ပေးမယ်. . ."

" အို. . . သား သားက မေမေဆီကိုမလာတော့ဘူးလား မေမေငွေကိုမလိုဘူး သားလေးကိုပဲ မြင်ချင်တာပါ သားရယ်. . ."

" လာမယ် မေမေ မရောက်ဖြစ်တဲ့အခါလည်း ငွေပို့ပေးမယ် လို့ပြောတာပါ ငွေကိုလက်ခံတိုင်း ငွေကိုကြည့်ပြီး ကျွန်တော့်ကို သနားသလို မဖြစ်သာလို့လက်ခံရသလို မျက်လုံးတွေနဲ့တော့ မနှိပ်စက်ပါနဲ့ "

" သား. . . မေမေ့သားလေး ခလုတ်မထိဆူးမငြိပါစေနဲ့ ကွယ်. . . "

ကက ကြည်လင်စွာပြုံး၍ မေမေ့ပါးကိုနမ်းလိုက်သည်။

ဟိုးအရင်တုန်းကလည်း သူများတွေအပေါ်မှာ လူကြမ်းလေး ပေမယ့် ကက မေမေ အပေါ်မှာတော့ ပီတိကလေးငယ်လေးလိုပါပဲ။

ဒီကိုယ်လုံးသွယ်သွယ်ကိုဖက်၍ ပါးကိုမကြာခဏနမ်းခဲ့ဖူး သည်။

လူပျိုကြီးဖြစ်တဲ့အထိ အပြစ်လုပ်မိတိုင်း မေမေ့ကိုဒီနည်းနဲ့ ချော့နေကျ၊

ဒေါ်နှင်းပုလဲ သားမျက်နှာကို ကိုင်တွယ်၍ ကြည်နူးစွာပြုံး သည်။





" မကြာမကြာ လာနော်သား. . ."

ကက ခေါင်းညိတ်သည် ရဲရဲနဲ့အတူမေမေ့ကို အိမ်ပေါ်တွဲပို့ပြီး မှ

" ကျွန်တော်ပြန်ဦးမယ် မေမေ ရဲရဲ နင်မေမေ့ကို ဂရုစိုက်ပေး တာ ကျေးဇူးတင်ပါတယ် နောက်လည်းထပ်တင်နေပါ့မယ် မေမေ့ကို ငါတို့ကိုယ်စား ဂရုစိုက်ပေးပါ. . ."

" သမီးလေးက အားနာရလောက်အောင်ကို ဂရုစိုက်ရှာတာ သားရယ် အဲဒါကြောင့် မေမေက နောင် အားမနာရအောင် သမီးကို မင်းအစ်ကိုနဲ့ လက်ထပ်ပေးပြီး အပိုင်တောင်းမလို့ ကိုမင်းခေါင်ဆီမှာ အားလုံးပြောဆိုပြီးပြီ. . ."

ကက မျက်နှာကွက်ခနဲပျက်သွားကာ ရဲရဲကိုကြည့်၏။

ရဲရဲ မျက်ဝန်းလေးတွေကို တစ်နေရာလွှဲပစ်လိုက်၏။

အတန်ကြာသည်အထိ ရဲရဲကိုစိုက်ကြည့်နေပြီးမှ မေမေ့ကို လက်ဖဝါးဆုပ်ကိုင်ကာ နှုတ်ဆက်လိုက်သည်။

ထို့နောက် ကားပေါ်တက်လာခဲ့သည်အထိ သူရဲရဲကိုမကြည့်မိ တော့. . . ကားလေးက ခြံထဲမှအရှိန်ပြင်းစွာပြေးထွက်သွား၏။

ခပ်ဖြည်းဖြည်းလိမ့်ဝင်လာသည့် မိုးမခ ကားနှင့်ခြံဝမှာ ထိပ် တိုက်ဆုံလေသည် နက်မှောင်နေသည့်ကားလေးဟာ သူ့မျက်လုံးထဲမှာ စိမ်းသက်နေသည်မို့ မိုးမခ သေချာကြည့်လိုက်၏။

" ဟင်. . . ကက . . . "

" ဟ. . . "

ကက ကားက သူ့ကားကိုပစ်တိုက်တော့မလို ဟဲခနဲဦး

တိုက်ဝင်လာပြီးမှ ပွတ်ကာသီကာလေးရှောင်ထွက်သွားသည်။

မိုးမခဒေါ်သထွက်ဖို့သတိမရဘဲ ကားကို ကမန်းကတန်း ဘရိတ်အုပ်၍ ကားနက်ကလေးကိုသာ တအံ့တသြလိုက်ကြည့်နေမိလေသည်။

ကက သူ့ကိုရန်စသွားခြင်းလား။

❀ ❀ ❀ ❀ ❀

ယူနီဖောင်းအပြည့်နှင့် မိုးမခ ပုံစံက ဘယ်ကကြည့်ကြည့်ထင်း နေသည်။

ဦးထုပ်ကိုပိုက်၍ စိတ်မရှည်ပုံပေါက်နေသည်။ မျက်နှာက ... ထွက်လာတာမြင်လိုက်သည်နှင့် နေရာမှာ ရပ်စောင့်မနေဘဲ ... ခြုံလှမ်း ကျဲများနှင့် လျှောက်ထွက်လာ၍

" ရဲရဲ. . . "

" ခခ. . . နင် ခရီးထွက်မလို့လား. . . "

ဆေးရုံအဝင်ဝနားမှာလည်း သူ့လိုပဲယူနီဖောင်းအပြည့်နှင့် ... အုပ်နှစ်ယောက်ကိုသတိရသွားမိခြင်းဖြစ်၏။ သို့သော် ဒီတစ်ခါ ... မျက်နှာ မှာ နွတ်ဆက်ပြုံးတို့ရှိမနေ။

" ဟုတ်တယ်. . . ငါမနေ့က ကိစ္စကိုဘယ်လိုမှ မကျေနပ် ... နင့်ဆီဝင်လာတာ "

" ဘာလဲ "

" ကက ကဘယ်မှာနေတာလဲ အခုဘာတွေလုပ်နေသလဲ ... မေမေ့ကိုတော့ တစ်ခုခုပြောသွားမှာပါ မေမေက ငါ့ကိုဘာမှမပြော ... မေမေ့ကို ပိုက်ဆံတွေ ဘာတွေပေးသွားသေးလား ပုံစံကြည့်ရတာ ... ကောင်လွှဲနေပြီဆိုတာ ငါသိတယ်. . . ပြောစမ်းပါ. . . "

" မေးတာတွေက များလှချေလားခခ ငါက ဘာကစပြေ
မှာလဲ သွားရလာရမှာ အရေးကြီးနေလည်းသွားပေါ့. . . အပြန်ကျ
မေးလို့ရတာပဲ "

" မရဘူး အဲဒါကိုပဲ ငါမတင်မကျဖြစ်နေတာ မေမေဘာ
မဖြေတာကိုလည်း ဘဝင်မကျဘူး ပြောစမ်းပါ ကက ဘာတွေပြောသွာ
သလဲ "

" ငါမသိဘူး "

" လာပြန်ပြီတစ်ယောက် "

မိုးမခမျက်နှာက ညိုမှောင်သွား၏။

" ဟုတ်တယ်လေ. . . ငါက တစ်မ်းသူတို့သားအမိပြော
နေကြတဲ့အနားမှာ အလိုက်မသိကပ်နေလို့ကောင်းမလား ငါဘာ
မကြားဘူး "

" ဒါဆို ဘာတွေပေးသွားလဲ. . . "

" ဘာမှ မတွေ့ပါဘူး "

" ပိုက်ဆံတွေ ဘာတွေပြောတာ. . . "

" အဲဒါတော့ မသိဘူး "

မိုးမခက ရဲရဲမျက်နှာကိုစူးစူးစိုက်စိုက်ကြည့်၍ နှုတ်ခမ်းတင်း
တင်းစေ့၏။ ရဲရဲဒေါသထောင်းခနဲထွက်သွားသည်။

" နင်က ငါ့ကိုဘာဖြစ်လို့တရားခံကြည့်ကြည့်တာလဲ. . . "

" နင့်ကိုကော မေမေ့ကိုကော အံ့ဩလို့. . . "

" ဒါဆိုလည်း ကားပေါ်ကျမှဆက်အံ့ဩတော့ ငါဂျူတီဝင်
စရာရှိသေးတယ် "

" ရဲရဲ "





" အို. . . "

ရဲရဲလှည့်ထွက်သည်။ မိုးမခက ဖျတ်ခနဲဖမ်းဆွဲလိုက်၏။

အိမ်မှာလိုဆို လက်ကိုပုတ်ချပစ်မိမှာပေမယ့် ဆေးရုံလူမြင်
ကွင်းကြီးထဲမှာ သူသိက္ခာ ကိုယ့်သိက္ခာကို ငဲ့ရသည်မို့ ရဲရဲဒေါသတွေ
က မျက်ဝန်းလေးတွေမှာသာ ပြိုးပြိုးပြက်ပြက်လက်သွားကြ၏။

မိုးမခမျက်နှာမှာလည်း မာန်မာနများကြောင့် ပြတ်သားမှုတွေ
အပြည့်။

"ငါက နင့်ဆီလာတွေ့တာ ရဲရဲ နင်ဒီလိုထားခဲ့ပြီးထွက်သွား
ရင် ငါကဘာကောင်ဖြစ်သွားမလဲ. . . ဒီမှာပဲရပ်နေ. . . "

မိုးမခက ရဲရဲလက်ကို တစ်ချက်ဖိဆုပ်ကာ ချာခနဲလှည့်ထွက်
သွား၏။

သူကဥပေက္ခာကိုမလိုချင်ဘူးတဲ့လား

ရဲရဲ မိုးမခ ကျောပြင်ကိုငေးကြည့်ကာ အံကြိတ်မိ၏။

## အခန်း (၂၄)

ကားစက်ဖုံးကိုသာဖွင့်ကြည့်ရသည် ဘာဖြစ်လို့ဖြစ်မှန်းလည်း မသိ။

ကိုယ်တတ်သလောက် မှတ်သလောက် လိုက်ကြည့်မိပေမယ့် ဘာ အပြစ်မှလည်းမတွေ့ အော်ပရေးရှင်းပြီးတော့ ပြန်ချိန်က နောက်ကျနေပြီ။

ကားပျက်သွားတော့ ရဲရဲစိတ်ညစ်သွားသည်။

ဟိုဒီရှေ့နောက်ဝဲယာလှည့်ပတ်ကြည့်မိစဉ် အဖြူရောင်ဝက်ဂွန် ကားလေးတစ်စီး မောင်းဝင်လာကာ သူ့မဘေးမှာထိုးရပ်သွား၏။

" ဟေး. . . ဘာလိုအပ်နေလဲ. . . "

" ကူညီပါရစေ. . . "

ပထမခေါင်းနှစ်လုံး တိုးဝှေ့ပြူလာ၏။

နောက်မှာကားတံခါးဖွင့်၍ ဆင်းချလာကြလေသည်။

သုံးယောက်ကိုမြင်တော့ ရဲရဲ ထိတ်လန့်သွားသည်။

စပ်ဖြဲဖြဲ ရီဝေဝေမျက်နှာတွေက ဖွတ်အတင်းကားပေါ်ဆွဲတင် တော့မလို လက်တွေတပြင်ပြင်နှင့်။





" ညီမလေး ကားပျက်နေတယ်ထင်တယ် ဘယ်လိုပြန်မလဲ လိုက်ပို့ပေးမယ်လေ. . . "

" မလိုပါဘူး "

ရဲရဲ ကားထဲဝင်ထိုင်ကာ သော့ပိတ်ထားရန် စိတ်ကူးနှင့် နောက်ပြန်ဆုတ်လိုက်ပေမယ့် တစ်ယောက်သောဆံရှည်က ရှေ့က ပိတ်ရပ်ထားလိုက်ကာ

"ကူညီမယ့်သူတွေကို ဒီလိုမထားခဲ့နဲ့လေ. . . ဟဲ. . . ဟဲ"

" တီ. . . "

တလက်လက်တောက်နေသည့် ကားနက်လေးတစ်စီးပြေးလာ သည် ရှေ့ကိုကျော်ထွက်သွားပြီးမှ တုံ့ခနဲရပ်သွားကာ နောက်ပြန်ဆုတ် လာ၏။ ဆုတ်လာပုံက ညင်ညင်သာသာ ထိန်းထိန်းသိမ်းသိမ်း မဟုတ် ဘဲ ဒိုင်းခနဲဆောင့်ဝင်လာခြင်းဖြစ်၏။

" ဟာ. . . "

" ဂျိမ်း. . . "

" ချွမ်. . . "

ကားနှစ်စီးဆောင့်မိသံက အတော်လေးကျယ်လောင်ကာ ဝက်ဂွန်ကားလေး၏ ရှေ့မီးနှစ်လုံးကွဲကြေကျသွားလေသည်။

" ဟင်. . . ကက. . . "

ပန်းရင့်ရောင်တီရှပ် ဘောင်းဘီရှည်အနက်နှင့် ကုတ်အကျႌ အနက်ကို ထပ်ဝတ်ထားသည့် ကကပုံစံက ဆံပင်ရှည်ပွပွနှင့် ရင့်ရော် ကြမ်းတမ်းသလိုဖြစ်နေသော်လည်း ကြည့်ကောင်းနေသည်။

ငယ်ငယ်ကတည်းက ခခထက်အရပ်မြင့်သလို တည်တည်

တင်းတင်းနေတတ်သူမို့ သူ့ကိုပဲ အကြီးထင်ခဲ့ကြတာ။

ကုတ်အင်္ကျီနဲ့ နက်ခ်တိုင်နဲ့ဆို အတော်လေးကြည့်ကောင်းသည့် ပုံစံဖြစ်၏။ ဘောင်းဘီအိတ်ထဲလက်ထည့်၍ တစ်စုံတစ်ခုကို နှုတ်ခမ်းစေ့ဝါးရင်း လျှောက်လာပုံက မလိုသူအတွက် ဒေါသဖြစ်စရာပေမယ့် စောစောကကျားရဲတွေလို သုံးကောင်ကတော့ တုတ်တုတ်မလှုပ်ဘဲကြည့်နေကြသည်၊ သူတို့ရှေ့မှာရင်ဆိုင်ရပ်မိသည်နှင့် တစ်ယောက်က ခြေတစ်လှမ်းဆုတ်ပစ်လိုက်ပြီး

" အမောက် မင်း "

ကက ဟင့်ခနဲရယ်၍ ကားကိုခပ်ဆတ်ဆတ်ပုတ်လိုက်ကာ

" မင်းတို့ ဘာလုပ်ရမယ်ဆိုတာ သိလား. . . "

တစ်ယောက်က တင်းချင်သော်လည်း မတင်းရဲသော မရှုနိုင် မကယ်နိုင်မျက်နှာနှင့်

" ကား မီးလုံးကွဲသွားတာ ဘာလုပ်ရမလဲ .... "

ကက ခေါင်းတစ်ချက်ဆတ်ကာ ပါးစပ်ထဲက ပီကယ်ကို ထုတ်၍ ကားမှန်မှာ ကပ်ပေးလိုက်၏။

" ပြန်လို့ရပြီ မင်းတို့ဆရာကိုပြောလိုက် 'အမောက်' နဲ့တွေ့လာတယ်လို့ "

ကက မှန်ကွဲစတွေကို ခြေဦးထိပ်နဲ့လှဲကန်ပစ်လိုက်ပြီး။

" ကားကို ကိုယ်တိုင်မောင်းပြီး တစ်ယောက်တည်း သွားပြန်နေပြီးတော့ ကားစုတ်ကြီးကိုစီးရသလား. . . "

" ကားစုတ်မဟုတ်ပါဘူး. . . ခုဟာ ပထမဆုံးပျက်တာပဲ နင် ငါ့ကားကိုကြည့်ပေးလေ. . . "





" မကြည့်ချင်ဘူး ငါနဲ့လိုက်ခဲ့. . . "

" ဒီကားကို ဘယ်လိုလုပ်ရမှာလဲ "

" ထားခဲ့ "

ကက ပြောပြီး ဝပ်ခ်ရှော့တစ်ခုကို ဖုန်းလှမ်းဆက်၏။

" ကကရယ် နည်းနည်းပါးပါးလောက်ဖြစ်တာဆို ဘယ်လိုလုပ်မလဲ "

" ပြင်ပြီး သူတို့မောင်းယူလာမှာပေါ့ ပူမနေနဲ့ နင့်ကားကို ဘယ်သူမှ မယူဘူး "

ရဲရဲ ဆက်မပြောချင်တော့သည်မို့ ကားထဲက ပလပ်စတစ်ဆွဲခြင်းအနီလေးကိုထုတ်ယူကာ ကကရဲ့ကားပေါ်ပြောင်းထိုင်လိုက်သည်။

" ကက. . . "

" ဘာမှမေးမနေနဲ့ ဘယ်သွားစရာရှိသေးလဲ တန်းပြန်မှာလား ပြော. . . "

ရဲရဲ နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားလိုက်၏။

" ဟိတ်. . . မေးနေတာဖြေလေ "

" ပြန်မှာကိုသိသားနဲ့ အပိုတွေမေးမနေနဲ့ "

ကက ဖျတ်ခနဲလှည့်ကြည့်သည်၊ ပြီးတော့ နှုတ်ခမ်းတစ်ချက်ဘွန့်၍ ပြုံးကာ ကားကိုအရှိန်မြှင့်လိုက်၏။

" မေမေနေကောင်းလား. . . "

" ကောင်းတယ် "

" ဘာလိုအပ်တယ်ပြောသေးသလဲ "

" သိချင်ကိုယ့်ဟာကိုယ်သွားမေး "

" မင်္ဂလာဆောင် ဘယ်တော့လဲ "

ရဲရဲက မှန်ထဲကနေ မျက်လုံးတစ်ချက်လှန်ကြည့်၏။

ပြီးမှ ဆတ်ခနဲလှည့်ပစ်လိုက်ပြီး

" ရှေ့လဆန်းထဲမှာ "

" ပျော်နေတယ်ပေါ့ "

" ငါ့ဟာငါ ဂျွမ်းပဲထိုးနေနေ နင့်အပူမပါပါဘူး "

" မေးတာကိုကောင်းကောင်းဖြေစမ်းပါ နင် ငါ့ကို တုံ့ပြန်ဖို့ ကြိုးစားမနေစမ်းပါနဲ့ "

" အမေ့. . . "

ကားလေးက လမ်းဘေးကိုဝေါခနဲဆင်းသွားသဖြင့် ရဲရဲ လန့်ဖျန့်သွားလေသည်။ ကားကဆောင့်ရပ်သွားတော့ သူမတစ်ကိုယ်လုံး ရှေ့တိုးနောက်ငင်ဖြစ်သွား၏။

" ဘယ်လိုဖြစ်နေတာလဲ ကက နင့်ကျတော့ လူကို အဖက်မတန်သလို မပြောဆိုချင်သလိုလိုနဲ့ ဒီမှာ နင့်ဟာနင် နင့်ပတ်ဝန်းကျင်မှာ ဘာကောင်ကြီးဖြစ်ဖြစ် ငါက နင့်ကို ဘုရားထူးနေကြတဲ့အုပ်စုထဲက လူမဟုတ်ဘူး အဲဒါကို မှတ်ထား အလကားနေရင်း လူကိုနိုင်ချင်မနေနဲ့ "

ကက က ခေါင်းပင့်ကာ ဆံပင်တွေကို နောက်ဘက်သို့ထိုးဖွသိမ်းတင်ပစ်နေ၏။

ထို့နောက် ရဲရဲကိုပြန်ကြည့်၍

" မေမေ့ဆီကို ငါပထမဆုံးလာတဲ့နေ့က နင့်အတွက်ပါ လက်ဆောင်ဝယ်လာခဲ့တယ် ဒါပေမဲ့ ဘာဖြစ်လို့မပေးဖြစ်ခဲ့မှန်းမသိဘူး။





အဲဒါကိုတွေးမိတိုင်းလည်း တာဝန်ကြီးတစ်ခုပိနေသလိုပဲ ခုပေးမယ် နင်ယူသွားပါ "

" မလိုချင်ဘူး "

" မလိုချင်လို့မရဘူး "

ကက ကဖွတ်တရွတ်

" အိတ်ထဲကိုနှိုက်ယူလိုက်တော့ ဗူးတွေဘာတွေနဲ့မဟုတ်ဘဲ စိန်ကိုပလက်တီနမ်နဲ့ ကွင်းထားသည့် လက်စွပ်လေးတစ်ကွင်းပါလာသည်။

လက်စွပ်က ပြောင်ပြောင်ကြီးမဟုတ်ဘဲ စိန်ကိုပန်းခက်ပန်းနွယ်လေးတွေခတ်ပေးထားသဖြင့် နုရွလှပနေသည်။

ရဲရဲလက်ကလေးကိုဆွဲယူကာ လက်သူကြွယ်လေးမှာ သူကိုယ်တိုင်စွပ်ချပေးလိုက်၏။ ဖြူနုတင်းပြည့်နေသည့်လက်ချောင်းသွယ်သွယ်လေးမှာ လက်စွပ်လေးကအံဝင်ဂွင်ကျဖြစ်လျက် လှလွန်းနေတာကြောင့် ကက ကိုယ်တိုင်သူ့လက်ဖဝါးပေါ်မှာ ရဲရဲရဲ့ လက်ဖဝါးလေးကို ကပ်မှောက်ထားပြီး အကြာကြီးစိုက်ကြည့်နေ၏။

" နင့်လက်ကလေးနဲ့လှတယ် ကြိုက်လား . . . "

" လက်စွပ်ပေးတဲ့အဓိပ္ပါယ်တွေကို နင်သိရဲ့လား ကက ငါက နင့်အစ်ကိုနဲ့ လက်ထပ်တော့မှာ နင်ဒါကိုမပေးသင့်ဘူးဆိုတာသိဖို့ကောင်းတယ်. . . "

" ဘာဆိုင်လဲ လက်ဆောင်ကိုလက်ဆောင်လို့ပဲမြင်လိုက် ဘာဖယားမှမရှုပ်တော့ဘူး နင်ငါ့ကို သူငယ်ချင်းလို့တော့ သတ်မှတ်သေးတယ် မဟုတ်လား ရာထူးရာခံမရှိတဲ့လူဆိုးမို့လို့ သူငယ်ချင်းလို့တောင်

မသတ်မှတ်နိုင်ဘူးဆိုရင် ကွယ်ရာမှာမချွတ်နဲ့ ခု ငါ့ရှေ့မှာပဲ ချွတ်ပြီး လွှင့်ပစ်လိုက် ''

" ကက "

" ဘာလဲ "

" နင်ကကော ငါ့ကိုဘယ်လိုသတ်မှတ်သလဲ "

ကကက ရဲရဲမျက်နှာကို စူးစိုက်ကြည့်၏။

" ဘယ်လိုသတ်မှတ်ထားတယ်ထင်လဲ "

" ငါမေးတာကိုပဲ ဖြေစမ်းပါ. . . "

" ဖြေလို့မဖြစ်တာကို ဘာဖြစ်လို့မေးတာလဲ "

ရဲရဲနဲ့ သူအကြာကြီးစူးစိုက်ကြည့်မိကြရင်း ငြိမ်သက်သွားကြ၏။

" နင် ဘာဖြစ်လို့ အမှောင်လောကကို ခုံမင်နေရတာလဲ ကကရယ်. . . "

ရဲရဲ မချင့်မရဲလေးဆိုသည်။ငါ့အတွက်ကတော့အလင်းပဲ အဲဒီမှာ ငါ့လိုချင်တာ အားလုံးရတယ် ငါဖြစ်ချင်တာ အကုန်ဖြစ်တယ် ငါ့ စကားတစ်ခွန်းကို အားလုံးနာခံကြတယ် "

" နင်က ရေတွင်းထဲကဖားပဲ "

" ငါ့ကိုမဝေဖန်နဲ့ရဲရဲ နင့်ရှေ့မှာအခုထိုင်နေတာ အမိက မဟုတ်ဘူး 'အမောက်မင်း' ဘယ်ကောင်မှ အမောက်ထောင်လို့မရ အောင် ပိုင်စိုးချင်လို့ ငါ အမောက်မင်းဆိုတဲ့ နာမည်နဲ့ရပ်တည်ခဲ့တာ နင် ငါ့ကို ဒီစကားမျိုးတွေပြောတာ ဒါနောက်ဆုံးဖြစ်ပါစေ "

အခြေအနေက လေပြည်လိုလို ပန်းရနံ့လိုလိုနှင့် လေနီကြမ်း





ဖြစ်လာသည်၊ ကားလေးက လေးညို့မှလွှတ်သော မြားတစ်စင်းလို လမ်းမပေါ်ပြေးတက်သွားလေသည်။

ခက်ထန်တင်းမာနေသည့် ကကမျက်နှာကို မှန်ထဲက လှမ်းကြည့်ကာ ရဲရဲ မကျေနပ်စိတ်လေးကို ချိုးနှိမ်မျိုသိပ်နေရလျက်။

❀ ❀ ❀

" ခဏနေပါဦးလားသားရယ် ခုမှစားသောက်ပြီးတဲ့ဟာကို တော်ကြာဆိုသားသူငယ်ချင်းဆေးခန်းက ပြန်ဝင်လာဦးမှာ. . . "

" မစောင့်တော့ဘူး မေမေ အလုပ်ကိစ္စအရေးကြီးနေလို့"

သူ ရဲရဲနဲ့ ထပ်မဆုံချင်တော့ပါ. . . မေမေ စိမ်ချမ်းသာအောင် စကားပွင့်သုတ်နဲ့ အအေးသောက်ပြီး ချက်ချင်းပြန်ဖို့ဖြစ်၏။

" ဟူး. . . တူ. . . "

ထလိုက်ပြီးမှ အိတ်ထဲကမြည်လာသည့် ဖုန်းကြောင့်ပြန်ထိုင် လိုက်ရင်း

" ရေနဂါးလား ဟုတ်တယ် ကျုပ်ပဲ "

" . . . "

" အင်း မလုပ်တော့ဘူး ကျုပ် အထည်ပြောင်းကိုင်နေပြီ. . "

" . . . "

" ဒါ ခင်ဗျား အပူမဟုတ်ပါဘူး အင်း. . . ပြော. . . "

" . . . "

" ဟုတ်တယ် စွန့်လွှတ်ခဲ့တာကို ကျုပ်ပြန်ကိုင်ဖို့ လုံးဝမစဉ်း းဘူး ခင်ဗျားကျုပ်နဲ့တွဲချင်ရင် . . . လုံးချောများများရှာလေ အကာ

မဟုတ်ဘူးနော်. . . အနုစ်. . . ”

“ . . . ”

“ ဟား. . . သိပ်လွယ်တာပေါ့. . . ရေထဲက ငါလမ်း မလျှောက်နိုင်ပေမယ့် ကျုပ်က ‘အမောက်’ လေ ခင်ဗျားပစ္စည်းလာ ကြည့်လိုက် ကျုပ်ဖြတ်တဲ့ဈေးတိမ်းစောင်းသွားရင် ‘အမောက် မင်း’ ဆိုတဲ့ နာမည်ကိုအပြီးစွန့်ပစ်လိုက်မယ် ”

ကက တဟားဟားရယ်၍ ဖုန်းပြန်ပိတ်လိုက်၏။

“ သား. . . ရော့ မေမေဖုတ်ထားတာ ပူတင်းလေးစားလိုက် ဦး ”

မေမေပူတင်းပန်းကန်ချပေးတော့ ငယ်ငယ်က မေမေ မကြာ ခဏဖုတ်ကျွေးခဲ့သည့် ကြက်ဥပူတင်းကိုသတိရသွားသည်။

ကြည့်လိုက်တော့ ကြက်ဥပူတင်းက ဝင်းစက်စက်စားချင်စရာ လေး။

သို့သော် သူ့လက်လှမ်းလိုက်သည်က ပူတင်းကိုမဟုတ်ဘဲ ကျွဲခေါင်းသီးပြုတ်ပန်းကန်ထဲသို့ဖြစ်လျက် ကျွဲခေါင်းသီးတစ်လုံးကို နှိုက်ယူလိုက်၏။

ဒေါ်နှင်းပုလဲမျက်နှာ သူ့နောက်ကျော်ဘက်သို့ဖျတ်ခနဲမော့ အကြည့်တွင် လက်ထဲကကျွဲခေါင်းသီးကိုနောက်ပြန်ပစ်ထည့်လိုက်ပြီး ဖြစ်၏။

သူ့ထံသို့မည်းခနဲအရာတစ်ခု ပျံဝဲပြေးဝင်လာကတည်းက ခကလည်း မျက်နှာကိုလှန်ချရှောင်လိုက်ပြီးထိုအရာကို ဖတ်ခနဲဖမ်း ဆုပ်လိုက်၏။





မိပါသည်၊ ဒါပေမဲ့ သူလက်ဖဝါးတစ်ခုလုံး စပ်ဖျင်းသွား၏။

ကြည့်လိုက်တော့ ကျွဲခေါင်းသီး။

မျက်နှာကိုသာ ထိမိလိုက်လျှင် မလွယ်ကြော၊

ကက ရဲ့ကျောပြင်ကိုကြည့်ကာ ခခ ဒေါပွသွား၏။

လှည့်မကြည့်ဘဲပစ်လိုက်တာ မျက်နှာကိုတန်းခနဲ။

“ ကက မင်းက ငါ့ကိုတွေ့လိုက်တိုင်း မထိတထိစသွားတာ ဘာလဲ. . . ”

“ မထိတထိမဟုတ်ပါဘူး မင်းကိုငါထိအောင်ပစ်တာပဲ မင်းတော်လို့ မထိတာ ”

ခုချိန်ထိ စပ်ဖျင်းနေဆဲရှိသည် လက်ဖဝါးကိုဖြန့်ကြည့်ကာ ခက ကကရှေ့မှာဆိုဖာနောက်မှီကိုလက်ထောက်၍ ရပ်လိုက်၏။

“ ကက မင်းအခု ဘာတွေလုပ်နေသလဲ ”

“ ငါက မေးတိုင်းမဖြေတတ်ဘူးကွ စိတ်မဝင်စားတဲ့စကားကို ဘယ်တော့မှ မပြောဘူး ”

“ ဒါဆို မင်းဘယ်မှာနေသလဲဆိုတာ ငါထပ်မမေးတော့ဘူး ဘစ်ခုတော့ ရှိတယ် မင်းနဲ့အတူထောင်ထွက် ဗလငါးတန်ဆိုတဲ့ အောက်ထွင်းပိဇ္ဇာမင်းမင်းဟာ ခါးပိုက်နှိုက်မှုနဲ့ ခဏခဏထောင်ကျပေမယ့် ဒီကောင် ခါးပိုက်နှိုက် အစစ်မဟုတ်ဘူးဆိုတာ တို့အားလုံး သိတယ် ”

မိုးမခက စိုးရိမ်သောမျက်ဝန်းများနှင့် အနား၊ ၁ရှိနေသည့် ဒေါ်နှင်းပုလဲကို တစ်ချက်လှမ်းကြည့်လိုက်ပြီး

“ ဗလငါးတန်ဆိုပေမယ့် လူကဝါးခြမ်းပြားလိုပိန်ရှည်ရှည်

ပြားချပ်ချပ် ခါးပိုက်နှိုက်ပြီးပြေးရင် အပြေးတော့သန်တယ် ဒါပေမဲ့ သူ့အရပ်ကြီးကရှည်လွန်းလို့ ကိုယ်ပေါင်ဖျောက်တော့ခက်တယ် ခဏ ခဏ ထောင်ကျတယ် ထောင်ကထွက်တာနဲ့. . . ”

ခခက စကားမဆက်သေးဘဲ ကကကို စူးစူးရဲရဲစိုက်ကြည့်၏။ ပြီးမှဆက်၍

“ မင်းတို့လိုကောင်တွေ သူ့နောက်ပါသွားတယ် တကယ်တော့ ဒီကောင်က ‘အိုဟားမား’ ဂိုဏ်းရဲ့တုတ်တချောင်းပဲ ခါးပိုက်နှိုက်လုပ်ပြီး ထောင်ထဲကနေ အင်အားစုဆောင်းနေးလုပ်နေတာ . . . ”

“ ဟုတ်လား ဒါဆိုလည်း အဲဒီပုဒ်မနဲ့ ဖမ်းထားလိုက်ပါလား”

“ ဥပဒေက မင်းပြောသလောက်မလွယ်ဘူးကွ ဒီလိုသာလွယ်နေရင် အခုပဲမင်းကို ငါလက်ထိပ်ခတ်ပစ်လိုက်လို့ရတယ်. . . ”

“ ဟား ဟား ဟား ဟား ”

ကက က အူလှိုက်သည်းလှိုက်ခေါင်းမော့ရယ်သည်။

သားနှစ်ယောက်ရဲ့အခြေမလှပုံကိုကြည့်ကာ ဒေါ်နှင်းပုလဲ မျက်ဝန်းမှာမျက်ရည်ရောင်တွေလှဲ့လာ၏။

ဒီသားနှစ်ယောက်ကို ဤကဲ့သို့အနေအထားဖြစ်အောင် သူမ ဘာကြောင့်မွေးမြူခဲ့မိတာလဲ. . .

ပညာတွေစုံအရွယ်တွေရောက်နေကာမှ ကိုယ့်ရင်ခွင်ထဲမှာ နို့တိုက်ခဲ့ရတဲ့ လူမမယ်အရွယ်လေးတွေလို ‘အဲဒါ မကိုင်နဲ့မီးဟဲ့’ ဆိုပြီး လက်ကလေးကို ခပ်ဆတ်ဆတ်ရိုက်ဆုံးမရုံနဲ့ လက်တွန့်သွားတော့မည် မဟုတ်။





“ အဲဒါ ဓါးကြီးဟဲ့ ချော်လဲရင် ဗိုလ်ကိုစူးဦးမယ် ” ဆိုပြီးတော့လည်း ဓါးကိုအတင်းဆွဲယူထား ငိုတော့မှ တင်ပါးလေးကိုချ

“ အန္တရာယ်ရှိလို့တားနေတာ တိတ်လေ. . . တိတ် ” တုတ်တရွယ်ရွယ်နဲ့ ခြောက်ပြလိုက်တော့ ငိုသံလေးတိတ်ကျသွား

ခုတော့ ဒီလိုမရတော့လေပြီ. . .

ဘယ်သားကိုပြေးဆွဲရမှန်းမသိဘဲ ဒေါ်နှင်းပုလဲ မျက်ရည်တွေသာဝဲနေလေသည်။

ကကရယ်နေရင်း အံကြိတ်သည်။ ခခကိုစေ့စေ့ကြည့်၍ မဲ့လိုက်၏။

“ မင်းလုပ်စမ်းပါ. . . အစကတည်းက မင်းကိုငါပြောပြီးသား မင်းနဲ့ဆန့်ကျင်တဲ့အရပ်တစ်ခုမှာ ငါရှိနေမယ်ဆိုတာ ငါထောင်ကထွက်ပြီး ပြင်ပလောကမှာစခြေချလိုက်တာဟာ မင်းကိုဆန့်ကျင်ဖို့ပဲ ”

“ ကက စကားကိုလမ်းပေါ်မှာလို ပေါက်တတ်ကရလျှောက်မပြောနဲ့နော် မင်းရှေ့မှာရပ်နေတာ ခါးပိုက်နှိုက်သူခိုးမဟုတ်ဘူး. . . နောက်ဆုံးသတိပေးလိုက်တယ် မင်းကိုခုချိန်ကစပြီး ငါအလွတ်ပေးမှာမဟုတ်တော့ဘူး ခြေလှမ်းမမှားဖို့ မင်းကြိုးစား. . . ”

“ သတ်ရိုက်ထိ ”

ကက ကလက်ဖျစ်တစ်ချက်တီး၍ လက်မနဲ့နှာခေါင်းကို ပွတ်ဆွဲလိုက်၏။

“မှန်တယ် မင်းလည်း ပခုံးပေါ်မှာအပွင့်တက်ဖို့ကြိုးစားပါ မင်းနဲ့ငါ ညီအစ်ကိုဆိုတာကိုမေ့ပစ်လိုက်. . . ”

မိုးမခက မလှုပ်မယှက်ကြီးရပ်၍ စိုက်ကြည့်နေသည်။

ကကက နှုတ်ခမ်းစေ့၍ စိန်ခေါ်သလိုစူးစူးရဲရဲပြန်ကြည့်၏။

“ နောက်တစ်ခုရှိသေးတယ် ”

“ ပြော. . . ”

“ မင်း ရဲရဲနဲ့တွဲသွားတွဲလာဆင်ခြင်ဖို့. . . ”

“ ဟား. . . ”

ခခက ပိုင်နိုင်ပြီးသားလေသံနှင့် ခါးကိုဟန်ပါပါထောက်လိုက်သေးသည်။

“ သူက ငါနဲ့လက်ထပ်တော့မှာ အားလုံးသေချာနေပြီးသား အားလုံးကိုခြုံငုံကြည့်တတ်ရင် မင်းဘက်ကအနေအထားကို သဘော ပေါက်ဖို့ကောင်းတယ် အဆိုးဆုံးက ရဲရဲကို လက်စွပ်ပေးတဲ့ကိစ္စပဲ”

“ လက်စွပ်ပေးလိုက်တဲ့အတွက် ဘာဖြစ်သွားနိုင်လို့လဲ ”

“ ဟ. . . ဖြစ်လာစရာတွေအများကြီးရှိတာပေါ့ကွ အထူးသဖြင့် ရဲရဲကသူ့ဂုဏ်သူ့အသိုင်းအဝိုင်းနဲ့ သိပ်ကိုသန့်စင်တဲ့မိန်းကလေး မင်းကြောင့်. . . ”

“ ပြောပါဦး ငါကဘာဖြစ်နေလဲ. . . ”

“ မင်းကလူဆိုးပဲ ”

“ ဟား ဟား ဟား ဟား ”

ကက ရယ်သံက စကားလုံးတွေထောင်သောင်းမက ခုန်ပေါက်ထွက်ကျလာသကဲ့သို့ ကြားရသူအဖို့အတော်ခံရ ခက်စေပါ၏။

“ အေးပါ မင်းကြိုက်သလို အားရပါးရရယ် ဒါပေမဲ့ အခု ငါ့ဘက်က ငါပြောပိုင်ခွင့်ပြောမယ် ရဲရဲကိုနောက်ထပ် မင်းဘာလက်ဆောင်မှပေးစရာမလိုဘူး. . . ငါနဲ့လက်ထပ်မယ့်မိန်းမမို့လို့ ငါတား





ခွင့်ရှိတယ် ”

“ မင်းတားလည်း ငါကဂရုမစိုက်ဘူးဆိုရင်ကော ”

“ မင်းမစိုက်လို့မရဘူး အခြေအနေအချိန်အခါနဲ့ ကံ အကြောင်းတရားကိုက ယှဉ်တွဲခွဲခြားပေးခဲ့တာ မင်းက ငါတို့စည်းဝိုင်းထဲမှာ မရှိတော့ဘူး မင်းလမ်းကြောင်းနဲ့ မင်းနီးစပ်ရာကိုပဲ စိတ်ကူးစမ်းပါကွာ ”

ကက မျက်နှာတဖြည်းဖြည်း ရဲတက်လာသည်။

အသားညိုပေမယ့် နီလာတာသိသာ၏။ နှုတ်ခမ်းစေ့အံကြိတ်လိုက်တော့ မျက်ဝန်းတို့က မာခဲနေသည့်ရေခဲပြင်တွေဖြစ်သွားလေသည်။

“ တန်ရာတန်ရာမှန်းလို့ပြောလိုက်တာပေါ့ ”

မာနဒေါသတွေ ထောင်းထောင်းထကာ တစ်ကိုယ်လုံးတဖျစ်ဖျစ်မြည်လာ၏။

ထိုစဉ် ဒေါ်နှင်းပုလဲ နေရာမှာ တင်ခွေခေါက်လဲကျသွားလေသည်။

“ မေမေ. . . ”

ကက မေမေ့ကိုပွေ့ယူလိုက်ချိန်တွင်

ခခ ခါးကြားက ဖုန်းလေးမြည်လာ၏။

မေမေ့နားရောက်သွားပြီးမှ ခခဖုန်းထုတ်၍ နားထောင်လိုက်၏။

ကက မေမေ့ကိုပွေ့၍ အိပ်ခန်းဆီသွားလျှင် ခခနောက်က လိုက်လာကာ “ ကက မေမေ့ကိုဂရုစိုက်လိုက်ပါဦး ငါ့အထက်က အရေး တကြီးခေါ်လို့ ခုပဲသွားရမယ် ”

မိုးမခက ဒေါ်နှင်းပုလဲမျက်နှာကိုတစ်ချက်မျှငုံ့ကြည့်ကာ လှည့်ထွက်သွား၏။

" ခခ "

ကကက ဒေါ်နှင်းပုလဲကိုမွှေ့ယာပေါ်မှာ ညင်သာစွာ ချသိပ်ပြီးမှ ခခကိုလှည့်ကြည့်ကာ

" ငယ်ငယ်ကတည်းက မင်းငါ့အကြောင်းသိပါတယ် ငါက လိုချင်တာကိုရအောင်ယူတယ် ဖြစ်ချင်တာကိုဖြစ်အောင်လုပ်တယ် ဖွင့်ထားတဲ့တံခါးရဲ့တစ်ဘက်ကိုစိတ်မဝင်စားဘူး ပိတ်ထားတဲ့တစ်ဘက်ကို စူးစမ်းချင်တယ် ဒီနေ့မင်းမှားယွင်းခဲ့တဲ့စကားတစ်ခွန်းအတွက် နောင်တတွေ အများကြီးရစေရမယ် အဲဒါ မယုံမရှိနဲ့ "

" မင်း . . . "

❀ ❀ ❀ ❀ ❀

# အခန်း (၂၅)

ဖုန်းတွေဆက်လှချေလား ကိုခရဲ့ လက်ထပ်ခါနီးနေပြီပဲဟာ သေချာပြီသားကိုဗျာ "

မိုးမခက ဖုန်းပြန်ပိတ်၍ ခေါင်းခါလိုက်သည်။

" ခင်ဗျားမသိပါဘူး ကိုစိုးမောင်ရာ. . . "

" မသိလည်းပြောပြလို့ရပါတယ် ဘာလဲ ဒေါက်တာ နေရဲရဲက စောပါသေးတယ်လို့ အချိန်ဆွဲနေလို့လား "

ခခ မရှုနိုင်မကယ်နိုင်ဖြစ်နေရတာကို ဘယ်သူ့မှလည်း မပြောရဲ။

ရင်ထဲမှာလည်း အစားမှားထားသလို ပြည့်ကယ်မွန်းကျပ်နေပြီ

ကကရဲ့ အရယ်အပြုံးတွေ ကကရဲ့စကားသံတွေ. . .

မထိတထိ မျက်ဝန်းများမှ စိန်ခေါ်မှုတွေ. . .

ကက ဘယ်လမ်းကြောင်းမှာ လျှောက်နေမှန်းသူသိသည်။

ဘယ်ဆီကိုဦးတည်မည်မှန်းမသိ။

သူဟာရဲအရာရှိဖြစ်နေသော်လည်း ညီတစ်ယောက်လုံးကို သူ့ဆိုး မှန်းသိနေသည့်တိုင်ကကရဲ့သွားမှုလာမှုတွေကို အစရှာလို့မရ။

သူ့အစိုးရိမ်ဆုံးက ရဲရဲကို။

သူ့ကိုမခံချင်စိတ်နှင့် ကက ရဲရဲကို တစ်ခုခုတုံ့ပြန်လိုက်မှာ စိုးသည်။

သူ့စကားတွေကို ကက မခံချင်ဖြစ်သွားမှန်းသိသော်လည်း ဘာကိုဘယ်လိုအကျအနကောက်၍ ဘယ်လိုတုံ့ပြန်လာမလဲဆိုတာ မသိ နိုင်တာကြောင့် ရဲရဲကိုစိတ်ပူတိုင်း ဖုန်းခဏခဏဆက်နေခဲ့မိသည်။

" ဘယ်လိုဖြစ်နေတာလဲ ခခနင်သိပ်ကိုအချိန်တွေပိုနေသလား ငါ့မှာအချိန်မရှိဘူး ဖုန်းခဏခဏဆက်မနေနဲ့ဟာ "

ရဲရဲထံမှ တုံ့ပြန်သံကလည်းမညင်သာ. . .

ကကနဲ့ သူရင်မဆိုင်ချင်ပါ. . . သို့ဖြစ်နေသဖြင့် ပို၍ခါးသီးနေမိသည်. . .။

"သူ့ညီလေး ဟိုတစ်ခါ ဘိန်းဖြူမှုနဲ့ ထောင်ကျဖူးတယ်လေ. . ."

" သူ့ညီက မောင်ခိုသမား . . ."

" ကိုခ အမိကဆိုတာ ခင်ဗျားညီဆိုဗျ. . ."

ပတ်ဝန်းကျင်က လက်ညှိုးများစွာ သူ့မျက်နှာရှေ့မှာဝဲပျံလာသည်။

အတွေးထဲမှာတောင် ခခ မျက်နှာပြင်ကြီးထူပူရှိန်းဖိန်းနေ၏။

ကက ထောင်ထဲကိုမှားယွင်းစွာရောက်ရှိသွားခဲ့တာ၊

ဖအေအတွက် အနစ်နာခံသွားတာ ဒါတွေကိုဘယ်သူသိမှာလဲ အားလုံးသိကြတာက ကက ဟာထောင်ထွက်။

ဆက်လက်၍ မိုက်မဲဆိုးသွမ်းဖို့အားမန်အပြည့်နဲ့လူ။

" ဆရာ "





မိုးမခ ဆတ်ခနဲဖြစ်သွား၏။ ရဲသားတစ်ယောက်က သူ့ကို အလေးပြု၍ ရဲမှူးကြီးက ခုချက်ချင်းလာခဲ့ဖို့ ခေါ်ပါတယ် "

" ကောင်းပြီ လာမယ် "

သူ ချက်ချင်းထွက်လိုက်လာခဲ့၏။ ရဲမှူးကြီးက မျက်မှန်ကို တစ်ချက်ပင့်၍ မျက်လုံးဝင့်ကြည့်လိုက်ပြီး

" မိုးမခနဲ့ ကိုစိုးမောင်တို့အဖွဲ့ ဒီနေ့ပဲခရီးထွက်ရလိမ့်မယ်"

" အမိန့်ရှိပါ ရဲမှူးကြီး "

" အိုးဟားမားနဲ့ သူ့ရဲ့အဆက်အသွယ်နိုင်ငံခြားသားတွေ သဘက်ခါ ညနေမှာ ပစ္စည်းအလဲအလှယ်တွေလုပ်ကြမယ်လို့ သတင်း အတိအကျရထားတယ် နေရာကအရင်လို သိပ်ဝေးဝေးလံလံလျှို့လျှို့ ဝှက်ဝှက်မဟုတ်ဘူး ဒါဟာ ပရိယာယ်လည်းဖြစ်နိုင်မယ် ဘာပဲဖြစ်ဖြစ် ...န်သူ့နယ်မြေကိုဝင်တာနဲ့ အထူးလျှို့ဝှက်ပါ သတိထားပါ စစ်ဆင်ရေး ...ာ အရေးကြီးတယ် ခန့်မှန်းခြေ နှစ်ထောင်ကျော် တန်ဖိုးရှိမယ် ...ဓိက က လူတွေကိုဖမ်းမိဖို့ပဲ အတတ်နိုင်ဆုံး အရှင်ရအောင် ဖမ်းနိုင်ဖို့ ...ကြိုးစားရမယ် "

" ဟုတ်ကဲ့ အမိန့်အတိုင်းတသွေမတိမ်းဆောင်ရွက်ပါ့မယ်"

" သတင်းတစ်ခုရှိသေးတယ် အဲဒါဟာ အိုးဟားမား အတင့် ...လာတဲ့ကိစ္စပဲ ပြီးခဲ့တဲ့ နှစ်ဆယ့်သုံးရက် သုံးနာရီစခန်းသိမ်းမှာ ...ဲ့ရဲ့ ဘော်တွေကို ကောင်းကောင်းကြီးဒုက္ခပေးလိုက်တဲ့ ကိုယ်ကျပ် ...နက်နဲ့ တစ်ယောက်တစ်ချက်ဆွဲချသွားတယ် ဆိုတဲ့လူဟာ တကယ် ...ဘ့ အိုးဟားမားရဲ့အထူးလက်ဖြောင့်တစ်ယောက်ပဲဆိုတာ သတင်း ...လာတယ် ဒါဟာ သိပ်တော့မသေချာသေးပေမယ့် သေချာသလောက်

ရှိတယ် အခု မင်းတို့ အဲဒီလူကို သတိထားရမယ်. . . "

လက်ဖြောင့်သေနတ်သမား ဓါးကော ကျွမ်းကျင်နေလေပြီ လား ကကရဲ့ မထီတထိ မျက်ဝန်းအကြည့်တွေကို ဖျတ်ခနဲပြုံး ယောင်လိုက်သည်။

" ဟိတ်ကောင် မင်းက အဲဒီဓါးတွေတလက်လက်နဲ့ ဒီလောက် ကျင့်နေတာ ဘာလဲ ဓါးပြတိုက်စားမလို့လား ကမ္ဘာ့ဖလားပွဲ မှာ တက်ပြိုင်မလို့လား . . . "

" သေနတ်ပစ်ကွင်းသွားတာက ဘာလုပ်တာလဲ သူများ တွေလို တခါတလေအပျော်ကစားတာမဟုတ်ဘူး။ထမင်းမေ့ ဟင်းမေ့ ဒါတွေ ဝါသနာပါရင် ရဲအဖွဲ့ထဲဝင်လူဆိုးသူခိုးတော့ လုပ်စားဖို့ စိတ်မကူး နဲ့ ဆွေစဉ်မျိုးဆက်နာမည်ပျက်မခံနိုင်ဘူး "

ဖေဖေ့ရဲ့ဆူပူသံတွေကို ခုထိနားထဲကမထွက်

သို့သော် ဒါ ကကနဲ့မဆိုင်ပါဘူး ကက ဒီလောက်ထိတော်နိုင် ပါ့မလား။

နှစ်ဆယ့်သုံးရက် သုံးနာရီစစ်ဆင်ရေးမှာ သူမပါပေမယ့် ထို ကိုယ်ကျပ်အနက်နဲ့ လက်ဖြောင့်တစ်ယောက်ကြောင့် ခြေထောက် တွေမှာ ဒဏ်ရာအသီးသီးရလာခဲ့ကြသည့်ရဲတွေဆီက သူကြားခဲ့သည်။

" ကြောက်စရာတော်တော်ကောင်းတဲ့လူပဲဆရာ တိုက်ခိုက် နေရင်းလှည့်ပစ်လိုက်တာကိုပဲ သူချိန်တဲ့နေရာတန်းခနဲပဲ. . . "

" ဟုတ်တယ် ခြေထောက်တွေချည်း ရွေးပစ်တာ "

" တိုက်ပွဲမပြတ်သေးဘဲ သူပြန်ပျောက်သွားတယ် ဘယ်သူ့ ဘက်ကလူမှန်းမသိဘူး "





" အရပ်တော်တော်မြင့်တယ် နိုင်ငံခြားသားတစ်ယောက် ဖြစ်မယ် "

ဒီသတင်းစကားတွေကြားရတုန်းကလည်း ကကကိုသူမတွေး ခဲ့ပါ။

ကက ထောင်ကလွတ်လာတာ တစ်နှစ်တင်းတင်းပြည့်သွား ပြီ. . .

ဒီဖြစ်ရပ်တွေပြီးခဲ့တာ နှစ်လပဲရှိသေးသည်။

မိုးမခ ရင်ထဲမှာ နွေးခနဲလှိုက်ခုန်သွားမိလေသည်။

❀ ❀ ❀ ❀ ❀

# အခန်း (၂၆)

" မမလေး မဆက်တာပဲကောင်းပါတယ် ခုမှနားအေး ပါးအေးနေရတာ "

" သူ့မှာလည်း တာဝန်တွေရှိမှာပေါ့ ဒေါက်တာရယ် မအား လပ်တဲ့ကြားကနေ ခဏခဏဖုန်းဆက်နေတာ ခဏခဏပဲသတိရနေလို့ ဖြစ်မှာပါ "

" ဟုတ်တယ်နော် ရဲရဲ ရဲ့ခင်ပွန်းလောင်းက တကယ်ချော တယ် အရပ်ဝတ်နဲ့ အရမ်းချောတယ် ဂျူတီ ယူနီဖောင်းနဲ့ဆို ပိုတောင် ချောသေးတယ် ကိုယ့်ကိုအရမ်းချစ်တယ်ဆိုတော့ ရဲရဲ တကယ် ကံကောင်းတာ ခုဖုန်းဆက်သံမကြားမိတာ ခရီးထွက်နေလို့ထင်တယ် နော် "

" ယေသူငယ်ချင်းတွေဆို "

" ဟုတ်တယ် "

" ဒေါက်တာတို့နှစ်ယောက်ကိုကြည့်ပြီး အရမ်းသဘောကျ တာပဲ ရှေ့သွားနောက်လိုက်လည်းညီတယ် နင်နဲ့ငါနဲ့ တရင်းတနှီးနဲ့ကြင် နာသေးတယ် "



ရဲရဲ ထိုစကားများကြောင့် ကြည်နူးပီတိဖြစ်မနေပါ၊

သူသတိထားမိလောက်အောင် ဖုန်းတွေခဏခဏ ဆက်နေ ...သည့် သူ့ကိုပဲ မကျေမနပ်ဖြစ်နေမိသည်။

" ရဲရဲ နင် ကကနဲ့ဘယ်မှလိုက်မသွားနဲ့နော် ဒီကောင်က ...သူ့ကိုယ်သူတန်ဖိုးထားတဲ့ကောင် မဟုတ်ဘူး လူဆိုး "

" ရဲရဲ ဒီနေ့ စောစောပြန်ဖြစ်ဖို့ရှိလား "

" အိမ်ကကားလာကြိုမှာလား ကိုယ့်ကားကိုမောင်းပြန်မယ်ဆို ...ားကိုသေချာစစ်ဆေးထားဦး. . . "

မိုးမခ ဖုန်းဆက်တာ တခါတခါများ တနေ့တည်း ...သုံးကြိမ်. . .

နေ့စဉ် အနည်းဆုံး နှစ်ကြိမ်လောက်တော့ ဆက်နေသည်မို့ ...တ်ညစ်ရသည်။

ရဲရဲကို အားလုံး ကျီစယ်နောက်ပြောင်နေကြသဖြင့် ...ကားလက်စ ပြတ်အောင် မနည်းထွက်လာခဲ့ရသည်။

ကားပေါ်ရောက်လို့စက်ဖွင့်မယ်မှ မကြံသေး။

ကားအဖြူလေးတစ်စီး သူမကားရှေ့မှာရှောခနဲထိုးရပ်သွားပြီး ...ားပေါ်က လူရွယ်တစ်ယောက်ပြေးဆင်းလာသည်။

" ဒေါက်တာ ဒေါက်တာက ဒေါ်နေရဲရဲလား ဟင်. . . "

" ဟုတ်တယ် ဘာဖြစ်လို့လဲ. . . "

" ကျွန်တော်တို့ဆရာ ရန်ဖြစ်ပြီးဓါးထိုးခံရလို့ ဒီနားမှာခဏ ...ိုက်ကြည့်ပေးပါ ခင်ဗျာ "

" အို. . . ဓါးထိုးခံရတာ ဆေးရုံတင်လိုက်...ဦး ဒီလိုပြစ်မှ

ကျူးလွန်တဲ့ဒဏ်ရာတွေကို ကျွန်မတို့ ကုခွင့်မရှိဘူး ''

လူရွယ်က ကရင်မ်လူး၍ နက်ပြောင်အရောင်ထနေသော သူ့ဆံပင်ကျော့ကျော့ကိုတစ်ချက်သပ်၍ ကျွတ်ခနဲစုတ်သပ်လိုက်၏။

'' သူကလည်း အဲဒီလို ရှုပ်ကုန်မှာစိုးလို့ ဖွတ်ပေနေတာ ဒေါက်တာရယ် ကျွန်တော်တို့ကလည်း သူ ဒေါက်တာနာမည်ကို ခဏ ခဏပြောနေလို့ ရင်းနှီးနေတာနဲ့ ဒေါက်တာ့ကို ခေါ်ပေးရမလား ဆိုတော့ ခေါ်ကြည့်တဲ့ ဒေါက်တာမလိုက်ဘူးဆိုရင် ဘယ်ဆရာဝန်မှ ခေါ်မလာနဲ့ တဲ့. . . ''

'' ဘယ်လို ''

ရဲရဲ မျက်လုံးလှလှလေးတွေ တွန့်ကုတ်သွားသည်။

'' မင်းဆရာက ဘယ်သူမို့လို့လဲ ''

'' အမောက် အဲ. . . ကကဆိုရင် ဒေါက်တာသိတယ်တဲ့ ခဏ လိုက်ကြည့်ပေးပါ ဒေါက်တာ သူကတော့ တောင်းပန်ခေါ်မလာနဲ့ တဲ့ ဒါပေမဲ့ ဒေါက်တာမှမလိုက်ရင် သူဒဏ်ရာကိုဘယ်ဆရာဝန်မှ ခေါ်ပြမှာ မဟုတ်ဘူး စစ်လား ဆေးလားနဲ့သံသရာရှည်မှာ စိုးလို့ တဲ့. . . ''

ပြောနေရင်း လူရွယ်က လက်ထဲမှာ ဆုပ်ကိုင်လာသည့်ပစ္စည်းလေးတစ်ခုကို လှမ်းပေးနေကာ၊

'' ဒီမှာ ဆရာ့ပစ္စည်းပါ ဒေါက်တာမယုံကြည်မှာစိုးလို့ ကျွန်တော် တောင်းယူလာတာ ''

ကက ကိုးတန်းမှာကတည်းက ဝတ်ထားခဲ့တဲ့ လက်စွပ်လေး ရဲရဲ တွေဝေသွားမိလေသည်။





ခုတလောကျမှ ခေါကလည်း ကကနဲ့ ဘယ်မှမလိုက်ဖို့ အတူမသွားလာဖို့ တရရမှာနေသည်။

ကကမှာလည်း ဒဏ်ရာနဲ့ဆိုပဲ။

'' လိုက်ခဲ့ပါ ဒေါက်တာ ဒဏ်ရာကများလို့ သွေးထွက်လွန်သွားမှာစိုးလို့ပါပြီး. . . ပြီးတော့လေ. . . ဟိုရောက်ရင်လည်း အတင်းတောင်းပန်ခေါ်လို့လိုက်ရတာ ဘာညာနဲ့မပြောလိုက်ပါနဲ့ နော် ''

တွေ့လား ကက ကောင်စုတ် အသေခံပြီးတော့များ မာနကြီးနေ သေးတယ် တောင်းပန်မခေါ်ရဘူးတဲ့။

ဒေါသလေးခေါင်းပြူထလာသော်လည်း ငယ်ငယ်တုန်းက သံယောဇဉ်လေးအတိုင်း ကိုယ်ကပဲအလျှော့ပေးဖို့ စိတ်ကူးလိုက်မိသည်။

လာခေါ်သည့်လူရွယ်အပေါ်လည်း သံသယမရှိတော့ပါ. . .

'' လိုက်ခဲ့မယ်လေ ကက ကဘယ်မှာလဲ. . . ''

'' ဒီဆေးရုံကွေ့ထိပ်က တစ်ခြံကျော်လေးမှာပါ. . . ''

❀ ❀ ❀ ❀ ❀

# အခန်း (၂၇)

" အဲဒီအခန်းထဲဝင်သွားပါ ဒေါက်တာ. . . "

ရဲရဲဟာနေသည့် အခန်းတံခါးကို ဇွန်းဖွင့်ဝင်ခဲ့သည်။

" ဟင်. . . ကက. . . "

ကက ကိုသူမ တွေ့သည် သို့သော် ရှုံ့တွညစ်ညူးနေသေ
သွေးသံရဲရဲဒဏ်ရာနှင့် ကကမဟုတ်ပါ။

တစ်ယောက်အိပ်မွေ့ယာထက်မှာ ခေါင်းအုံးနှစ်လုံးဆင့်၍ 
လျှော့လျှော့မှီလှဲကာ စီးကရက်သောက်နေသည့် ကက။

တစ်ခုခုမှားယွင်းသွားပြီဆိုတာ စိတ်ကသိလိုက်ရသည်
နောက်ကိုဖျတ်ခနဲပြန်လှည့်လိုက်တော့ တံခါးကိုအပြင်က
သော့ပိတ်သွားပြီဖြစ်၏။

" ကက. . . နင် နင် ဒါဘာလုပ်တာလဲဟင် "

ဒေါသလည်းဖြစ် အထိတ်တလန့်လည်းဖြစ်လျက် ရဲရဲ အ
လေးတွေတုန်နေ၏။

ကက ကလက်မထောက်ဘဲ ခြေကိုလွှဲ၍ ထထိုင်လိုက်သည်

သူတစ်လှမ်းချင်းရှေ့တိုးလာတော့ ရဲရဲကိုယ်လေးယို့က
နောက် တစ်လှမ်းဆုတ်မိလေသည်။





" နင်. . . နင် ဘာမှမဖြစ်ဘဲနဲ့. . . "

" နင့်ကို ငါက ဘာဖြစ်တယ်လို့ ပြောလို့လဲ. . . "

" နင်မပြောပေမယ့် နင်ပဲခိုင်းလိုက်တာလေ နင်ငါ့ကို ဘာဖြစ်
ဖို့ ညာခေါ်တာလဲ ဘာရည်ရွယ်ချက်နဲ့လဲ ဟင်. . . "

" သိမ်းပိုက်မလို့. . . နှချိန်ကစပြီး နင့်ကိုငါပိုင်သွားပြီ "

" ဘာ. . . ဘာပြောတယ် "

ရဲရဲဆတ်ခနဲတုန်သွားမိသည်အထိ ထိတ်လန့်သွားမိလေ
သည်။

ကကမျက်နှာကိုလည်း မယုံနိုင်စွာပြူးပြဲကြည့်လိုက်မိသည်။

သိမ်းပိုက်ဖို့ဒီလိုကြံစည်ရလောက်အောင် ကကနဲ့သူမကြား
မှာ ဘယ်သူ့ဘက်ကမှ မရိုးသားစွာ ချည်နှောင်ထားခဲ့တာမရှိ
ထို့ကြောင့် နားနဲ့ဆက်ဆက်ကြားနေရတာတောင် ရဲရဲ မယုံ
နိုင်သေး။

" နင်က နင်ကငါ့ကို. . . အို မဖြစ်နိုင်ဘူး နင်နဲ့ငါ ဘာဆိုင်
လို့လဲ. . . ကက နင်. . . ဒီကိစ္စကို ပေါ့သေးသေးမမှတ်နဲ့နော်
ဘဝတ်မှုသိလား. . . ဒါနောက်စရာမဟုတ်ဘူး . . . ဘာမှမဖြစ်ဘူး
ဆိုလည်း နင်တစ်ခုခုပြောစရာရှိလို့လား ပြောလေ ပြီးရင် ငါပြန်ပါရစေ
ဘာ "

ကက မျက်နှာက တစ်စက်မှ အရယ်အပြုံးမရှိဘဲ အေးစက်
က်စိုက်ကြည့်ပုံက ကျောချမ်းစရာဖြစ်၏။

" နင့်ကိုပြန်ခွင့်မပေးနိုင်တော့ဘူး ရဲရဲ စိတ်တော့မကောင်း
ဘူး ပန်းမှန်ရင်ဘယ်ပန်းကိုပဲဖြစ်ဖြစ် ခူးလို့ နမ်းလို့ရတယ်ဆိုတာကို

ခခ သိသွားဖို့အတွက် နင့်ကိုငါ ပိုင်မှဖြစ်မယ်. . .''

'' ဘာပြောတယ်. . .''

ရဲရဲ ချက်ချင်းသဘောပေါက်သွားသည် ခုတလောကျမှ ခခ တရရ မှာနေခဲ့တာတွေ ကက လက်ထဲရောက်လာခဲ့တာတွေ. . .

ကြားထဲမှာ သူမက ဘာလဲ. . .

'' ကက. . .''

လက်ထဲကခြင်းကိုချကာ ရဲရဲက ကက ရင်ဘက်ကိုဆောင့်တွန်းပစ်လိုက်၏။ ထိုနှင့်အားမရဘဲ လက်သီးဆုပ်၍ တအားထုနက်ပစ်ရင်း

'' မိန်းကလေးတစ်ယောက်ကို နင်ဘာမှတ်နေလဲဟင်. . . ဖွင့် တံခါး ခုဖွင့်ပေး ငါ့မေတ္တာမပါဘဲ နင်ငါ့ကိုဖျက်ဆီးလို့မရဘူး သိလား. . . အဲဒါကြောင့် ခခငါ့ကို တရရသတိပေးနေတာ နင့်ကို လူဆိုး လူယုတ်မာကို ယုံမိတာ ငါ့အမှားပဲ နင်ဟာ စေတနာနဲ့ မတန်တဲ့လူ လူရမ်းကား''

'' ခခက သတိပေးနေသတဲ့လား ဟားဟားဟား ကောင်းတယ် ငါလိုချင်တာ အဲဒါပဲ ဆိုးတာပဲဖြစ်ဖြစ် ယုတ်မာတာပဲဖြစ်ဖြစ် ပြောသလိုဖြစ်အောင် လုပ်နိုင်ဖို့က အဓိက. . .''

'' လူယုတ်မာ ကဲ. . .''

ရဲရဲက ပါးကိုတအားလွှဲရိုက်ပစ်သည် ကက ကလက်ကို ဖမ်းဆုပ် ထားလိုက်ပြီး

'' ငါ့ကို ယုတ်မာတယ်လို့ ဒီတစ်ခါထပ်ပြောရင် အခြေအနေ ဒီထက်ဆိုးသွားမယ်နော် ပါးစပ်ကိုပိတ်ထား. . .''





'' မပိတ်ဘူး နင်က လူကောင်းမို့လို့လား လူယုတ်မာက လူ ယုတ်မာပဲ. . .''

'' ဟာကွာ. . .''

'' အအ်း. . .''

ရဲရဲကိုယ်လေး သူ့လက်ထဲမှာ ဇွေ့ခနဲမြောက်ပါသွား၏။

'' အို. . . ဘာလုပ်တာလဲ ကက. . . နင်. . . နင်. . . အမေ့. . .''

ရဲရဲ တစ်ကိုယ်လုံးမွေ့ယာနုနုပေါ်ပစ်ကျသွားသည်။

'' ကက နင်မယုတ်မာနဲ့နော် လွှတ်. . . လွှတ်. . . ဟင့်အင်း ငါတောင်းပန်တယ် ငါ့ကိုသနားပါနော်. . . ကက. . .''

ရဲရဲအသံလေးတဖြည်းဖြည်း ပျောက်ကွယ်သွား၏။

နာရီသံတချပ်ချပ်သည် သူမရဲ့ မျက်ရည်စက်တို့ကို ပြက်ရယ် ပြုလျှက်။

❀ ❀ ❀ ❀ ❀

# အခန်း (၂၈)

“ ကားကို ခြံဝရှေ့မှာပဲတွေ့တာ ဒီကား ဆေးရုံဝင်းထဲက ဘယ်လို ထွက်သွားတယ် ဘယ်လိုပြန်ရောက်လာတယ်ဆိုတာ မြင်တဲ့သူ တစ်ယောက်မှ မရှိဘူး ကကနဲ့ပတ်သက်သမျှ ဘယ်ကောင်မှလည်း ရှာမတွေ့ဘူး တွေ့တဲ့ကောင်ကျတော့လည်း ဘာမှကိုသိပုံမရတာ သေချာတယ် တောက် ဒီကောင် ဒီလိုလုပ်တော့မယ်ဆိုတာ ရိပ်မိနေ သားနဲ့ တစ်ချက်ကလေးလျှော့တွက်လိုက်မိတာ ကျွန်တော်မှားသွားတာ ပါ ”

ဦးမင်းခေါင် ခေါင်းငိုက်စိုက်ကျနေသည်။

ဒေါ်နှင်းပုလဲ မျက်နှာငယ်လေးနှင့် သားဖြစ်သူရှေ့ကို ထလျှောက်သွားသည်။

“ သားငယ်ဆိုတာကော သေချာရဲ့လား သားကြီးရယ်. . . အခု ဘာမှစုံစမ်းလို့မရဘူး မဟုတ်လား ခုတ်ရာတခြား ရှရာတခြား ဖြစ်နေမှာစိုးလို့ မေမေကသတိပေးတာ သားငယ်ဘက်ကို မဲနေတုန်း တစ်ဘက်က လမ်းပွင့်သွားမှာစိုးလို့ ”

“ ကျွန်တော့်ဇနီးလောင်းဆိုတာ အားလုံးလိုလိုသိနေကြတာ



ရဲရဲကိုဘယ်သူမှ ဒီလိုမကြံစည်ဘူးမေမေ ကျွန်တော့်ကိုစိန်ခေါ်သွားတဲ့ ကက တစ်ယောက်ပဲလုပ်ရဲမယ့်သူရှိတယ် ဒီလောက်မြန်မြန်ကြီးလုပ်ချ သွားမယ်လို့ ထင်ကိုမထင်ဘူး ဖြစ်ချင်တော့တာဝန်တွေ့ပြီ မရွှေရဲရဲက ပြောစကားနားမထောင်. . . တောက်. . . ”

မိုးမခ ငြိမ်ငြိမ်ထိုင်နေလို့မရ မိဘကမိဘမို့ ပူသလိုသူ့မှာ ခေါင်း တွေလည်းပူထူနေပြီ ရင်ဘက်ထဲမှာရော တစ်ကိုယ်လုံးမှာပါ သွေးတွေ မဟုတ်ဘဲ မီးတောက်မီးလျှံတွေလို အလျှံတညီးညီး တောက်လောင်နေလေသည်။

သွားပြီ. . . သူခရီးထွက်နေတုန်းမို့ဆိုလျှင် အချစ်ကိုဆုံးရှုံး လိုက်ရသည့် ဝေဒနာတစ်ခုတည်း. . .။

ခုတော့ သူပြန်ရောက်လာမှ သူရှိနေပါလျက် ဘာသတင်း အစအနမှမရဘဲ ရဲရဲသတင်းက စုန်းစုန်းမြုပ်နေသည်။

ခြံရှေ့ရောက်နေသည့် ကားမှာလည်း သဲလွန်စဘာမှမတွေ့။

သူက ရဲအုပ်တစ်ယောက်၊ ညီဖြစ်သူက ဘာမှန်းမသိသည့် အမှောင်နယ်ကလူ. . .

ညီလူဆိုးက အစ်ကိုရဲအုပ်ရဲ့ဇနီးလောင်းကို ခိုးယူသွားသည့် သတင်းသာ ပတ်ဝန်းကျင်မှာ ပျံ့နှံ့သွားလျှင်. . .

မိုးမခ တက်တခေါက်ခေါက်နှင့် ခေါက်တုံ့ခေါက်ပြန်လမ်း လျှောက်နေမိ၏။ ဒီကြားထဲ သွားရသည့် လမ်းကြောင်းက အဆင်ပြေ လာခဲ့

ပစ္စည်းတချို့နဲ့ငွေကိုမိလိုက်သည်၊ တရားခံနှစ်ယောက်ကို အသေပဲမိပြီး အားလုံးလွတ်ကုန်သဖြင့် ရဲမှူးကြီးလည်းမျက်နှာမကောင်း

စိတ်ပန်းလူပန်းနှင့် ရဲရဲဆီကိုပင်ဖုန်းမဆက်ဖြစ်ဘဲ တစ်နေ
တစ်ညလုံး အလုပ်အကြောင်းတွေ တွေးရင်းနှင့် အချိန်ကုန်ခဲ့သ

ဒီနေ့ကျမှ ရဲရဲအပြန်ဝင်ကြိုကာ ကကနဲ့ပတ်သက်
သေချာပြောပြ သတိပေးထားဖို့လည်း ဆုံးဖြတ်ထားခဲ့သည်။

ခုတော့ ရဲရဲက ပျောက်သွားခဲ့ပြီ။

နာရီကို ငုံကြည့်လိုက်မိ၏။

ည ကိုးနာရီခွဲတိတိ။

နောက်တစ်နေ့ မိုးလင်းသွားမှာကို သူဘယ်လိုရင်ဆိုင်ရ
မသိ။

" ဒီလိုသာဖြစ်ခဲ့ရင် ကိုမင်းခေါင်ကိုလည်း ကျွန်မ မတော
ပန်ရဲတော့ပါဘူး ကျွန်မသားအတွက် . . . "

ဦးမင်းခေါင် ဆတ်ခနဲမော့လာကာ ခေါင်းခါပစ်လိုက်

" ဖြစ်တာကတော့ မဖွယ်မရာပဲ မင်္ဂလာကိစ္စအတွက် က
တို့ကအားလုံး စီစဉ်ပြီးပြီကိုး ဒါပေမဲ့ ဒါကို မနှင်းစိတ်မဆင်းရဲပ
ကိုယ့်ကျန်းမာရေးကိုပဲ ကိုယ်ဂရုစိုက်ပါ ဆင်းရဲချမ်းသာဆိုတာထ
စရိုက် စာရိတ္တကြောင့် စိတ်ဆင်းရဲသွားတာပါ ကကကိုချစ်ပေမ
သား သမက်အဖြစ်ကျတော့ သူ့စရိုက်လက္ခဏာကို သဘောမကျ
ဘူး ဒါပေမဲ့လည်း ခုဖြစ်သွားပြီပဲ သမီးကံပေါ့. . . "

ဦးမင်းခေါင်မျက်နှာက ဟန်လုပ်ထိန်းချုပ်နေရမှန်းသိသာ
သည်။

ဖြစ်ရာပေမပေါ့ သမီးလေးက ချောချောလှလှ ဆံရာဝန်မလေ
ခေါ်သွားသူက ဘာမှန်းမသိ ဘယ်ကိုမှန်းမသိ အခြေအမြ





မရှိတဲ့သူ. . .

" ဟိတ်. . . ဝင်းအောင်လား ငါစုံစမ်းခိုင်းတဲ့ကိစ္စ ဘာထူး
လဲ "

" လိုက်တုန်းပဲဆရာ မထူးသေးဘူး အဲဒီကားနက်လေး
ထားဝယ် ကွန်ပျူတာစင်တာကို မကြာမကြာလာတာ ဟုတ်တယ်
ဒါပေမဲ့ ဘာမှမေးလို့မရဘူး ကားကိုပဲသိတယ် လူကိုမသိဘူးတဲ့
ခုမလာတာ ကြာပြီတဲ့ ဘာဆက်လုပ်ရမလဲဆရာ. . . "

မိုးမခက နာရီတစ်ချက်ကြည့်၍

" အဲဗား ကလပ်ကိုသွား အင်အားဖြန့်ပြီး တစ်ယောက်တည်း
ဝင် မြင်တာနဲ့ ဘာမှမမေးနဲ့ ဖမ်းလိုက် ငါ့ကိုအချိန်မီအကြောင်းကြား"

" ဟုတ် "

မိုးမခ ဖုန်းပြန်ပိတ်တော့ ဦးမင်းခေါင်နေရာမှ ထလာပြီး

" ဒီအချိန်ကျမှတော့ သမီးကိုပြန်ပေးဆွဲသွားတာသေချာပြီ
ကက ခေါ်သွားတာဆိုရင်တော့ ပြန်ပေးမဟုတ်တော့ဘူး အဲဒါ ဟုတ်
မဟုတ် စုံစမ်းပေးပါ "

" မမြင်ရ မကြားရသေးပေမယ့် ကြားတာမြင်တာထက်
သေချာတယ် အန်ကယ် ဘာဖြစ်လို့လဲ "

" သေချာရင် သမီးနဲ့ကျူပ်စကားပြောချင်တယ် လိုက်သွား
တာကတော့ သူ့သဘောနဲ့မဟုတ်ဘူး ဒါပေမဲ့ အခု သူတို့ချင်း
ပြေလည်သွားကြတယ်ဆိုရင် စိတ်ဆင်းရဲ အရှက်ရစရာတွေနဲ့
အကျယ်တဝင့်မဖြစ်ချင်ဘူး "

" ဘယ်လိုပြောလိုက်တာလဲ အန်ကယ် ဒါဟာ မထူးစိတ်ပိုက်

ဖို့သင့်တဲ့ကိစ္စမဟုတ်ပါဘူး ရှေ့မှာရှင်သန်စရာတွေ အများကြီးရှိသေးတယ် မှောင်မိုက်နေတဲ့ အနာဂတ်နဲ့ ကကလိုလူတစ်ယောက်ရဲ့ လက်ထဲမှာ ရဲရဲကို ကျွန်တော်အနစ်မွန်းမခံနိုင်ဘူး ရဲရဲ ဘာဖြစ်နေနေ ရအောင်ပြန်သိမ်းမှာပဲ ''

ဦးမင်းခေါင် ခေါင်းခါနေသည်။

သမီးရဲ့အတွင်းစိတ်မှာ ကက ကိုဘယ်အထိသံယောဇဉ်ရှိခဲ့တာသူသိသည် ခခကို ဦးကျော်နဲ့ လက်ခံစဉ်းစားခဲ့ပေမယ့် ကကကိုတော့ ရင်ထဲမှာ သိမ်းထားခဲ့တာဖြစ်သည်။

တကယ်လို့ ကကကို အစကလက်မခံနိုင်ဘူးပဲထား တစ်ယောက်နဲ့တစ်ယောက် ခွေးနွေးတောင်းပန်ရင်း ပြေလည်နေကြပြီဆိုလျှင်. . .

# အခန်း (၂၉)

" နားငြီးလာပြီကွာ. . . ကိုင်ပေါက်ပစ်မိတော့မယ် "

" ကိုင်မပေါက်နဲ့ နင့်မှာသေနတ်ရှိလား ဓါးရှိလား အသေထိုးသတ်ပစ်လိုက်စမ်း "

တစ်ကိုယ်လုံးကိုလှုပ်မရအောင် ရင်ခွင်ထဲဆွဲသွင်း၍ အတင်းဖက်ထားလို့ရသည် တအင့်အင့်ရှိုက်ငိုနေသည့် အသံကိုချုပ်ထားလို့မရ

" မိုးလင်းတော့မယ် ရဲရဲ တစ်ရေးမှမအိပ်ရသေးဘူး ခဏလေးပါးစပ်ပိတ်ထားစမ်းပါ "

" မပိတ်ဘူး မပိတ်ဘူး နင့်ကိုငါမုန်းတယ် ဖယ်လွှတ်. . . လွှတ်နော် "

" ဘယ်လိုဖြစ်နေတာလဲကွာ. . . ဘာမှမထူးတော့တဲ့ဟာကို စိတ်ကိုဘယ်လိုမှကိုဆန့်လို့မရတော့ဘူး ဒေါသထွက်လာပြီ "

ကက မွေ့ယာပေါ်မှာ ထထိုင်လိုက်ပြီး ဆံပင်တွေကိုသိုးဖွပစ်၏။ သူ့ရဲ့ချုပ်နှောင်မှုက လွတ်သည်နှင့် ရဲရဲအိပ်ယာပေါ်ကကမန်း ကတန်းဆင်း၍ ပြေကျနေသည့်ဆံပင်ကို လက်ကိုင်ပုဝါလေး

ဖြန့်ကာ၍ ဖြစ်သလိုသိမ်းချည်လိုက်သည်။

ပြီးတော့ သူမချထားသည့်အတိုင်းလေးရှိနေသည့် ပလတ်စတစ်ခြင်း အနီလေးကိုကောက်ယူကာ

" ငါ့ကိုတံခါးဖွင့်ပေး "

" ဘာ. . . "

ကက ဒေါသကော မထင်မှတ်တာကော ရောထွေးလျက် ခုန်ထလာသည်။

" နင် ဘာပြောလိုက်တယ် "

" တံခါးဖွင့်ခိုင်းတာလေ ငါပြန်မယ် နင်လိုချင်တာ ရပြီမဟုတ်လား ခခကိုအနိုင်ယူဖို့အတွက် ငါ့ဘဝလည်းပျက်စီးခဲ့ပါပြီ ကျေနပ်ပါတော့ ငါ့ကိုတံခါးဖွင့်ပေးပါ. . . "

" မဖွင့်နိုင်ဘူး ခုချိန်မှာ နင့်ကိုငါ့လက်ထဲကနေ သိကြားမင်းဆင်းလုရင်တောင် အပါမခံနိုင်ဘူး အဲဒါအပြတ်ပြောတာ "

ရဲရဲ ဇွေ့ဇွေ့ခုန်ဖြစ်သွားလေသည်။

" နင်. . . နင်တော်တော်တရားလွန်ပါလားဟင်. . . ခခကိုငြိုးပြီး မဆီမဆိုင် ငါ့ဘဝကိုရက်ရက်စက်စက်ဖျက်ဆီးခဲ့တယ် ဒီအတိုင်းပဲ တစ်သက်လုံးဆက်ပြီး ညှင်းဆဲထားမယ့်အစား သတ်ပစ်လိုက်စမ်းပါ "

" ဟုတ်တယ် အစက ခခကို ငါငြိုးခဲ့တာ ခု အဲဒါနဲ့မဆိုင်ဘူး နင့်ကိုငါမစွန့်လွှတ်နိုင်ဘူး ရဲရဲ အဲဒီစကားထဲမှာ ဘာရန်ငြိုးမှမပါဘူး "

" တော်ပါ သွေးဆူတိုင်း စွဲလမ်းစိတ်ဖြစ်တာကို နင်တပ်မက်





တိုင်း မသာယာဘူး သိလား. . . ငါ့ဘဝဘာဖြစ်ဖြစ် နင့်လက်ထဲမှာဆုံးရှုံးမခံဘူး ခုချက်ချင်း တံခါးဖွင့်ပေး "

ရဲရဲက တံခါးဆီပြေးကာ ဆွဲခြင်းလေးချ၍ တအားထုနှက်နှက်ပုတ်နေသည်။

" ရဲရဲ တော်တော့တံခါးပွင့်မှာ မဟုတ်ဘူး နင်ပဲ လက်တွေနာမှာ "

" နာနာ သေသေ. . . "

ကက ရဲရဲပခုံးလေးကို ခပ်ကြမ်းကြမ်းဆွဲလှည့်၍ မျက်နှာချင်းဆိုင်လိုက်သည်။

ဖြူနီရဲနေသော မျက်နှာလေးက မျက်ရည်တွေစိုရွှဲကာ သနားစဖွယ်လေးဖြစ်နေရှာသည်။

နဖူးနဲ့ နားထင်ဆံစလေးတွေ ဖရိုဖရဲပြိုဆင်းလျက် ကပိုကရိုလေးဖြစ်နေသည်ကလည်း အလှပျက်မသွား။

" သွေးဆူလို့ ချစ်တာမဟုတ်ဘူး ရဲရဲ နင့်ကိုငါ ငယ်ငယ်လေးကတည်းက အလိုလိုက်ခဲ့တဲ့ သံယောဇဉ်တွေကို နင်ပြန်မတွေးမိဘူးလား ခခက နင်လှလို့ချစ်တာပါ ငါက ဘာမှန်းညာမှန်းမသိခင်ဟိုးငယ်ငယ်လေးတည်းက နင်မျက်ရည်ကျရင် မနေတတ်ခဲ့ တာ. . . "

ရဲရဲ သူ့လက်တွေကို ဖယ်ချဖို့မေ့နေမိသည်။

ကက က ရဲရဲမျက်နှာပေါ်က ဆံစလေးတွေကို တယုတယသပ်ဟင်ပေး၍

" ငါချစ်နေပေမယ့် ငါ့ဘဝနဲ့ နင်ပတန်ဘူးဆိုတဲ့အသိကိုကိုယ့်ဘာသာသိပြီး ငါ့စိတ်ကိုငါချိုးနှိမ်နေခဲ့တာပါ ဒီဇာတ်ဖြစ်လာတာ

ကတော့ ခခကြောင့်ပဲ. . . အစကတည်းက မသထာမကြည်ဖြူ
ပေးထားခဲ့ရတဲ့ နင့်ကို ငါပြန်ယူဖို့ဝန်မလေးခဲ့တာ အငြိုးတစ်ခုတည်း
ကြောင့် မဟုတ်ဘူးဆိုတာ နင်ယုံစမ်းပါ. . . ''

ရဲရဲ ငေးငေးလေးဖြစ်သွားပြီးမှ သူ့လက်တွေကိုဆတ်ခနဲ ပုတ်ခါချပစ်လိုက်၏။

'' မသိဘူး သွား. . . ဘာဖြစ်ဖြစ် နင် ငါ့ကို အဝမ္မဖျက်ဆီးတာ ''

'' လောလောဆယ် ပိုင်ဆိုင်ဖို့က အရေးကြီးတယ်ရဲရဲ ဒဿဂီရှိလို ငါ့အချစ်ကိုလည်း ဆုံးရှုံးမခံနိုင်ဘူး အသက်ကိုလည်း မပေးနိုင်ဘူး လိုချင်ရင်ယူမှာပဲ နောက်ပြဿနာ နောက်ရှင်း. . .

'' ဟုတ်တယ် ရှင်းရမှာပဲ နင်ထောင်ကျမှ နင့်ကိုငါထောင်ချပစ်မယ် သိလား ခုလောက်ဆို ခခနဲ့ဖေဖေတို့ ငါ့ကိုမြေလှန်ရှာနေပြီ ''

'' ဟား ဟား ဟား ''

ကက ကရယ်၍ ရဲရဲကိုအတင်းဆွဲဖက်လိုက်သည်။

'' ရှာပါစေ ဆေးရုံကြီးရဲ့ ဘေးကခြံမှာ ငါရှိနေမယ်လို့ ဘယ်သူက ထင်မှာလဲ ဟောဒီနားမှာ ငါ့တပည့်တွေ အများကြီးရှိနေတယ် လူမပြောနဲ့ခွေးတောင် တိုးဝင်လို့မရဘူး စိတ်လျှော့လိုက်တော့ နော်. . . မျှော်မနေနဲ့. . . ''

'' ဟင့်အင်း. . . လွှတ်. . . ကကနော် ငါ့အသားတွေ နာနေပြီသိလား နင့်မျက်နှာပေါ်က အမွှေးတွေကို ငါရွံတယ်. . . အို ''





'' မုတ်ဆိတ်ရိတ်နေရမယ့် အချိန်တွေကို နှမျောလို့. . . ''
အရှုံးပေးလိုက်ရပြန်ပြီ တစ်ခါ. . .
ကကရင်ခွင်ထဲမှာ ရဲရဲထုနှက်တွန်းထိုးနေရင်း။

# အခန်း (၃၀)

" မင်းမှာအရည်အချင်းဘယ်လောက်ပဲရှိရှိ အင်းအားမတော င်းဘဲနဲ့တော့ အိုးဟားမားကို ပခုံးချင်း ယှဉ်ဖို့မကြိုးစား အမောက်. . . ငါတို့တစ်ဖွဲ့လုံး ဒုက္ခရောက်သွားနိုင်တယ် "

" သူတို့အင်အားရှိနေတော့ရော အခု ဘာလုပ်လို့ရသ အရည်အချင်းရှိတဲ့တစ်ယောက်ကို ပုံချဦးတိုက်နေရတာပဲ မဟုတ်လား ဒီမှာ မြွေဆိုး ခင်ဗျားသိထားဖို့က အရေအတွက်ထက် အရည်အချင်းက အဓိကဆိုတာပဲ ကျုပ်ဒီလိုအရည်အချင်းတွေရှိလာဖို့ ဘဝတစ်ခုလုံး အစိတ်အပိုင်းများစွာကို ဘယ်လောက်ထိရင်းနှီးကြိုးပမ်းခဲ့ရသ ခင်ဗျား သိလား "

" မသိဘူးလေ မင်းအကြောင်း ကျုပ်ဘာသိတာမှတ လို့. . . "

" ဟုတ်တယ် ကျုပ်ကိုယ်ကျုပ်သိရင် လုံလောက်ပါတယ် 'အိုးဟားမား' ဘာကောင်ကြီးဖြစ်ဖြစ် ကျုပ်ဂရုမစိုက်ဘူး သူလည်း သူ့ အင်အားနဲ့သူရပ်တည် ကျုပ်လည်းကျုပ်အင်အားနဲ့ကျုပ် ဘယ်ကောင်မှ ကျုပ်ဆရာမခေါ်ဘူး ကျုပ်ရှေ့ကိုလာရင် အားလုံး အတူတူပဲဆိုတာ အသိပေးလိုက်တာ ဒါကိုပခုံးချင်းယှဉ်တယ်ထင်လို့





ပြဿနာရှာရင် ဘာလေ မနိုင်တဲ့သူရှုံးမှာပဲ "

မြွေဆိုးခေါင်းခါ၍ စီးကရက်ထုတ်မီးညှိသည်။

" သူတို့က ဒီလိုမပြောသေးပါဘူး ငါကစိတ်ပူတာ သူတို့က ကိုယ့်ထက်ပိုမှောင်တဲ့လူတွေ. . . သူတို့ကကြံရင်. . . "

" ကြိုက်သလောက်ကြံပစေ ခင်ဗျားကြောက်တတ်ရင် နှစ်ခါ အသေမခံနဲ့ ရော့ ကိုယ့်နားထင် ကိုယ်ပစ်လိုက် "

ခဲပုတ်ရောင်ဝင်းလက်နေသည့် သေနတ်က သူ့ရှေ့ရောက် လာသည်၊ မြွေဆိုး ပျာပျာသလဲဖြစ်သွား၏။

" မဟုတ်ဘူး ငါမကြောက်ဘူး မင်းကိုစိုးရိမ်. . . "

" တော်တော့. . . "

ကက စားပွဲကို ဖျန်းခနဲပုတ်၍ ထရပ်လိုက်၏။

" ကျုပ်ရှေ့မှာစိုးရိမ်စကား ခင်ဗျားထပ်ပြောကြည့် ကျုပ်သူ များကို သတ်ဖို့လည်းသွေးဆာနေတာ မဟုတ်ဘူး။ကျုပ်ကိုသတ်မှာ လည်း တွေးကြောက်မနေဘူး လက်နှေးတဲ့သူခံ. . . "

အမောက်ရဲ့ရာဇဝင်တွင်ခဲ့သော ဒုစရိုက်သမိုင်းက ထိုအယူ အဆများမှစခဲ့တာဖြစ်သည်။

သေရဖို့ဆိုတာကိုခေါင်းထဲ မထည့်တတ်သော အမောက်ရဲ့ လှုပ်ရှားမှုများက ဘယ်တော့မှကြောက်ရွံ့နောက်တွန့်တာမျိုးမရှိခဲ့ဘဲ နောက်ကျကျန်ခဲ့တယ်ဆိုတာလည်းမရှိ။

'အိုးဟားမား'က အရည်အချင်းရှိသောသူကို ရှာဖွေနေသည့် အဖွဲ့အစည်း. . .

အမောက်လို့သူကိုယ်သူအမည်ခံထားသည့် ကကနှင့် ချက်ချင်း

ဆက်သွယ်မိသွားသည်. . .

တိုက်ယူမလား ကားယူမလား ငွေကိုကန်ချလို့မကုန်အောင် ပုံပေးသည်။

ကက နေ့ချင်းညချင်းကြီးပွားသွားပေမယ့် ဆက်ဆံရေး တော့ ဦးမကျိုးခဲ့ချေ 'အိုးဟားမား' က ကကအပေါ်တုတ်ပြီးချည်ပြီး သူ့ဩဇာ တစ်အာဏာတည်လိုချင်သည်။

ကက ကဒီလိုမဟုတ် ကျေနပ်မှုခေါင်းညိတ်သည် စိတ်ဝင်စား မှ လက်ခံ၏။ ဟင့်အင်းဆို တစ်ချက်မျှ လှည့်မကြည့်သည့်သူ။

သို့သော် သူလုပ်သမျှမဖြစ်မြောက်ခဲ့ဘူးဆိုတာမရှိ ဆုံးရှုံးသွား ခဲ့တာမရှိခဲ့။

မကျေနပ်သော်လည်း 'အိုးဟားမား' ကကကို လက်မလွှတ်နိုင် သည်မို့ ဒီနေ့ထိမြဲနေခဲ့သည်။

ထို့ပြင် ကက သွားလာရင်း လေလွင့်လူငယ်လေးတချို့နှင့် တွေ့ဆုံဆက်စပ်မိကာ ကူညီခဲ့စောင့်ရှောက်ခဲ့ရင်း သူ့ထံမှာသာခိုတွယ် နေကြသည့် အဖြစ်ကြောင့် ရည်ရွယ်ထားသည်မဟုတ်ဘဲ အင်အား တစ်ရပ်စုစည်းမိလာခဲ့လေသည်။

ဤသည်ကို 'အိုးဟားမား' အထင်လွဲမှာကိုမြွေဆိုးကစိုးရိမ်ခြင်း ဖြစ်၏။

အိုးဟားမားက အင်အားကိုငွေနဲ့စုစည်းသည့် အရည်အချင်း ရှိသူကိုသာ မြှောက်ပင့်သည် ကကကျတော့ ဒီလိုမဟုတ် လူငယ်အား လုံးက ကကကိုချစ်၍ ဆရာတင်ကြတာဖြစ်သည်။

ကကအတွက်ဆို ကိုယ့်အရေးကိစ္စလို ကြိုးပမ်းကြသည်။





ကကနဲ့ပတ်သက်၍ ပိတ်ဆို့ကာကွယ် ခဲ့ကြတာတွေရှိသည်။

ရှုပ်ရှုပ်ချုံချုံဆောင်ရွက်ပေးကြတာတွေကိုသူတို့မြင်သည်။

အရေအတွက်နည်းပေမယ့် ကကရဲ့အင်အားကမသေး ကက ကသူကိုယ်တိုင် ကိုယ်လုံပညာသင်ပေးနေတာတွေရှိတော့ အားလုံးက သွက်လက်တက်ကြွနေကြသည်။

" သူတို့က မင်းကို သူတို့လက်အောက်မှာပဲ ခုလိုနေစေချင် ကြတာ မနေတာကိုအမြင်စောင်းနေတဲ့ဟာ ခု မင်းယူတဲ့မိန်းကလေးက အဲ့အုပ်မိုးမခရဲ့ ဇနီးလောင်းဖြစ်နေတော့. . . "

" အဲဒီကိစ္စတွေ ခင်ဗျားကို သူတို့ကပြောလား "

" ငါသိနေတာ "

" မေ့ပစ်လိုက် ပြောရဲတဲ့ကောင် ကျုပ်ရှေ့ကိုလာပြောပစေ မပြောသရွေ့ ခေါင်းထဲထည့်ဖို့မလိုဘူး "

" ရဲအုပ်ရဲ့ဇနီးကို မင်းခိုးယူလာတာ အားလုံးကအပြစ်မြင်မှာ ပဲ အမောက် နေရာတကာ ဖျတ်လတ်တက်ကြွအောင်မြင်နေတဲ့ ယောကျ်ားတစ်ယောက်အတွက် မိန်းမဟာဖျက်ပိုးဖို့ပဲ. . . "

" အဲဒါ ' ခင်ဗျား အမြင်လား. . . "

" ဟုတ်တယ် "

ဖောင်းခနဲမြည်ပြီး မျက်နှာတစ်ခုလုံးလည်း ထွက်သွားပြီလား သင်ရလောက်အောင် ရိုက်ချက်ကပြင်းသည်။

မြွေဆိုး နှာခေါင်းနဲ့ပါးစပ်ထဲမှ သွေးတွေအင်နဲ့အ းနဲ့သွန်ကျ လာ၏။ မြွေဆိုး၏အင်္ကျီရင်ဘတ်စကိုဘယ်လက်နှင့်ခပ်ဆောင့်ဆောင့် ဆုပ်ဆွဲကာ

" ခင်ဗျား ကျုပ်ကိုထပ်ဝေဖန်ကြည့်လိုက်စမ်း. . . "

" ငါ. . . ငါက မင်းကိုအကြံပေးတာ "

" မလိုဘူး ကျုပ်သူများခေါင်းနဲ့ အလုပ်မလုပ်ဘူး "

ထိုစဉ် အင်္ကျီထဲက ဖုန်းမြည်လာသဖြင့် သူမြွေဆိုးကို လွှတ်လိုက်သည်

" ပြော. . . "

" အမောက် ငါပါ မားနှစ် "

" ဘာကိစ္စလဲ "

" မားသုံး မင်းဆီကိုလာနေပြီ ဟိုနေ့က ဖြစ်ခဲ့ကြတာတွေကို သူကျေအေးလိုက်တယ် မင်းသူနဲ့ အေးအေးဆေးဆေးဆွေးနွေးပေးစေချင်တယ် ဒီတစ်ခါ မင်းနဲ့သူလက်တွဲမှုဖြစ်မှာ အရေးကြီးတယ်

" ကျုပ် တစ်လတိတိအလုပ်မလုပ်ဘူး "

" ဟာ. . . ဟော့. . . အမောက်. . . "

အမောက် ဖုန်းပိတ်၍ မြွေဆိုးဘက်ကိုလှည့်လိုက်၏။

" ကျုပ်ပြောတဲ့အိမ်ကိစ္စ ခင်ဗျားစီစဉ်ပြီးပြီလား. . . "

" ပြီးပါပြီ "

" ပြီးရင် မနက်ဖြန်မနက်စောစော ရှစ်နာရီမထိုးခင် သားမြတ်စံအိမ်ကို ခင်ဗျားသွား ပြောတဲ့အတိုင်း အားလုံး တစ်သွေမတိမ်းဖြစ်ပစေ လွဲချော်သွားရင် ခြံဝကအုတ်တိုင်နဲ့ ခင်ဗျားခေါင်းကို ပြေးဆောင့်ပစ်လိုက်"

မြွေဆိုးက သွေးလက်စနှင့် နှာခေါင်းကိုခပ်ဖိဖိအုပ်လျက်

" ငါကြောင့် မင်းဘယ်တုန်းက စိတ်ဆိုးခဲ့ရဖူးလဲ "





ကကာ ကျေနပ်စွာပြုံးသည်။

" နာလား "

" မနာပါဘူး "

" ဆိုးလား "

" မဆိုးပါဘူး ငါပါးစပ်မှာ အပြစ်ရှိတာ. . . "

" ဒါဆို သွားတော့ "

မြွေဆိုး ချက်ချင်းလှည့်ထွက်သွားသည်။

သည်းခံလိုက်ခြင်းက မခံချိမခံသာမျိုးမဟုတ်ဘဲ ကျေကျေနပ်နပ်ဖြစ်လေသည်။

❀ ❀ ❀ ❀ ❀

# အခန်း (၃၁)

ဂိုဒေါင်ထဲမှာ ကားကသုံးစီး

အဖြူရယ် အနက်ရယ် ခဲပုပ်ရောင် ပါရာဒိုတစ်စီးရယ်။

မှန်နက်ကြီးများနှင့် အပေါ်ထပ်ဝရံတာမှာ စတီးဘောင်ရေ ထားပုံတွေက လွန်စွာခေတ်မီလှပသော နှစ်ထပ်တိုက်မြင့်ကြီးအဖြစ် ရုပ်လုံးကြွနေစေ၏။ ခြံကြီးကလည်းကျယ်သည်။ သပ်ရပ်တန်းစီနေသော သက်ရင့်ပင်တန်းတို့ကလည်း ရောင်စုံပန်းတို့ထက် မျက်စိအေးလေသည်။

အလုံပိတ်ထားသည့် အခန်းရဲ့မှန်တံခါးချပ်လေးများမှ ရဲရဲ အောက်ဘက်ကိုငုံ့ကြည့်နေမိသည်။

ဂိုဒေါင်ကို ဖွင့်တဲ့သူကဖွင့် ကားတွေထုတ်၍ ရေဆေးတဲ့သူက ဆေး ထိုလူတွေအားလုံး ကကရှေ့ရောက်လျှင် ခရာမှုတ်ခေါ်ယူလိုက်သည့် တပ်သားများအတိုင်း။

ဟင်. . . အမိုးဖွင့် ပါရာဒိုလေးတစ်စီးခြံထဲ မောင်းဝင်လာတာ တွေ့သည်။

ရုပ်အင်္ကျီအဖြူ ကုတ်အင်္ကျီအနက်နှင့် မျက်မှန်နက်တပ်





ားသည့် ကကရဲ့အပေါ်ပိုင်းကို လှမ်းမြင်လိုက်သဖြင့် ရဲရဲဖျတ်ခနဲခွာ ာ အိပ်ရာပေါ် ပစ်လှဲလိုက်မိ၏။

ကကကို ရဲရဲ မကျေနပ်နိုင်ပါ လူတစ်ယောက်လုံးကို အရုပ် စ်ရုပ်လို အကျဉ်းသားတစ်ယောက်ကဲ့သို့ အခန်းတံခါးအလုံပိတ်ထား ပြီး သူကသွားချင်တိုင်းသွားနေသည်။

တိုက်ကြီးရဲ့ အနောက်ဘက်ထောင့်ပြတင်းမှ လှမ်းကြည့်လျှင် ကုန်ပြည်သူ့ဆေးရုံကြီး၏ ကျောပြင်ကို တစ်စွန်းတစ်စလှမ်းမြင်ရ၏။

နီးလျက်နဲ့ဝေးနေရသည့် သူမအဖြစ်က မည်မျှ ရင်နာဖွယ် ကောင်းလိုက်ပါသနည်း။

အားလုံးကတော့ ကက ခေါ်သွားပြီလို့ သတ်မှတ်ကြဖို့ဖြစ်မှာ ပါ။

ဝေးဝေးလံလံထိခေါ်ပြေးထွက်သွားပြီလို့ထင်ကာ ခုချိန်ထိရှာ ဖွေနေကြဦးမှာပဲဆိုတာလည်း သေချာသည်။

တကယ် သူမက ဒီနားနီးနီးလေးမှာ ဒါကိုဘယ်သူကထင် ာလဲ အခန်းဆီလျှောက်လာသည့်ခြေသံကြောင့် စောင်ကိုပခုံးထိဆွဲ င်လိုက်ပြီး တစ်ဖက်လှည့်၍ အိပ်ပျော်နေသလို လုပ်နေလိုက်သည်။

သူမမျက်ဝန်းမှာ မျက်ရည်တွေနဲ့စိုရွှဲလို့. . .

တံခါးဖွင့်၍ ကကဝင်လာသည်။ သူသုံးနေကျရေမွှေးနံ့က ာခေါင်းထဲသို့ အရင်ပြေးဝင်လာ၏။

“ ရဲရဲ. . . ရဲရဲ ထမင်းစားပြီးပြီလား ”

အိပ်ရာပေါ် ဘယ်လိုပစ်လှဲချလိုက်မှန်းမသိ. . . ဘယ်လိုမှ ိပ်ချင်ယောင်ဆောင်နေလို့မရတော့လောက်အောင် တစ်ကိုယ်လုံး

သိမ့်သိမ့်တုန်သွားလေသည်။

" ဟိတ် ထစမ်းပါကွာ. . . ခုနပြတင်းပေါက်ကနေ ကိုယ့်
လှမ်းကြည့်နေတာ မြင်ပါတယ် အိပ်ချင်ယောင် ဆောင်မနေနဲ့. . .

" အိပ်ချင်ယောင်ဆောင်နေတာ မဟုတ်ဘူး နင့်ကို စ...
မပြောချင်လို့ ကက နင် ငါနဲ့ ဝေးဝေးနေစမ်းပါ "

" နိုးနိုးလေးနေချင်လို့ရအောင် ယူထားတာလေ. . .
ရူးနေလား. . . "

" ရူးချင်နေတာ သိလား မရူးလို့ခက်တာ . . . "

ကက ကိုင်တွယ်လာမှာစိုးကာ ရဲရဲက အိပ်ရာပေ...
ဆတ်ခနဲထထိုင်ကာ အောက်ဆင်းတော့မည်ပြုပ်မှ ဘယ်ဘက်ပခုံး...
ပြုတ်ကျလာသည့် အရာကြောင့် ငုံ့ကြည့်လိုက်မိလျှင်

" အမလေး. . . "

နက်ပြာပြာမျက်လုံးဝိုင်းကြီးနှစ်လုံးပြူးလျက် ဝါရွှေကြည့်လဲ့...
သည့် အိမ်မြှောင်ကြီးက နည်းတာကြီးမဟုတ်။

ရဲရဲ ကကရင်ခွင်ထဲသို့ အော်တိုမစ်တစ် ရောက်သွား...
သည်။

အိမ်မြှောင်ခမျာလည်း ရဲရဲ လန့်ဖျန့်ခုန်တာနှင့် ဘယ်...
ခုန်ပေါက်ပြေးရှာသည်မသိ။

" ဟား ဟား ဟား "

ကက ကရဲရဲ ကိုယ်လုံးလေးကို ဖက်ထားလိုက်ပြီး သဘော...
ကျသလို ခပ်ကြိတ်ကြိတ်ရယ်သည်။

" ဘာရယ်တာလဲ လွှတ်. . . "





" ဘာလဲ မင်းပဲ ကိုယ့်ကို လာဖက်တာ မဟုတ်ဘူးလား"

နင်တွေငါတွေကို ဖျောက်ပစ်လိုက်သည့် ကကရဲ့အသုံးအနှုန်း
တွေက သူငယ်ချင်းဘဝကိုစည်းခြားကာ စိမ်းသက်သောဘဝတစ်ခုသို့
ရောက်ရှိသွားရသကဲ့သို့.

" ရဲရဲ. . . ကိုယ်ဗိုက်ဆာတယ်ကွာ ထမင်းသွားစားရအောင်"

" မစားဘူး ငါက အိမ်စောင့်ခွေးတစ်ကောင်လို နင်လာ
တံခါးဖွင့်ကျွေးမှ စားရမဲ့ထမင်းကိုဘယ်တော့မှ မစားဘူး. . . "

" ခွေးတစ်ကောင်ဆိုရင် အိမ်အောက်မှာ ကြိုးချည်ထားမှာပေါ့
ကိုယ်မြတ်နိုးလို့ အခန်းထဲထည့်ဝှက်ထားရတာ မင်းထွက်ပြေးရင်
ဘယ်လိုလုပ်မလဲ "

" နင် အတင်းအကျပ်ထိုးခိုင်းထားတဲ့ လတ်မှတ်လည်း
စာချုပ် မှာထိုးခဲ့ပြီးပြီ ရက်တွေလည်း ဒီလောက်ကြာနေပြီ ငါ့ကို
အနိုင်ကျင့်ချင်တာနဲ့ အကြောင်းတွေလျှောက်ပြမနေနဲ့ ကက နင့်ကိုငါ
လုံးဝမကျေနပ်ဘူးသိလား "

" ဒါဆို ကိုယ်နဲ့ ရာသက်ပန်နေတော့မယ်လို့ ဆုံးဖြတ်ပြီးပြီ
ပေါ့ ကောင်းပြီ ဒါဆို အောက်မှာ ထမင်းသွားစားမယ်လာ. . . "

နှုတ်ခမ်းစူနေသည့် ရဲရဲပါးလေးတစ်ဖက်ကို လှမ်းပုတ်၍
ကက ကလက်ဆွဲခေါ်သည်။

အိမ်ထောင်ရေးဟာ ဘယ်လိုကြီးမှန်းမသိပါဘဲနှင့် ရဲရဲ ကိုယ့်
ကိုယ်ကိုလည်း မည်သို့သတ်မှတ်လိုက်မိသည်မသိဘဲ ကကနှင့် ထမင်း
လက်ဆုံစားဖြစ်လေသည်။

" စားလေ ဘာငိုင်နေတာလဲ တစ်နေ့မှ ထမင်းကောင်းကောင်းစားတာ မဟုတ်ဘဲနဲ့. . . "

ကကက သူကိုယ်တိုင် ကောင်းကောင်းစားသည်မရှိဘဲ ရဲရဲကိုသာ အငိုပ်တကြည့်ကြည့်နှင့် ဟင်းတွေခပ်ထည့်ပေးလိုက် မျက်နှာကိုကြည့်လိုက် အမြဲတမ်းခပ်ခွာခွာ ခပ်တည်တည်နေခဲ့သည့် ကကထံမှ ဤသို့သောနူးညံ့ကြင်နာခြင်းတွေ ယိုဖိတ်စီးမျောလာခြင်းအတွက် ရဲရဲ အံ့လည်းအံ့ဩဂရုမစိုက်သလိုနေဖို့လည်း ကြိုးစားရင်း သတိမထားဘဲလည်း မနေနိုင်ပြန်။

" ရဲရဲ "

သူခေါ်တော့ ရဲရဲက မျက်လွှာလေး ပင့်ကြည့်၏။

" မင်းကို တခမ်းတနား မင်္ဂလာဆောင်ယူချင်တယ်၊ ဆောင်လည်းဆောင်ပေးနိုင်တယ် ဒါပေမဲ့ ကိုယ့်ဘက်က အနေအထားကို မင်းနားလည်ပေးပါ မင်းကိုကိုယ်တန်ဖိုးမထားတာ မဟုတ်ဘူးဆိုတာကိုလည်းယုံပါ မင်း ကိုယ့်ရင်ခွင်ထဲရောက်ပြီးတဲ့ အချိန်ကစပြီး ကိုယ်တစ်သက်လုံး သိမ်းဆည်းလာခဲ့သမျှ အချစ်တွေကို မင်းအတွက် ပုံပေးထားပြီးသား "

ရဲရဲကတော့ မကြည့်ဘဲ ထမင်းငုံ့စားနေသည်။

ယုက်ဖြာစင်းကျနေသည့် မျက်တောင်ကော့ကော့လေးတွေကို ကကက စိုက်ကြည့်နေလျက်

" ရဲရဲ ကိုယ်ပြောတာကြားရဲ့လား "

" ကြားတယ် "





" ယုံလား. . . "

" စိတ်မဝင်စားဘူး "

ကကက မျက်မှောင်ကုတ်သွား၏။

" ရဲရဲ ကိုယ့်စိတ်သိပ်မရှည်တတ်တာလည်း ပြောထားမယ်နော် မင်းကို ငုံထားမလောက်ချစ်တာမှန်ပေမယ့် အချစ်ခံမှုချစ်မှာ ကိုယ်က ချည်းဘယ်တော့မှ တစ်ဘက်သတ်မပေးဆပ်ဘူး. . . "

" သိတယ် နင်ဟာ စိတ်ကြမ်းလူကြမ်းပဲ. . . "

" ဒါပေမဲ့ မင်းအတွက် နူးညံ့တတ်အောင် ကိုယ်ပြင်ဆင်ထားတယ် ရိုက်ချိုးမပစ်ချင်ပါနဲ့ "

ရဲရဲက ထမင်းအနည်းငယ်ကျန်သည်ကိုဆက်မစားတော့ဘဲ နှန်းနဲ့ခပ်ရင်းကိုချထားလိုက်ပြီး ထမင်းစားပွဲမှထသည်။

" ဒီမှာ ကက ငါက ခခကိုလက်ထပ်ဖို့ ငါကိုယ်တိုင် ကျေကျေနပ်နပ်ရွေးချယ် လက်ခံခဲ့တာ နင်နဲ့တွေ့တော့ နင့်ကိုတစ်ခါ ထပ်လက်ခံရင် ငါက ဘာဖြစ်သွားမလဲ "

" ငါ့ မိန်းမဖြစ်သွားတယ်လေ. . . "

ကကက မျက်နှာက ချက်ချင်းပြောင်းလဲသွားသည်။

ဟုတ်တိပတ်တိ မစားသောက်ဖြစ်သေးသည့် ထမင်းပွဲကို နှင့်ကာ ရဲရဲနားကို ဒေါသခြေလှမ်းများက သယ်ဆောင်သွား၍

" ကိုယ်ကမင်းကို ရွေးချယ်ခိုင်းနေတာမဟုတ်ဘူး ကျေနပ်သား မကျေနပ်ဘူးလား မေးနေတာလည်း မဟုတ်ဘူး မင်းကိုကိုယ် သိမ်းပိုက်ထားခဲ့ပြီ မင်းကိုယ့်ကို မချစ်လို့ကိုမရဘူး. . . "

" ဩော်. . . ဒီလိုဖွတ်ချစ်ခိုင်းတိုင်း ငါက ချစ်ရရော
လား. . . "

" ဟုတ်တယ် မင်းမချစ်ရင် ကိုယ့်ဘက်ကတော့ စွန့်လွှတ်
မဟုတ်ဘူး၊ ဒါပေမဲ့ ကိုယ့်ဆီက ဒေါသတွေ ကြမ်းတမ်းမှုတွေ ကိုယ်
ပြန်သမျှ မင်းခံရမယ်. . . "

ကက ရဲရဲ ပခုံးလေးနှစ်ဖက်ကိုဆွဲယူကာ မျက်နှာလေး
စေ့စေ့စပ်စပ်စိုက်ကြည့်သည်။ ပြီးတော့ လက်တို့သည် နူးညံ့ပြည့်
သော ကျောပြင်လှလှလေးမှသေးကျဉ်သည့် ခါးလေးကိုသိမ်း၍ တ
ကျပ်စွာ ဖက်ထားလိုက်လေသည်။

❀ ❀ ❀

" ဒေါက်တာ နေရဲရဲ ကိုယ်တိုင် ဆေးရုံကြီးမှာ နုတ်ထွက်
စာ လာတင်သွားတယ်ဆိုတော့ အလိုမတူ ခိုးယူပေါင်းသင်းခြင်း ပြဿ
နာက သူ့အလိုလိုပြီးဆုံးသွားပြီလို့ သတ်မှတ်ရမလိုဖြစ်နေပြီ "

ရဲမှူးကြီးစကားကြောင့် မျက်နှာကြီးနီရဲသုန်မှုန်နေသည့်
ထံသို့ ရဲအုပ်များ၏ မျက်လုံးတွေ စုပြုံကျရောက်လာကြ၏။

" နောက်တစ်ချက်က အဓိကနဲ့ နေရဲရဲတို့ကိစ္စကို လူမှု
ရှုထောင့်တစ်ခုကနေပြီး ဦးမင်းခေါင်ကိုယ်တိုင် ခွင့်လွှတ်ထားခဲ့တယ်
တာလည်း ကျုပ်တို့သိထားပြီးသား ဒီတော့ကာ မိုးမခအနေနဲ့ နှလုံး
သားရေးရာကိုယ်ရေးကိုယ်တာ ကိစ္စကြောင့်မဟုတ်ဘဲ အမှောင်





ဘ်ခမ်းမှာ နင်းလျှောက်နေပြီလို့ထင်ရတဲ့ အဓိကကို ခိုင်လုံတိကျတဲ့
က်သေနဲ့တကွ ဖမ်းဆီးနိုင်အောင် ကြိုးစားပါ ပေးပို့ထားတဲ့သတင်း
ဘွအရ 'အိုဟားမား' ရဲ့ နာမည်ပျက်ရှိခဲ့တဲ့ လူငယ်တွေအားလုံး
ယ်သူမဆို ငြိနေနိုင်တယ်။ အဲဒီထဲမှာ စိတ်ဓါတ်ပြင်းထန်တဲ့ အဓိက
သို့ လူငယ်တစ်ယောက် ပါသွားမယ်ဆိုရင် အိုဖုန်းလွှာပျက်စီးသွားတာ
က် အများကြီးအန္တရာယ်ကြီးလိမ့်မယ် မိုးမခ. . . "

ပါသွားမယ်ဆိုရင်. . . တဲ့ ပါနေပြီဆိုတာ သူသိသည်။

ကိုယ့်ညီအရင်းကြီးဖြစ်နေသည့်အတွက် ညာတာလိုတာမဟုတ်
ါ သို့သော် ညီနဲ့အစ်ကို ဆန့်ကျင်ဘက်ရင်ဆိုင်ရမည့် အရေးအတွက်
ုရင်နာနေသည်။

ထိုအဖြစ်ကြောင့် ရှက်လည်းရှက်ပါ၏။

ကက မင်းလုပ်ရက်တယ်. . .

သူ့ကိုစိန်ခေါ်တာက နဂိုကတည်းက အတိုက်အခံလုပ်ချင်
သည့် စိတ်ရင်းကြောင့်ဆိုတာ သူခွင့်လွှတ်လို့ရသည်။

ရဲရဲကို တကယ်လုယူပစ်လိုက်သည်က မိုက်ရိုင်းလွန်းပါ၏။

ဒါဟာ ပွင့်ချပ်လွှာများက မိုးရေပေါက်ကလေးဖြစ်လေသည်

မနေလိုခုန်ဆင်းဖို့လှုပ်လှုပ်ခတ်ခတ်ဖြစ်နေစဉ်မှာ ပန်းပင်ငယ်
လေးယိမ်းထိုလှုပ်ရှားသွားတော့ ပေါက်ခနဲခုန်ဆင်းသွားသည်။

တကယ်တော့ ပန်းပင်လေးက ခါချတာမှမဟုတ်ဘဲ

သူ့ကိုစိန်ခေါ်သည့်အဖြစ်ဟာ ရဲရဲကိုခိုးယူပြုဖို့မလိုပါဘဲ

တကယ်ရအောင်ယူသွားတာက သူကိုယ်တိုင် နဂိုစိတ်ကိုက

ရဲရဲကိုတပ်မက်နေ၍သာဖြစ်ရမည်။

ဒါဆို ဒီလိုကောင် မခံချင်အရွဲ့တိုက်လာအောင် သူပြောခဲ့မိတာကိုက မှားခဲ့တာလား။

ရဲရဲ ဘယ်လိုဖြစ်နေနေ ပြန်တွေ့တာနှင့် ချက်ချင်းလက်ထပ်ဖို့ဆုံးဖြတ်ပြီး ဒီနေ့ထိသူမနားမနေရှာဖွေနေခဲ့တာ ရဲရဲကိုယ်တိုင် နှုတ်ထွက်စာကာင်သွားပြီဆိုတာ သိလိုက်ရသည့်အချိန်မှာ မျှော်လင့်ချက်အားလုံးဟာ အပိုင်းပိုင်းကျိုးပျက်ခဲ့ရလေသည်။

ဘယ်လိုဖြစ်သွားတာလဲ ရဲရဲရယ်. . .

နင်သာ ငါ့ဆီပြန်လာမယ်ဆိုရင်. . .

" ကဲ. . . ကျုပ်တို့လုပ်စရာ တစ်ခုပဲရှိတယ် "

ရဲမှူးကြီးအသံကြောင့် ခခအတွေးတွေ ရပ်တန့်ပြေးလွှင့်ကုန်ကြ၏။

" အဓိက ရဲသွားလာမှုကို ခြေရာခံမိအောင် မိုးမခ ကြိုးစားပါ "

"ဟုတ် "

ဒေါက်တာနေရဲရဲကို ခိုးယူထားတဲ့အမှုနဲ့ဆက်စပ်ပြီး သူ့ကို ကျုပ်တို့အကျပ်အတည်းလုပ်ပေးရမယ်. . . အထူးသဖြင့် သူ့အိမ်ကို ဝင်ထွက်လာမှာပဲ ဒေါ်နှင်းပုလဲဆီကိုသူလာတဲ့အခါ မိုးမခ သူ့ကို ဖမ်းပါ. . . "

" ဟုတ် "

" အဓိကဟာ ဘာကောင်လဲဆိုတာ မသိရသေးတဲ့အတွက်





အထူးသတိထားပါ ကိုအောင်ခိုင်နဲ့ မောင်ဝင်းမောင်တို့က 'သားမြတ်' ငံအိမ်နားမှာ မျက်ခြေမပြတ်စောင့်ကြည့်ရမယ် "

" အမိန့်အတိုင်းပါ ရဲမှူးကြီး "

အားလုံးအစည်းအဝေးခန်းမထဲကထွက်တော့ ခခရင်ထဲမှာ ဘင်းကျပ်နေ၏။ အံကြိတ်ထားမိသည်က တွေ့ကြတော့မည့် အနာဂတ်ခရီးမှာကကနဲ့သူဟာ. . .

❀ ❀ ❀

ကားလေးက ဦးတည်ချက်ပြောင်းကာ သမိုင်းဘက်ကို ဖဲ့ထွက်သွား၏။ ကက နှုတ်ခမ်းကိုမဲ့၍ကားရှိန်ကိုလျှော့ချလိုက်သည်။

နောက်ကြည့်မှန်ထဲမှာ ထပ်ချပ်မကွာ လိုက်ကွေ့ပါချလာသည့် အတော်ကြီးဟောင်းနွမ်းနေပြီဖြစ်သော တိုရိုတာအဖြူညစ်ညစ်ကားလေးကို လှမ်းကြည့်၍ ကားကို ဆယ်မိုင်ကုန်းဘက်သို့ ကွေ့တက်လိုက်ပြန်သည်။

နောက်ကနေပါလာသည်ပဲဖြစ်၏။

မေမေ့ဆီကို သူသွားဖို့ဝင်ဝင်လာတာ ဒါပါနဲ့ဆို သုံးကြိမ်ရှိပြီ ဝိုင်းဝိုင်းလည်အောင် စောင့်ကြည့်နေကြသည့် ရန်သူအနံ့များကြောင့် မသိမသာပြန်၍ နောက်ဆုတ်ခဲ့ရသည်ချည်းဖြစ်၏။

ခုတော့ ကိုယ့်ခြေရိပ်ကိုသူတို့တွေ့သွားပြီ လိုက်ခဲ့စမ်း. . .

ကက တစ်ယောက်တည်းကြိတ်ပြုံး၏ ကားကိုအရှိန်မြှင့်၏။

ဒီကားပေါ်ကကောင် သူ့ကိုတွေ့ကြောင်• နုလောက်ဆို

ဆက်သွယ်သတင်းပို့နေလောက်ပြီ။

လောလောဆယ်က သူကပြဿနာလုပ်ထားတဲ့သူ။

ရှေ့ကဖြတ်တားမလား နောက်ကထပ်လိုက်လာမလား. . . လမ်းကြောင်းအပိတ်ခံလို့တော့မဖြစ်ပါ။

နောက်က နေလိုက်လာသူနှစ်ယောက်မှာလည်း ကားတွေကြားထဲမှာတုန်းက မျက်ခြေမပျက်အောင် အာရုံစိုက်နေရသည်၊ ကားတွေ ရှင်းလူတွေရှင်းဖြစ်သွားတော့ လမ်းမကြီးပေါ်မှာ ဘယ်လိုကိုယ်ယောင်ဖျောက်ရမှန်းမသိ။

" ဝင်းမောင်ရေ. . . ငါတို့ပါလာတာ သူသိတယ် တွန့်မနေနဲ့တော့ လိုက်သာလိုက်

" လိုက်တော့ ဘာလုပ်မှာလဲ တို့မှာဖမ်းဖို့အထိမှ အမိန့်မပါတော့ "

" ဩော် ငါတို့လိုက်ရင် သူပြေးမှာပဲ ရှေ့မှာစခန်းကိုးက ဖြတ် ပိတ်မှာပါ "

" ဒီကောင် သိပ်လျင်တာ တို့ထင်သလိုသူလုပ်လိမ့်မယ် မထင် ဘူး "

သူတို့ကြည့်နေဆဲမှာပင် ရှေ့ကားက အရှိန်သိသာစွာလျှော့ကျသွား၏။

" မသိမသာ လျှော့လိုက်ကွာ မှန်မှန်လေးကပ်လိုက် "

ကားနှစ်စီးက ရှေ့နောက်သိပ်မကွာတော့ဘဲဖြစ်လာမည်။

" ဟာ. . . "





" ဆွဲချလိုက်. . . "

ရှေ့ကားသည် မကျယ်လှသော လမ်းမကြီးပေါ်မှာ ဝေါခနဲ ဆောင်ဘက်သွားကာ ရိုပ်ခနဲပြန်ကွေ့လာ၏။

ဝင်းမောင် ကိုယ့်ဆီတည့်တည့်ကြီးတိုးဝင်လာသည့် ကားရှေ့က မီးလုံးကြီးနှစ်လုံးသည် ပြူးပြူးပြဲနေသော သရဲမျက်လုံးကြီးများသဖွယ် ခေါင်းချင်းမတိုက်မိအောင် စတီယာရင်ကိုတအား ဆွဲလှည့်ပစ်လိုက်၏။

ကားက ချိုင့်ထဲသို့ ကတိမ်းကပါးခုန်ပေါက် ဆင်းချသွားပြီ ကုက္ကိုလ်ပင်စည်ကြီးဆီသို့. . .

" အား "

" ဟား ဟား ဟား ဟား "

ဒုန်းခနဲအသံကျယ်ကြီးကိုကြားရလျှင် ကက အားပါးတရ ရယ် လေသည် သူသည် ကားကို နောက်ကြောင်းအတိုင်း ပြန်မောင်းလာခဲ့ပြီး လမ်းဘေးဈေးသည်တွေ ကလေးသူငယ်တွေ ရှုပ်ယှက်ခတ်နေသော လမ်းကြောလေးတစ်ခုထဲသို့ ကားကိုဝင်ပစ်လိုက်၏။

သူ့နှုတ်ခမ်းမှာ ပြုံးရိပ်ထင်နေဆဲ။

❀ ❀ ❀

ကက ပစ္စည်းတွေကို ဒြေချာစူးစိုက်စစ်ဆေးနေသည်။

စားဦးစားချိန်သီးက ခပ်မိန့်မိန့်ပြုံး၍ သူ့ဇာ္ကကွကို အချက် ပြလိုက်၏။

"နောက်ကြောင်း စိတ်မချရဘူး၊ အမောက် ဒီလောက် စစ်ဆေးပြီးမှပဲ ကျေနပ်မှပေါ့"

စားဦးစားချိန်သီးပြောပြီးသည်နှင့် သူ့နောက်မှာရပ်နေသည့် ပုညက်ညက်ဆံရှည်က ငွေသေတ္တာကိုလှမ်းယူလိုက်၏။

" နေဦး "

ကက ခြေထောက်တစ်ဖက်မြှောက်တက်လာကာ ငွေအိတ် ပေါ်မှာ ကန့်လန့်ဖြတ်တင်ပစ်လိုက်၏။

စားဦးစားချိန်သီး မျက်နှာကွက်ခနဲပျက်လျက် ကကကို မတတ်ဝါးမတတ်ကြည့်လိုက်သည်။

" ဒါ ဘယ်လိုလုပ်လိုက်တာလဲ အမောက် "

ကက နှုတ်ခမ်းမဖွင့်ဘဲရယ်၏။

" မင်းလည်းစားဦးစား ငါကလည်းအမောက်ပဲ မင်း မျက်ခုံး ဦးထိပ်မှာ အမြဲရှိနေတယ်ဆိုတာ မမေ့နဲ့လေ. . . "

စဉ်းလဲစွာ ဝင်းဝင်းတောက်နေသည့် စားဦးစား မျက်လုံးတွေကို ကကက အေးစက်စွာ ပြန်စိုက်ကြည့်ပြီး. . .

" မင်း ပစ္စည်းတွေ မင်းပြန်ယူပြီးလှည့်ပြန်သွားတော့ စား ကြွင်းစား. . . "

" ဟိတ်ကောင် မင်း မိုက်ရိုင်းလှချေလား "

လှုပ်လှုပ်ရှားရှားဖြစ်သွားသည့် ကိုယ်ရံတော်ကို စားဦးစားက နောက်ပြန်လက်ကာပြ၍တားမြစ်လိုက်၏။

သူ့မျက်ဝန်းများက ကက ဆီမှာသာစူးနစ်လျက်

" မင်းမဆိုးဘူး စိန်ကျောက်လောကကို ဝင်လာတာမကြာ သေးဘဲ ဒီလောက်ကျွမ်းနေတာ ချီးမွမ်းစရာပါပဲ မင်းစိတ်ဝင်စားမယ် ဆိုရင် ပစ္စည်းအမှန်တွေပြမယ် မင်းဘက်က နစ်ဆတိုးရယ်. . . "



ကကက ပခုံးတွေတွန့်၍ ဟင်းခနဲရယ်သည်။

" ဘယ်လိုလဲ. . . ကြည့်မလား. . . "

" မလိုတော့ဘူး. . . ဒီအပေးအယူကို ငါဖျက်တယ်. . . "

" ဘာဖြစ်လို့လဲ ဒါက စမ်းသပ်မှုတစ်ခုပဲ မင်းစမ်းသပ်မခံနိုင် လား "

" မခံနိုင်ဘူး ငါကစစ်ဆေးဖို့လာတာ စမ်းသပ်ခံဖို့မဟုတ်ဘူး မင်းရဲ့အထင်သေးစော်ကားမှုအတွက် ငါအလျှော်ပြန်ယူမယ်"

ကက သတင်းကိုကြားထားဖူးနေသော စားဦးစာမျက်နှာ ချက်ပျက်သွား၏။

"ငါကလူသစ်နော် ခုမှဆက်ဆံဖူးတာကို မင်းကပုတ်ချချင်တာ ငါတို့ အေးဆေးဆွေးနွေးကြရင်ကောင်းမယ် ထင်တယ်. . . "

" မလိုတော့ဘူး. . . "

ကကက ငွေအိတ်ကိုပြန်ဆွဲဖွင့်လိုက်သည်

ပြီးတော့ အထဲက ငွေစက္ကူထုပ်တွေကို ငါးထုပ်တိတိဆွဲချ စားဦးစားရှေ့ကိုတွန်းပို့လိုက်၏။

" ဘာလဲ "

" တန်ရာတန်ကြေးပေါ့ "

" ဘာအတွက်လဲ "

" မင်းပြတဲ့အရေအတွက်လေ. . . "

စားဦးစားကိုယ်ကြီးမတ်ခနဲဖြစ်သွားကာ

" မင်းကိုငါ အစစ်ပြမယ်လို့ပြောနေတာပဲ "

" မလိုပါဘူး မင်းမပြလဲ ငါကြည့်လို့ရတယ် ဟောဒီသားရေ

သေတ္တာရဲ့အံဝှက်တစ်ခုထဲမှာ မင်းဘာတွေဝှက်ထည့်ထားသလဲ
ဟား ဟား စားကြွင်းစားဆိုတာကို မနာစမ်းပါနဲ့ ချိန်သီးရာ. . .
ငါ့သခင်းကိုကြားရက်နဲ့ ပင်လယ်ထဲမှာရေရှိတာကို ပြေးကြည့်မှယုံ
ဆိုတဲ့ စိတ်ကူးနဲ့ မညစ်တတ်ဘဲ ညစ်တာလေ. . . ရည်ရွယ်ချက်
ငွေကိုရော ပစ္စည်းကိုပါ အပိုင်သုတ်ဖို့ ဒီအတုတွေကို ငါဝယ်သွား
လည်း မင်းက အလွတ်ပေးမှာ မဟုတ်ဘူး ဒီမှာ စားကြွင်း
မင်းရှေ့မှာ ရောက်နေတာ အမောက်မှန်းပိုသိသွားအောင်ပြဖို့ ငါတာ
ပိုင်းကို ရောက်လာပြီနော် ”

စားဦးစားမျက်နှာကြီးတစ်စစ ညို့မည်းလာကာ သေနတ်
ဆွဲထုတ်လိုက်၏။ ကက တွေဝေမနေဘဲ ငွေသေတ္တာကို ခြေဖျား
ကော့လှန်၍ စားဦးစားထံ ကန်ထုတ်ပစ်လိုက်၏။

“ ဖောင်း ”

လက်ထဲက စိန်သေတ္တာကို ကကက နောက်လှည့်ပစ်
လိုက်ကာ နေရာမှ ခုန်ထလိုက်၏။

စားဦးစားသေနတ်တခြား လူတခြားလွင့်သွားလျက် အ
ပြင်းစွာထိမှန်လာသည့် သေတ္တာကိုပါ ကယောက်ကတန်း ခတ်ထု
ပစ်လိုက်မိ၏။

ပြန်ကန်ထွက်လာသည့် သေတ္တာကို ကက ဖမ်းဆွဲ
နောက် ကိုပဲ လှမ်းပေးလိုက်ပြီး

“ သွားကြ. . . ”

အခြေအနေတွေ ရှုပ်ယှက်ခတ်ကုန်၏။

“ ဟိတ်ကောင်တွေ ပိတ်ထားကြ ”





ပစ်ခတ်မှုတွေမရှိအောင် ထိန်းသိမ်းနေကြတာမို့ အင်အားနဲ့
ဝန်းပိတ်ဆို့လာကြသော လူတွေထဲမှာ ကကရဲ့ဓားမြောင်ကလေး
တွေ ဝင်းခနဲလက်ခနဲ လျှပ်စီးလက်ကုန်၏။

“ အား. . . အီး ”

ပစ်မှတ်ကခြေထောက်များသို့။

ဓါးတစ်လက်ကိုခြေတစ်ဖက် ပစ္စည်းကိုင်သူတွေလမ်းပွင့်သွား
ကြ၏။ သူတို့ကားပေါ်တက်လိုက်ကြပြီး စက်နှိုးထားကြသည်။

သိပ်မကြာမီ ကက ပြေးထွက်လာ၏။ ကားလေးက ကကဆီ
ဦးတည်ပြေးသွားလျက် ကကတက်လိုက်ပြီးသည်နှင့် ဝေါခနဲ
ကောက်၍ ပြေးထွက်သွားလေသည်။

“ ဆရာကြီး ကျွန်တော် ပစ်ဖောက်လိုက်မယ် ”

“ လုံးဝမပစ်လိုက်နဲ့ ”

❀ ❀ ❀ ❀ ❀

# အခန်း (၃၂)

" တို့မှာ ရန်သူတွေ များနေပြီ အမောက် "

" ဘာဖြစ်လို့လဲ "

" ငါတို့ စားဦးစားပေါ်ထိပ်ကွက်လာတဲ့ကီစွကို မား
မကျေနပ်ဘူး သူတို့အလုပ်မဟုတ်တဲ့ မင်းသီးသန့်လုပ်ရှားလိုက်တာ
သူတို့ကို ပခုံးချင်းယှဉ်လိုက်သလိုဖြစ်သွားတာ နောက်တစ်ချက်က
ရောက်သွားတဲ့ ရဲနှစ်ယောက်မှာ ကားမောင်းတဲ့ ဝင်းမောင် ဆို
အခုသေသွားပြီ "

" စောစောကတည်းက သေသင့်နေတာ. . . "

" မင်း အသွားအလာ ဆင်ခြင်ပါဦး "

ကကက စီးကရက်ကို ပြတင်းအပြင်ဘက်သို့ တောက်
ပစ်လိုက်ပြီး၊

" ကောင်းပြီ ကျုပ်နှစ်နှာရီလောက် ဆင်ခြင်လိုက်မယ်၊ခင်
ဦးမင်းခေါင်ရဲ့ အလုပ်ခန်းကိုလိုက်သွား၊ ကျုပ်ပေးခိုင်းတဲ့ စာရွက်စာ
တွေနဲ့ စာကို သူ့လက်ထဲထည့် မှာတာကိုသေချာပြောပြ
လူမသိစေနဲ့ "





ထို့နောက် ကကက မြွေဆိုးကိုလှို့ဝှက်ခန်းထဲခေါ်လာကာ
သေချာညွှန်ကြားပြီးမှ လွှတ်လိုက်၏။

မြွေဆိုးသွားမှ သူ့အခန်းထဲဝင်လာလေသည်။

" ရဲရဲ "

" ဟင် "

" ဘာလုပ်နေတာလဲ "

" နင့်ကို မုတ်ဆိတ်ရိတ်ပေးမလို့ စောင့်နေတာ "

အဝတ်ဗီရိုကို ပိတ်၍လှည့်လာတော့ ရဲရဲလက်ထဲမှာ မုတ်ဆိတ်
ရိတ်ဖို့ဓါးနှင့်

" အလုပ်ရှုပ်အောင်ကွာ ထားလိုက်စမ်းပါ. . . "

" ထားလို့မဖြစ်ဘူး နင့်ပုံစံက မြင်တာနဲ့ လူဆိုးသူခိုးရုပ်
ပေါက်နေတာ ဒီအမွေးတွေကရှုပ်နေလို့ . . . "

" ဟုတ်တယ် ရဲအုပ်မျက်နှာလောက်တယ်ခန့်ညားမလဲ ကြည့်
တဲ့မျက်လုံးပေါ်မှာမူတည်တာပေါ့ "

" ကက နင် ငါ့စေတနာကို မစော်ကားနဲ့သိလား ယောကျ်ား
တန်မဲ့ စကားနာထိုးတာလည်း ငါမကြိုက်ဘူး "

" ကိုယ်မကြိုက်တာလည်း မင်းမပြောနဲ့လေ. . . "

" နင့်ကို ရှင်းရှင်းသန့်သန့် နေထိုင်စေချင်လို့ ငါက ဇနီး
မယားတစ်ယောက်အနေနဲ့ ကြိုးပမ်းတာ ငါ့မှာ အဲဒီလိုအခွင့်အရေး
မရှိဘူးလား နင့်တပည့်တွေကို နင်နိုင်သလို ငါ့ကိုနိုင်ချင်တာလား
ဒါဆို ငါက နင့်ရဲ့ငွေဝယ်ကျွန်ပေါ့ "

" အများကြီးပဲကွာ ရှုပ်ကုန်ပြီ "

ကက ကျွတ်ခနဲစုတ်သပ်ကာ ရှုံ့မဲ့သွား၏။ ထို့နောက် အိပ်ရာပေါ်မှာ ကန့်လန့်ဖြတ်ကြီး ပက်လက်လှန်အိပ်ပစ်လို
လေသည်။

ရဲရဲက အံကလေးကြိတ်၍ အစွန်းထွက်နေသည့် သူ့ခြေ
ထောက်နားမှာ ထိုင်ချလိုက်ပြီး မဲနက်ပြောင်လက်နေသော ဖိနပ်ကြိုး
ချွတ်ပေးဖို့ကိုင်လိုက်သည်။

" ဟာ ဘာလုပ်တာလဲ "

ကက ခြေထောက်ကိုဖယ်ကာ ဆတ်ခနဲထထိုင်လိုက်သည်။

" ဖိနပ်ချွတ်ပေးမလို့လေ ငါ့ကိုနင် အလုပ်သမားလို့
သဘောထားစမ်းပါ ဒါမှ နင်ပြောသမျှ ငါကခေါင်းညိတ်ပေးဖို့ ဝန်မလေး
မှာပေါ့ "

" ရဲရဲကကွာ. . . "

ကက ရဲရဲပခုံးလေးကိုငုံ့မ၍ ပေါင်ပေါ်မှေ့တင်လိုက်သည်။

" ကျနေပြန်ပြီ ဒီမျက်ရည်က "

ရဲရဲ ပါးပြင်လေးကို သူ့ပါးနဲ့ပွတ်တိုက်ကာ ကိုယ်လုံးလေးကို
မချင့်မရဲနှင့် တင်းနေအောင် ဖက်ပစ်လိုက်၏။

" ကိုယ်အလုပ်တွေအရမ်းရှုပ်ပြီး နားချိန်ကိုမရှိတာ မင်းဘာ
ဖြစ်လို့ အလိုက်မသိတာလဲ ရဲရဲရာ နားလို့ရတဲ့အချိန်လေးမှာ မင်း
ကိုယ့်ရင်ခွင်ထဲမှာ နူးနူးညံ့ညံ့လေး နေပေးဖို့ပဲဆိုတာ မတွေးမိဘူး
လား "

" မသိဘူး နင်ဘာဖြစ်လို့ ငါ့ကို ဟိုလိုလိုဒီလိုလို ပြောသလဲ
ငါမခံနိုင်ဘူး "





" ဆောရီး နောက်တယ်တော့မှ မပြောတော့ဘူး တောင်းပန်
ပါတယ် ကျေနပ်လား "

ရဲရဲမျက်နှာ မကြည်မသာဖြစ်နေဆဲ။

ကက က ရဲရဲရဲ့ ဆံနွယ်လေးတွေကိုပါ မြတ်မြတ်နိုးနိုး
နမ်းရှိုက်နေလျက်၊

" သိပ်လှတာပဲ ရဲရဲ ကိုယ့်ကိုချစ်လားဟင်. . . "

" လူကိုရဖို့က အဓိကဆို နောက်ပြဿနာ နောက်ရှင်း
ဆို. . . ငါချစ်ချစ် မချစ်ချစ် ဘာအရေးကြီးလို့လဲ လူကိုပိုင်ပြီပဲ
ဟာ. . . "

ကက က ဟက်ခနဲရယ်သည့် ရဲရဲက မျက်စောင်းထိုးပစ်၏။

' ဟုတ်တယ်လေ အရင်အရေးကြီးတာကို အရင်ရှင်းရတာ
ပေါ့. . . ခုအရေးကြီးတာက အချစ်. . . ဖြေကွာ ချစ်လား "

" မချစ်ဘူး "

" ရဲရဲ အဲဒီစကားတစ်ခွန်းကိုတော့ ကိုယ်သည်းမခံဘူးနော်
ပြန်ပြင်ပြော "

" မပြောတော့ ဘာလုပ်ချင်လဲ "

" ရတယ် သိရမှာပေါ့ "

" အမေ့. . . "

" ကကနော် အား. . . နာတယ် ငါဒိုချလိုက်မှာ သိ
လား. . . "

ကက တဟားဟားရယ်ကာ ရဲရဲနဖူးဆံစလေးတွေကို တယု
တယ သပ်တင်ပေးချော့၏။

" မငိုရဘူးနော် ဟဲ. . . ဟဲ ချစ်လို့စတာ "

မချော့လို့မဖြစ် ရဲရဲ မျက်နှာလေးနီရဲတွတ်နေကာ မျက်ဝန်းမှာ မျက်ရည်တွေပြည့်အိုင်နေပြီ။

" မသိဘူးသွား ဒီမှာဘယ်လောက်နာနေလဲသိလား အဲဒါကြောင့် နင့်အမွှေးတွေကို ငါမုန်းတာ "

" ချစ်လို့စတာပါကွာ ဟောကြည့် မျက်ရည်က ကျပြန်ပြီ တော်ပြီ. . . တော်ပြီ ဒီမိန်းမဒီလောက်ဖြစ်နေရင် ဒီမုတ်ဆိတ်ရိတ်ပစ်တော့မယ် "

" ဟင်. . . တကယ်လား "

" ဟော. . . ဟော ချက်ချင်းကြည့်စမ်း "

" သွား "

ရဲရဲ မျက်ရည်ကြောင်းလေးစိုလျက်နှင့် မျက်လွှာလေးချ ရယ်တော့ သူ့မှာမချင့်မရဲတိုးဖက်ကာ

" ဒါပေမဲ့ အလကားမရဘူး လဲမယ် "

" ဘာနဲ့လဲ "

" ချစ်တယ်လို့ပြောတာနဲ့ ဒါတွေကိုရှင်းပစ်ဖို့ ကတိပေးတယ် "

ရဲရဲက နှုတ်ခမ်းလေးကို အတင်းဖိကိုက်ထား၍ ရယ်ချင်တာကို ထိန်းလိုက်သည်။

" ဖြေလေကွာ "

" အင်း "

" ဘာအင်းလဲ "





" လဲမယ် "

" ဘာလဲကွာ လျှောက်ဝေ့မနေနဲ့ တစ်ခွန်းပဲဖြေ "

" ချစ်တယ် "

" တကယ် "

" နှစ်ခါမဖြေနိုင်ဘူး "

" အိုခေ. . . "

" အို. . . ဘာဖြစ်တာလဲ မုတ်ဆိတ်ရိတ်မယ်လေ "

" ကိုယ်ကတိပေးတာ ဘယ်အချိန်လို့မပါဘူးလေ. . . နောက် မှကွာ "

" ကြည့်စမ်း လူလည်ကျတာ လွှတ်နော် မရဘူး. . . "

" ဟား ဟား ဟား "

အင်အားမဲ့သော လက်သီးဆုပ်လေးများကို ကကက ဖယ်ရှားပစ်လျက်။

❀ ❀ ❀ ❀ ❀

# အခန်း (၃၂)

" ကျွန်တော်သူနဲ့တွေ့ရတာ မဟုတ်ဘူး မနှင်း. . . လူတစ်ယောက်လာတာ စာတစ်စောင်နဲ့ ဒီစာချုပ်တွေကိုပေးသွားတယ် စာထဲမှာက သူ့မှာရှိသမျှ ငွေတွေအားလုံး အခုသူနဲ့သမီးတို့နေတဲ့တိုက်နဲ့ခြံရယ် လားရှိုးဘက်မှာရှိတဲ့ တိုက်နဲ့ခြံရယ်ကအစ အားလုံးကို ကျွန်တော့်နာမည်နဲ့ ကျွန်တော့်ငွေ ကျွန်တော့်လုပ်ငန်းတွေအဖြစ် ဦးဆောင်သွားဖို့ စာရေးထားတယ် "

" ဒီမှာ မနှင်းအတွက် သူထည့်ပေးထားတဲ့ငွေနဲ့စာ အဲဒီထဲကနေ မနှင်းကိုလိုအပ်ချက်မရှိရအောင် ထောက်ပံ့ဖို့လည်းရေးထားတယ် တကယ်တော့ အစက ကျွန်တော်လည်း နားမလည်ပါဘူး ဒီကိစ္စတစ်စုံတစ်ယောက်ကိုမှမပြောဖို့လည်း မှာထားပြန်တယ် မနှင်းကိုတောင် ကျွန်တော်ကထောက်ပံ့သလိုမျိုးပေးဖို့ ရေးထားတာဗျ. . . "

ဒေါ်နှင်းပုလဲ ဘာမှဝင်မပြောဘဲ ငေးကြည့်နေရှာသည်။

" ဒါပေမဲ့ ကျွန်တော်ကမှဆိုးဖို မနှင်းကမှဆိုးမ ကျွန်တော်ကထောက်ပံ့တယ်ဆိုတာ မသင့်တော်ဘူးလေ မနှင်း စိတ်သန့်သန့်လက်ခံ လို့ရအောင် ကျွန်တော့်ဘက်က မပြောလို့မဖြစ်ဘူး အမိကကတော့ သူ့လုပ်ငန်းတွေကြောင့် သူ့လက်ထဲမှာဆို ငွေမည်းဖြစ်မယ်





သူ့ဒါကို စိုးရိမ်တာ တစ်နေ့နေ့ တစ်ချိန်ချိန်ဆိုတဲ့နောက်မှ သမီးအတွက်ကိုသူ ပူပန်တယ်လို့ရေးထားတာ ဖတ်ရတော့ အမိက အပေါ်ခပ်ပေါ့ပေါ့ကောင်လို့ အထင်သေးခဲ့မိတဲ့ ကျွန်တော့်ရဲ့ စိတ်တွေပျောက်ကွယ်ကုန်တယ် ကောင်းတာကိုလည်းသူသိတယ် မကောင်းတာကိုလည်း မကောင်းမှန်းသိတာပဲ တကယ်တော့ သူ့ရဲ့စိတ်တွေခုလိုလမ်းလွဲရောက်ကုန်ရတာ မိဘအပြစ်လည်းမကင်းဘူးလို့ ကျွန်တော်ဝေဖန်ချင်တယ်. . . စိတ်တော့ မရှိနဲ့ဗျာ. . . "

" ဟုတ်ပါတယ် ဟုတ်ပါတယ် ကိုမင်းခေါင် သားလေးကိုဆိုဆိုးလှချည်ရဲ့ဆိုပြီး တဖွတ်ထိုးလုပ်တတ်တဲ့ သူ့ရဲ့ဉာဏ်ကလေးကိုပိုပြီး ဆိုးချင်တိုးချင်အောင် ကျွန်မတို့ ဆူပူခဲ့ပစ်ပယ်ခဲ့မိပါတယ် သားလေးက သိပ်ကိုသိတတ်နားလည်တဲ့သားပါရှင်. . . "

ဒေါ်နှင်းပုလဲငိုတော့ ဦးမင်းခေါင်စိတ်မကောင်းပါ သားသမီးတွေ မရှိကြသည့် အချိန်သူကြာကြာမနေသင့်မှန်းနားလည်ကာ နှုတ်ဆက်၍ ထရပ်လိုက်ပြီး

" ဆရာမ. . . "

ငှားထားသည့် နာ့စ်ကို လှမ်းခေါ်လိုက်၍

" သူ့ကျန်းမာရေးတင်မကဘဲ နေရေးထိုင်ရေးသွားတာလာတာ အားလုံးကို အထူးဂရုစိုက်ပေးပါ ဆရာမကိုကျေးဇူးတင်ပါတယ်"

" စိတ်ချပါရှင်. . . ကျွန်မက မိဘလိုသဘောထားပြီး ပြုစုတာပါ "

ဦးမင်းခေါင် ကိုယ့်ခြံဘက်ကိုပြန်ကားသာခဲ့သည်။

သမီးရှိသည့်နေရာကို အခုသူသိနေပြီ ၎င်းသော် သမီးလည်း

ကကကိုမေတ္တာသက်ဝင်နေပြီ သူလက်မခံလို့ မဖြစ်ရအောင်လည်း သမီးအတွက်ရည်ရွယ်သောငွေတွေ အမွေတွေတစ်ပုံတစ်ပင်ကြီးကို သူ့လက်ထဲအကုန်ထည့်ပေးထားခဲ့ပြီ။

မိုးမခတို့လွန်မင်းစွာသိချင်နေသော ကကနဲ့သမီးတို့ရဲ့နေရပ်ကို သူဖေါ်ပြရမည်လား မဖေါ်ပြနိုင်ပါ သားသမီးမိုက်လို့ ဘေးဖြစ်လာရင် တောင်မှ သူ့ရှေ့ကဝင်၍ အသေစားအသေခံပါဦးမည်။

သမီးလေး ကိုယ်ကျိုးပျက်ကာ စိတ်ဆင်းရဲကိုယ်ဆင်းရဲမဖြစ်ရဖို့အရေးကို သူတစ်ကိုယ်ကောင်းဆန်စွာပဲ မျက်ကွယ်ပြုရပါသည်။

သမီးအတွက် သူကြိုးစားရမည်. . .

ကန်ထရိုက်သူဌေး ကုမ္ပဏီသူဌေး သူတိုးပွားအောင်မြင်နေသမျှ လုပ်ငန်းတွေထဲမှာ ဒီငွေတွေထည့်၍ တိုးပွားမည်။

အားလုံးဟာ တစ်ဦးတည်းသော ဒီသမီးလေးအတွက်။

❀ ❀ ❀

" ဟင်. . . သား. . . သားလေး "

ပြေးဖက်လာသည့် မေမေ့ပခုံးကို အသာပြန်ဖက်ရင်း ကက မျက်လုံးတွေ တစ်ခန်းလုံးကိုဝေ့ဝဲသွား၏။

" သားရယ် မေစိတ်ပူလိုက်ရတာ သားဘယ်ရောက်နေတာလဲဟင် ဘယ်မှာနေကြသလဲ သမီးလေးရဲရဲကော. . . "

ကက မေမေ့ကိုပြုံးပြကာ အခန်းထောင့်ရှိုးကေ့စ်ရဲ့နောက်ဘက်မှာ တင်ထားသည့် ကက်ဆက်ကလေးဆီသို့ လျှောက်သွား၏။

ဒီကက်ဆက်ကလေးက အမြဲတမ်းရှိနေတာပါ ဘယ်တုန်းက





လည်းဖွင့်ကြတာမဟုတ် ကက်ဆက်ကိုစူးစိုက်ကြည့်၍ ကက နှုတ်ခမ်းတွေက တိတိရိရိ မဲ့ကျသွားသည်။

ထို့နောက် ဆိုဖာကျောမှီမှာ လှလှပပလေးတင်ထားသည့် အစိမ်းရောင်ကတ္တီပါစလေးကိုဆွဲယူကာ ကက်ဆက်ကိုဖုံးအုပ်ပစ်လိုက်သည် ပြီးမှ သူ မေမေ့ကိုအသာဖက်၍

" မေမေ နေကောင်းတယ်နော် "

" ကောင်းတယ်သား သားကိုတွေ့ချင်လွန်းလို့ မေမေအိပ်ရေါ်မလဲရအောင် ကြိုးစားနေခဲ့တာသားရယ် မျက်နှာမှာ မုတ်ဆိတ်မွှေးပါးသိုင်းမွှေးတွေလည်းမရှိ အနက်ရောင်အနောက်တိုင်းဝတ်စုံနဲ့ နက်ခ်တိုင်နဲ့ မေမေ့သားလေးက ချောလိုက်တာ. . . "

သားကြီးလိုပညာတတ်တစ်ယောက်ထက်ပို၍ ချောမောခန့်ညားနေကာ ပညာတတ်မဖြစ်ခဲ့လေသော မှောင်ခိုဒုစရိုက်တစ်ယောက်အသွင်မျိုးဟု သူမ လက်မခံနိုင်။

ယူကျုံးမရရှာသောမေမေ့နှုတ်ခမ်းက တုန်ယင်နွမ်းယဲ့သောအပြုံးကို ကက နားလည်နေသည်။

" ကျွန်တော့်ကိုချစ်တယ်ဆိုရင် ကျွန်တော်ခဲခဲယဉ်းယဉ်းရောက် လာရတဲ့ အချိန်လေးမှာ မေမေ မငိုပါနဲ့. . . "

" မ. . . မငိုပါဘူး သားရယ်. . . မေမေ ဘာကြောင့်မှမဟုတ်ပါဘူး သားလေးနဲ့ခိုးကြောင်ခိုးဝှက်တွေ့ရတဲ့အဖြစ်ကို ရင်နာလွန်းလို့ပါ "

" ဟုတ်တယ် ကျွန်တော်မေမေ့ကိုကို လာဖို့ကြိုးစားတိုင်း သူတို့ ဝိုင်းဝိုင်းလည်နေတဲ့ ကြားထဲမှာ ဘယ်လိုမှ ［illegible］မရဘူး လှည့်ပြန်

တိုင်းလည်း နောက်ကအမြဲပါတယ် "

" သားကြောင့် ရဲတစ်ယောက်ဆုံးသွားတယ်ဆို. . . အဲဒီအတွက် ခခသားကို ဘယ်လိုမှ အလွတ်ပေးမှာမဟုတ်ဘူး ပြီးတော့ သားက သားက အမောက်မင်းဆိုတဲ့ တစ်ကိုယ်တော်လက်ဖြောင့်ကြေးစားတဲ့ ဟုတ်လားဟင် သား. . . "

ဒေါ်နှင်းပုလဲ မေးသော်လည်းကြားရမည့်အဖြေစကားကို မကြားရဲစွာ မျက်ဝန်းတွေကချောက်ချားနေကြသည်။

ကက ခေါင်းမညိတ်သော်လည်း ခေါင်းမခါဘဲ မျက်နှာလွှဲပစ်လိုက်၏။

" အဲဒါတွေကိုစိတ်မဝင်စားပါနဲ့မေမေ ကျွန်တော့်အတွက်လည်း သောကရောက်မနေပါနဲ့ ကျွန်တော် ဘယ်သူ့ကိုမှ သတ်ဖြတ်ဖို့မရည်ရွယ်ပါဘူး သွားမယ့်လမ်းမှာ ပိတ်ဆို့နေရင်တော့ ရှင်းသွားရမှာပဲ ခုမေမေ့ဆီကိုရောက်လာဖို့ သူတို့တမင်ဖွင့်ပေးထားတာ. . . "

" ဟင် "

" ဒါဆို သား သားကိုသူတို့ဖမ်းကြလိမ့်မယ်. . . ပြေးလေ သားပြေးတော့ မေမေ့ဆီကိုလည်း နောက်ထပ်မလာနဲ့တော့နော်. . . "

ထိုစကားကိုပြော၍ ဒေါ်နှင်းပုလဲ မျက်ရည်ပေါက်ခနဲကျလေသည်။ သူမဟာ သားလေးတစ်မျက်နှာတည်းနှင့် အသက်ရှင်သန်ခွင့်ကိုဖက်တွယ်ဆုပ်ကိုင်ထားရသူပါ။

ကက မေမေ့မျက်ရည်တွေကို သုတ်ပေးရင်း ပါးပြင်ကိုငုံ့နမ်းလိုက်၏။

" ကျွန်တော် ဒီနားမှာပဲရှိနေတယ် မေမရှိနေတဲ့ နေရာကနေ





ဝေးဝေးကို ဘယ်တော့မှမသွားဘူး။ ဒါပေမဲ့ မလွယ်ကူလို့ ရောက်မလာနိုင်တဲ့အခါ အမေ စိတ်မပူနဲ့နော်. . . မေမေ့ဆီကိုလာဖို့ အမြဲကြိုးစားနေတယ်ဆိုတာ မေမေယုံပါ. . . "

" ယုံပါတယ်သားရယ် မေမေယုံတယ် သားမှာ အန္တရာယ်တွေ ဝိုင်းနေတာ မေမေ့ဆီကို လာပါနဲ့ကွယ် သားရဲ့အသံလေးကိုကြားရရင် မေမေကျေနပ်တယ် မေမေ့ဆီကိုဖုန်းပဲဆက်ပါ. . . "

" ဖုန်းဆက်လို့မဖြစ်ဘူးမေမေ. . . ဖုန်းကတဆင့်သူတို့ပါလာကြမှာ မေမေမပူပါနဲ့ ကျွန်တော်လာချင်ရင် မီးပင်လယ်ကိုပဲဖြစ်ဖြစ်ကျော်ဖြတ်ဖို့ဝန်မလေးဘူး "

" သားရယ် "

" မေမေ ဘုရားတရားအလုပ်ပဲလုပ်ပြီး အေးအေးချမ်းချမ်းနေနော်. . . "

" သားနဲ့ရဲရဲတို့ကော အဆင်ပြေရဲ့လားဟင် "

" ပြေတယ်မေမေ သူကျွန်တော့်ကိုချစ်တယ် "

" အို. . . ဝမ်းသာလိုက်တာ "

ဒေါ်နှင်းပုလဲ မျက်ရည်တလယ်လယ်နှင့် ခေါင်းညိတ်ရှာသည်။ ဘယ်မှာနေလဲဆိုတာတော့ ထပ်မမေးရက်တော့ပါ။

" ကျွန်တော် သွားတော့မယ်မေမေ မေမေကျန်းမာရေးကိုဂရုစိုက်နော် "

" အေးပါသားရယ် မေမေ့မှာအန္တရာယ်ဘာမှမရှိဘူး။ သားလေးသာ ကိုယ့်ကိုယ်ကိုဂရုစိုက်ပါ ယောကျ်ားလေးတွေ အိမ်ထောင်ကျတယ်ဆိုတာ ဘုန်းကံနိမ့်လို့ကျတာတဲ့ သားအစစသတိထားနော်

လောဘတွေ တက်ပြီးငွေနောက်သိပ်မလိုက်နဲ့သား လောဘမှာ ရောင့်ရဲမှု မဲ့လာရင် ဒုက္ခဖြစ်တာပဲ မေမေပြောတာကို နားထောင်ပါ သားရယ်

ကကာ ခေါင်းညိတ်၍ အကြောပြိုင်းပြိုင်းထနေသည့် မေမေ့ လက်ခုံနှစ်ဖက်ကိုနမ်းသည်။ ပြီးတော့ မေမေ့ရှေ့မှလှည့်ထွက်လာခဲ့သော သည်။

သားကိုကြည့်နေရင်း ဒေါ်နှင်းပုလဲ ထိန်းချုပ်ထားသမျှ မျက်ရည်စက်တွေ အတားအဆီးမဲ့စွာ သွန်ကျလေသည်။

ငယ်စဉ်ကတည်းက ဒီနေ့ လူရမ်းကားဟုအမည်တွင်ခဲ့သော ဒုစရိုက် မှောင်ခိုသမားကြီးဟာ အမေ့ပါးကိုနမ်းနေဆဲ။

အရေပြားပျော့ပျော့ အကြောပြိုင်းပြိုင်းနှင့်လက်ခုံကို နှုတ်ခမ်းနဲ့ကပ်၍ မြတ်နိုးနေဆဲ။

မိုးမခ ဒီနေ့ထိ သူ့မပန်းကိုပင် ပွေ့ဖက်ရယ်မောခဲ့ဖူးခြင်းမရှိပါ။

ဒေါ်နှင်းပုလဲ သားလေးကိုနှမျောတသစွာ ငေးမျှော်ကြည့်နေဆဲ ဝေါခနဲဆိုင်ကယ်တစ်စီးက မျက်စိရှေ့ရောက်လာခြင်းနှင့် အသံတစ်ထပ်တည်း။

မိုးမခ ဆိုင်ကယ်ပေါ်ကနေ အလောသုံးဆယ်ဆင်းချလာကာ အိမ်ထဲပြေးဝင်သွားသဖြင့် ဒေါ်နှင်းပုလဲ မျက်ရည်သုတ်ရင်း လိုက်ဝင်လာခဲ့၏။

မိုးမခ ဆိုဖာနားမှာတုံ့ခနဲရပ်ကာ ရှီးကေ့စ်ပေါ်ကိုစိုက်ကြည့်နေ၏။

" ကျွတ်. . . သွားပြီကွာ. . . "

စိတ်ပျက်သံနှင့် ညည်းညူကာ ရှီးကေ့စ်နားသို့ခြေလှမ်းကျဲ





ကြီးများနှင့် လျှောက်သွား၍ အစိမ်းရောင်ကတ္တီပါစကို ဆွဲဖယ်လိုက်၏။

သားငယ်ရောက်လာကတည်းက ဘာစကားမှမပြောဘဲ ဆိုနားကိုသွား၍ ကတ္တီပါစနဲ့အုပ်သည်၊ သားကြီးရောက်လာတော့ ယ်ပစ်၏။

ကက်ဆက်ကလေးကိုကြည့်၍ ဒေါ်နှင်းပုလဲ ခုချိန်ထိ ဘာမှ းမလည်နိုင်။ ခခက ကက်ဆက်ကို 'မ'ယူလိုက်ပြီး ချောက်ခနဲ လုတ်တွေ နှိပ်ပစ်လိုက်သည်။ "

" ဟင်. . . သား သားလေး. . . "

" သားရယ် မေမေစိတ်ပူလိုက်ရတာ သားဘယ်ရောက်နေလဲဟင် ဘယ်မှာနေကြသလဲ သမီးလေးရဲရဲကော "

အသံတွေငြိမ်သက်သွားသည်။

မိုးမခ လက်သီးကိုကျစ်နေအောင် ဆုပ်ထားလျက် အကြောကြီး တိတ်ဆိတ်စွာရပ်နေသည်။ ဒေါ်နှင်းပုလဲ သဘောပေါက်သွားသော်ည်း ဘာမှဝင်မမေးခဲ့ပါ။တိတ်ဆိတ်ခြင်းများနောက်ကွယ်မှာ ချောက်ခ ကက်ဆက်ပိတ်လိုက်သံထွက်ပေါ်လာပြီး ခခက ဒေါ်နှင်းပုလဲ က်လှည့်လိုက်၏။

" မေမေ. . . ကကာ ဘယ်မှာနေတယ်လို့ပြောသွားသလဲ"

" ဟင်. . . "

ဒေါ်နှင်းပုလဲ ရုတ်တရက်ကြောင်သွားသည်။

သူမေးလိုက်မိတာမှန်သည် သားလည်းမဖြေခဲ့သလို ထပ်၍ ည်းမမေးဖြစ်ခဲ့ပါ။

အခြေနေသည့် မသိပါဘူးပြောလည်း ယုံဖွယ်ရာမရှိတော့

" ပြောလေ မေမေ ကျွန်တော်တို့ဒါကိုသိရဖို့ လူ
အချိန်တွေ အများကြီးနဲ့လုံးပမ်းနေရတာ ဘယ်လောက်အရေးကြီးသ
ဆိုတာ မေမေသိပါတယ် ငါ့သားဆိုတဲ့ အသိတစ်ခုနဲ့ မကောင်းမှု
အားပေးပြီး အဆိပ်ပင်ရေမလောင်းပါနဲ့. . . "

" မဟုတ်ဘူးသား မေမေ တကယ်မသိ. . . "

" မညာပါနဲ့မေမေ မေမေက ကျွန်တော့်မေမေပါ ကက
ကြောင့် ကျွန်တော်ဘဝပျက်အရှက်ရနေပြီ မေမေကထပ်ပြီး. . . "

" သား. . . "

ဒေါ်နှင်းပုလဲ ကြေကွဲစွာအော်ပစ်လိုက်မိသော်လည်း ကွဲရှ
သည့် အသံက တိုးတိတ်ပျောက်ကွယ်သွား၏။

မိုးမခက ဟိန်းသိမ်းမနေနိုင်လောက်အောင် ပေါက်ကွဲချင်
သော စိတ်လှုပ်ရှားမှုများနှင့် ဒေါ်နှင်းပုလဲရှေ့မှာ ခေါက်တုံ့ခေါက်ပြ
လျှောက် နေပြီးမှ တုံ့ခနဲရပ်၏။

" ငယ်ငယ်ကတည်းက မိသားစုထဲမှာ အလကားကောင်
ဆိုတဲ့ ဘဝမျိုးအရောက်ခံပြီး လေ့ကျင့်နေခဲ့သမျှ အချိန်တွေဖြုန်
လေလွင့်နေခဲ့သမျှ ဒါတွေနဲ့ အခုသူသိပ်တော်နေတယ် ဘယ်သူ
လိုက်မမှီအောင် တော်နေတာ အဲဒါ မေမေသိလား လူတွေကို
မျက်ခြေဖြတ်တဲ့ နေရာမှာ ကိုယ်ပျောက်နေသလိုပဲ ကိုယ်ယောင်
ဖျောက်လို့ မရရင်လူသတ်တယ် ဒီကောင့်ကိုဘယ်လိုမှခြေရာခံမရလို့
အခု ကျွန်တော်တို့ ဒီခြံဝန်းထဲသွင်းပြီး ခြေရာခံမိဖို့ ကြိုးစားတာ
ခုကြည့် နှာတစ်ဖျားလေးကပ်အနိုင်ယူ သွားတာ. . . "





" ဒုန်း. . . "

" ခွမ်း. . . "

မိုးမခအသားဆတ်ဆတ်တုန်စွာ ကက်ဆက်ကလေးကိုလက်
ပြန်ရိုက်ချပစ်လိုက်၏။ မိဘရှေ့မှာ မဖွယ်ရာရိုင်းပျသွားမှန်းလည်း
သတိမထားနိုင် လူဆိုးနဲ့လူကောင်း သူ့လို ဥပဒေဘက်တော်သား
တစ်ယောက်က ကကကို ဘယ်နေရာမှာမှ လိုက်မမှီသည့်အဖြစ်ကို
တွေးလေရှက်လေ. . .

အခု ဒီကက်ဆက်ခွေကိုပြန်ဖွင့်ကြလျှင် သူ့မျက်နှာ ဘယ်လို
ထားရမလဲ

" မင်းအမေကိုတော့ ပြောခဲ့မှာပေါ့ " လို့ရဲမှူးကြီးက
မေးလာ ရင် သူဘယ်လိုဖြေရမလဲ။

" မေမေ ကျွန်တော့်ကိုပြောပြပါ ကက ဘယ်မှာနေသလဲဆို
တာ ကျွန်တော်တို့အတွက် သိပ်ကိုအရေးကြီးနေတာ အဲဒါ ရဲရဲနဲ့လည်း
မဆိုင်ဘူး တစ်ဦးတစ်ယောက်ရဲ့ ရန်ငြိုးကြောင့်လည်း မဟုတ်ဘူး
မေမေ့သားက တကယ့်အဓိပတိ မှောင်ခိုဂိုဏ်းကြီးရဲ့ လူစွမ်းကောင်း
ဖြစ်နေတာ ' အမောက် 'ဆိုတဲ့ နာမည်တစ်လုံးနဲ့ ထင်တိုင်းကျဲနေတာ
အဆိပ်ပင်မှန်း ဆေးပင်မှန်းခွဲခြားသိနေလျက်နဲ့ အဆိပ်ပင်ကို
ရေလောင်းရင် ဘယ်လောက်အန္တရာယ်ကြီးမှန်း မေမေနားလည်ဖို့
ကောင်းပါတယ်။ "

" သား မေမေ တကယ်မသိဘူး မေမေ့ကို သူဘာမှ
ပြောမသွားဘူးဆိုတာ မေမေညာတာ မဟုတ်ဘူး "

" ကျွတ် "

မိုးမခ ဘာပြောလို့မှမယုံဘဲဖြစ်နေသည်။ မေမေ့ကိုစိတ်ပျက်စွာ ကြည့်ရင်း ထိုင်လို့မရ ထလို့မရ သိနေမှန်းသိသိနဲ့ မသိပါဘူး ငြင်းဆန်နေတာကို ဒီနေရာမှာ မေမေသာမဟုတ်ဘူးဆိုလျှင် သူ့ဘက်က စစ်ဆေးဖို့နည်းလမ်းများစွာရှိပါသည်။ ခုတော့

" မေမေ ကျွန်တော်ထပ်မေးပါရစေ မေမေ ကျွန်တော့်ကို မညာပါနဲ့ မေမေ့ညာနေတာ ကျွန်တော်သိတယ် ကျွန်တော့်မျက်နှာကို ထောက်ပြီး မေမေကိုညာကြမှာ မဟုတ်ဘူး ကကာ မေမေ့ကို ဘာပြောသွားလဲ သူဘယ်မှာ နေတယ်ဆိုတာ တစ်ခုလေးပဲ မေမေပြောပါ မေမေ့ သားကို ကျွန်တော်တို့ နှိပ်စက်ကလူပြုကြမှာ မဟုတ်ဘူး လမ်းမှားပေါ်ကနေ လမ်းမှန်ပေါ်ရောက်အောင် ဆွဲတင်ကြမှာပါ ပြောပါ မေမေရာ. . . "

ဒေါ်နှင်းပုလဲ မျက်ရည်ပေါက်ပေါက်ကျလာကာ ခခ ပခုံးနှစ်ဘက်ကို တုန်ယင်စွာ ဆုပ်ကိုင်လိုက်၏။

" မေမေ့မှာ မသိတာကို မသိပါဘူးလို့ ဖြေနိုင်တာကလွဲပြီး တခြားဖြေစရာမရှိတော့ဘူးသား အဲဒါ အပြစ်ရှိတယ်ဆိုရင် မေမေ့ကို သားဖမ်းပါ မင်း တာဝန်ရှိတဲ့အတိုင်း လုပ်စမ်းပါသားရဲ့. . . "

မိုးမခဒေါ်နှင်းပုလဲလက်တွေကို ဖယ်ချကာ ကျောခိုင်းပစ်လိုက်၏။ ကကာ တော်နေသမျှ သူ့သိက္ခာတွေကို ပါးပါးလှီးချခံနေရသည့်အတိုင်း ညီဖြစ်သူကြောင့်ရှက်ရခြင်း မေမေ့ကြောင့် လိပ်ခဲတည်းလည်းမျိုသိပ်ရခြင်းနှင့် အချစ်ကြောင့် နှလုံးကြေကွဲရခြင်းများက သူ့ရင်ထဲမှာ အတွင်းကြေကြေနေပြီ။

❀ ❀ ❀





သူပြန်ရောက်အချိန်က ညဉ့်တစ်နာရီတိတိရှိပြီ။

ဝတ်ထားသည့် ကိုယ်ကျပ်ဝတ်စုံအနက်ကိုချွတ်၍ ရေချိုးခန်းဝင်ပြီးမှ သူ့အခန်းထဲပြန်ဝင်ခဲ့သည်။

အိပ်ရာခေါင်းရင်းမှာ သူ့အတွက် အဆင်သင့်ထုတ်ပေးထားသည့် ညဝတ်ဘောင်းဘီရှည်ပွပွနှင့် စွတ်ကျယ်ချိုင်းပြတ်အညိုလေး။

ဝတ်စုံကိုအသာလေးကောက်ယူ၍ တစောင်းလေးအိပ်မောကျနေသည့် ရဲရဲကို ကကာ ငုံ့ကြည့်သည် နမ်းမလို့ကပ်လိုက်ပြီးမှ ကိုယ့်ကိုယ်ကိုရေချိုးထားတာကိုသတိရကာ ကိုယ်ရှိန်သတ်၍ ဝတ်စုံကိုတိတ်ဆိတ်စွာ လဲဝတ်လိုက်သည်။

" ဒေါက်. . . ဒေါက် "

တံခါးခေါက်သံကြောင့် သူတံခါးရှိရာသို့ ခြေနှစ်လှမ်းတည်းနှင့် ရောက်အောင်သွားကာ ဆွဲဖွင့်လိုက်၏။

တံခါးဝမှာ ဆေးပုလင်းကိုင်လျက်ရပ်နေသည့် နေစိုးမှာကကာ မျက်နှာကိုမြင်လိုက်သည်နှင့် တွန့်ခနဲဖြစ်သွားကာ

" ဆရာ ဒီမှာ ဆေးပုလင်း. . . "

" တံခါးဘာလို့ခေါက်တာလဲ မင်းလာတာငါသိတယ် "

" ကျွန်တော် "

ကကာ ရဲရဲအိပ်နေရာသို့ စိုးရိမ်စိတ်နှင့် လှည့်ကြည့်လိုက်ပြီး၊

" နောက်ကိုအိပ်ချိန်မှာ ဘာကိစ္စရှိရှိမလာနဲ့ "

" ဟုတ်ကဲ့ပါ "

ကကာ ဆေးပုလင်းကိုဆွဲယူကာ တံခါးပြန်ပိတ်လိုက်သည် သူ့အပြင်က ပြန်လာတိုင်း တစ်ကိုယ်လုံးကို လိမ်းဆေးလူးပြီး

မှ အိပ်သည် ကိုယ်ခန္ဓာ နာတာကျင်တာတွေ ပျောက်သည့်အပြင် မနက်မိုးလင်းလျှင် တစ်ကိုယ်လုံးပေါ့ပါးနေစေသည့်ဆေး။

ဆရာကြီးကိုယ်တိုင် ကိုယ်လုံးပညာတွေသင်ပေးရင်း ဒီဆေး တပည့်တွေ လိမ်းစေခဲ့သည်။ ကျွမ်းကျင်အဆင့်တွေဖြစ်လာကြတော့ ဆေး နည်းကိုပါပြော၍ ကိုယ်ခန္ဓာလှုပ်ရှားမှုများခဲ့သည့်အခါတိုင်း ဆေးလိမ်း ဖို့ညွှန်ကြားထားသည်။

သူဆေးပုလင်းကိုစားပွဲပေါ်တင်ထားလိုက်ပြီး လက်ဖျံကိုဆေး ချာကိုင်တွယ် ဖိနှိပ်ကြည့်မိ၏။

“ ဘာဖြစ်လာသလဲဟင် ကက. . . ”

“ ဟင်. . . မင်း မအိပ်သေးဘူးလား ”

“ အိပ်နေတာ နင်မျက်နှာငုံ့လာတော့ ငါ့လည်ပင်းပေါ် ရေပေါက်တစ်ပေါက်ကျလာလို့. . . ”

“ ဟုတ်လား. . . ဆောရီးကွာ မင်းနိုးသွားမှာစိုးလို့နမ်းမည့် တောင် မနမ်းရက်ဘူး. . . ”

“ အဟင်း. . . ”

ရဲရဲသွားကလေးတွေပေါ်အောင်ရယ်ပြီး ကကကို ကျောဘက် ကနေ သိုင်းဖက်ထားလိုက်၏။

သူမသိတာပေါ့ ကက ပြန်မလာမချင်း ဒီမျက်လုံးတွေက အိပ် လို့ပျော်ခဲ့တာမှ မဟုတ်တာ။

သူနိုးမှာစိုးလို့ ကက ဖွဖွသာသာလေးလှုပ်ရှားနေတာ အားလုံးကို သိနေသည် စိတ်ညစ်စရာတွေထဲကပဲ ကြည်နူးမိရသည့် အဖြစ်။





“ ကကရယ် နင် ငါ့ကိုအဲဒီလို ပစ်ပစ်ထားခဲ့တဲ့ ညတိုင်း ငါ ဘယ်လိုမှနေလို့မရဘူးသိလား စိုးရိမ်စိတ်တွေနဲ့ရင်ထဲမှာ ပူလောင်ပြီး ငိုချင်နေတယ် ”

ရဲရဲ ကကရဲ့ ကျောပြင်မှာ ပါးလေးကပ်၍ ပွတ်တိုက်နေမိကာ သူမကြိုက်သည့်စကားကိုပဲ ပြောချလိုက်တော့မလို့ အားယူနေမိ၏။

“ ဘာဖြစ်လို့စိုးရိမ်နေတာလဲ ဒီလောကမှာ အဓိကကို သွေးထွက်အောင် ဘယ်ကောင်မှမလုပ်နိုင်ဘူး အဲဒါယုံလိုက် ”

“ ကံကြမ္မာဆိုတာ အလှည့်အပြောင်းရှိတယ်သိလား နင် ဒီလို အမြဲတမ်း ပေါ့ပေါ့လေးနေသွားလို့မရဘူး ”

နေပါ့မလား ရဲရဲရယ် သူတစ်ဘက်လှည့်ပစ်လိုက်သည့် မျက်နှာကိုရဲရဲ မမြင်။

မကောင်းမှုတိုင်းဟာ ဇာတ်သိမ်းမလှကြဘူးဆိုတာ သိရက်နဲ့ ဂရုမစိုက်ခဲ့တုန်းက လူပျိုလူလွတ်ဘဝမှာဖြစ်သည်။

သူ့ဘဝထဲကို ရဲရဲရောက်လာသည့်အချိန်မှစ၍ ပူပန်တတ်လာ သောစိတ်သည် ရှေ့ရေးကိုမကြာခဏတွေးဖြစ်နေခဲ့သည်။

ငွေရှိတိုင်းမအေးချမ်းပါလားဆိုသည့် ချမ်းသာခြင်းအစစ်အမှန် ကို မြင်တတ်လာ၏။

သို့သော်နောက်ကြောင်းပြန်လှည့်ဖို့ ခက်ခဲနေပြီဖြစ်သည့် သူ့အတွက် ရှေ့တိုးလေ မှောင်လေဖြစ်သည်။

ထို့ပြင် သူသည် ရဲရဲနဲ့ သူ့ဘဝကိုအေးချမ်းစွာခရီးဆက်လို တာသာဖြစ်သည်။

လက်ရှိယှဉ်ပြိုင်နေမှုများကို အရှုံးပေးလိုခြင်းတော့မဟုတ်။

ထို့ကြောင့် သူ့မှာမာနတွေရှိနေသည်။ မာန်ကိုဘယ်နေရာ သွားသိမ်းဖို့မှ စဉ်းစားလို့မရ မာန်မာနတို့ပေါင်းစည်းလျက် သူ့မှာ အနိုင်ယူလိုခြင်းတွေ သာရှိနေသည်။

" ကာကာ "

" ဟင်. . . "

" နင်နဲ့ငါ အေးချမ်းတဲ့ဘဝလေးတစ်ခုမှာ အများသူငါတွေလို ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် မနေချင်ဘူးလားဟင်. . . "

" ခု မင်း စိတ်ဆင်းရဲနေသလား. . . "

" ဟုတ်တယ် နင်သာ တစ်ခုခုဖြစ်သွားခဲ့ရင်ဆိုတဲ့စိတ်နဲ့ ငါ သိပ်ကိုစိတ်ဆင်းရဲနေရတယ် အဲဒါ ဘာဖြစ်လို့လဲသိလား ငါ့ ငါ့မှာ နင့် ရင်သွေးလေးကိုလွယ်ထားရပြီ. . . "

" ဟင်. . . ဘာ. . . "

ကျောခိုင်းထိုင်နေရာမှ ကာကာ ရဲရဲကိုယ်လေးကိုဆွဲခနဲဆွဲပွေ့လိုက်ပြီး မျက်နှာကို တအံ့တသြကြီးစိုက်ကြည့်၏။

" ရဲရဲ မင်း. . . မင်းမှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား "

" အင်း "

ကာကာ အံ့သြတကြီးကြည့်နေရင်း မျက်နှာသည် တဖြည်းဖြည်းပြုံးယောင်သမ်းလာကာ ရဲရဲကိုတင်းကျပ်စွာ ဖက်ထားလိုက်လေသည်။

" ဝမ်းသာလိုက်တာကွာ မင်းကိုယ့်ကိုချစ်တယ်ဆိုတာ ခုမှ တကယ်ယုံသွားတာ "

" ဩော်. . . အစက မယုံခဲ့ဘူးပေါ့ "





" ဟုတ်တယ် ကိုယ်က အတင်းလုယူခဲ့ရတဲ့သူဆိုတော့ မိန်းကလေးမို့ မထူးစိတ်ပိုက်ပြီး ခေါင်းညိတ်ခဲ့တယ်လို့ထင်ခဲ့တာ"

" ကာကာရယ် "

ရဲရဲ ကာကာ ရင်ခွင်ထဲတိုးဝင်မှီနွဲ့ကာ

"ငယ်ငယ်လေးကတည်းက ရစ်ပတ်ခဲ့တဲ့သံယောဇဉ်တွေ နည်းသလား ကာကာရယ် ငါလေ တကယ်လို့များ ခခနဲ့လက်ထပ်ဖြစ်ခဲ့ရင် အရမ်းစိတ်ဆင်းရဲရမှာ ငါသူ့ကိုအိမ်ထောင်ဘက်အဖြစ် လက်ခံခဲ့ပေမယ့် မချစ်ဘူး ခုကျတော့ နင်မကောင်းတာတွေလုပ်နေမှန်းသိလို့ စိတ်ပူရ စိတ်ညစ်ရဖြစ်မိပေမယ့် နင်နဲ့မျက်နှာချင်းဆိုင်နေရတဲ့ အချိန်လေးတွေမှာ စိတ်ချမ်းသာတယ် "

" ရဲရဲရယ်. . . "

သူ မချင့်မရဲတိုးဖက်၍ နမ်းရှိုက်နေသမျှ ရဲရဲမျက်တောင်လေးတွေ စင်းချကာ ငြိမ်သက်နေခဲ့လေသည်။

" ကာကာ "

" ဟင်. . . "

" မိခင်လောင်းတစ်ယောက်ရဲ့ပူပန်မှုကို နင်နားလည်ပေးပါကယ် ဒီလုပ်ငန်းဒီလောကကို စွန့်ခွာဖို့ ကြိုးစားပါလားဟင် "

ကာကာ မျက်နှာအပြောင်းအလဲကို အမိအရအကဲခတ်ရင်း ခထိ ရောက်ဆုံး စကားကိုရဲရဲရွေးနေမိသည်။

" အမှောင်လောကအကြောင်း မင်းမသိပါဘူးရဲရဲရယ်. . . "

" သိသင့်သလောက်တော့ သိတာပဲ ကာကာ နင်အခု ရှုဆက်မတိုးတော့ဘဲ ငါတို့တစ်နေရာမှ အေးအေးချမ်းချမ်း ပြောင်းနေ

ကြမယ်လေ မချမ်းသာရလည်း ဘဝမှာရောင့်ရဲစရာတွေ အများကြီး ပါဟာ "

ကကာ ပင့်သက်ရှိုက်၍ ခေါင်းခါပစ်၏။

" စဉ်းစားကြည့်ပါဦး ကကာရယ် နင်နဲ့ငါ ဘယ်ဘဝမျိုးကို ဖြစ်ဖြစ်ရင်ဆိုင်ရဲပေမယ့် ငါတို့ရဲ့ရင်သွေးလေးကို ငါတို့ဒီအတိုင်းပဲ လူ မြင်မခံရဲတဲ့ဘဝနဲ့ မွေးကြမှာလား "

" ရဲရဲ "

" ဟင်. . . "

" အဲဒါတွေ မတွေးနဲ့ဦးနော် မင်းနဲ့ကလေးအတွက် အကောင်း ဆုံးဖြစ်အောင် စီစဉ်ပေးမယ် စိတ်အေးအေးနေ "

" ဘယ်လိုစီစဉ်ပေးမှာလဲ . . . ငါပြောသလို . . . "

" ခုချိန်ကျမှ ရှေ့တိုးဖို့နောက်ဆုတ်ဖို့က ခြေတစ်လှမ်းရွှေ့ လိုက်တာနဲ့ ပြီးသွားမှာမဟုတ်ဘူး ရဲရဲ ဒါတွေ မင်းနဲ့မဆိုင်ဘူး ကိုယ်ဝန်ကိုသာ ဂရုစိုက်ပါ "

ရဲရဲ သူ့ကိုတွန်းပစ်ကာ မျက်နှာကိုစူးစူးစိန်းစိန်းကြည့်သည်။

ထို့နောက် မွေ့ရာပေါ်မှာ တစ်ဘက်လှည့်နေပစ်လိုက်မိ၏။

သူ ငါ့ကို အလိုမလိုက်ပါလားဟူသော ဝမ်းနည်းခြင်းများ ကြောင့် မျက်ရည်တို့ချက်ချင်းဝေ့တက်လာ၏။

နင်တွေ ငါတွေပျောက်၍ မင်းနဲ့ကိုယ်နဲ့ပြောဆိုတတ်နေသည့် ကကာ ဆိုသော ငယ်သူငယ်ချင်းလေးသည် အခေါ်အပြောအသုံးအနှုန်း သာမကဘဲ ခက်ထန်တတ်သော စိတ်ဓါတ်သည်လည်း လုံးဝပြောင်းလဲ သွားခြင်းဖြစ်လေသည်။





ကကာရဲ့ ဂျစ်ကန်ကန်မှုကုတ်ကုတ် သူငယ်ချင်းလေးအဖြစ်ကို ရဲရဲ နှမျောတသနှင့်တွေးဖြစ်ရင်း မျက်ရည်ကထိန်းလို့မရ။

" ရဲရဲ

" ဟင့်အင်း မခေါ်နဲ့ '

နောက်ကနေသိုင်းဖက်လိုက်သည့်လက်ကို ရဲရဲကဖယ်ချပစ်၍ အင့်ခနဲရှိုက်သည်။

" ရဲရဲကကွာ. . . မင်းငိုတာကို ကိုယ်လုံးဝကြိုက်ဘူး တိတ်နော်. . . "

" မတိတ်ဘူး. . . ငါတအားငိုချင်နေတာသိလား. . . ဖယ်. . . ဖယ်. . . "

" ကြည့် ဆရာဝန်မကြီးတဲ့ ခုကျတော့ ကလေးစိတ်ကောက် နေတာကျနေပဲ "

" ဆရာဝန်မဟုတ်တော့ဘူးလေ နင့်ဆန္ဒအတိုင်း နင့်အတွက် ငါ့ဝါသနာ ငါ့အလုပ်ကို ငါစွန့်လွှတ်ခဲ့ရတာပဲ နင့်ဘက်ကကျတော့ ငါ့ကို ဘာများလိုက်လျောပေးသလဲ ဘာအလိုလိုက်သလဲ "

" လိုက်လျောလို့မလွယ်လို့ပေါ့ ရဲရဲရယ် ကိုယ့်ကို ဂျီမကျနဲ့ ကွာ . . . "

" ကျမှာပဲ ကျမှာပဲ. . . "

" ညဦးနက်ပြီအိပ်တော့နော် ကိုယ်ကပင်ပန်းထားတဲ့အတွက် ပြန်ချော့သိပ်မယ် "

ကကာ ရွှဲပြောမှန်းသိပေမယ့် ၎င်းရဲ ဂရုမစိုက်သလိုလုပ်ပစ် သည်။ ဟုတ်တယ် နင် ပင်ပန်းလာတာကို ငါ့ဘက်အလိုက်ကမ်းဆိုးမသိ

ဂျိုတိုက် နေတာ စိတ်ဆိုးပစ်လိုက်ပါလား ငါ့ဟာငါငိုတာ နင်အနေသာကြီး. . ."

" နားငြီးတော့ ဘယ်လိုလုပ် အိပ်မလဲ "

" ရတယ် ငါ ပါးစပ်ပိတ်ငိုမယ် "

ရဲရဲက ငိုလည်းငို ရန်လည်းတွေ့ ကက အဲဒီမျက်နှာလေးကို ကြည့်ရင်း မြတ်နိုးခြင်းများ တရိပ်ရိပ်တက်လာရလျက်။

" ဘယ်လိုပုံစံပဲဖြစ်ဖြစ် ငိုမှာပဲလား "

" ငိုမှာပဲ ကိုယ့်ဟာကိုယ် ပါးစပ်ပိတ် ငိုမယ်ဆိုတာတောင်မှ. . ."

" ရတယ်လေ မင်းပင်ပန်းမှာစိုးလို့ ကိုယ်ပါးစပ်ပိတ်ပေးမယ် "

" အို. . ."

ဖွေးနေသော မီးရောင်က ချောက်ခနဲမှောင်ကျသွားသည်။ ရဲရဲထံမှ ရှိုက်ငင်ရန်တွေ့သံလည်း တိတ်ကျသွားခဲ့လေသည်။

❀ ❀ ❀ ❀ ❀



# အခန်း (၃၄)

" ကျုပ်မလိုက်နိုင်ဘူး "

" ဘာကွ. . ."

မားတစ်နဲ့မားသုံးပြိုင်တူထရပ်လိုက်ကြ၏။

" ဒီမှာ အမောက် အခု ငါတို့က ခဏဖျောက်နေကြရုံပဲ ...ယ်စပ်ဘက်မှာက လှုပ်ရှားရတာလွယ်တယ် ကူးသန်းပြေးလွှားဖို့မခဲ...ည်းဘူး မြို့ကြီးပြကြီးမှာ ခြေရောလက်ရော ဘာလှုပ်လှုပ် ရဲကသိ...ပြီ "

" ဘာလဲ ခင်ဗျားတို့က ဒါတွေကို ကျုပ်ပယောဂမကင်းဘူး ...ို့ ပြောချင်တာလား "

" ဟား ဟား ဟား "

တစ်က တမင်တကာ ပခုံးလှုပ်ရယ်ကာ

" မင်းက 'အိုဟားမား' ကိုလျှော့တွက်ထားတာကိုးကွ ...မှာ အမောက် 'အိုဟားမား' ရဲ့သံသယက နေမဝင်ဘူးဆိုတာ ...င်းမကြားဖူးဘူးလား ငါတို့က သံသယငုက်မထားတဲ့ကောင်တွေကွ ...င်းနဲ့ မိုးမခ ဘာမှမသက်ဆိုင်ဘူးဆိုတာသိလို့ မင်းဒီနေ့ ...အေးအေး ...မ်းချမ်းနေရတာယ်မှတ်ပါ "

" ဟုတ်တယ် အခု ခဏခဏ အရောင်းဝယ်တွေ ပျက်ပြေး ရလွှားရတွေဖြစ်နေတာ မင်းနဲ့မဆိုင်းမှန်းငါတို့သိတယ် ဒါကိုထားစမ်းပါ ဆိုင်တာကိုပဲ မင်းနားထောင် ငါတို့ဟိုဘက်ထဲခဏဖျောက်နေတုန်း နယ်စပ်ဘက်မှာ မင်းရှိနေပေးပါ ရုတ်တရက်ပြီးပြတ်မသွားသေးတဲ့ အလဲ အလှယ်ကိစ္စတချို့နဲ့ အဖျားအနားအချွန်အတက်တချို့ကို မင်း တာဝန်ယူရှင်းပေးပါ ဒါဟာ ငါတို့ဘက်က ကျူငုတ်ကိုပါရှင်းတဲ့ သဘောပဲ ကျန်နေသေးတဲ့ အလဲအလှယ်ကိစ္စတွေကရသမျှ အကျိုး အမြတ်အားလုံး မင်းပိုင်ပြီ. . . "

ကက နေရာမှထရပ်ရင်း ခေါင်းခါပစ်လိုက်၏။

" နယ်စပ်ကို ကျုပ်မလိုက်နိုင်ဘူး မားနှစ် ဒီအချိန်မှာ မထွက်ချင်ဘူး ဘာဖြစ်လို့လဲဆိုတော့ ကျုပ်မိန်းမက မပေါ့မပါးနဲ့. . . "

" ငါတို့လောကမှာ ဒါတွေကိုထည့်တွက်နေရင် ခြေလှမ်းမှား ပြီး ဒုက္ခရောက်ကုန်မှာပဲ မင်းမိန်းမက ဆရာဝန် ဖအေက ချမ်းသာ လိုက်တာ ကျိုကျိုတက် ဘာလိုသေးလဲ မွေးဖွားဖို့လည်း သိပ်မလိုတော့ ဘူး မဟုတ်လား သူ့အဖေဆီပို့ပစ်ခဲ့ပြီး မင်းလိုက်ခဲ့လို့ရတာပဲ "

" မင်း ဘာပြောလိုက်တယ် "

ကက ကိုယ်လှူပ်လိုက်သည်နှင့် မားနှစ်ခေါ်မားနီက ကက လက်ကို သိထားသူမို့ ချက်ချင်းခုန်ဆုတ်လိုက်၏။

သို့သော် သူထင်သလိုလက်သီးဝင်မလာဘဲ ဒူးခေါက်ကွေး ပြင်းထန်သောခြေကန်ချက်တစ်ချက်မိသွားကာ ဘယ်လိုမှ ထိန်းသိမ်းခြင်း မရလိုက်ဘဲယိမ်းယိုင်သွား၏။

တဆက်တည်းဝင်လာသည့်လက်သီးကို ယိမ်းယိုင်သွားသည့်





ကြားမှ သေလုမျှောပါးရှောင်လိုက်သော်လည်း နားထင်ကိုပွတ်ထိလျက် မျက်လုံးတွေပါ ပြာဝေသွား၏။

ကကက စားပွဲပေါ်လက်ထောက်၍ သေနတ်ဆွဲ ထုတ်လိုက် သည့် မားသုံး၏လက်ကိုခုန်ကန်ပစ်လိုက်သည်။

" အ "

" ဒုတ် "

သေနတ်လွင့်ထွက်သွားသည့်တိုင် မားသုံးက ချက်ချင်းပဲတုံ့ ပြန်လက်သီးပြင်းဖြင့်

" တော်ကြတော့ဟေ့ သူမကြိုက်တာကို မင်းတို့မပြောနဲ့ "

မားတစ်က အသံသြသြကြီးနှင့် အော်၍ မတ်တပ်ရပ်ရင်း စားပွဲကို ဖျန်းခနဲပုတ်သည်။

'အိုဟားမား' မှာ ဂိုဏ်းချုပ်လက်အောက်၌ မားငါးယောက်ရှိ သည် ဂိုဏ်းချုပ်ကိုယ်စားစီစဉ်ခွင့် အမိန့်ပေးခွင့်ရှိ၏။

ဘယ်အရပ်မှာပဲ ရောက်နေနေ မားရဲ့အရိပ်ကျသည့်နေရာ တိုင်းမှာ မားတိုင်း သူတို့ကိုကြောက်ရွံ့ရှိသေကြသည်။

အမောက်က သူတို့အကျိုးကိုဆောင်ရွက်ပေးသော်ငြား အဖွဲ့ သားမလုပ်ခဲ့တဲ့သူ။

စတွေ့ကတည်းက ရွှေငွေရာထူးအစစနှင့် ဖြားယောင်းစည်း ရုံးခဲ့သော်လည်း ဘယ်အရိပ်ကိုမှ မခိုဘူးဟု ခပ်ရိုင်းရိုင်းတုံ့ပြန် ခဲ့သော အမောက်ကဲ့သို့ တစ်ဦးတစ်ယောက်သော အင်အားမဲ့လူရွယ် တစ်ယောက်က သူတို့လိုမားနှစ်ယောက်လုံးကို တစ်ပြိုင်တည်း တစ်ချက် လှုပ်ရုံနှင့် အနိုင်ယူပစ်လိုက်တာကို မားနှစ်နဲ့သုံးက မကျေနပ်နိုင်။

မားတစ်က သူတို့ကိုလက်ကာပြလိုက်ပြီး

" ငါတို့အတွက် နယ်စပ်မှာ အမာခံတစ်ယောက်ကျန်ခဲ့မှ ဖြစ်မှာ အမောက် အဲဒီတာဝန်ကို မင်းပဲယူနိုင်မှာ "

" မင်းက ကျုပ်ကိုတာဝန်ပေးရအောင် ကျုပ်က 'အိုဟားမား' ရဲ့လက်အောက်ခံတစ်ယောက်မဟုတ်ဘူးဆိုတာကို မေ့နေလို့လား"

" မမေ့ပါဘူး ဒါပေမဲ့ 'အိုဟားမား' ဘာလဲဆိုတာကို ဂဃနဏ သိခွင့်ပေးထားခံရတဲ့သူတိုင်းဟာ ချည်တိုင်ကနွားလိုပဲ ကြိုးရှည်သမျှ ဘယ်အထိပဲသွားသွား ကြိုးတင်းသွားရင် ချည်တိုင်ကို မေ့လို့မရဘူး စိတ်ကူးမလွဲစမ်းပါနဲ့ အမောက်ရာ ဟိုမှာ မင်းပြောင်းနေ ပေးလိုက်ရုံပဲ ခုလိုတောင် ဘာမှအလုပ်ရှုပ်စရာ တိုက်ခိုက်ပြေးလွှားစရာ မရှိဘူး မင်းမိန်းမပါလာလည်း သူအေးအေးချမ်းချမ်းနေလို့ရတယ် အလဲအလှယ် ကိစ္စတွေက မင်းဆီ သူတို့လာကြမှာ မားရဲ့အစွယ်အပွား ငုတ်တို ငုတ်စကိုတော့ "

" အဲဒါလည်း ကျုပ်ရှင်းမပေးနိုင်ဘူး တမင်တကာ လူလိုက်သတ်ရအောင် ကျုပ်ကရူးနေတဲ့သူမှမဟုတ်ဘဲ ပြီးတော့ ကျုပ်လက်က သိုးနဲ့ ယုန်ကို သတ်ဖို့ဆို သတ္တိမရှိဘူး "

" ရတယ် အဲဒါရတယ် ပြောင်းဖို့ရွှေ့ဖို့ကိုသာ မင်းစဉ်းစားပါ"

❀ ❀ ❀ ❀ ❀



# အခန်း (၃၅)

နောက်ကခြေသံကြားလိုက်ကတည်းက ကကမျက်နှာကွက် ...နဲ့ပျက်သွားကာ မေမေ့အိပ်ရာဆီကို ဦးတည်နေသည့် ခြေလှမ်းတို့က ...တုံ့ဆိုင်းသွား၏။

သို့သော် ကက လှစ်ခနဲပြုံး၍ နောက်ကိုလှည့်မကြည့်ဘဲ

" မင်းအပြင်ကပဲစောင့်နေပါ ငါမေမေနဲ့စကားပြောစရာရှိ ...တယ် "

သူဝင်မယ်လို့ ဖွဖွလျှောက်လာခဲ့သည့် ခြေလှမ်းက တကယ့် ...ငြင်ငြင်သာသာပါ ကက သိသွားတာကို အံ့ဩသွားမိလျက် ကိုယ့်ကိုယ် ...ကိုလား သူ့ကိုလားမသိသော ဒေါသကခုန်ပေါက်ထွက်သွား၏။

" မရဘူးလေ မင်းက ကိုယ်ပျောက်ဝိဇ္ဇာဆိုတော့ နံရံကို ...ဖောက်ထွက်သွားချင်သွားမှာ မင်းပြောပါ ငါဒီကစောင့်နေမယ် "

" သား. . . သားကြီး "

ဒေါ်နှင်းပုလဲ သားနှစ်ယောက်ပြောနေကြသံတွေကိုကြားကာ ...ကျနေသောဆံပင်ရှည်ဖရိုဖရဲနှင့် အိပ်ရာထက်က လူးလဲထရှာသည်

" သားရယ် သားငယ်ကိုမဖမ်းပါနဲ့ကွယ် မေမေ တောင်းပန် ...တယ် မေမေ့ကိုသနားပါ "

" အဲဒါ သူ့ကိုမေးရမယ် မေမေ သူကောင်းရင် ကျွန်တော်
မဆိုးဘူး. . . "

" ဟား ဟား မင်းတော်တော်ရူးတာပဲ ခခလူဆိုးပါ
ကောင်းဖို့မျှော်လင့်နေသေးတယ် ဒီမှာဟိတ်ကောင် မင်းပါးစပ်ခ
ထားပြီး အဲဒီမှာ ငြိမ်ငြိမ်လေးရပ်နေပေး ငါမေမေနေမကော
ဘူးဆိုလို့လာတာ မင်းနဲ့စကားပြောဖို့မဟုတ်ဘူး "

ကက ကနောက်ကိုလုံးဝလှည့်မကြည့်တဲ့ ဒေါ်နှင်းပုလဲ အိပ်
ပေါ်မှာ တင်ပါးလွှဲထိုင်၍ ပူနွေးနေသည့် လက်ဖဝါးပျော့ပျော့လေး
တယုတယဆုပ်ကိုင်လိုက်၏။

" မေမေ. . . "

" သား "

" မငိုပါနဲ့ မေမေ ကျွန်တော့်ကိုလွမ်းပြီး မေမေငိုနေမှာ
လို့ အန္တရာယ်တွေကြားထဲ ကျွန်တော်တိုးလာတာပါ မျက်ရည်တွေ
မဆီးကြိုပါနဲ့ "

ကက ဒေါ်နှင်းပုလဲ မျက်ဝန်းများမှ မျက်ရည်တွေ
သုတ်ပေး၍ အံကြိတ်လိုက်၏။ ဒီခြံရဲ့အနီးမှာ ခုလောက်ဆို ရဲ
အထပ်ထပ်ကာရံ စောင့်ကြပ်နေလောက်ပြီ။

မေမေနေမကောင်းဖြစ်ကတည်းက သူမှချလာမှာပဲဆိုတာ
ကာ စောင့်ကြပ်နေကြတာဖြစ်မည် သူလည်းသိပါ၏။

သို့သော် မေမေ့ကိုသူမြင်တွေ့ချင်လွန်းသောကြောင့် ဖွတ်
ဝင်ခဲ့၏။

ဘယ်လိုပြန်ထွက်မလဲ. . .





" သား မေမေ့ဆီလာမိလို့ အခု အဖမ်းခံရတော့မယ် မေမေ
ဘယ်လိုကြည့်ရက်မှာလဲ . သားရယ် ပြီးတော့ သမီးလေးမှာ
ကိုယ်ဝန်အရင့်အမာနဲ့ဆို "

" မပူပါနဲ့ မေမေ ကျွန်တော်ဘယ်အကျပ်အတည်းကိုမှ
မကြောက်ဘူး မေမေ ကိုယ့်ကိုယ်ကိုဂရုစိုက်ပါ လိုအပ်တာရှိရင်
အန်ကယ် ဦးမင်းခေါင်ကိုပြောလိုက် သူစီစဉ်ပေးလိမ့်မယ် "

" အဲဒါတွေ မေမေသိပြီးပါပြီ "

ကက ခေါင်းညိတ်ကာ ဒေါ်နှင်းပုလဲ လက်ဝါးကိုတစ်ချက်ဖျစ်
လိုက်၏။

" မေမေ အားမငယ်နဲ့နော် စိတ်လည်းမပူနဲ့ မေမေကျန်းမာ
နေရင် ကျွန်တော်အေးအေးဆေးဆေးနေလို့ရတယ် မေမေတစ်ခုခုဖြစ်
ရင် အဲဒီစိတ်နဲ့ ကျွန်တော်ပါ ဒုက္ခရောက်မှာ မေမေ ကျန်းမာအောင်
နေဖို့ အဓိက "

ဒေါ်နှင်းပုလဲ မျက်ရည်ဝေ့ဝေ့နှင့် ခေါင်းညိတ်သည်။

" မေမေ လမ်းလျှောက်နိုင်ရင် ကျွန်တော့်ကို သံပုရာရည်
တစ်ခွက်လောက် ဖျော်ပေးနိုင်မလားဟင် "

" ပေးနိုင်တယ်သား သားသောက်ချင်တယ်ဆို မေမေဖျော်
ပေးမယ် "

" တအောင့်ကြာမှပါ "

ကက ခခကိုလှည့်ရင်ဆိုင်လိုက်၏။

နှစ်ယောက်သားဆိုဖာပေါ်မှာ ထွက်ထိုင်မိကြတော့ ခခက
သူ့ကို စေ့စေ့စပ်စပ်ကြည့်၍

" အမောက်ဆိုတာ မင်းလို့ ငါအစက မယုံကြည်ခဲ့ဘူး "

" မင်း ဘာလုပ်ဖို့စိတ်ကူးသလဲ "

" မင်းကိုဖမ်းမယ် "

" ခုလား "

" ဟုတ်တယ် "

" ဟားဟား ပြောသလောက်လွယ်ပါ့မလား ခခ ငါ ကက မဟုတ်ဘူးနော် 'အမောက်မင်း' "

" အမောက်လည်း အတောင်မပါဘဲ မင်းပျံထွက်သွားလို့ ဘူး အပြင်မှာ ရဲတွေမင်းကိုစောင့်နေကြပြီ "

" သား. . . "

" ဟင်. . . နေမကောင်းဘဲနဲ့မေမေ ပေးကျွန်တော့်ကို

စကားပြောနေရင်း သံပုရာရည်ဖန်ခွက်နှစ်လုံးနှင့် ဒေါ်နှင်းပု ထွက်လာတဲ့ဆီ ကက ကပျာကယာထယူလိုက်၏။

" သားကြီးပါ သောက်ရအောင် နှစ်ခွက်ဖျော်လိုက်တာ "

" ဟုတ်ပါပြီ သွားလှဲနေပါ မေမေ ကျွန်တော်တို့ အေးအေး ဆေးဆေးဆွေးနွေးနေကြတာပါ "

ဖျော်ရည်ထယူရင်း သူ့ကိုကျောခိုင်းကာ မေမေနဲ့ စကားတွေ ပြောနေသည့် ကကကျောပြင်ကို ခခ မျက်မှောင်တွန့်၍ကြည့်နေမိ၏ မေမေကမျက်ရည်တွေဝဲလျက် သူ့ကိုခယတောင်းပန်ချင်သောမျက်ဝန်း များနှင့် လှမ်းကြည့်ရင်း ပြန်လှည့်ဝင်သွားလေသည်။

ကက မထိတထိအပြုံးနှင့် လှည့်လာကာ သူ့ရှေ့မှာ တစ်ခွက် ချထားလိုက်၏။





" ကဲကဲ မေမေဖျော်ပေးထားတာဆိုတော့ မသောက်ချင် လည်း သောက်လိုက်ပါ "

" မင်းကိုတိုက်ချင်တာပါ မင်းပဲသောက်ပါ "

ကက ဖန်ခွက်ကိုပါးစပ်နားတေ့ခါနီးမှ မျက်ခုံးနှစ်ဘက်မြင့် တက်သွား၏။

" မင်းပုံစံကြည့်ရတာ ဖျော်ရည်ကိုသံသယဝင်နေပုံရတယ် ဟိတ်ကောင် မိဘဆိုတာ သံသယမဝင်ကောင်းဘူးကွ "

ပြောပြီး ကကက အအေးကိုတစ်ကျိုက်မော့သောက်လိုက်ပြီး

" ရော့ မင်းသံသယရှိရင် ဒါသောက် "

ကကက သူကိုင်ထားသည့် ဖန်ခွက်ကို ခခရှေ့ကခွက်နှင့် လဲပေးလိုက်၏။

" မင်းကရဲပီပီ တော်တော်ထောင့်စေ့အောင် တွေးတဲ့ကောင် ပဲ ကောင်းတော့ကောင်းတယ်ကွ ဒါပေမဲ့ အဲဒါကြောက်တတ်တာ ကိုယ် မရိုးရင်သူများကို ငြိုးတာပဲ. . . "

မိုးမခ နှုတ်ခမ်းမဲ့ပြုံးရင်း ဖအအေးကိုယူသောက်လိုက်၏။

ကက ဖန်ခွက်ကိုနှုတ်ခမ်းမှာတေ့မော့နေလျက် ခခကိုမျက်လုံး စွေကြည့်သည်။

ပြီးမှ တစ်ဝက်ကျသွားသည့် ဖန်ခွက်ကိုချ၍

" ကဲ မင်းဘာပြောမလဲ "

" စခန်းကိုခေါ်ရမှာပဲ ဒါပေမဲ့ စခန်းမရောက်ခင် မင်းနဲ့ငါ ပြောဆိုစရာတွေရှိတယ် "

" ဘာလဲ "

" စခန်းရောက်မှဝန်ခံတာထက် ငါ့ကိုမင်းအခုဝန်ခံထား...
ဆိုရင် အားလုံးအဆင်ပြေနိုင်တယ် "

" နေပါဦး ငါကစခန်းကိုလိုက်မယ်လို့ မင်းကိုပြောမိလို့လား "

" မလိုက်လို့ဘယ်ရတော့မလဲ. . . မင်း. . . "

စကားပြောရင်း ခေါင်းထဲမှာ မိုက်ခနဲပြာဝေသွား၏။

" အား. . . ကျွတ်. . . ကျွတ် "

ခေါင်းထူပို့ကြိုးစားရင်း မရှိုးသားမှုဆိုတာကိုတွေးမိသည်။

သို့သော် သူဘာမှမတတ်နိုင်တော့ပါ။

သူ့ရှေ့မှာ ကက ထရပ်လိုက်သလိုလို ခြေသံလိုလိုကြား...
ဆိုဖာပေါ်မှာ ခွေကျသွားတော့သည်။

နောက်ဆုံးအထိ ဆုပ်ကိုင်ထားခဲ့သည့် အသိတရားတို့မှာ
'ငါ ခံလိုက်ရပြန်ပြီ'ဟူသော ယူကျုံးမရခံခက်ခြင်းများနှင့်. . .

ကက သူ့ရှေ့မှာရပ်၍ စီးကရက်မီးညှိပြီးမှ တစ်ရှိုက်ခန့်ဖွာ
ရင်း ပြန်ငုံ့ကြည့်၏။

လူဆိုးဆိုတာ လူကောင်းထက်အမြဲတစ်ကွက်သာတတ်တယ်
ခခနောက်ကို မှတ်ထားပေါ့. . . "

❀ ❀ ❀

" ဟင်. . . မအိပ်သေးဘူးလား ရဲရဲ အပြင်မှာအေးတယ်
ကွာ "

" နင်ကော ခုထိဘာလို့မအိပ်သေးတာလဲ "

" မေမေ ဆေးရုံတင်လိုက်ရတယ်ဆိုတာကို စိတ်မကောင်း





လို့ပါ ကိုယ်ဘယ်လိုမှအိပ်လို့မရဘူး မင်းသွားအိပ်တော့နော် မပေါ့မပါး
နဲ့မို့ပြောနေတာ "

" ဟင့်အင်း "

ရဲရဲခေါင်းခါတော့ ကက ကဝရံတာမှာသူထိုင်နေသည့်
ဒရင်းဘတ်ပေါ်မှထပေးသည်။

" ဒါဆို ဒီမှာထိုင် "

ရဲရဲကို တယုတယတွဲ၍ထိုင်ခိုင်းသည်။

ပြီးမှ သူက ဝရံတာထောင့်က ပန်းအိုးတင်ထားသည့် ခုံပုလေး
တစ်လုံးသွားယူ၍ ရဲရဲဘေးမှာကပ်ထိုင်လိုက်၏။

" နေကောင်းလား ရဲရဲ "

" ကောင်းပါတယ် ကကရယ် နင် ဒီလောက်သံယောဇဉ်ကြီး
တတ်ရက်နဲ့ လူဆိုးလုပ်စားသေးတယ်နော် ငါ ဒီကိုယ်ဝန်ယူမိတာ
မှားပြီထင်တယ် "

" ဟာ ဘာဆိုင်လို့လဲ ကိုယ်ဝန်နဲ့ပတ်သက်ပြီး မင်းဒီ
စကားမျိုးထပ်မပြောနဲ့ ရဲရဲ အဲဒါ ကိုယ်သည်းမခံနိုင်ဆုံးစကားပဲ "

" နင် ဒီလောက်ချစ်တတ်မယ်လို့ ငါထင်တောင်မထင်ခဲ့ဘူး။
ခုတော့ နင်ဟာ သံယောဇဉ်အကြီးတတ်ဆုံး လူသားလို့တောင်
ပြောလို့ရနေပြီ အေအတွက် အခက်အခဲပေါင်းစုံကို ကျော်လွှားပြီး
ဖွတ်သွားတွေ့တယ် အိမ်ကျတော့ မိန်းမနဲ့ကိုယ်ဝန်ကို ဂရုစိုက်ရပြန်
ရော. . . ငါ နင့်ကိုသနားလှပြီ "

ရဲရဲ ကက ပခုံးပေါ်မှာ ခေါင်းလေးမှီလိုက်၏။

ကက က ညဝတ်ဂါဝန်ပါးလေးနှင့် ရဲရဲကိုယ်ပေါ်ကို သူ့

ဂျာကင်ချွတ်၍ ခြုံပေးလိုက်သည် ပြီးမှ

" မေမေဟာ သားတစ်ယောက်လုံး ရှိသေးလျက်နဲ့ အားကိုးရတဲ့အပြင် ကိုယ့်အတွက်နဲ့အခု အိပ်ရာထဲလဲခဲ့ရပြီ မင်းလည်း ကိုယ်တစ်ကိုယ်ကောင်းဆန်ခဲ့လို့ လူဆိုးမယားဖြစ်ပြီး ခုလိုဒုက္ခရောက်နေရတာပဲ အားလုံးဟာငါ့အပြစ်တွေပါ မေမေ သေသွားမှာစိုးသလို မင်းကို ကိုယ်ဆုံးရှုံးမခံနိုင်ဘူး ရဲရဲ. . . ကိုယ်ဝန်ရှိနေတော့ ပိုစိုးရိမ်တယ် မင်းသာ တစ်ခုခုဖြစ်သွားရင် ကိုယ့်ဘဝလည်းသေရမှာပဲ. . . "

" ကကရယ် ငါလည်းဒီလိုပါပဲ. . . နင့်မျက်စိအောက်က ပျောက်သွားတာနဲ့ ဘုရားစင်ရှေ့ပြေးဆုတွေတောင်း ငိုတဲ့အခါငိုရ ဒီဘဝ ကြီးကို နင် ပျော်နေတုန်းပဲလားဟင်. . . "

" မပျော်သင့်ဘူးဆိုတာသိလာတော့ နောက်ဆုတ်ဖို့မလွယ်တော့ဘူး ရဲရဲ မင်းမျက်နှာလေးချောင်သွားသလိုပဲ ကျန်းမာရေးကောင်းရဲ့လားကွာ . . . မွေးဖွားဖို့ရက်က နီးနေပြီ "

သူသက်ပြင်းရှည်ကြီးချမိရင်း. . .

" ဖြစ်နိုင်ရင် မေမေ့ဆီမှာဖြစ်ဖြစ် မင်းအဖေဆီမှာဖြစ်ဖြစ် ကိုယ်ပို့ပေးထားချင်တယ် မင်းအားငယ်မှာစိုးလို့ပါ ဒါပေမဲ့ အခြေအနေက မပေးဘူး "

" အဲဒီလိုပို့ထားရင် ငါက ကျေနပ်သွားမယ်လို့ ထင်တယ်ပေါ့ "

" မဟုတ်ဘူး မိဘဆီမှာဆိုတော့. . . "

" ငါဖေဖေ့ကိုတွေ့ချင်ပေမယ့် နင့်ကိုတော့မခွဲနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ်အသက်ရှင်နေသရွေ့ မခွဲကြေးပေါ့ဟာ "





ကကက ပူပူတင်းတင်းလေးဖြစ်နေသည့် ရဲရဲ ဗိုက်ကလေးကို မထိရက်မတို့ရက်လေးတယုတယပွတ်ထိ၍ ပခုံးလေးကို သိုင်းဖက်ထားလိုက်သည်။

ပြီးတော့ နဖူးပြင်လေးမှ မေးဖျားသွယ်သွယ်လေးထိတိုင် နမ်း ရှိုက်နေရင်း

" သိပ်ချစ်တာပဲ . . . "

ဟု တိုးတိုးလေးပြောသည်။

" ဗိုက်ကပူနေတော့ စိတ်မပျက်ဘူးလား "

" ပိုချစ်တယ် "

" မိန်းမနဲ့ ခွဲအိပ်ရတာကို စိတ်ပျက်သလားလို့ "

"ကိုယ့်ရင်သွေးအတွက်စောင့်ထိန်းရတာပဲ ရဲရဲရယ် ကြည့်ပဲကြည့်နေရတော့ မချင့်မရဲစိတ်တွေ တစိမ့်စိမ့်ဖြစ်ပြီး ပိုချစ်တယ် "

" ဒီပြင် ကောင်မလေးတွေနဲ့ အပြင်သွားမရှုပ်နဲ့နော် "

" ဒါကတော့ကွာ. . . "

" ဟင်. . . ဘာ ဘာပြောတယ် "

" ဩော် မင်းက တွေးပူနေတာလားလို့ပြောမလို့ပါ ဟဲ. . . ဟဲ. . . "

" ဘာ ဟဲဟဲလည်း ရုပ်ကြီးက ကကနော်. . . ငါ မယုံတော့ဘူး သိလား "

နှုတ်ခမ်းလေးစူထွက်လာတာကို သဘောကျစွာ ငုံ့နမ်းလိုက်ပြီး ကက ရယ်သည်။

" အလကားချစ်လို့ စတာပါ ချာတိတ်ရာ ကိုယ်ကတွေ့သမျှ

စားစရာကို ကောက်မစားတတ်ပါဘူး သေချာရွေးဖယ်ပြီးမှစားတာ''

'' ကြည့်စမ်း ''

'' ဟားဟေ့. . . အလကားစတာ ဘယ်နှယ့်ထုရိုက်နေတာလဲကွ တော်ကြာ ဗိုက်ထဲက ကလေးလေးပါ ဒေါသကြီး တတ်နေတော့မှာပဲ တော်တော်ဆိုးတဲ့ ချာတိတ် ''

'' ဘာ ချာတိတ်လဲ လဲသေလိုက်ပါလား ဟွန်း သိပ်ကိုလူကြီးလုပ်ချင်နေတယ် ''

ရဲရဲ ကိုစိတ်ချမ်းသာ ရယ်စရာလေးတွေဖြစ်အောင် ကြံဖန်စနောက်နေရင်း

မေမေ့ကိုသတိရမိကာ ကကမျက်နှာမှာ အပြုံးတစ်ဝက်နှင့် ပြေကျလေသည်။

မေမေ ဘယ်လိုနေရှာမလဲ ဘယ်အခြေအနေဖြစ်နေသလဲ။

ခုလောက်ဆို ခခတို့ သူ့အလာကို အထပ်ထပ်ဂွင်ဆင်၍ စောင့်နေကြပြီပေါ့။

❀ ❀ ❀

'' သိန်းစွန်တစ် အကြောင်းကြားတာရှိလား ''

'' ရှိတယ် အခြေအနေမထူးသေးဘူး ''

ဆေးရုံကြီးရဲ့ ပတ်လည်မှာ ရဲတွေကိုယ်ယောင်ဖျောက်တပ်ဖြန့်ထားကြပြီ။ ထိုထဲတွင် နာကျည်းမှု ရက်စွဲမှုများနှင့် တင်းပြတ်သော မျက်နှာပိုင်ရှင်သည် ရဲအုပ်မိုးမခဖြစ်၏။

သူ့ရာဇဝင်ကတော့ ခြေလှမ်းစကတည်းက ယိုင်နဲ့သွားခဲ့ပြီဖြစ်သည်။





'' မိုးမခ မင်းကားနဲ့အင်္ဂျီကို လော်ကားဥယျာဉ်ကြီးနား မှာလာယူဖို့စာရောက်လာတယ်ကွ ''

ရဲမှူးကြီးက ပုံမှန်မျက်နှာအတိုင်း ခပ်ပြုံးပြုံးပေမယ့် သူ့မျက်နှာကြီးပူထူကာ ထားစရာနေရာမရှိ. . .

'' ဒီပုံစံအတိုင်းဆို အမောက်နဲ့ အမိက တစ်ယောက်တည်းဆိုတာ သေချာနေပြီ သူ့ကိုထိန်းချုပ်ဖို့က ပိုခက်သွားပြီဆိုတော့ ငါတို့ဒါကိုသာမာန်ကေ့စ်တစ်ခုလို ကိုင်တွယ်လို့မရတော့ဘူး ''

ထို့ကြောင့် မေမေသေကောင်ပေါင်းလဲဖြစ်နေတာကို စိတ်မကောင်းစွာနဲ့ပဲ ဆေးရုံပေါ်မှာ ငါးစာအဖြစ်တင်ထားခဲ့ရသည်။

ဆေးကုသခံယူနေသော်လည်း သားကိုတမ်းတနေသည့် မေမေ့ အခြေအနေက အားရဖွယ်မရှိတော့ပါ. . . သားနှစ်ယောက်ရဲ့ မပြေလည်နိုင်သော ဆန့်ကျင်ဘက်အနေအထား ပဋိပက္ခတို့ကို ကြိတ်မှိတ်ခံစားရင်း အိပ်ရာထဲလဲခဲ့ခြင်းဖြစ်သည် ခုတော့ ပိုဆိုးနေခဲ့ပြီ။

မေမေ့နားမှာ ဦးမင်းခေါင်နှင့် သူနာပြု ဆရာမလေးတစ်ယောက်မပြတ်ရှိနေပေမယ့် တမ်းတသည့်မျက်နှာကတခြားမှာမို့လူနာကသက်သာ ရွှင်ပျလာသည်မရှိ။

'' ကျန်းမာရေးကိုဂရုစိုက်ပါမေမေ မေမေ့သားကို ကျွန်တော်တို့ဘာမှမလုပ်ဘူး သူလည်း အခုရှောင်ထွက်သွားခဲ့တာပဲ ''

'' သားရယ် မေမေ့သတင်းကြားရင် သားလေးရောက်အောင် လာမှာပဲ သူ့ကိုမဖမ်းပါနဲ့ကွယ် ညီအစ်ကိုချင်းသေချာညှိနှိုင်းပြီးမှ သူ့ အပြစ်ကိုလျှော့လျှော့ပေါ့ပေါ့ သက်ညှာ[illegible]ပေး [illegible]ပါနော် ''

ဟုတ်ကဲ့ပါလို့ပဲ ခခ အလွယ်တကူပြောခဲ့ရသည် သက်ညှာ

ဖို့နေနေသာသာ အဓိကကိုမိဖို့က ရေထဲမှာခြေရာရှာနေရသလို လူတွေအားလုံး ဦးနှောက်ခြောက်နေရတာ မေမေမသိ။

" သုံးရက်ရှိပြီ မိုးမခ ကျုပ်တို့ဆေးရုံမှာနေရာချတာ မှားပြီထင်တယ် သူဒီလောက်ထိတော့ တိုးလာရဲမယ်မထင်ဘူး "

" လာမှာပါ မေမေ့ရဲ့နောက်ဆုံးအချိန်ကိုသူကြားရင် လာကိုလာမှာ သတိမပြတ်ပါစေနဲ့ "

" ဟုတ်တယ် ဒီကောင်သိပ်လျင်တာ ပြည်သူ့ဆေးရုံကြီးမှာဆိုရင် ကျုပ်တို့ကဝိုင်းမှာပဲလို့ သူသေချာပေါက်တွက်မိမှာ ဒီမှာကကောင်းပါတယ် သူလာချင်ရင် နောက်တွန့်သွားမယ့်ကောင်မှမဟုတ်တာကျုပ်တို့ချင်းအဆက်အသွယ်မပြတ်ရှိနေကြဖို့ပဲလိုတာ "

" လူအဝင်အထွက် ကားအဝင်အထွက်တွေသေချာဂရုစိုက်ဖို့ ညွှန်ကြားထားတာပဲ "

သူတို့ဆေးရုံဂိတ်အဝနှင့် မလှမ်းမကမ်းက ခပ်နိမ့်နိမ့်တဲဖောက်စ်လေးထဲမှာ၊ လမ်းဘက်က လှမ်းကြည့်လို့မမြင်နိုင်သည့်နေရာကနေ ကြည့်နေကြခြင်းဖြစ်သည်။

ဝင်လာသမျှ ကားနဲ့လူတွေကို ဂိတ်ဝမှာသေချာစစ်နေကြတာလည်း မြင်နေကြရ၏။

" ဟိုကား နှစ်စီးက ဘာလဲ. . . "

သူတို့လည်းမြင်နေရပေမယ့် မသိကြသဖြင့် ကိုအေးမောင်ကရေဒီယိုဖုန်းကောက်ကိုင်သည် သေချာမေးပြီးမှ ပြန်ပိတ်လိုက်ပြီး။

" တိုင်းကျန်းမာရေးမှူးနဲ့ ဗဟိုကျန်းမာရေးဌာနက ကားတွေတဲ့. . . "





" ခြော် "

ရှေ့ကားက ကျန်းမာရေးဌာနအမှတ်အသားကိုလှမ်းမြင်လိုက်တော့မှ သူတို့စိတ်ချမျက်နှာလွှဲမိကြ၏။

တိုင်းကျန်းမာရေးမှူးကို ဆရာဝန်ဆရာမများ ပျာပျာသလဲဆွက်၍ ကြိုဆိုကြသည်။ နားနေဆောင်သို့ ဦးဆောင်ခေါ်ကြ၏။

" ကျုပ် လူနာတွေကို တစ်ခါတည်းဝင်ကြည့်ချင်တယ် "

" ဟာ ရပါတယ်ခင်ဗျာ သမားတော်ကြီးတို့ကြွပါ "

နှုတ်ခမ်းမွှေးထူထူ မှတ်ဆိတ်မထူမပါးနှင့် ရှည်လျားသောက်ခုံးနှစ်ဘက်ကြောင့် ပို၍ခန့်ထည်နေသော တိုင်းကျန်းမာရေးမှူးကသူနာတွေကိုသေချာကိုယ်ဖိရင်ဖိကြည့်ရှုသည်။

ကျန်းမာရေးမှူးများကို လူနာတစ်ဦးစီရဲ့ ကေ့စ်နဲ့ပတ်သက်၍ဆေးရုံကဆရာဝန် ဆရာမတွေက ပြန်ပြောပြနေသည်။

ထိုအချိန်တွင် ပါရဂူကြီးနှင့် ကျန်းမာရေးမှူးတချို့က အထူးသူနာဆောင်ထဲသို့လှမ်းဝင်သွားပြီဖြစ်၏။

လူတစ်ယောက်ဝင်လာတိုင်း လေးလံသောမျက်ခွံတို့ကိုခက်ခဲင်ပန်းစွာပင့်လှန်ကြည့်ရသောဒုက္ခကမသေးပေမယ့် ဒေါ်နှင်းပုလဲခြသံကြားသည်နှင့် မော့ကြည့်မိသားဖြစ်နေရသည်။

အဖြူရောင်ကုတ်အင်္ကျီရှည်ဖားဖားကြီးများနှင့် လွန်စွာခန့်ားသောဆရာဝန်ကြီးတွေကိုမြင်လိုက်ရမှ မျက်ဝန်းတွေကိုပြန်လည်တ်ချပမ်းမိလေသည်။

" သား ငါ့သားလေး မလာပါစေနဲ့ သူ့ကို ..... ကို ဖမ်းဖို့း်ထားကြတယ် မလာပါနဲ့သားရယ်. . . "

ဧါ မြန်မြန်သေပါစေ ဘုရားတပည့်တော်မ သေပါရစေဘုရား
တပည့်တော်မသေမှ သားလေးလွတ်လွတ်လပ်လပ် ချမ်းသာ
ရမှာပါ၊ တပည့်တော်သေပါစေ. . . မေးမိုတ်ထားသည့်မျက်ဝန်းမှ မျက်ရည်တွေ မျက်တောင်ဖျားတွေအထိ စိုစွတ်ရွဲကျလာ၏။

တိုင်းကျွန်းမာရေးမှူးသည် လူနာကိုစူးစိုက်ငုံ့ကြည့်နေရာမှ ဖျတ် ခနဲမော့လိုက်ပြီး နံရံက ဗီဒီယိုကင်မရာတွေဆီ အကြည့်ရောက် သွား၏။

ထို့နောက် ဝိုင်းဝိုင်းလည်လာကြသည့် ဆရာဝန်တွေကြားထဲ မှာ ခပ်ဖြည်းဖြည်းထိုင်ချလိုက်ပြီး ဒေါ်နှင်းပုလဲလက်ဖဝါးကိုညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

ထိုအချိန်မှာ လက်ခနဲကြွေဆင်းသွားသည့် မျက်ရည်တစ်စက် က ဒေါ်နှင်းပုလဲလက်ခုံနုနုပေါ်သို့ စိုစွတ်သွားလေသည်။

အားလုံးကိုကျော်ခိုင်း၍ နားနေခန်းထဲဝင်သွားသော ဆရာကြီး ပျောက်ကွယ်သွားသောအခါ ဒေါ်နှင်းပုလဲ မျက်ဝန်းတွေပွင့်လာ၏။

လက်တစ်ဖက် ဘယ်ရောက်သွားသလဲ စောစောက သူမကို ဆုပ်ကိုင်လိုက်သည့်လက်ပိုင်ရှင်ဘယ်မှာလဲ ထိုလက်ကိုသူမသိသည်။ လွန်စွာရင်းနှီးနေခဲ့သော ယုယစွာထွေးဆုပ်တတ်သော သားငယ်လေး၏ လက်ပါ. . .

" အို. . . အန်တီ မထနဲ့လေ "

ကမန်းကတန်းပြန်လှဲခိုင်းတော့ ဒေါ်နှင်းပုလဲ ကိုယ့်လက်ကို ကြည့်မိရာ စိုစွတ်နေဆဲသော မျက်ရည်တစ်စက်

" ဆ. . . ဆရာမ "





" ရှင်. . . အန်တီ အန်တီဘာအလိုရှိလို့လဲဟင် "

"မနှင်း. . . မနှင်း ဒီမှာ ကျုပ်တို့ရှိတယ် ဘာလုပ်ချင်လို့ လဲပြောလေ "

ဦးမင်းခေါင်ချက်ချင်းအနားရောက်လာသည်။ သုံးရက်လုံးလုံး ပက်လက်ကလေးနေရာမှ ဝင်လာသမျှလူကိုမော့ကြည့်သည့် အလုပ်မှ လွဲ၍ အစာမစားထမထိုင်ခဲ့သော ဒေါ်နှင်းပုလဲတစ်ယောက် မျက်လုံး မျက်ဆံပြူးကာ အတင်းလူးလဲထနေသဖြင့် ဦးမင်းခေါင် စိုးရိမ်တာရော ထူးဆန်းတာပါ ရောထွေးလျက် ပျာပျာသလဲဖြစ်သွားလေသည်။

" ကို. . . ကိုမင်းခေါင် "

" ဗျာ. . . မနှင်းပြောလေ "

ဘာပြောရမလဲ ကျွန်မသားလေးလာတယ် ကျွန်မသိတယ် ဘယ်ရောက်သွားသလဲလို့ သူမေးရမှာလား ဒီလိုသာမေးလိုက်လျှင် အားလုံးအံ့အံ့ကျွတ်ကျွတ်ဖြစ်ကုန်မည် သားလေး ဒီနားရောက်နေတာ ကို သိပေမယ့် သူမဖော်လို့ဖြစ်ပါ့မလား။

သားလေးရယ် ဒီလောက်အန္တရာယ်တွေထဲကို သားရောက် အောင်ဝင်လာတယ် မေမေ့လက်ကိုဆုပ်ကိုင်ပြီး မျက်ရည်ကျသွားတယ် သားလေးရေ. . . မေမေ သားလေးမျက်နှာကို မမြင်လိုက်ရပါလား သားရယ်. . .

မျက်ရည်တွေအဆက်မပြတ်ကျလာကြလျက် အသံတိတ် ငိုကြွေးနေသော ဒေါ်နှင်းပုလဲကို ဦးမင်းခေါင်သ. ၊ က အနားမှာ ရှိနေကြသည့် လူအားလုံးစိတ်မကောင်းစွာ ငေးကြည့်နေကြသည်။

" မနှင်း. . . "

တိုးညှင်းစွာခေါ်ရင်း ဦးမင်းခေါင် ဒေါ်နှင်းပုလဲလက်ကို အားပေးသလို ဆုပ်ညှစ်လိုက်မိသည်။ သားဖြစ်သူကို တမ်းတရင်း ကယောင်ကတမ်းတွေဖြစ်နေရှာတာဟု တွေးမိလေ ရင်နင့်လေ သူ့သားကကိုယ့်သားမက်ပါ။ နှစ်မြုပ်ပျောက်ကွယ်နေသည့် သမီးလေးဏ ထိုသူ့ရင်ခွင်ထဲမှာ ပျော်မွေ့နေသည်။

ထိုသူကို သူကိုယ်တိုင် မမုန်းတီးခဲ့ပါ သို့သော် သမီးလေးရဲ့ ခင်ပွန်းမို့ သူလည်းစိုးရိမ်တာပဲပေါ့. . .

မိဘချင်းကိုယ်ချင်းစာစိတ်နှင့် ဒေါ်နှင်းပုလဲကို ဦးမင်းခေါင် ဘယ်လိုနှစ်သိမ့်ရမှန်းပင်မသိတော့။

" တိုင်းကျန်းမာရေးမှူးနဲ့ ဗဟိုဌာနက ပါရဂူတွေ ရောက်လာပြီတဲ့ "

" ဗျာ စောစောကပဲ. . . "

ဆရာဝန်တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကုန်ကြ၏။

ထိုစဉ် ဆေးရုံကြီးအောက်ဘက်မှ ရဲကားများ၏တရားခံဖမ်းဥဩသံက ဒေါ်နှင်းပုလဲ၏ နှလုံးအိမ်တစ်ခုလုံးကိုဖြတ်ကြိတ်သွားသည့်နှယ် သူမနားလည်လိုက်ပြီ သားလေးသူမဆီကို ကျန်းမာရေးမှူးအယောင်ဆောင်ပြီး ရောက်လာခဲ့သည်ပဲ. . .

သား. . . သားလွတ်ပါ့မလား

" သား. . . "

တုန်ယင်အက်ရှစွာခေါ်လိုက်သံကြီးက ဦးမင်းခေါင်ကို ပြင်းစွာထုနှက်ပစ်လိုက်သကဲ့သို့ ဖက်ကျိုးကျသွားသော ဒေါ်နှင်းပုလဲကို ပွေ့ယူ





က်မိချိန်တွင် သူမမှာအသက်မရှိတော့ပါ။

" မနှင်း. . . ဖြစ်ရလေဗျာ. . . "

နောက်ဆုံးထွက်သက်နှင့် သားကို ဟစ်ခေါ်သွားရှာသေးသည် ရင်နင့်ဖွယ်. . . ဒေါ်နှင်းပုလဲနားမှာ ဆရာဝန်တွေ ရှုပ်ယှက်ခတ် ားကြလေသည်။

သို့သော် အားလုံး ခေါင်းခါသက်ပြင်းချလျက်။

# အခန်း (၃၇)

" ဘယ်လိုမှလျှော့တွက်လို့မရတော့ဘူး အမောက်ဟာ လူ
ခေါင်းပေါ်မှာ ဖြတ်လျှောက်နေမှာပဲ ကျုပ်တို့စစ်ဆင်ရေး ပုံစံပြော
ဖြစ်မယ်။

" ဟုတ်တယ် ခုကြည့်တကယ့်တိုင်းကျန်းမာရေးကားတွေ
လမ်းကဖြတ်တားပြီး ပါမစ်အတုတွေနဲ့ သံဃာ့ဆေးရုံကိုပထမ
လိုက်တယ် ကားတွေကိုချအောင်ယူပြီး လူစားတွေဝင်လာကြတာပဲ လူ
ကိုသိမထားတဲ့အပြင် ကားကလည်း တိုင်းကျန်းမာရေးအဖွဲ့က ကား
တော့ စစ်တဲ့လူတွေခံလိုက်ရတာပေါ့ "

" ဟုတ်တယ်ဆရာ ကင်မရာကလည်း အရုပ်လေးမျက်
ရိုက်ယူရတာ မဟုတ်တော့ ရှုပ်နေတဲ့လူတွေ ဆရာဝန်ဆရာမတွေ
ထူးခြားတာဘာမှကိုမတွေ့ကြဘူးတဲ့ သူတို့ကလည်း လူစိမ်းကိုပဲရှာ
ကျန်းမာရေးအဖွဲ့ကိုဂရုမစိုက်မိတော့တာလည်း အဓိကအများပဲ

" အမောက်က ဘယ်သူမှသတိမထားမိလိုက်တဲ့ ရှုထော
ကနေ ဝင်ရှုပ်သွားတာ သူလိုလူက ပါရဂူလုပ်ပြီးဝင်လာမယ်လို့ ဘယ်
က ထင်မှာလဲ တော်တော်လျင်တဲ့ကောင် "

ကကကို ချီးမွမ်းနေသမျှ ခခရင်ထဲမှ ရှက်ရွံ့ခြင်းတွေ





ကြီးစိုးနေလေသည်။ ကကတော်နေမျှ သူဟာလူညံ့ ကကကိုချီးမွမ်း
ကြသည့်အသံတွေဟာ သူ့ရဲ့မာနတွေအရုက်တွေ တစ်စစီကျိုးဖဲ့နေ
သည် သာဖြစ်၏။

" အခု ဒီကောင့်ကိုအသုဘသဂြိုလ်တဲ့ကိစ္စမှာ စောင့်ကြည့်
တယ် ပေါ်မလာဘူး ဒါလည်းငါတို့တွေက မိဘရဲ့မြေကျကိုဒီကောင်
ဖြစ်မနေဝင်လာဦးမှာပဲလို့တွက်ခဲ့ကြတာ ဒါပေမဲ့ ဘယ်လိုမထင်မှတ်
တဲ့ ရှုထောင့်ကနေ ဘာလုပ်သွားပြန်ပြီလဲဆိုတာ မသိနိုင်သေး
ဘူး. . . "

" အဲဒါ ကျွန်တော်သိတယ်. . . "

မိုးမခကို အားလုံးက လှည့်ကြည့်ကြ၏။ ရဲမှူးကြီးက
ခေါင်းညိတ်၍

" မိုးမခ မင်းဘယ်လိုထင်လဲ "

" သူ လားရှိုးကိုလစ်သွားပြီ အဲဒါမလွဲနိုင်ဘူး "

အားလုံးငြိမ်ကျသွားကြ၏။

" ဒါဆို ကျုပ်တို့စစ်ဆင်ရေးပုံစံပြောင်းမယ် နောက်ဆုံး
အောင်ပွဲအဖြစ် သံဒိဌာန်ချမယ် "

" ဟုတ်တယ် "

မိုးမခမျက်နှာက နီရဲတင်းမာနေသည်။ မေမေ့ကိုသူဆုံးရှုံး
လိုက်ရပြီ ကျန်းမာရေးကြောင့် ဖြစ်သွားတာဆိုပေမယ့် သူဟာဝတ္တရား
ရှိတဲ့အတိုင်း ပြတ်ပြတ်သားသားလုပ်ပစ်ခဲ့တာ မှန်သော်လည်း မညှာ
တာရက်စက်တဲ့သူအဖြစ် တချို့သော လူများရဲ့ပါးစပ်ထဲမှာတော့
ဘဇဝင်တွင်ခဲ့ပြီဖြစ်သည်။

" ညီကိုဖမ်းချင်လို့ အမေနဲ့မျှားတာတဲ့လေ. . . "

" ဟုတ်တယ် အမေကြီးက သနားပါတယ်. . . "

သူဆေးရုံပေါ်ရောက်သွားတုန်းက ပြောကြတဲ့စကားသံတ

" မင်းဝတ္တရားအတိုင်းဆောင်ရွက်တာကို ကျုပ်သိပါတ ဒါပေမဲ့ မင်းရက်စက်တယ် ခခ. . . "

ဦးမင်းခေါင်က ပြတ်သားစွာရှုံ့ချ၏။

ငါ့သမီးလေးက ကိုယ်ဝန်အရင့်အမာကြီးနဲ့ မနှင်းပြီးရင် ငါ့သ ပဲရှိတော့တယ် မင်းယောကျ်ားချင်းယှဉ်ပါ ခခ ငါ့သမီးကိုတော့ မ ခံထပ်လုပ်ဖို့မကြိုးစားစေချင်ဘူး "

ရဲရဲဝံ့ဝံ့တားမြစ်ခဲ့သည်။

သူဘာဆက်လုပ်မလဲ တာဝန်ဟာတာဝန်ပဲမဟုတ်လား

❀ ❀ ❀ ❀ ❀

## အခန်း (၃၈)

" ဟင်. . . သမီးလေး သမီးဘယ်ကဆက်နေတာလဲ ဖေဖေ သမီးကိုသိပ်တွေ့ချင်နေတာကွယ် သမီးမှာ မပေါ့မပါးကြီးနဲ့ဆို. . . "

" ဟုတ်တယ်ဖေဖေ အခု သမီးမွေးဖို့ ရက်ရောက်နေပြီ ဖေဖေ့ ကို သိပ်လာစေချင်တာပဲဖေဖေ ရယ် ကက မသိအောင် သမီးဖေဖေ ကိုဆက်တာ သမီးပြောတဲ့အတိုင်း ဖေဖေလာခဲ့နော် "

" လာခဲ့မယ် သမီးပြော "

" လားရှိုးမှာလေ. . . "

" နေဦးသမီး "

ဦးမင်းခေါင် စိတ်ထဲမှာ မသိုးမသန့်ခံစားလာရလျက် စကား ပြောခွက်ကိုခွာ၍ တစ်ဖက်က မှန်တစ်ဝက်ကာထားသည့် မန်နေဂျာ အခန်းထဲကိုလှမ်းကြည့်လိုက်မိသည် ဖွန်းမရှိပါလား။

ဦးမင်းခေါင် ထိတ်ခနဲဖြစ်သွားကာ ဖုန်းကိုချလိုက်ဖို့ပြင်စဉ် သူ့လက်ထဲက ဖုန်း၏စကားပြောခွက်ကို တစ်စုံတစ်ယောက်က ဖမ်းဆုပ် ကိုင်လိုက်ကာ

" ဆက်ပြောပါ အန်ကယ် တစ်ဆွေလုံး တစ်မျိုးလုံး

တရားခံတွေဖြစ်မကုန်ရအောင် အန်ကယ်က သန့်စင်ဖို့လိုမှာပါ ဆက်ပြောလိုက်ပါ. . . ''

ဦးမင်းခေါင် ခခမျက်နှာကို နူတ်ခမ်းတင်းတင်းစေ့ရင်း စူးစိုက်ကြည့်နေမိ၏။ ခခလည်းပြုံးရယ်ခြင်းမရှိ စကားပြောခွက်ပေါ်မှာ ဆုပ်ထားသည့်လက်ကို အသာဖယ်ပေးလိုက်၏။

ဦးမင်းခေါင်ဘာများတတ်နိုင်ပါမည်နည်း

ရဲရဲ၏ ဝမ်းသာအားရပြောနေသော စကားသံလေးကို တစ်ဘက်မှ ဖမ်းယူနားထောင်နေသော်လည်း ဦးမင်းခေါင် မည်သို့မှ မပိတ်ငင်နိုင်ခဲ့။

❀ ❀ ❀ ❀ ❀

# အခန်း (၃၉)

'' ရော့ အဲဒီမှာ ငါးရာတီတီ မင်းတစ်ခါတည်းယူသွားမလား ပို့ပေးရမလား ''

'' ကျုပ်ယူမသွားချင်ဘူး. . . ''

'' ဒါဆို ပို့ပေးလိုက်မယ် မင်း ဟိုဘက်ကိုဘယ်နေ့ကူးလာမလဲ အပေးအယူတွေအတွက် မဟုတ်ဘူး ငါတို့အဖွဲ့နဲ့ ပတ်သက်တဲ့ကိစ္စဆွေးနွေးဖို့. . . ''

'' အဲဒါ ကျုပ်နဲ့မဆိုင်ဘူးထင်တယ် ''

'' ဆိုင်ချင်လို့ဆိုပါတော့ကွာ မင်းအခု နယ်စပ်ထိပါလာပြီဆိုတာကို ငါတို့ဂိုဏ်းချုပ်ကကျေနပ်တယ် ခုလိုတကွဲစီ လှုပ်ရှားနေမယ့်အစား လက်တွဲချင်တဲ့သဘောပဲ ဒါပေမဲ့ မင်းသဘောကျလောက်တဲ့အသွင် တစ်မျိုးနဲ့ဖြစ်ရမယ် ဒီမှာထက် အဆများစွာ လုံခြုံမှုရှိရမယ်. . . ''

'' ကျုပ်နိုင်ငံထဲကနေ ကျုပ်ဘယ်မှမသွားဘူး ဒါကြောင့် အဲဒီကိစ္စက ဖြစ်မှာမဟုတ်ပါဘူး အထူးသဖြင့် ကျုပ်မိန်းမ မွေးဖွားနေတဲ့အချိန် ကျုပ်ဆီကိုဘာအကြောင်းနဲ့မှ မဆက်သွယ်ဖို့ပဲ. . . ''

'' ငါတို့နားလည်ပါတယ် မင်းလည်း အစသတိထားပါ

ခုလောက်ဆိုမင်း ရန်ကုန်ကထွက်လာတာ သုံးဟို့သိနေလောက်ပြီ အဲ နေရာမှာ စုံထောက်တွေက သိပ်တော်တာ တကယ်လို့ ရင်ဆိုင် လာရေ အခါ. . ."

" ကျုပ်သိတယ်. . ."

ကက ကျောခိုင်းထွက်လာခဲ့သည်။

" ဒီနေ့ အပြင်ထွက်မယ်ဆိုတာကတော့ လွန်တာပေ ကကရယ် ငါဒီနေ့ နေရတာတစ်မျိုးကြီးပဲ မွေးလိမ့်မယ်ထင် တယ်. . ."

ရဲရဲအသံလေးကိုကြားကာ ဆိုင်ကယ်ကိုဒလ ကြမ်း ဖိနင်းနေခဲ့ ၏။ မပြတ်သေးသည့်အလုပ်က လွှတ်လို့မရ မေမေ့ဈာပနကိစ္စကို ကျောခိုင်းခဲ့ရသည့်အတွက်ကြောင့်လည်း ရင်နာနေသည်။ လားရှိုးမှာ နေထိုင်ခဲ့ရသည့် ကာလပတ်လုံး သူ့နှလုံးသားဟာ ဆတ်ဆတ်ခါမျှ ပူလောင်နေခဲ့ရသည်။

သေသွားမှတော့ မယူးတော့ပါဘူးဟုသဘောပိုက်ကာ ရှင်သူ တွေလွတ်မြောက်ဖို့အတွက်သာလုံးပမ်းခဲ့ရပေမယ့် ဆေးရုံပေါ်မှာ သူက် လှမ်းကြည့်၍ သားမဟုတ်ပါလားဆိုသော မျက်လွှာစင်းကျသွားသည့် အကြည့်တစ်ချက်ကို သူမမေ့နိုင်။

ဝတ်စုံဖြူရှည်ဖားဖားနှင့် ပါရဂူသွင်ဖန်ဆင်းထားရသော်လည်း မေမေ့မျက်တောင်ဖျားက မျက်ရည်တွေကိုမြင်တော့ သူမျက်ရည်ကျခဲ့ မိသည်။

ထိုနောက်ပိုင်းမှာ မေမေသေဆုံးသွားခဲ့ရှာသည်။

ငါသာ လူဆိုးတစ်ယောက်မဟုတ်ခဲ့ဘူးဆိုရင် မေမေ့ကိုစိတ်





ချမ်းသာအသက်ရှည်အောင် စောင့်ရှောက်နိုင်မှာ. . .

မေမေသေမှ ပထမဆုံးဝင်လာခဲ့သည့် ယူကျုံးမရခြင်းဖြစ်၏။ ခုတော့ သူ့ဘဝမှာ မြတ်နိုးတွယ်တာစရာ ရဲရဲနဲ့ ဗိုက်ထဲက သူ့ရင်သွေး လေးသာရှိတော့သည်

မေမေ့ကိုငါးစာလိုအသုံးချ၍ သူ့ကိုဖမ်းဆီးဖို့ကြိုးစားခဲ့သော ခခ ဟာ ရဲရဲကို မတွက်မိဘဲနေမလား။

သူ့ရင်ထဲမှာ ပူသွားသည်

" တီ. . . တီ. . . တီ "

ဖုန်းသံကြောင့် သူဆိုင်ကယ်ကိုအရှိန်လျှော့ချလိုက်၏။

" မြွေခိုး. . ."

" အမောက်. . . မင်းဘယ်မှာလဲ. . ."

" ပြီးသွားပြီ ခုပြန်လာပြီ ရဲရဲနေကောင်းလား. . ."

" မနက်သုံးနာရီ မင်းသွားပြီးကတည်းက ဗိုက်နာလို့ "

" မွေးတော့မယ်ထင်တယ် အခုဘယ်လိုနေလဲ ဆရာဝန်တွေ က ဘာပြောလဲ "

ရဲရဲမွေးခါနီးပြီမို့ ကိုယ်ဝန်အပ်ထားသည့် မီးယပ်သားဖွား အထူးကုဆရာဝန် ဒေါ်မြမြချယ်နှင့် နာ့စ်မလေးနှစ်ယောက်ကို လွှန်ခဲ့ သည့် ငါးရက်ကတည်းက အိမ်မှာပဲခေါ်ထားသည်။

မနက် အလုပ်သွား ညကျတော့ အိမ်မှာပဲ ဂျူတီဆက်ဝင်ကြ သည်။ ရဲရဲကိုစမ်းသပ်ပေးရုံ အနားမှာညအိပ်ပေးရုံနှင့် ငွေကိုနင့်လောက် အောင် ပုံအောပေးထားခဲ့၏။

သူ ရုတ်တရက် အချိန်အခါမရွေးထွက်သွားလုပ်ကိုင်ရတာမို့

ရဲရဲကို စိတ်မချ၍ဖြစ်သည်။

မြွေဆိုး ရဲရဲ နေကောင်းလားလို့ ကျုပ်မေးနေတာဖြေလေ"

" ရဲရဲ မွေးပြီးသွားပြီ. . . "

" ဟာ. . . "

" ယောကျ်ားလေးကွ ကလေးရော လူကြီးကော ကျန်းမာတယ် "

ဝမ်းသာလွန်းသဖြင့် ဆိုင်ကယ်စီးနေသည့် အဖြစ်ကိုမေ့လျော့ကာ ကုန်းအဆင်းမှာ ဆိုင်ကယ်ကယမ်းခါသွား၏။

" အမောက် မင်းပြန်လာလို့မရသေးဘူး "

" ဘာ. . . ဘာဖြစ်လို့လဲ "

" ငါတို့နေရာကိုရဲတွေဝိုင်းထားတယ် ဒါပေမဲ့ မလှုပ်ရှားကြသေးဘူး ငါ မှန်ပြောင်းနဲ့ကြည့်လို့မြင်တာ သူတို့နေရာအတိအကျသိပြီး စနစ်တကျဝိုင်းထားကြတာ မင်းအလာကိုစောင့်နေကြတာ ဒါမှမဟုတ် အထဲမှာမင်းရှိနေတယ်ထင်ပြီး ရှုတ်တရက်မဝင်ကြသေးတာဖြစ်မယ် မင်းအပြင်မှာနေပါ ငါထူးခြားရင် ဖုန်းဆက်မယ်. . . "

" မနေနိုင်ဘူး မြွေဆိုး ကျုပ်သားကိုကျုပ်ကြည့်ချင်တယ် ရဲရဲကို အားပေးချင်တယ်. . . "

" ဟိတ်ကောင် ရဲရဲက ဘာမှမဖြစ်နိုင်ဘူး မင်းအဲဒီလို ရဲရဲ အတွက် ဇွတ်လုပ်လိုက်ရင် သူတို့ဆင်တဲ့ထောင်ချောက်ထဲ ခုန်ချသလို ဖြစ်သွားမှာပဲ အကျိုးမရှိတာကိုမစွန့်စားပါနဲ့ မင်းဝင်လာရင် လုံးဝပြန် လမ်းရှိမှာ မဟုတ်ဘူး "

ကက ဖုန်းကိုပိတ်ပစ်လိုက်၏။





...ားဆိုသောဖောနှင့် ရှေ့မှာဝါးပဲမိုးထားထား အမြောက်နဲ့ပဲ ချိန်ထားထား သူ့အာရုံထဲမှာ သားနဲ့ရဲရဲမျက်နှာပဲရှိသည်။

ခခမင်း အဲဒီလောက်ထိ ငါ့ကိုဒုက္ခပေးနေတာ မင်းရာထူးတက်ဖို့ အတွက်လား. . . ရင်ထဲမှာ နာကျည်းစိတ်များက သတိကို ဖုံးလွှမ်းသွား၏။

မေမေ ဆုံးသွားခဲ့တာ ကိုယ်မိုက်လို့ဆိုပေမယ့် မညှာတာခဲ့တာကသူ. . . ခု ဒီထိလိုက်လာကာ ရဲရဲရယ် သားလေးရယ် သူ့ဘဝ သုံးခုကို မျက်ရည်ပင်လယ်ထဲမှာ စီးမျောစေဖို့ကြိုးပမ်းနေပြန်ပြီ။

ခခ မင်းပဲဆိုတာ သိနေလို့ကို ငါအရှုံးမပေးချင်တာ။

❀ ❀ ❀ ❀ ❀

# အခန်း (၄၀)

" ဘယ်လိုပြောလိုက်တာလဲ ဒေါက်တာ ဒေါက်တာတို့ကို
ကျုပ်က မေတ္တာရပ်ခံနေတာပါ "

" ဒါ အသက်အန္တရာယ်ကိစ္စလေ မေတ္တာရပ်ခံလို့ရမလား
ခင်ဗျား လုပ်ပုံက ဆရာဝန်ပင့်တာမဟုတ်ဘူး ပြန်ပေးဆွဲထားတာ"

" မဟုတ်ဘူး ဒေါက်တာတို့ကို ဒီကိုယ်ဝန်အစောကြီး
ကတည်းက အပ်ထားတာပဲ ဒီမှာလည်း မိသားစုလို အတူနေအတူ
စားခဲ့ပြီးပြီ ခုဟာက အခြေအနေအရ လူနာအတွက်လိုအပ်နေသေးလို့
ကျုပ်တောင်းပန်နေတာ "

" ဘာမှမလိုအပ်တော့ဘူး ကလေးရော လူကြီးရော
နေကောင်း တယ် မွေးဖွားတဲ့ကဏ္ဍကပြီးပြီ "

" မဟုတ်ပါဘူ လိုအပ်ဦးမှာပါ နောက်နှစ်နာရီလောက်ပဲ
နေ ပေးပါ. . . "

" ဒိုင်း. . . ဒိုင်း "

" ဟာ. . . "

" အမလေး ပစ်ကုန်ပြီ သွားမယ် သွားမယ် "

" ဒေါက်တာ "





ကျောက်တောင်တွေဘက်က သေနတ်သံကြောင့် အခြေ
အနေကို မြွေဆိုးဘယ်လိုမှ ထိန်းထားလို့မရတော့ပေ. . .

ဖုံးဖိနေခဲ့သမျှလည်း ရဲရဲကြားသွားလောက်ပြီပေါ့။

" ကိုမြွေဆိုး. . . "

" ရဲရဲ. . . "

မြွေဆိုးရဲရဲ အခန်းထဲပြေးဝင်ကာ ပြတင်းတံခါးတွေ ကိုဂျက်
တွေ လိုက်ဖြုတ်လိုက်၏။ ကက ဖွတ်ဝင်လာတာသေချာပြီ. . .

ကိုမြွေဆိုး ကက ရောဟင် ရဲတွေဝိုင်းထားပြီ မဟုတ်လား
ကက ကို မိသွားပြီလား ပြောစမ်းပါ ကျွန်မအားလုံးကြားပြီးပါပြီ
း ကွယ်မနေပါနဲ့တော့ "

" ဟုတ်တယ် စိတ်ကိုခိုင်ခိုင်ထားပေတော့ ညီမ အမောက်ကို
တော့ မမိသေးဘူး ဒီကောင်ညီမဆီကိုရောက်အောင်ဝင်လာမှာ သေချာ
တယ် ကိုယ့်ကိုယ်ကို လူဆိုးရဲ့ဇနီးမယားဆိုတဲ့နလုံးသွင်းပြီး စိတ်ကိုမာ
အောင်ကြိုးစားထား ကလေးရဲ့နောင်ရေးကို မင်းထည့်မစဉ်းစားလို့
ဘူး စိတ်မပျော့ပါနဲ့ "

" ဒိုင်း. . . ဒိုင်း "

သေနတ်သံတွေက ဒီဘက်ကိုဦးတည်၍ နီးကပ်လာပြီ၊

" သမီး "

" ဟင် ဖေဖေ "

ရဲရဲကို စိတ်မချဖြစ်နေသော မြွေဆိုးမှာ အခြေအနေကိုဘာမှ
ကက်နိုင်တော့ဘဲ ဦးမင်းခေါင်ကိုမြင်လိုက်သည်နှင့် အပြင်ဘက်တို့
ခံနဲ့ပြေးထွက်သွားလေသည်။

" ဖေဖေ. . ."

" သမီး သမီးမှာသွေးနုသားနုနဲ့ စိတ်ကိုလျှော့မပစ်နဲ့ ကကဟာ သမီးဘ၀အတွက် အရေးပါသလို ကလေးအတွက် သမီး အရေးကြီးတယ် တစ်နေ့ ဒီလိုဖြစ်လာမှာပဲဆိုတာ သမီးတွေးမိခဲ့မှာ ခံနိုင်ရည်ရှိအောင် ကြိုးစားပါ. . ."

" ဖေဖေ သူတို့ဘယ်လိုလုပ် ဒီကိုရောက်လာကြတာလဲဟင် ကက ကိုမိသွားကြပြီလား "

" လိုက်နေကြတုန်းပဲ သမီး. . ."

သားလေးကို မထိရက်ထိရက် ကျုံးပွေ့ကာ ရဲရဲ မျက်ရည်တွေ အတားအဆီးမဲ့ကျလာကြသည်။

" ယောက်ျားလေးဟဲ့ ဖွံ့ဖွံ့ထွားထွားကြီး ကြည့်ပါဦး ပါးသိုင်း မွှေးတွေကို စိမ်းညို့နေတာပဲ မျက်ခုံးကြီးကလည်းထူတန်းနေတာ အသားလေးကလည်း ဖြူလိုက်တာ ချောလိုက်တဲ့ကလေး. . ."

ဒေါက်တာမြမြချယ်က ကလေးကိုအနီးထွေးပေးရင်း တဖွဖွ မွမ်းခဲ့သည်။

" ကြည့်ပါဦး ကကရယ် သားလေးကချောလိုက်တာ သူ့ အဖေနဲ့ တရုပ်တည်းပဲသိလား ဟင်. . . ဖေဖေ ခရီးဝေးကလာရတာ မဟုတ် လား ထိုင်လေ ဖေဖေ ရေမိုးချိုး တစ်ရေးလောက်ဝင်အိပ်ရင် အိပ်လိုက်ပါလား ပြီးတော့မှ ထမင်းစားကြတာပေါ့ "

" သမီး. . ."

ဦးမင်းခေါင် ခြောက်ခြားသွား၏။ သမီးမျက်နှာက ဘာ သောကမှမရှိဘဲ ပြုံးပြုံးလေးရှိနေခြင်းကို သရဲတစ္ဆေသဖွယ် ငေးကြည့်





နေမိကာ

" သမီး သမီးသတိထားလေ. . ."

" ရှင်း "

အို. . . ရဲရဲ ဆတ်ခနဲတုန်သွားကာ ရင်ဘတ်လေးဖိသည်။

" ဖေဖေ. . . ဖေဇဖ ကယ်ပါဦး ကကကို ဖမ်းကြတော့ မယ်. . ."

" သမီး "

ရဲရဲကလေးကိုကောက်ပွေ့ကာ ခုတင်ပေါ်ကအတင်းဆင်းမယ် လုပ်တော့ ဦးမင်းခေါင် ရင်နင့်လျက် မျက်ရည်လည်းကျ သမီးကို ဝင်ဖက်ရင်း အခြေအနေကို ဘယ်လိုဖြေရှင်းရမှန်းမသိနိုင်တော့. . ."

❀ ❀ ❀

" ဆရာ ဆရာ နောက်ပြန်လှည့်ပါ ကျွန်တော်တို့ ဒီဘက်က အယောင်ပြပစ်ထားမယ် ရှေ့ကိုမတိုးပါနဲ့. . ."

" အမောက်. . ."

မြွေဆိုးပြေးလွှားရောက်လာသည်။

သူ့လက်မောင်းမှာသွေးစိမ်းရှင်ရှင် ကျနေသော သေနတ်ဒဏ် ရာနှင့်

" ဟိုဘက်မှာ ကောင်းဝေးတို့လေးယောက်ရှိတယ် ဒီမှာငါတို့ နေမယ် မင်းပြန်လစ်တော့ ဟိတ်ကောင်. . . ‹ ;သူပရိယာယ်ကို နားလည်ပါကွ. . ."

" လည်တယ် ဒါပေမဲ့ ကျုပ်လှည့်မပြေးနိုင်ဘူး မြွေဆိုး

ရှေ့မှာ နဂါးတစ်ကောင်ပါးစပ်ဖြဲထားတယ်ဆိုလည်း လက်ပစ်ပုံးကိုင်ပြီး ပြေးဝင်မှာပဲ ဒီကောင့်ကိုရှောင်ပြီး ဘယ်တော့မှမပြေးဘူး ''

'' ဆရာ. . . ''

'' ဖြန်း ''

ကက ရှေ့ကကာထားသည့် သီဟကိုလက်ပြန်ရိုက်ပစ်လိုက်သည်၊ ဆိုင်ကယ်ကရှေ့ကိုဝေါခနဲဆောင့်ထွက်သွားလျှင် ကျည်ဆံတွေ တဖြုတ်ဖြုတ်ဝင်လာကြ၏။

'' အမောက် ''

'' ဆရာ. . . မသွားပါနဲ့ ''

'' ဟိတ်ကောင်တွေ မင်းတို့နောက်ကနေ ခဏာဖြစ်ဖြစ် ဝင်နောက်လိုက် ''

ကကကို တားမရကြတော့ သူတို့လူစုခွဲ၍ ပြေးထွက်သွားကြ၏။

'' ဒိုင်း ဒိုင်း ''

ကက ဆိုင်ကယ်ကို ကျောက်တောင်ပို့တွေကြားထဲ ရှောခနဲ ဝေါခနဲ ကွေ့ပတ်ဝင်၏။ ကျည်ဆံတွေထိသော ကျောက်သားနှင့် မြေနီရော သောတောင်ပို့နီနီတွေဖွားဖွားလွင့်ထွက်ကုန်လေသည်။

ဆိုင်ကယ်ကအလွန်လှပသော တောင်ကုန်းထက်မှာရှိသည့် ခြံကျယ်နှင့် တိုက်မြင့်ကြီးဆီသို့ ဦးတိုးပြေးတက်သွား၏။

မိုးမခ မျက်လုံးပြူးသွားသည် ရဲရဲဆီကို ကက ရောက်သွားလို့ မဖြစ်ပါ ဒီနေရာ ဒီလမ်းမှာ ကကကိုဖမ်းနိုင်လျှင်ဖမ်း ဒါမှမဟုတ် ရဲရဲကို သူတို့ဝိုင်းထားနိုင်မှ





နိုင်ဝင်း သိန်းစွန်းကိုးနဲ့အဖွဲ့ကိုဆက်သွယ် အိမ်ကိုဝင်ပြီး အားလုံးကိုထိန်းထား အင်အားသုံး အတိမ်းအစောင်းမဖြစ်စေနဲ့ ''

'' ဟုတ် ''

မိုးမခ ဆိုင်ကယ်ပေါ် ပြေးတက်ကာ ကကကို အမီလိုက်၏။

နောက်ထပ် ဒုရဲအုပ်ဝင်းဦးတို့နှင့်အဖွဲ့ ဆိုင်ကယ်တွေနဲ့ပဲ ဘေးနှစ်ဘက်မှ ပတ်လိုက်ကြ၏။

ကကကိုပစ်တိုင်းကျည်ဆံတွေက ဘေးသို့သာ လွဲချော်ကုန်လေသည်၊ ဆိုင်ကယ်က တည့်တည့်မပြေးဘဲ မျက်စိနောက်အောင် ကွေ့ဝိုက် လူးခါနေသည်။

ပစ်နေသည့်ကြားမှ တည့်တည့်တိုးဝင်လာသောအခါ သူတို့ဘက်က အင်အားတွေလျော့သွားကာ ဆိုင်ကယ်တွေကွဲထွက်သွား၏။

ထိုကြားထဲသို့ ဝေါခနဲဖြတ်ဝင်ကာ လက်ခနဲ လက်ခနဲ နေရောင်မှ ဝင်းလက်သွားသည့် ဓါးရောင်များနောက်မှ

'' အား ''

'' ဝုန်း ''

'' ဒုန်း ''

ဆိုင်ကယ်နှစ်စီးအရှိန်ပြင်းစွာ လိမ့်ထွက်ပြီး လူတွေအဖြစ်ကို သူတို့ပြန်ကြည့်ချိန်မရ ကကဆိုင်ကယ်က လွတ်သွားတာတောင် ထွက်မသွားဘဲ ပြန်ဝိုက်ကွေ့လာသည်။

ကျည်ဆံနဲ့ ဓါးရောင်တွေ ရောပြွန်းလျက် ဆိုင်ကယ်တွေ ဘုန်း ဝုန်းလွင့်ထွက်ကုန်၏။

အထူးလေ့ကျင့်ထားသည့် ကကလက်က လှုပ်ရှားနေသည့်

အရာတွေကို ဘယ်လိုပစ်ပစ်တန်းခနဲကွက်တိ။

သူပစ်သမျှ ပန်းလက်ဖျံပေါင်နေရာမျိုးစုံသို့ပစ်ဝင်သည် ခုချိန်ထိ သူ့ကိုယ်မှာ သွေးမစွန်းသေးပါ။

ခခ ဒေါသထောင်းထောင်းထွက်သွား၏။ မွေလို့အားရမှ အိမ်ကြီးဆီဦးမော့တက်သွားသည့် ကက နောက်ကို အသားကုန် နင်းလိုက်ခဲ့၏။

ကုန်းမော့ဆိုတော့ ဆိုင်ကယ်က ကွေ့ဝိုက်မပြေးနိုင် ဒီအခွင့် အရေးကို ခခအလွတ်မခံဘဲ ကက ဆိုင်ကယ်နှင့် မျဉ်းတစ်ကြောင်း တည်းကျအောင်လိုက်သည်။

ကျပြီ သေနတ်ကိုတန်းခနဲထိုးချိန်ကာ ခလုတ်ကိုဆွဲညှစ်လိုက် ၏။

" ဒိုင်း "

ကက ဆတ်ခနဲခါသွားတာသူမြင်သည် သို့သော် သေနတ်ဆံ အာရုံများသွားသဖြင့် အရှိန်ပြင်းနေသော ဆိုင်ကယ်ကိုသူထိန်းလို့မရ တော့ဘဲ ခခ ကုန်းနိမ့်ထဲသို့ဆိုင်ကယ်ရောလူပါ ဒလိမ့်ခေါက်ကွေးကျ သွားလေသည်။

" ဟိုမှာ ကျကုန်ပြီ လိုက်. . . "

ရဲအုပ်ထွန်းဇော် ကျယ်လောင်စွာအမိန့်ပေးလျက် ဆိုင်ကယ် သုံးစီးကုန်းမြင့်ထက်သို့ထိုးတက်လာကြ၏။

ကက ဆိုင်ကယ်ကိုအံကြိတ်ထိန်းရင်း ကုန်းထိပ်သို့ရောက်မှ ဆိုင်ကယ်ရောလူပါ တွန့်ခနဲလဲကျသွားသည်။

ယမ်းအားပြင်းလွန်းသဖြင့် ခခပစ်လိုက်သည့်ကျည်ဆံက





ဝဲဘက်ကျောပြင်ကိုဖောက်၍ ရင်ဘက်ထိပ်မှထွက်သွားသည် ထွက်လာ သည့် သွေးတို့က စီးနေသောရေအလျင်ကို လက်ခုပ်နှင့်ကာထား သကဲ့သို့ လက်ကြားများမှ ဒလဟောထွက်ကျနေကြလေသည်။

" အ. . . အား "

ကက နေရာမှလူးလွန့်ရင်းထဖို့ကို ဘယ်လိုမှကြိုးစားလို့မရ အသက်ရှူလိုက်တိုင်းသွေးက ပန်းထွက်၏။ ဘယ်ကြည့်ကြည့်ဖောက် ထိုးမိုးမျှော်

" ဆရာ. . . "

" အား "

တစ်စုံတစ်ယောက်က ပြေးလာပြီးပွေ့လိုက်၏။ ကကနာကျင် စွာအော်မိလေသည်။ သေနတ်သံတွေထွက်လာကြသည့်နောက်မှာ သူ့ကို မညင်သာစွာ တွဲခေါ်သယ်မသွားတာကို ခံစားလိုက်မိ၏။

" ဆရာ. . . ဆရာ "

" အင်း. . . အ. . . အား "

နာကျင်လွန်းသဖြင့် လှုပ်ခေါ်နေသည့်လက်ကို ဖမ်းဆုပ်ထား လိုက်မိသည်။

စိုးရိမ်လို့ခေါ်ဝင်နေကြတာ သိသော်လည်း သူ့အသားတွေကို နည်းနည်းလေးမှ အလှုပ်အလည့်မခံနိုင်တော့။

" မောင်ကြီးလား "

" ဟုတ်တယ်ဆရာ ရဲတွေတက်လာကြပြီ ဆရာအားတင်း ထားပါ ကျွန်တော်တို့ အထဲဝင်ရအောင် "

ကက ရုတ်တရက် စကားမပြောနိုင်ဘဲ မောင်ကြီးလက်ကို

ဖျစ်ဆုပ်ကာ ခေါင်းခါလိုက်၏။

" မ. . . မဝင်နဲ့ အထဲမှာ သူတို့. . . ရှိ. . . အား "

" ဆရာ "

" ငါ့ကိုထားခဲ့ မင်း. . . သွားပြီး . . . ငါ့. . . ငါ့သားလေး ကို. . . အား "

ကက အသားတွေတုန်ကာ အံကြိတ်ထားမိသည်။

သားကိုသူမြင်ချင်သည်။ တာဝန်မကျေခဲ့တဲ့အတွက် ရဲရဲနဲ့ သားကို သူတောင်းပန်ချင်သည်။ ကိုယ့်ရဲ့တစ်ကိုယ်ကောင်းဆန်မှုကြောင့် ရဲရဲဟာ အိမ်ထောင်သည်ဘဝကို ဂုဏ်သိမ်ငယ်စွာ ရောက်ခဲ့ရပြီး. . . သားကို ခင်ပွန်း၏ကွယ်ရာမှာ ရင်ခွင်မဲ့မွေးဖွားခဲ့ရသည်။

ခု သူသေဆုံးခဲ့လျှင် ကလေးတစ်ယောက်နှင့် မုဆိုးမဘဝကို ဖြတ်သန်းရပေတော့မည်။

ကက ပြတ်ကျလုလုခွန်အားကို စုစည်းနေဆဲ ခြေသံတွေ ဆိုင်ကယ်သံတွေကို ကြားလာရသည်။

" မောင်ကြီး. . . မင်း. . . မင်း. . . ပြေး. . . "

" မီပါစေတော့ဆရာ ဒုစရိုက်သမားနဲ့ထောင်ဆိုတာ ရေအိုးနဲ့ ရေမှုတ်ပါ. . . "

" တရားခံတွေကိုလက်ထိပ်ခတ် "

" ဟေး. . . အထဲမှာ အားလုံးမိရဲ့လား . . . "

လူသံခြေသံတွေရှုပ်ယှက်ခတ်နေတော့ ကက မာနကြီးသော နှုတ်ခမ်းများကို စေ့ပိတ်အံကြိတ်ရင်း မျက်လွှာပင့်ကြည့်သည်။

မိုးမခကိုသူမတွေ့ ဟုတ်သည် ခခ ကုန်းနိမ့်ထဲကို ဒလိမ့်





ခေါက်ကွေးဆိုင်ကယ်နဲ့ ရောကျသွားသည်ပဲ။

တစ်ယောက်က သူ့ရဲ့ဒဏ်ရာပေါ်မှာဖိအုပ်ထားသည့်လက်ကို ဆွဲယူဖို့ကိုင်လိုက်သည်

" ဟိတ် သူ့ကိုလက်ထိပ်မခတ်နဲ့ "

တစ်ယောက်က တားဆီးကာ သူ့ဘေးမှာ မှဆိုးဒူးထောက် ထိုင်လိုက်ပြီး

" ဒဏ်ရာတော်တော်ပြင်းသွားတာပဲ စိတ်မကောင်းပါဘူး ဒီလို မှမဖမ်းရင်လည်း မင်းကိုငါတို့ ဖမ်းနိုင်ဖို့ကမသေချာဘူး. . . ကဲ သူ့ကို ဆေးရုံတင်ဖို့အမြန်လုပ်ကြ "

ကက ရှိသမျှအားတို့ကိုစုစည်းကာ ထိုသူ့လက်ကိုဆုပ်ကိုင် လိုက်၏။

" အမောက်. . . အဲ. . . အမိက မင်း ဘာပြောချင်လို့ လဲ "

" ကျုပ်. . . ကျုပ် သားလေးကိုတွေ့ချင်တယ်. . . "

သူ့ကိုဖမ်းဆီးဖို့အတွက်သာ အမိကစီစဉ်လာခဲ့ကြသော ဒုရဲအုပ်လေးနိုင်တို့ ကလေးဆိုတာကို နားမလည်ကြ။

" ကက ဟောဒီမှာမင်းသား. . . "

ဦးမင်းခေါင် အသံနှင့်အတူငိုသံမပြည်သောတအဲ့အဲ့ ကလေး အသံလေးကိုကြားလိုက်ရသည်။

" သား. . . ငါ့သားလေးပဲ "

စိတ်ကမော့ကြည့်လိုက်မိသော်လည်း သူမျက်လွှာလေးမှုပင် ပင့်လို့မရတော့ပါ အသက်ရှူရခြင်းသည် နှလုံးနှင့် တစ်စစဝေးကွာကာ

လည်ချောင်းပြွန်နားမှာပဲ ယှဲ့ယှဲ့ငွေ့ငွေ့လေးရှိတော့၏။

သူသေရတော့မည်၊ ရဲရဲကိုနှုတ်ဆက်ချင်သည်၊ သားလေးရဲ့ ပါးပြင်နုနုရဲရဲလေးကို နမ်းလိုက်ချင်သေးသည်၊ သို့သော်. . .

" ကကာ ဒီမှာ မင်းသားလေးလေ. . . "

သူ့လက်တွေ တဆတ်ဆတ်တုန်ကာ လှုပ်ရှားဖို့ကြိုးစားနေဆဲ ထိုလက်ကိုဖွဖွဆွဲယူ၍ လွန်မင်းစွာနုဖက်အိစက်နေသည့် သေးကွေးသော လက်ကလေးတစ်ဖက်ကိုတွေးဆုပ်လို့ရအောင် ထည့်ပေးသည်ကို သိ၏။

" သား. . . "

ကကာ နှုတ်ခမ်းတွေဒဏ်ရာက ဝေဒနာအနာရှိန်နှင့် ခပ်လွန့်လွန့်ပြုံးလိုက်ပေမယ့် မဲ့ကျသွားသည်။ လက်ကိုဆွဲလိုက်တာကြောင့်ဖြစ်မည် ကလေးငိုသံအက်ကွဲကွဲလေးက သူ့မျက်နှာရှေ့မှာ ကပ်ပေါ်လာ၏။

ကလေးငယ်လေးကို ခပ်ဝါးဝါးမြင်နေရသည်။ ကလေးကိုယ်မှ မွှေးပျံ့သောပေါင်ဒါနံ့သင်းသင်းလေးကိုရှူရှိုက်မိ၏။ သားရဲ့မျက်နှာလေးကို သူမြင်ခွင့်မရတော့ဘူးဆိုသည့်အသိကြောင့် ရင်ထဲမှာနင့်နေသည်။

အားအင်ကုန်ခမ်းသွားသည့်နှယ် ဒလဟောသွန်ကျနေသည့် သွေးတို့က တစိမ့်စိမ့်သို့ပြောင်းလဲသွား၏။

" ကကာ အဲဒါမင်းသား. . . မင်းမြင်ရဲ့လား. . . "

ကကာမမြင်ရဘူးလို့မပြောပါ။ သားမျက်နှာဖွေးနုနုလေးကို နှလုံးသားပုံရိပ်ထဲမှာ သူမြင်နေရသည်ပဲ။

" ရဲ. . . ရဲ "





" ရဲရဲနေကောင်းတယ် သမီးက မင်းကိုသိပ်တွေ့ချင်နေတာ သွေးနုနုနဲ့မို့ အခုခေါ်မလာတာပါ မင်းကိုယ်မင်းအားတင်းစမ်းပါ စိတ်ကို လျှော့မချလိုက်နဲ့ "

ကကာ သား၏လက်ကလေးကိုဆုပ်ထားရင်းစကားပြောဖို့ အား ယူသည်။

" အန်ကယ် ရဲရဲကို. . . ကျွန်တော်ကတောင်းပန်တယ် လို့. . . "

" ကကာ. . . မင်း. . . "

" . . . ခခ မသေဆုံးခဲ့ဘူးဆိုရင် သားကို. . . အား. . . "

ကကာ အံကြိတ်ထားလျက်မှ ခပ်သဲ့သဲ့ညည်းသံထွက်လာ၏။

ထို့နောက် ကလေးကိုဆုပ်ကိုင်ထားသည့် သူ့လက်က ဆုပ်လျက်သားနှင့်ပဲ ရင်ဘတ်ပေါ်ပြုတ်ကျသွားလေသည်။

" ကကာ. . . လူလေး "

ကလေးတစ်ဖက်နှင့် ဦးမင်းခေါင် မျက်ရည်ကျမိ၏။

သမီးကိုဘယ်လိုပြောရမလဲ ကကာရယ်. . .

ကကာ ကိုအရှင်ဖမ်းလိုသော်လည်း မထင်မှတ်စွာဆိုးဝါးသွားခဲ့သည့် အဖြစ်များကြောင့် ရဲအုပ်သိန်းဇော်တို့ ခေါင်းတခါခါနှင့် မျက်နှာ မကောင်းကြဘဲရှိလေသည်။

ညီကိုအစ်ကိုကဖမ်းသည် ညီကသေဆုံးသွားခဲ့ပြီး အစ်ကိုဖြစ်သူက ဆိုင်ကယ်မှောက်သည့် ဒဏ်ရာအပြင်းအထန်နှင့် ဆေးရုံပို့ဖို့ ကားပေါ်တင်ထားနေရပြီ. . .

မည်မျှ စိတ်ပျက်ရင်နာဖွယ်ကောင်းပါသနည်း။

သို့သော် အဆိုးထဲမှ အကောင်းက ကကရဲ့လူယုံများနှင့် တစ်ယောက်မကျန် ဖမ်းမိလိုက်ခြင်းပင်၊ အိုဟားမားကို ခြေရာခံဖို့ အတွက် သူတို့တွေက မီးရှူးတန်းဆောင်။

# အခန်း (၄၁)

" ကလေးကိုဘယ်ခေါ်သွားတာလဲ ဖေဖေ. . ."

ခုတင်အောက်မှာ ဆောင့်ကြောင့်ထိုင်၍ ယောက်ျားရှူးဖိနပ် အမျိုးမျိုးတို့ကို တစ်ခုပြီးတစ်ခုဆွဲထုတ်နေသော ရဲရဲက နောက်ပြန် တစ်ချက်ပဲလှမ်းကြည့်၍မေးသည့် အိပ်ရာပေါ်မှာလည်း ကလေးအနီး ပိတ်စတွေ အင်္ကျီငယ်ကလေးတွေက အထပ်လိုက်။

ပြီးတော့ ဘေးမှာ ဓါတ်ပုံအယ်လ်ဘန်တစ်အုပ်နှင့် ကလေး ကစားစရာခုလောက်လေးတွေ ခြူကလေးတွေစုပုံလို့ ထိုဘေးမှာတော့ ကြီးမားသော ခရီးဆောင်အိတ်ကြီးတစ်လုံးက ဖွင့်ထားလျက်။

" သွေးနုသားနုနဲ့ ဆောင့်ဆောင့်မထိုင်ရဘူး သမီးရဲ့ ခုပဲ မွေးဖွားပြီးတာ ခုတင်ပေါ်မှာ ငြိမ်ငြိမ်လေးနေရတယ် ထ. . . ထ. . ."

" ငြိမ်ငြိမ်လေးနေလို့မရဘူးဖေဖေ အောက်မှာရဲတွေရောက် နေပြီ ကက လာတာနဲ့ သမီးတို့ပြေးကြတော့မှာ "

" သမီးရယ်. . ."

" ဖေဖေ အိမ်ကိုစိတ်ချမယ်နော်. . . ပေးကလေး. . . အို. . . သွေးတွေ. . ."

ရဲရဲသွေးကိုမြင်တော့ မျက်လုံးပြူးကာ ခုတင်ပေါ်ဖင်ထိုင်လျက်လေးထိုင်ကျသွားလေသည်။

" သမီး. . . သမီး အဲဒါဘာမှမဟုတ်ဘူး ပေါဘီမှာကြည့် မှင်နီတွေပါသမီးရဲ့ ဘာမှမရှိတော့ဘူး တွေ့လား. . ."

" မဟုတ်ဘူး အဲဒါ သွေးတွေ. . . ကက ဘာဖြစ်ပြီလဲ. . ."

ရဲရဲ ပြတင်းတံခါးဆီပြေးကပ်သွားသည် ပြာလဲ့မှိုင်းရီနေသည့် တောင်တန်းများနှင့် တောင်ရိပ်တောင်စွယ်တို့ကြားမှာ ဆိုင်ကယ်တွေရော ကားတွေရော အပေါ်စီးမှလှမ်းမြင်နေရသည် ရဲရဲနှုတ်ခမ်းလေး ဖွင့်ဟရင်း ငုံ့မိုးကြည့်နေရှာတာအကြာကြီး. . .

သူမ ကကကိုရှာဖွေနေလေပြီ. . . အသိတရားတို့သည် ကိုယ် ခန္ဓာသို့ပူးကပ်လာလိုက် ပြေးထွက်သွားလိုက် ငေးကြည့်နေရင်း မျက်ဝန်းမှ မျက်ရည်တို့ ဟလိမ့်လိမ့်ကြွေဆင်းလာကြလေသည်။

" ဖေဖေ သေနတ်သံတွေတောင်မကြားတော့ဘူး ကက လည်း သမီးဆီကို ရောက်မလာပါလား. . ."

" သမီး. . . သူ. . . သူလေ. . ."

ရဲရဲက ပြတင်းကိုကျောနှင့်ကပ်၍ ဦးမင်းခေါင်ပြောလာမည့် စကားကိုစိတ်ဝင်တစား ငဲ့လင့်နေရှာသည်

" သူတို့က ကကကိုရှိတယ်မှတ်ပြီး လာဖမ်းကြတာ သမီးရဲ့ ကကက ရှိမှမရှိတာ ဒီကောင်တွေ ကကကို ဖမ်းလို့မရပါဘူးကွယ်"

ဦးမင်းခေါင်ပြောသည့်စကားကို ရဲရဲသေချာစဉ်းစားနေသလို အတန်ကြာငြိမ်သက်နေ၏။ ပြီးမှ





" ဟင့်အင်း မဟုတ်ဘူး ကက အတင်းဖောက်ဝင်လာမှာပဲ လို့ သူ. . . ဘယ်သူပါလိမ့် မြွေဆိုး မြွေဆိုး ဟုတ်တယ် သူပြောသွားတာ သူ့သားဆီကိုမလာဘဲ ဘယ်လိုမှမနေဘူး ကကလာမှာ ပေါ ဟိုမှာ . . ."

ရဲရဲ မျက်နှာလေးဝင်းထိန်သွားကာ လူတွေဝိုင်းအုံနေသည့် ကားဆီသို့ အပေါ်ကနေလက်ညှိုးလေးထိုးသည်

" လာပြီ သူ သမီးကိုမော့ကြည့်ပြီး ပြေးတက်လာတာ. . ."

" သမီး သမီးမဟုတ်ဘူး သူမရှိဘူး သမီးရဲ့. . ."

" ရှိတယ် သမီးမြင်တယ် ဖေဖေရဲ့. . . အဟင့်. . ဟင့်. ."

ကလေးတစ်ဘက်နှင့် ဆွဲမရတော့သည်မို့ ဦးမင်းခေါင် သမီးကို အတင်းချုပ်ဖက်ထားလိုက်ရသည် ရုန်းမရတော့ ရဲရဲ တဟင့်ဟင့် ငိုချလိုက်ကာ

" သူ သေပြီမဟုတ်လား ဟုတ်တယ် ခုနသေနတ်သံတွေ ကြားတယ် သူ့ကိုပစ်သတ်လိုက်ကြပြီ သမီးသိပါတယ်. . ."

ရဲရဲ ချက်ချင်းအငိုတိတ်သွားကာ ကလေးကိုအတင်းလုရှိုလိုက်၏။

ပြီးတော့ ကလေးကိုယ်မှသွေးစက်များနှင့် လက်ကောက်ဝတ် လေးတစ်ခုလုံးမှ ပေကျံနေသော သွေးတို့ကိုခြောက်ခြားစွာကြည့်သည်။

ထို့နောက်မျက်ရည်တွေ စီးသွယ်ကျလာလျက်

" ခခ နင်. . . နင် ကကကိုသတ်တာ သိပ်ရက်စက်တယ် . . . နင့်ကိုငါမုန်းတယ်သိလား သိပ်မုန်းတယ် သား. . . သားမှာ အဖေမရှိတော့ဘူး သားရဲ့. . . သားရဲ့ ဖေဖေကလေ. . . ဟိုး

အဝေးကြီးကို. . ."

" သမီး သမီးလေး. . ."

" အန်ကယ် ဖယ်ပေး. . ."

ယူနီဖောင်းအပြည့်နှင့် ရဲနှစ်ယောက် ပြေးဝင်လာကာ သတိလစ်လဲကျသွားသည့် ရဲရဲကိုပွေ့ယူလိုက်ကြ၏။

" ကြည့်ကြပါဦးကွယ် ကျုပ်သမီးလေး အသက်မှရှိသေးရဲ့လား "

ရဲနှစ်ယောက်က ရဲရဲကိုနားလည်သလို စမ်းသပ်ကြည့်ကြပြီး

" သူသတိလစ်သွားတာပါ ဆေးရုံကိုပို့မှဖြစ်မယ် အန်ကယ် အရေးကြီးတယ် "

ရဲရဲကိုသူတို့ပွေ့ထုတ်သွားကြ၏။ ကက၏ အလောင်းကိုတင်ထားသော နောက်ဆုံးကားကို ကျော်ဖြတ်ကာ ဆိုင်ကယ်ငါးစီးရှေ့မှ ကားပေါ်သို့ ရဲရဲကိုညင်သာစွာပွေ့တင်လိုက်ကြသည်

ဦးမင်းခေါင် ကားထဲဝင်ထိုင်လိုက်သောအခါ

" ဟင်. . . ခခ. . ."

နဖူးစောင်းတစ်ဖက်မှ မေးရိုးနားရှက်လက်ဖျံ တစ်ကိုယ်လုံး ဒဏ်ရာဗလပွနှင့်ယာယီစည်းထားသော ပတ်တီးတွင်းမှ ဒဏ်ရာတို့က သွေးတွေ တစိမ့်စိမ့်ထွက်နေ၏။

သို့သော် ခခ မျက်လုံးပွင့်နေပါသည်။ သူတို့ကို တောင်းပန်ခယသော မျက်ဝန်းများနှင့်ငေးကြည့်၍ မေးရိုးကြီးကိုထောင်ကားသွားအောင် အံကြိတ်သည် သူသည် သူ့ဘေးမှာ ခွေခွေလေးချလာသော ရဲရဲခေါင်းလေးကို တယုတယပွေ့ယူပြီး ပေါင်ပေါ်မှာ အုံးထားစေ





လျက် ဒဏ်ရာကြောင့်လား ကြေကွဲ၍လားမသိနိုင်သော မျက်နှာမဲ့မဲ့နှင့် ငုံ့မိုးကြည့်၏။

" ငါ့ကိုခွင့်လွှတ်စေချင်ပါတယ် ဒါပေမဲ့ ခွင့်မလွှတ်ပါနဲ့ ရဲရဲရယ် ငါ့ဘက်က တာဝန်တစ်ခုကိုထမ်းဆောင်လိုက်တာပေမယ့် နင်တို့မိသားစုလေး ဘဝပြိုကွဲသွားခဲ့တာ ငါ့ကြောင့်ပါ မရည်ရွယ်ခဲ့ ဘူးဆိုတာယုံပါဟာ. . ."

အသံတိတ်တောင်းပန်နေမိရင်း ရဲရဲ၏မျက်တောင်ကော့ကော့လေးများမှ စိုစွတ်နေဆဲသော မျက်ရည်စတို့ကိုလည်း သုတ်မပေးရဲဘဲ ရှိစဉ် နောက်ခန်းမှဏလေးငိုသံသဲ့သဲ့ကြောင့် သူတစ်ကိုယ်လုံးတောင့်တင်းသွား၏။

ဒဏ်ရာများနှင့် နာကျင်နေသဖြင့် နောက်ကိုချက်ချင်းလှည့်လို့မရ။

" အန်ကယ် ကျွန်တော် ဒဏ်ရာတွေရထားလို့ ကိုယ်တိုင်မကြားခဲ့ရပါဘူး ကက. . . ကကမဆုံးခင် ကလေးအတွက် တစ်ခုခုမှာသွားတယ်လို့ ကျွန်တော်သိထားရတယ် အဲဒါကိုသေချာထပ်ပြီး သိချင်ပါတယ်. . ."

ဦးမင်းခေါင် ဆေးရုံကြီးသို့သွားနေသော ကားလမ်းရဲ့ ဘေးတစ်လျှောက်ကို အကြည့်တွေလွှဲပစ်ကာ အကြာကြီးငြိမ်သက်နေပြီးမှ

" မင်းကို သူနာကျည်းကြောင်းပြောသွားတာ ထင်တယ် ခေါင်းဗွေူထူနေလို့ ငါမမှတ်မိတော့ဘူး. . ."

ဦးမင်းခေါင်နှုတ်ခမ်းမှာ ဖေါ်ပြရန်ခက်ခဲသော ပွင့်လင်းသည့် အပြုံးတစ်ရပ်နှင့်။

"သူသေသွားပြီပဲ မုန်းတီးနာကျည်းသွားတာဆိုလည်း မင်းခေါင်းထဲကထုတ်ပစ်လိုက်ပါ ဘာဖြစ်လို့လဲဆိုတော့ တမလွန်ထိ လိုက်ပြီး လက်ထိပ်ခတ်လို့မရဘူး မဟုတ်လား. . ."

မိုးမခ မျက်နှာတစ်စစီပြတ်ကျတော့မကဲ့သို့ အက်ရာတွေ ထင်သွားလေသည်၊ ဦးမင်းခေါင် မြေးလေးကို မနာကျင်ရအောင် ဖွဖွတင်းတင်း လေးပိုက်ကာ ပါးပြင်ရဲရဲလေးနှစ်ဘက်ကို မြတ်နိုးမဝစွာ နမ်းမိသည်

ကျူပ်ကို ခွင့်လွှတ်တော့ မိုးမခ ကက မှာသွားတာကို မင်းသိပြီးဖြစ်မှာပါ ကျူပ်ဘူးကွယ်လိုက်တာကိုလည်း မင်းနားလည်စေချင်တယ်။

သူ့အဖေကိုသတ်ထားခဲ့တဲ့မင်းအပေါ် ဒီသားရဲ့မေတ္တာက ဘယ်လိုအရောင်မျိုးနဲ့ တုံ့ပြန်လာမလဲ. . .

အဖြစ်တွေအားလုံးကိုသိသွားပြီးတဲ့အခါ သမီးက မင်းကို ဘယ် လိုသဘောထားမလဲ။

ကိုယ်ကပေးပြီးရင် ပြန်ရတတ်တယ်. . .

ဒါပေမဲ့ မင်းပေးခဲ့တဲ့အတိုင်းပဲလေ. . .

❀ ❀ ❀ ❀ ❀

အစဉ်လေးစားလျက်. . .

လရောင်ကျူးရင့်

ဖျူးစာပေ